www.burmeseclassic.com

ရင်မိုး (ဆေးတက္ကသိုလ်)

# မဆုံးနိုင်ခဲ့သောပုံပြင်တစ်ပုဒ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## မခိုးနိုင်ခဲ့သောပုံပြင်တစ်ပုဒ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၈၈၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၇၀၃၀၈

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၇) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# ရှင်မှိုး
## (ဆေးတက္ကသိုလ်)




## မဆုံးနိုင်ခဲ့သော
## ပုံပြင်တစ်ပုဒ်

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာ၁၀၁ပေ)

www.burmeseclassic.com

www.burmeseclassic.com







## အပိုင်း(က)

"အပုရေ ပြီးပြီလား၊ သွားရအောင်"

ဟု စိတ်မရှည်သလို အော်လည်းအော်ခေါ်၊ ကားဟွန်းကိုလည်း အဆက်မပြတ် တီးနေသော မဂျိုး,မြတ်(မကြီး,မြတ်)၏ အသံကြောင့် ပန်းပုသည် ခြေညှပ်ဖိနပ်သဲကြိုးထဲ ခြေချောင်းတွေ မှားသွင်းထားရက် ပုံစံကြီးဖြင့် ဖိနပ်ကို ဒယဥ့်တိုက်စီးလာကာ ဒရောသောပါး ပြေးလာလိုက်ရသည်။

"သူတို့အိမ်မှာ နေမယ်ဆိုရင် သူတို့မျက်နှာတော့ ကြည့်ပြီးနေရမှာပဲနော် အပု။ အဲဒါကို အမေတို့ ကိုပြောလိုက်မယ်"

ဒီအိမ်ကို ထွက်မလာခင်က မှာကြားလိုက်သော အမေ့စကားအတိုင်းပင် ပန်းပုသည် ဒီအိမ်စ,ရောက်ကတည်းက

www.burmeseclassic.com



ဘဘ၊ ကြီးကြီးတို့၏ မျက်နှာကို ကြည့်ရတာထက် ဘဘနဲ့ကြီးကြီး တို့ရဲ့ တစ်ဦးတည်းသောသမီးဖြစ်သူ အလှပဂေး ထိတ်ထိတ်ကြို မာန်မာနတွေ လွှင့်တင်နေတတ်သည့် မြတ်မြတ်မဋ္ဌ (ပန်းပုက တော့ မဂျိး,မြတ်ဟု ခေါ်ပါသည်။ အမှန်တော့ မကြီး,မြတ် ဖြစ် ရမှာပေမယ့် ပန်းပုက မ,ကြီးဟု မခေါ်ဘဲ မ,ဂျိးဟု အသံထွက် တာဖြစ်သည်)၏ မျက်နှာကို ကြည့်နေရတာ ပိုသည်ဟု ထင်ပါ သည်။

သူ စိတ်ကြည်နေလျှင် ကြည်နေသလောက် သဘော တွေ ကောင်းတတ်ပြီး သူ့,စိတ်မကြည်တော့ရင်လည်း ဘာလေးပဲ ဖြစ်ဖြစ် သည်းခံစိတ်မထားသော မဂျိးမြတ်သည် ပန်းပု၏အစ်မ ဝမ်းကွဲ။ တစ်ဝမ်းသာကွဲသော အစ်မဖြစ်ပါသည်။

ပန်းပု၏မေမေမှာ မဂျိးမြတ်၏ ဖေဖေနှင့် မောင်နှမ အရင်း။ မဂျိးမြတ်ဖေဖေက အကြီး၊ ပန်းပုမေမေက အငယ်ဖြစ် သည်။ မောင်နှမနည်းလှသော မေမေ့တွင် ထိုအစ်ကိုတစ်ဦးသာ ရှိပေမယ့် တစ်နှစ်နေလို့မှ တစ်ခါမဆုံဖြစ်ခဲ့ပါ။ မေမေက ပန်းပု ၏ဖေဖေနှင့် အိမ်ထောင်ကျကာ ဖေဖေ့ဇာတိလည်းဖြစ်ပြီး ဖေဖေ့ မိဘလက်ငုတ်လက်ရင်း အလုပ်ရှိရာလည်းဖြစ်သော မုံရွာမှာလိုက် နေကတည်းက အစ်ကိုဖြစ်သူထံ အသွားအလာ နည်းသွားတာ တော့ မဟုတ်။





"သမီးဘဘက သမီးဖေဖေကို စိတ်တိုင်းမကျဘူးလေ။ သူ့,ညီမဖြစ်တဲ့ မေမေက ဖြူဖြူနုနုလေးနဲ့ မြို့သူပီပီ သိပ် ချောမောလှပပေမဲ့ မေမေယူတဲ့ ဖေဖေကကျတော့ အသား မည်းမည်း အညာသားရုပ်စစ်စစ် ဖြစ်နေလို့တဲ့။ မိဘမျိုး ရိုး ချမ်းသာပြီး မိဘအလုပ်ဖြစ်တဲ့ ရက်ကန်းစင်လုပ်ငန်း ကို ဆက်ခံစားပြီး အောင်မြင်အောင် လုပ်နိုင်ပေမယ့် သမီး ဘဘက သဘောကိုမတူပါဘူးတဲ့။ အဓိက အချက်ကတော့ အသားမည်းလို့ဆိုတဲ့ အချက်ပေါ့၊ အဲဒါကို သမီးဖေဖေ ကလည်း ရိပ်မိတော့ ယောက်ဖနဲ့က မျက်နှာကြောမတည့် ကြဘူးပေါ့ကွယ်၊ ဒါကြောင့် တစ်အိမ်နဲ့တစ်အိမ် အသွား အလာ နည်းကြတာ"

ဟူ၍ မေမေပြောပြဖူး၍ ဘဘနဲ့ မေမေတို့ အဆက် အသွယ် နည်းလှတာကို သိထားပါသည်။

အခု ပန်းပု အလှည့်ကျမှ ပြန်၍ အဆက်အသွယ် တချို့ ရှိလာရသည်မှာ အဓိက,ကတော့ ပန်းပုကြောင့်ပင်ဖြစ် သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ခွင့်ရသည့် ပန်းပု သည် သူများတကာတွေလို မန္တလေးတက္ကသိုလ်လောက်ထိတောင် မမှန်းဘဲ ရန်ကုန်မှာမှ ကျောင်းလာတက်ချင်ပါသည်ဟု ပူဆာသော အခါ ...။ မွေးစကတည်းက အခုအရွယ်ထိ ရန်ကုန်ဆိုသော မြို့

www.burmeseclassic.com



ကြီးကို သုံးလေးခါထက် မပိုဘဲ ရောက်ဖူးပေမဲ့ ရန်ကုန်ကိုအထင်ကြီးပြီး ရန်ကုန်မှာ လာနေကြည့်ချင်သောအခါ ...။

ဖေဖေနဲ့ မေမေ ဘယ်လိုပဲ နားချချ၊ ဘာနဲ့ပဲမက်လုံးပေးပေး နားမဝင်ဘဲ ရန်ကုန်ကလွဲရင် တစ်ပြားမှမလျှော့၊ ရန်ကုန်မှာသာ ကျောင်းတက်လိုပါသည်ဟု နည်းမျိုးစုံဖြင့် ဆန္ဒပြသောအခါ နောက်ဆုံးတော့ ပန်းပု တစ်ယောက်ဟာ ရန်ကုန်မှာ ကျောင်းလာတက်ခွင့် ရသွားခဲ့ပါသည်။

သို့သော် မေမေက စိတ်မချသဖြင့် အဆောင်မှာ မနေရ၊ ကိုယ့်အကြီးအရင်းအိမ်မှာသာ နေရမည်ဟု ဆုံးဖြတ်ပေးတာတော့ လက်ခံရသည်မို့ နောက်ဆုံးတော့ ပန်းပု တစ်ယောက် ဘာဘနဲ့ကြီးကြီးအိမ်ကို ရောက်လာခဲ့ရတာ ဖြစ်လေသည်။

"မုံရွာ ဆိုတာ နယ်မြို့ပါ၊ သိပ်လည်း တောမကျပါဘူးဟယ်။ နင့်ကြည့်ရတာကျတော့ တောဆန်သလိုပဲ။ မဖြစ်ဘူး နင့်ဆံပင်လေး, ဘာလေး ပြင်မှပါ"

ပန်းပုမှာ မဂျီးမြတ်ကို နဂိုတည်းက ကြောက်နေသူ ပီပီ စာဒက မတက်ရဲဘဲ မဂျီးမြတ် မောင်းသော ရှုပါဆလွန်းလေးပေါ် ဇွေ့ခနဲ ပါလာရတော့တာ ဖြစ်ပါသည်။

* ❤ *



## အပိုင်း(၁)

ထိပ်ထိပ်သည် ဖိုတိုဂရေးမှန်များဖြင့် ကာထားသော မှန်တံခါးကြီးမှတစ်ဆင့် တွန်းဖွင့်ဝင်လာသည့် မိန်းကလေးနှစ်ယောက်ဆီ အမှတ်မထင် တစ်ချက်ကြည့်လိုက်မိသည်။

"ဟော ... ဘယ်သူတွေများလဲလို့၊ မြတ်မြတ်မဍ္ဍူတို့ပါလား"

"အံမယ်လေး ... တော်ပါသေးရဲ့၊ ထိပ်ထိပ် ဒီဘက်ဆိုင်မှာ ရှိမှရှိပါ့မလားလို့"

ထိပ်ထိပ်သည် သူ ညှပ်ပေးလက်စ ဆံပင်တွေကို အညှပ်မပျက်ဘဲ စကားပြောရင်း မြတ်မြတ်မဍ္ဍူနောက်မှာ ပြူးကြောင်ကြောင်ရပ်၍ သူ့ကိုအကဲခတ်နေသည့် မိန်းကလေးကို အကဲခတ်သည်။ သိပ်များများ အကဲခတ်စရာမလို။ တစ်ချက်ကြည့်

www.burmeseclassic.com



ရှံနဲ့ ရန်ကုန်သူ မဟုတ်ဘူးဆိုတာကို ထိပ်ထိပ်၏ အတွေ့အကြုံများ အရ သိလိုက်ပါသည်။

တချို့ နယ်ကမိန်းကလေးတွေလည်း ရန်ကုန်သူ နီးပါးလောက် ခေတ်မီမီ ဝတ်ကြတာ ရှိသဖြင့် ရုတ်တရက်ကြည့် လျှင် ခွဲခြားလို့မရတာမျိုးတွေ ရှိတတ်ပေမဲ့ ဒီမိန်းကလေးကတော့ ခေတ်လည်းမမီ၊ ဝတ်ပုံစားပုံကလည်း ပုံခပ်ရိုးရိုးဘလောက်(စ) အင်္ကျီဝတ်လို့၊ ဆံပင်က တော်တော်လေးကောင်းပြီး နက်မှောင် လှပေမဲ့ အုန်းဆီတွေရွှဲနေအောင် လိမ်းထားမှန်း သိသာသော ဆံပင်သည် ဘယ်လိုမှ ပျော့ပျောင်းအိနွဲ့မနေဘဲ ဖွစ်ခဲကြီးဖြစ်နေ တာ။ အသားညိုသည်မှာ တော်ရုံညိုတာမျိုး မဟုတ်ဘဲ တော်တော် လေးကို ညိုနေတာထားတော့။ အသားညိုပေမဲ့ စိုပြည်ဝင်းဝါပြီး ကြည့်ကောင်းသော အသားအရေမျိုးလည်း တွေ့ဖူးတာမို့ အသား ညိုလှတာကို အပြစ်မပြောလို။ သို့သော် ဒီမိန်းကလေးကတော့ Skin care ကို လုံးဝဂရုမစိုက်ထားသူမှန်း သိသာလှစွာ သူမ အသားညိုညိုမှာ အရောင်မထွက်ဘဲ ခပ်ညစ်ညစ်လေး ဖြစ်နေပါ သည်။

မြတ်မြတ်မဥ္ဇူလို ကြွေရောင်အသားအရေ ရှိရုံမက လှထားပြီးပါပြီဆိုသော အသားအရေကိုပင် သေသေချာချာ ဂရု စိုက်ထားသူနှင့် ယှဉ်လာသောအခါ ကျိုးကန်းနဲ့ဘဲဥလောက်နီးနီး





ကွာခြားလှတာကိုလည်း သတိထားမိပြန်သည်။ ရုပ်ကလေးကတော့ ချောတယ်လည်းမဟုတ်၊ ရုပ်ဆိုးတယ်လည်း မဟုတ်သော သာမန် ရုပ်မျိုးလေးလည်း ဖြစ်တာမို့ သေသေချာချာ မပြင်ဆင်ထားဘူး ဆိုလျှင်တော့ ဘယ်လိုမှ အရောင်မထွက်နိုင်သော မိန်းကလေးကို ထိပ်ထိပ်သည် အလှအပ ဖန်တီးပေးသူတစ်ဦးပီပီ အတော်ကို ကျိတ်ကဲ့ရဲ့မိနေပါသည်။

ကိုယ်ကိုယ်တိုင်က အလှအပတွေ ပြင်ဆင်ဖန်တီး ပေးနေသူ ဖြစ်လေရာ မိန်းကလေးတစ်ယောက် မျက်နှာပြောင် ကြီးနဲ့ ပြင်မထားဘူးဆိုလျှင် ဘယ်လိုကြည့်မရမှန်းမသိ။

"ထိပ်ထိပ် ... ဒါ မြတ်ရဲ့ညီမဝမ်းကွဲလေးပဲ၊ သူ့ကိုပြင် ပေးချင်လို့"

"ဪ ... ရပါတယ်၊ ပြင်လေ"

"ထိပ်ထိပ်နဲ့ပဲ ပြင်ချင်တာ"

"ဟယ် ... ဒါတော့ မရနိုင်ပါဘူး၊ ထိပ်ထိပ်က ဒီနေ့တစ် နေကုန် မအားဘူး၊ အကုန်လုံး ထိပ်ထိပ်နဲ့ ပြင်မယ်ပြော ထားတဲ့သူတွေချည်းပဲ ဖြစ်နေလို့ပါ။ ဟိုးနေ့တွေတည်းက ကြိုပြီး အပွိုင့်မင့်န့်တွေ ယူထားကြတာမို့ပါ"

"ထင်သားပဲ၊ ထိပ်ထိပ်ဆီ လာလိုက်ရင် ဘယ်တော့မှ ချက်ချင်း ဝင်ချင်တိုင်း ဝင်လို့မရဘူး ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်မချူက မျက်ခမ်းစူ၊ ခြေဆောင့်ရင်း ထိပ်ထိပ်၏ လက်မောင်းကိုလည်း လက်သီးဆုပ်ဖြင့် တစ်ချက်ထုလိုက်ပါသည်။ ထိပ်ထိပ်ကိုဆို ဘယ်မိန်းကလေးမဆို ဒီလိုပဲ တရင်းတနှီး ပြုမူနေကျမို့ ဒါဟာ မဆန်းတော့။

"ထိပ်ထိပ်နဲ့မှ ပြင်ချင်တာကိုး။ တခြားလူတွေနဲ့ ပြင်ပါလား။ ဒါဆို ချက်ချင်း ဝင်ရမယ်"

"မြတ်မြတ် ညီမကို ထိပ်ထိပ် လက်ရာ ဆံပင်ပုံနဲ့ ဖြစ်ချင်လို့။ သူ့မျက်နှာနဲ့ အလိုက်ဆုံး ဆံပင်ပေါ့"

"ဒါဆို ရက်ချိန်းယူသွား"

"မနက်ဖြန်နော်"

"ဟယ် ... မနက်ဖြန် မလုပ်ပါနဲ့၊ ထိပ်ထိပ် မအားပါဘူး"

"ဟာ ... မရဘူး မနက်ဖြန်ပဲ။ သူ အခုလာမဲ့ တနင်္လာနေ့မှာ ကျောင်းစ,သွားရတော့မှာ။ မနက်ဖြန်ပြင်မှ ဖြစ်မယ်"

"ညည်းတို့ ထိပ်ထိပ်ကိုဆို ဗိုလ်ကျလို့ ရတယ်ဆိုပြီး နိုင်ချင်တိုင်း နိုင်ကြတာပဲ၊ အေးပါ ... အေးပါ ... သိပ်အလျှင်လိုနေရင်လည်း မနက်ဖြန် လာပါ၊ မနက်စောစောလာမှနော်၊ တစ်နေကုန်ရင် ကုန်သွားနိုင်တယ်"

"ဒီနေ့လာရတာ အလကား မဖြစ်အောင် ခြေသည်းလက်သည်းပြင်၊ ခေါင်းလျှော်၊ မျက်နှာကြေးချွတ်တော့ လုပ်ရမယ် သိလား အပု"





ထိပ်ထိပ်သည် လူပုံလိုပဲ တောဆန်ဆန်နာမည် "အပု"ဟု အခေါ်ခံလိုက်ရသော မိန်းကလေး၏ စိတ်မပါလက်မပါ ခေါင်းညိတ်မှုကို မျက်လုံးထောင့်မှ ဖျတ်ခနဲ မြင်လေသည်။ ဪ ... ဘယ့်နှယ် လောကကြီးမှာ မလှချင်တဲ့ မိန်းကလေးလည်း ရှိသေးသကိုး။ အလှပြင်ခံရတော့မှာကိုပဲ သေမိန့်ချခံလိုက်ရသလိုပဲ စောင်းငန်းငန်း မလှမ်းချင် လှမ်းချင် ခြေလှမ်းတွေနဲ့ ထိပ်ထိပ်၏ တပည့်မလေးတွေ ခေါ်ရာနောက် ပါသွားရှာသော အပုကို ထိပ်ထိပ် ဘယ်လိုမှ သဘောမကျစွာ အကြိမ်ကြိမ် စိတ်ထဲမှာ ကဲ့ရဲ့လို့ မဆုံးတော့လေပြီတည်း။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၁)

www.burmeseclassic.com

# ၁

ပန်းပုသည် ပန်းသွေးရောင်လွှမ်းပြီး ကြွေသားလေးတွေလို ဖြစ်သွားသော သူမ၏ခြေသည်းလက်သည်းတွေကို အံ့ဩမဆုံးဖြစ်စွာ ခဏခဏဖြန့်ကြည့်၊ အနီးကပ် ထောင်ကြည့်ရင်းပါလာသည်။ မြတ်မြတ်မဉ္ဇူကတော့ ကုန်ကျစရိတ်ကို ပြန်ကြည့်ရင်း ...

"အပု ... နင့်အလှပြင်စရိတ် အကုန်တော့ ငါ အကုန်မခံဘူးနော်။ သုံးပုံနှစ်ပုံ ငါပေးပေးမယ်၊ ကျန်တဲ့တစ်ပုံ နင်ပေးရမယ်။ ဘာကြောင့် သုံးပုံနှစ်ပုံ ငါပေးလည်း ဆိုတော့ အခုဟာက နင့်သဘောမပါဘဲ 'ငါက အတင်းခေါ်သွားပြီး ပြင်ခိုင်းတာမို့လို့။ နောက်ဆို နင့်ဘာသာ ပြင်ရမယ်နော်၊ ငါ့အိမ်မှာနေရင် တောဆန်ဆန်ပုံစံကြီး မနေရဘူး။ ငါ ပြင်ခိုင်းရင် ပြင်ရမယ်"





ဟု ပြောလျှင် ပန်းပု ခေါင်းမညိတ်ချင်။

ဘာကြောင့်လဲဆိုတော့ ခြေသည်းလက်သည်း အလှပြင်တာ၊ ခေါင်းလျှော်တာ၊ ဆံပင်ပေါင်းတာ၊ မျက်နှာကြေးချွတ်သန့်စင်တာနဲ့တင် ပိုက်ဆံက မယုံနိုင်စရာကောင်းလောက်သောပမာဏမျိုးကို ပေးလိုက်ရသဖြင့် ပန်းပုမှာ ကျိတ်နှမြောနေရသည်။ ဒီလိုပိုက်ဆံမျိုးကို ပန်းပုတို့ဆို တစ်လအသုံးစရိတ်လောက် သုံး၍ရပါသည်။ ဒါကို တစ်ထိုင်တည်း အနှမြောမရှိ ပေးခဲ့သော မဂျီးမြတ်ကို အံ့ဩလို့မဆုံးသေး။ သူက ပန်းပုကို သုံးပုံတစ်ပုံ ပေးရမည်ဟု ပြောလာသဖြင့် ပန်းပု နှမြောနေတာ။

"ဘာဖြစ်နေတာလဲ ... နင့်ရုပ်က"

"ပု ... ပု ... နှမြောတယ် မဂျီးမြတ်ရယ်၊ ပိုက်ဆံတွေအများကြီး ကုန်သွားတာ သိပ်နှမြောတာပဲ၊ အဲဒီပိုက်ဆံက ပုတို့ဆို မိသားစုတစ်လအသုံးစရိတ် လုပ်လို့ရတယ်"

"အံမယ်လေး ... အညာသူ ဒေါ်ကပ်စေးရယ်၊ နင်တို့ကတောသူဌေးတွေပါ။ ဒီလောက်ကုန်တာလေးများ"

"တခြားဟာအတွက်ဆိုရင် ဥပမာ ... ပညာသင်ဖို့၊ လှူဖို့တန်းဖို့ဆို မကပ်စေးပါဘူး မဂျီးမြတ်ရဲ့"

"လျှာမရှည်နဲ့ ငါ ပြောပြီးသား။ ငါ့အိမ်မှာနေတဲ့ ငါ့ညီမဝမ်းကွဲက ရုပ်ဆိုး စုတ်ပြတ်နေရင် ငါရှက်တယ်၊ ဘယ်သိမှ



www.burmeseclassic.com

www.burmeseclassic.com



တွဲခေါ်မသွားချင်ဘူး။ ငါ့သူငယ်ချင်းတွေကို ဒါ ငါ့ညီမ ဝမ်းကွဲလေးလေလို့ ထုတ်ပြောရမှာ ရှက်တယ်၊ ဒါကြောင့် နင် မြို့သူလို ဖြစ်လာဖို့လိုတယ်”

အဆောင် ကောင်းကောင်းမှာ သွားနေရင်တောင် ဒီလောက် ကုန်မှာမဟုတ်ဘူး။ အခုတော့ မကျီးမြတ်တို့အိမ်မှာ နေရတာ ပိုကုန်နေပြီ။ ဘဘကတော့ ...

“ဩော် ... ငါ့တူမလေး ကျောင်းလာနေတာပဲ။ ကလေး တစ်ယောက် အိမ်မှာလာနေလို့ ပိုမကုန်သွားပါဘူး သိသိ ရယ်။ ဘာမှ နေစရိတ်၊ စားစရိတ် လုပ်မနေနဲ့ မပေးနဲ့။ ဒီတိုင်းနေ၊ ငါလည်း သမီးတစ်ယောက်ပဲရှိတာ အပုလေး ရှိလာတော့ နောက်ထပ် သမီးတစ်ယောက် တိုးလာတယ် လို့ပဲ မှတ်တယ်၊ ငါ့ကို ပိုက်ဆံနဲ့ လာတန်ဖိုးဖြတ်မနေနဲ့”

ဟု အမေက သူ့အစ်ကိုဖြစ်သူထံ ပန်းပု၏ နေ၊ စားစရိတ် ပေးမယ်ပြောတော့ ခါးခါးသီးသီး ငြင်းဆန်စိတ်ဆိုးပြ သဖြင့် ဤသူဌေးအိမ်ကြီးမှာ ပန်းပုဟာ ဓိမ်ကျကျနဲ့ ကိုယ်ပိုင် အိပ်ခန်းမှာ ရေချိုးခန်း၊ အိမ်သာ တွဲရက်ပါ တစ်ခန်းရကာ သက် သောင့်သက်သာ နေခွင့်ရပါသည်။

ဘဘတို့ကလည်း ရန်ကုန်မှာ တကယ့်သူဌေးတွေ မို့ ခြံဝင်းကျယ်ကြီးနဲ့ နှစ်ထပ်တိုက်ကြီး ရှိရုံမက တခြားမှာလည်း





ကွန်ဒိုအခန်းတွေရှိကြောင်း သိထားပါသည်။ ထိုကဲ့သို့ ချမ်းသာ သော ဘကြီးဖြစ်သူ၏အိမ်မှာ နေစရိတ်၊ စားစရိတ် မပေးရဘဲ နေခွင့်ရပေမဲ့ အခုတော့ မကျီးမြတ် ခိုင်းတာနဲ့ ပိုက်ဆံတွေ အဆ မတန် အကုန်ခံပြီး အလှပြင်ရတော့မတဲ့။

ပန်းပု မလှတာ၊ တောဆန်တာနဲ့ပဲ မကျီးမြတ်က မဆီမဆိုင် ဘာလို့ရှက်ရလဲ ဆိုသော မေးခွန်းကိုတော့ ပန်းပု မမေးရဲပါ။ မကျီးမြတ်က ပန်းပုထက် ငါးနှစ်မျှ အသက်ပိုကြီးကာ ငယ်ငယ်တည်းကလည်း အခုစိတ်အတိုင်း ကောင်းချင်လျှင် စွတ် ကောင်းပြီး မကောင်းချင်ရင်တော့ အလကားနေရင်းလည်း အော် ဟစ်စိတ်တိုနေတတ်သော မကျီးမြတ်ကို ပန်းပုက ငယ်ကြောက် ဖြစ်နေသည်။

“ထိပ်ထိပ်နဲ့ မနက်ဖြန် ဆံပင်အညှပ်ခံလိုက်ရင် နင့်ရုပ်က တအားကို ပြောင်းသွားမှာ”

“အဲဒီလူက ယောကျ်ားလား အခြောက်လား”

“ဟဲ့ ... ဆံပင်ညှပ် အလှပြင် လုပ်တဲ့သူပဲ၊ ဘယ်လိုလုပ် ယောကျ်ားအစစ် ဖြစ်မလဲ။ ခြောက်နေလို့ပေါ့၊ သူ့စကား ပြောပုံ ကြည့်ပါလား နွဲ့နွဲ့လေး၊ လက်ကလေးတွေများ နဲ့ပြီး လှုနေတာ။ သူ့လက်ချောင်းလေးတွေ လက်သည်းလေး တွေက သိပ်လှတာလို့ လူတိုင်းပြောကြတယ်။ အခြောက်



www.burmeseclassic.com

www.burmeseclassic.com



အသွားက မိန်းကလေးအစစ်တွေထက် လက်ချောင်းလေးတွေ ဝိုလှတယ်လို့ ငါတော့ထင်တယ်"

"သူက ခြောက်နေပေမဲ့ ယောကျ်ားလိုပဲ ဝတ်တယ်နော်"

"သြော် ... နင်ကလည်း ခြောက်နေတိုင်း မိန်းမလိုဝတ်ပြီး မျက်နှာမှာ အလှပြင်ကြတာမှ မဟုတ်တာ၊ တချို့လည်း အပြင်ပန်းတော့ ယောကျ်ားလိုပဲ ဝတ်စားပေမဲ့ အတွင်းစိတ်က ခြောက်နေတာမျိုး ရှိတယ်လေ။ နင် ကြားဖူးမလားမသိဘူး ။ နိုင်ငံခြားက အဆိုတော်လေး Elton John (အယ်လ်တန်ဂျွန်)တို့၊ Savage Garden (ဆဲဗေ့ချ်ဂါးဒင်း) အဖွဲ့က အဆိုတော် Darren Hayes (ဒဲယ်ရင် ဟေး(စ))တို့ နောက်ပြီး ရှိပါသေးတယ် West Life (ဝက်(စ)လိုက်(ဖ)) အဖွဲ့က ကောင်လေး ချောချောတစ်ယောက်ပဲ သူ့နာမည် ငါမေ့နေလို့။ သူလည်းကြည့်လိုက်ရင် တကယ့်ကို ကောင်ချောလေး။ ဒါပေမဲ့ သူ့ကိုယ်သူ Gay (ဂေး)ပါလို့ ကြေညာထားတာလေ။ ငါပြောတဲ့သူတွေ အကုန်လုံး အပြင်မှာ ဝတ်စားသွားလာကြရင် ယောကျ်ားလိုပဲ ဝတ်ကြတဲ့ သူတွေချည်းပဲ။ ဘယ်သူမှ နှုတ်ခမ်းနီဆိုး အလှပြင်ပြီး မိန်းမအကျႌ မဝတ်ကြဘူး။ ဒါပေမဲ့ သူတို့ ကိုယ်သူတို့ Gay လို့ ဝန်ခံထားကြတာပေါ့။ Gay ဆိုတာ နင် သိလား"





ပန်းပုမှာ မကျိုးမြတ် ပြောသော အထူးအဆန်း အင်္ဂလိပ်စာလုံးကို မသိသဖြင့် ခေါင်းခါပြလိုက်မိသည်။

"Gay ဆိုတာ သူတို့နိုင်ငံတွေမှာ ခြောက်နေတဲ့သူတွေကို ခေါ်ကြတာလေ။ နင် ငါပြောတဲ့လူတွေ နာမည်ရော သိရဲ့လား"

"Elton John တော့ သိတယ်"

"သြော် ... မဆိုးပါဘူး၊ နင် အင်္ဂလိပ်သီချင်း နားထောင်လို့လား"

"သိပ်အကြိုက်ကြီးတော့မဟုတ်ဘူး၊ အမေက Elton John တို့ Elvis Presley (အဲလ်ဗစ်(စ)ပရက်စလေ)တို့၊ Beatles (ဘီးတ်လ်(စ))တို့ နားထောင်တော့ သိနေတာမျိုးပါ"

"ဟုတ်သားပဲ၊ အန်တီလေးက အင်္ဂလိပ်သီချင်း သိပ်ကြိုက်တာလို့ ဖေဖေ ပြောတယ်။ ကြိုက်တော့ အင်္ဂလိပ်သီချင်း ကြိုက်ပြီး ယူတော့ အညာသားကို ယူတယ်ဆိုပြီး ဖေဖေ အမြဲပြောတာလေ၊ ဆောရီး ... ဆောရီး ... အပုရဲ့အဖေကို ငါ ဝေဖန်တာ မဟုတ်ဘူးနော်။ လူကြီးတွေ ပြောသံကြားတာကို ပြန်ပြောတာပါ။ အပုရဲ့အဖေ ဦးဦးလှိုင်မင်းကို ငါ ခင်ပါတယ်။ ငါ ငယ်ငယ်က သူတို့ ရန်ကုန်တက်ခါလာတော့ ငါ့ကို မညည်းမညူ စက်ဘီးစီး သင်ပေးဖူး



www.burmeseclassic.com

www.burmeseclassic.com



တာ ခုထိ မှတ်မိနေတယ်။ ငါက တခြားနေရာမှာ တော်ရင်တော်မယ်၊ စက်ဘီးစီးသင်တာကျ ညံ့ပြီး သင်မရလို့ ငါ့စက်ဘီးကို ဘယ်သူမှ လိုက်မတွန်းပေးချင်ကြတဲ့အထိ လက်လန်ကုန်ကြတာ။ ဦးဦးကတော့ သူလာတည်းတဲ့ သုံးရက်အတွင်း စိတ်ရှည်လက်ရှည် ဘယ်လိုနင်း၊ ဘယ်လို ကိုယ်ဟန်ထားနဲ့ လိုက်တွန်းပြီး သင်ပေးခဲ့တာမို့လေ။ ဦးဦးကြောင့် ငါ စက်ဘီးစီးတတ်ခဲ့တာ ဦးဦးကို သူ ဘယ်လောက် အသားမည်းမည်း ငါက ခင်ပါတယ်၊ ဒါကြောင့် နင့်ကိုလည်း ကိုယ့်ညီမဝမ်းကွဲလေးပေမဲ့ ချစ်ပြီးစေတနာ ပိုပြီး လှစေချင်လို့ လိုက်ကူညီပေးတာပေါ့၊ ရုပ်ချောစရာ မလိုဘူး။ ခေတ်မီမီလေး ကြည့်ကောင်းအောင် ပြင်တတ်၊ ဆင်တတ်ရင် ဆွဲဆောင်မှု ရှိလာမှာပဲလေ”

မဂျီးမြတ်က စိတ်ရှည်လက်ရှည်ပင် ရှင်းပြပြန်တော့လည်း ဝန်းပု အသာငြိမ်နားထောင်နေလိုက်ရပြန်သည်။ မန်းပု မပြောဘူးလား၊ မဂျီးမြတ်က စိတ်ကောင်းချင်ရင်လည်း စွတ်ကောင်းပြီး စိတ်ရှည်လက်ရှည် ရှင်းပြတတ်တယ်။ သူ စိတ်ဆိုးနေပြန်ရင်လည်း ဘာမဟုတ်တာလေးကို စိတ်မရှည်တော့ဘဲ အော်ဟစ်ဆူပူနေတာ။ မဂျီးမြတ်က စိတ်တော့နည်းနည်းမမှန်ဘူး ထင်တယ် ... ဟီ ဟီ။





“ပြောပါဦး ... နင်က ဘာဖြစ်လို့ အဲဒီလို တောပုံကြီးဖြစ်နေတာလဲ။ မုံရွာဆိုတာ မြို့ကြီးပါဟယ်။ မန္တလေးနဲ့ဆို နီးနီးလေးပါ။ မြို့သူဖြစ်ပြီး တောပုံပေါက်နေတာ အံ့ဩပါရဲ့။ အန်တီလေးလည်း ရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့ရသွားတဲ့ ခေတ်မီတဲ့သူပါပဲ။ သမီးကို ဘာလို့ တောပုံကြီးအဖြစ် ခံထားတာလဲ မသိဘူး”

“အမေက ရက်ကန်းစင်တွေ ဦးစီးရတယ်။ မုံရွာဈေးကြီးထဲမှာ ဖွင့်ထားတဲ့ ချိတ်ထည်ဆိုင်ကိုလည်း အမြဲဦးစီးရတယ်ဆိုတော့ ပုကိုထိန်းဖို့ အချိန်ပြည့် အနားမှာမနေနိုင်ဘူး။ ဒီတော့ ပုက အဖေ့ရဲ့ညီမဝမ်းကွဲ အပျိုကြီး နှစ်ယောက်နဲ့နေရတယ်။ သူတို့ပဲ ရေချိုး၊ အဝတ်လဲ၊ ထမင်းခွံ့၊ ကျောင်းပို့/ကြို လုပ်ပေးရတဲ့အထိ သူတို့လက်ထဲမှာပဲ ကြီးခဲ့ရတာလေ”

“အဲဒီအပျိုကြီးတွေက တောပုံတွေလား”

“ပု တွေ့သမျှတော့ သူတို့က ဆံပင်အမြဲ အုန်းဆီလိမ်းပြီး၊ ကိုယ်လုံးပေါ်ရင် ရှက်လို့တဲ့၊ ဘလောက်(စ)ပွပွထူထူကြီးတွေ အမြဲဝတ်တာပေါ့။ ပြီးတော့ မိန်းကလေးဆိုတာ စကားပြောရင် အသံကျယ်ကျယ် မပြောရဘူး၊ အော်မရယ်ရဘူး၊ လမ်းလျှောက်ရင် ခြေသံလုံးမပေါ်ရဘူး၊ အကျီဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်မောင်းသားတွေ မပေါ်ရဘူးလို့ အမြဲသင်တယ်။ ဆံပင်မှာ ဆီမရှိတဲ့ မိန်းမဟာ အပူသည်နဲ့တူတယ်၊ လာဘ်တိတ်တယ်၊ ကျက်သရေမဲ့ထယ်တဲ့။ သူတို့က အဲဒီလို အယူအဆတွေ အမြဲပြောပြီး သင်ပေးထားတာပေါ့။ ပု အပျိုအရွယ် ဖြစ်လာတော့လည်း သူတို့ပဲ သင်ကြားပျိုးထောင်လာတာဆိုတော့ ပုက ဒေါ်ကြီး၊ ဒေါ်လေးတို့ ပုံစံ ဝင်သွားတာပေါ့"

မဂျီးမြတ်က ပန်းပု ပြောသမျှ ဟုတ်လား … ဟုတ်လားနှင့် တအံ့တဩ ဖြစ်နေပုံရကာ ပန်းပု စကားအဆုံးမှာ …

"ဒီခေတ်ကြီးမှာ ဒီလိုအယူအဆရှိတဲ့ အမျိုးသမီးကြီးတွေ ရှိနေသေးတာပဲလို့ အပုပြောမှပဲ မဂျီးမြတ်ကြားဖူးတော့တယ်"

ဟု သူ့ကိုယ်သူ နာမ်စား မဂျီးမြတ်လို့ သုံးကာ တရင်းတနှီး ဆိုပါသည်။ ဘာကြောင့် အခုမှ "မဂျီးမြတ်"ဟု သူ့ကိုယ်သူ နာမ်စားသုံးပါသည်ဟု ပြောရသလဲဆိုတော့ မဂျီးမြတ်သည် တွေ့စကတည်းက သူ့ကိုယ်သူ "ငါ" "ငါ"နှင့် ပန်းပုအပေါ် သိပ်တရင်းတနှီးပုံစံ မပြဘဲ သုံးနှုန်းတုတ်၍ပင်။ အခုတော့ ပန်းပု ပြောပြတာတွေကြားပြီး ပန်းပုကို သနားသွားသည် ထင်ပါသည်။ သူ့ကိုယ်သူ မဂျီးမြတ်လို့ ထည့်ပြောပြီး တရင်းတနှီး စကားပြောလာပါသည်။





"သူတို့ပြောတဲ့ တချို့အယူအဆတွေလည်း ကောင်းပါတယ်၊ ဥပမာ … မိန်းကလေးဆိုတာ စကားအသံကျယ်ကျယ် မပြောရဘူးတို့၊ အော်မရယ်ရဘူးတို့က လိုက်နာသင့်ပါတယ်"

"ဒေါ်ကြီး ဒေါ်လေးတို့ကလည်း အမေနဲ့ဆို ယောက်မ ဝမ်းကွဲသာဆိုတယ် တကယ့်ကို ညီအစ်မတွေလို ချစ်ခင်နေကြတော့ အမေက သူတို့ဆုံးမတာကို နာခံရမယ်လို့ အမြဲမှာထားတာ"

"ဟုတ်ပါတယ် နာခံရမှာပေါ့။ ဒါပေမဲ့ အပုရယ်၊ နင် စဉ်းစားကြည့်၊ အခုခေတ်မှာက ခေတ်မီလာပြီဆိုတော့ တချို့အယူအဆတွေကျတော့လည်း အခုခေတ်နဲ့ မကိုက်တော့ဘူးပေါ့။ သူတို့ပြောသလို လမ်းလျှောက်ရင် ခြေသလုံးမပေါ်ရဘူးဆိုရင် ဘတ်စ်ကားပြေးတက် ပြေးဆင်းလုပ်နေရတဲ့ မိန်းကလေးတွေဆို ဘယ်လိုလုပ်မလဲ။ ခြေသလုံး မပေါ်အောင် ကားခြေနင်းခုံကို ဘယ်လိုတက်မလဲ။ အုန်းဆီမလိမ်းရဘူး မဟုတ်ဘူး လိမ်းပါ။ ဒါပေမဲ့ ရွှဲနစ်ပြီး အုန်းဆီချေးတက်ဆော် နံနေအောင်လိမ်းတာ မကောင်းဘူးပေါ့။ ကိုယ့် ကိုယ်နံ့မှာလည်း အဲဒီအနံ့က လာနေရော အပုပဲ စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပု ဒါတော့ လက်ခံပါသည်။ အထက်တန်းကျောင်းမှာတုန်းကဆိုလျှင် မိန်းကလေးချင်းချင်းပင် ပန်းပုကို နှာခေါင်းတရှုံ့ရှုံ့ လုပ်ပြကြပြီး ...

"နင့်နားရောက်ရင် ဘာနံ့ကြီးမှန်း မသိဘူး နံတယ်"

လို့ပင် အကဲ့ရဲ့ခံရလေ့ရှိသည်။ အမှန်တော့ မဂျီးမြတ်ပြောသလို အုန်းဆီက ဆီချေးတက်ပြီး ဆံပင်တွေ ဦးရည်တွေမှာ အနံ့စွဲလေရာ ကိုယ်နံ့မှာ လာစွဲကပ်သလို ဖြစ်နေတာဖြစ်မည်။

"ဒါပေမဲ့ အခု နင် ရန်ကုန်မှာတောင် ကျောင်းလာတက်ပြီပဲ။ သိပ်ဟော့ဟော့ရမ်းရမ်းကြီး မဟုတ်တောင် သင့်တင့်ကြည့်ကောင်းအောင်တော့ ပြင်ရမှာပေါ့၊ မပြင်ချင်ဘူး မလှချင်ဘူး မပြောနဲ့၊ မိန်းမဆိုတာ မပြင်မဆင်ရုပ်ကြီးနဲ့ ဆို နင့်ဒေါ်ကြီး ဒေါ်လေးတွေ ပြောသလို အပူသည်ရုပ်နဲ့ ပိုတောင်တူသေး။ နင်တို့လို အသားမဖြူတဲ့သူတွေဆို ပိုတောင်ပြင်ရဦးမယ်၊ အသားဖြူရင် တစ်ဝက်လှပြီးသားဆိုတာ နင် ကြားဖူးမှာပေါ့။ ဒီတော့ ကိုယ်က အသားမဖြူတဲ့သူဆိုတော့ အသားဖြူတဲ့သူတွေထက် တစ်ဝက်ပိုပြင်ထားမှဖြစ်မယ်။ နင့်ရုပ်ကလေးက မဆိုးပါဘူး။ ပြင်လိုက်ဆင်လိုက်ပြီး ထိပ်ထိပ်လက်ရှာ မျက်နှာနဲ့လိုက်တဲ့ ဆံပင်လေးနဲ့ဆိုရင် ချစ်စရာ ကောင်းသွားမှာပါ"





ပန်းပုမှာတော့ ငယ်ငယ်တည်းက အရိုးစွဲအောင် သင်ထားသော ဒေါ်ကြီး၊ ဒေါ်လေးတို့ စကားကိုသာ ကြားယောင်နေသည်။

"အလှအပ ပြင်ဆင်တယ်ဆိုတာ ကိုယ့်အတွက် မဟုတ်ဘူးအေ့။ ယောကျ်ားတွေအတွက် ပြင်တာမျိုးပဲ။ ယောကျ်ားတွေမျက်စိထဲမှာ လှလှလေး မြင်ရစေချင်လို့ ကိုယ်ကအချိန်ကုန်ခံ၊ ပိုက်ဆံတွေ အကုန်ခံပြီး ပြင်ဆင်ရတာ တရားသလား ညည်း စဉ်းစားကြည့်။ စောင့်ကြည့်နေပါ မပြင်မဆင်နေလည်း ကိုယ့်အပေါ် တကယ်မေတ္တာရှိတဲ့သူကတော့ ကိုယ့်ကိုယ်ပဲ စွဲလမ်းနေမှာပဲ။ ဒေါ်ကြီး ဒေါ်လေးတို့က မစွံလို့မဟုတ်ဘူး။ ကိုယ့်ဘဝကိုယ်ပဲ ပိုင်ဆိုင်ချင်လို့ တစ်ယောက်တည်းနေတာ။ ယောကျ်ားယူလိုက်ရင် ယောကျ်ားက ကိုယ့်ဘဝကို ပိုင်သွားမှာလေ။ အဲဒါမျိုး မဖြစ်ချင်ဘူး။ အပုရဲ့အမေ သိသိအေးပဲကြည့်။ ရန်ကုန်သူ အချောအလှ သူဌေးသမီးဟာ ငါတို့အစ်ကိုဝမ်းကွဲနဲ့ ယူမိတော့ အစ်ကို့ဘဝထဲ သူ့ဘဝကို ထည့်ပေးလိုက်ရတာပဲလေ၊ အဲဒါလက်တွေ့ပဲ"

ပန်းပုသည် အခုတော့ မဂျီးမြတ်ကို ကြောက်ရသာနဲ့ပဲ သူခိုင်းတဲ့အတိုင်း အလှအပတွေ ပြင်ဆင်ရတော့မှာကို တွေး



www.burmeseclassic.com

www.burmeseclassic.com



၍ စိတ်ညစ်နေတော့သည်။ ကျောင်းရက်ရှည်ပိတ်လို့ မုံရွာကိုပြန်ရမှာတောင် လန့်နေသည်။ ဒေါ်ကြီး၊ ဒေါ်လေးတို့တွေ့လျှင် နားပူအောင် အဆူခံရဖို့ကတော့ သေချာသည်။ ကံသိပ်ဆိုးလျှင် ပေါင်တွင်းကြောလိမ်၊ ဗိုက်ခေါက်လိမ်၊ ခေါင်းခေါက်ကိုပင် ခံရနိုင်သည်။

သို့သော် ခုလောလောဆယ် နီးရာစား ကြောက်နေရသဖြင့် မဂျီးမြတ် ပြောသမျှ ခေါင်းတညိတ်ညိတ်,သာ နာခံနေရပါတော့သည်။

* ❤ *





၂

ထိပ်ထိပ်သည် မည်းနက်ခဲပျစ်သလိုလို ဖြစ်နေသော ဆံပင်တွေကို လက်ဖြင့်တစ်ချက်သိမ်းကိုင်လိုက်ရင်း ...

"ညည်းဆံပင်ကတော့ တော်တော်ကောင်းတာပဲ"

ဟု ပန်းပု ဟူ၍ နာမည်ဆန်းဆန်း ပေးထားသော တောသူမပုံစံ ကောင်မလေးကို ပြောလိုက်လျှင် ကောင်မလေးက အဟီးခနဲ ရယ်ပါသည်။ ဘေးမှာလက်ပိုက်ရပ်ရင်း ကြော့ရှင်းစွာ ရပ်ကြည့်နေသော မြတ်မြတ်မဥ္စူကတော့ ...

"မနေ့ကပဲ ပေါင်းတင်ပေးတာယ်၊ အဲဒါ ညက မြတ်မသိအောင် ပြန်ထည့်ပစ်တော့ အခုမနက်ကျ ကျပ်ခဲကြီးဖြစ်နေတာပေါ့ ထိပ်ထိပ်ရယ်။ မြတ်လည်း သူ့ကို စိတ်ဆိုးဆိုးနဲ့ တအားဆူပူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ညည်းက ဘာလို့ အုန်းဆီတွေ အဲဒီလောက် အများကြီး ထည့်ရတာလဲ"

"ဟို ... ပု ဆံပင်တွေ ခေါင်းမှာပွသလို ဖြစ်နေရင် ဘယ်လိုမှမနေတတ်လို့ပါ။ ငယ်ငယ်ကတည်းက ဒီလိုပဲ ဆံပင် ပြားပြားခဲခဲလေးနဲ့ နေလာတာဆိုတော့ မနေ့က အုန်းဆီ မထည့်ရတော့ ခေါင်းပဲကိုက်သလိုလို ဆံပင်တွေပဲ ခြောက်နေသလိုလိုထင်ပြီး နည်းနည်းထည့်တာပါ"

"ဆံပင်မခြောက်ပါဘူး ပန်းပုရဲ့။ ပေါင်းတင်ပေးလိုက်ကတည်းက ဆံပင်သားလေးတွေ အိစင်းပြီး ပျော့ပြီးသား။ ရှန်ပူကြော်ငြာတွေမှာ ဆံပင်အိအိလေးတွေ ခါပြတာ မြင်ဖူးလား"

ပန်းပု ခေါင်းညိတ်ပါသည်။

"အေး ... အဲဒီလို ဖြစ်နေတာပေါ့၊ ညည်း ခုလို အုန်းဆီ ကျပ်ခဲကြီး လုပ်ထားတော့ ထိပ်ထိပ် ဆံပင်ကို ပုံသွင်းရ ခက်နေပြီ။ အုန်းဆီတွေကုန်အောင် ခေါင်းအထပ်ထပ် လျှော်ဖို့ အချိန်ပေးရတော့မယ်လေ။ မနေ့က လျှော်ပြီး ပေါင်းတင်ပေးလိုက်ပြီးပြီဆိုရင် ဒီနေ့ ပုံသွင်းရုံပဲ။ ပန်းပုက အုန်းဆီတွေ ပြန်ထည့်လိုက်တော့ အချိန် ပိုယူရတော့မှာပေါ့"





ထိပ်ထိပ်က အသေအချာ ရှင်းပြနေလျှင် မြတ်မြတ် မဥ္ဇူမှာ လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ဒါဆို မြတ် သူ့ကို ဘယ်အချိန် လာခေါ်ရင် ရမလဲ"

"ဟယ် ... မြတ်မြတ်က ထိုင်မစောင့်ဘူးလား"

"မစောင့်နိုင်ဘူး ထိပ်ထိပ်ရဲ့။ မြတ် ဆိုင်ဘက်သွားပေးရဦးမယ်"

မြတ်မြတ်မဥ္ဇူက ပလာဇာကြီးတစ်ခုတွင် ပန်းအတုများဖြင့် အလှဆင်သော Floral Shop (ဖလော်ရယ်ရှော့(ပ))လေး တစ်ဆိုင် ဖွင့်ထားပါသည်။ ဆိုင်က သိပ်အကြီးကြီး မဟုတ်လှပေမယ့် အတိုင်းအတာ တစ်ခုအထိတော့ ရောင်းရပါသည်။ အွဲ့ရပြီးကတည်းက ပန်းအလှပြင် ဒီပလိုမာသင်တန်းတစ်ခု ထပ်တက်ပြီး အခုလို ကိုယ့်ပညာကိုယ် အသုံးချလျက် ဆိုင်လေးတစ်ဆိုင် ဖွင့်ထားပြီး စီးပွားရေးလုပ်နေသူလည်း ဖြစ်ပါသည်။

"အခု ရှစ်နာရီဆိုတော့ အင်း ... အစောဆုံး ညနေငါးနာရီပဲ"

"ရှင် ... ငါးနာရီထိတောင်"

ထိပ်ထိပ် ပြန်ဖြေသံ အဆုံးမှာ ပန်းပု၏ တအံ့တသြ အာမေဋိတ်ပြုသံကို တစ်ဆက်တည်း ကြားလိုက်ရတော့သည်။ ထိပ်ထိပ်က ရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးနာရီလို့ အကြမ်းဖျင်း ပြောထားတာနော်၊ ခြောက်နာရီ အထိလည်း ဖြစ်ရင်ဖြစ်သွားမယ်"

"ဟင် … ပု အဲဒီလောက် မနေချင်ဘူး။ မြန်မြန်လုပ်ပေးလို့ ရမလား"

"လှချင်ရင်တော့ သည်းခံရမှာပဲ ပန်းပုရဲ့"

"ပု … ပု … သိပ်မလှရင် နေပါစေ၊ မဂျီးမြတ် စိတ်တိုင်းကျရင် တော်ပါပြီ"

ထိပ်ထိပ်မှာ ထိုစကားကိုပြောရင်း မြတ်မြတ်မဠူကိုပါ မဝံ့မရဲကြည့်သော ပန်းပုကို အကဲခတ်မိသွားပါသည်။ ဩော် … သူလေးက မြတ်မြတ်မဠူခိုင်းလို့ ပြင်ရရှာတာကိုး။ မသိပါဘူး။ သူ့သဘောနဲ့သူ ပြင်ချင်လို့ မြတ်မြတ်မဠူက ခေါ်လာပေးရတယ် ထင်နေတာ။

"ထိပ်ထိပ် ကောင်းမယ် ထင်သလိုသာ ပြင်လိုက်ပါ။ မြတ်မြတ် ငါးနာရီခွဲလောက်မှ လာခဲ့မယ်လေ"

မြတ်မြတ်မဠူကတော့ ပန်းပုကို အရေးလုပ် ရှင်းပြမနေတော့ဘဲ ကားသော့လေးကိုင်၍ ထ,သွားလေပြီ။ ပန်းပုမှာသာ ခေါင်းလျှော်ခံဖို့ ကောင်မလေးတစ်ယောက် လာခေါ်သဖြင့် ပါသွားရပါသည်။ ပန်းပုသည် ခေါင်းလျှော်ခံ ဆိုဖာခုတင်မှာ ပက်လက်လှဲ၍ ခေါင်းကို နောက်လှန်ပေးထားရင်း ခေါင်းကို





အကြိမ်ကြိမ် အခါခါ ခေါင်းလျှော်ရည်ဘူးထဲက ခေါင်းလျှော်ရည် တွေညှစ်ချလိုက်၊ ဦးရည်တွေကို နှိပ်ချပြီး လျှော်လိုက်၊ ရေပူရေနွေး စပ်ထားပြီးသား ရေပိုက်လေးဖြင့် လောင်းချလိုက် လုပ်နေသော ခေါင်းလျှော်ပေးသည့် မိန်းကလေးကို ကျိတ်မေးလိုက်ပါသည်။

"လျှော်ပြီးရင် ပုံသွင်းပြီး ညှပ်တာမဟုတ်လား။ အဲဒါခဏလေးပါနော်။ ထိပ်ထိပ်က ဘာလို့ တစ်နေ့ကုန်မယ် ပြောတာလဲဟင်"

"ပုံသွင်းမညှပ်ခင် ဆံပင်ကို ဖြောင့်ပစ်ရဦးမယ်လေ အစ်မရဲ့"

"ကျွန်မရဲ့ဆံပင်က ဖြောင့်ပါတယ်"

"ထိပ်ထိပ်ကပြောတော့ ဝေ့(ဖ)နည်းနည်းရှိတယ်တဲ့။ သူ ပုံသွင်းညှပ်မဲ့ ပုံစံက ဆံပင်သား လုံးဝဖြောင့်နေမှတဲ့"

"ဘယ်လိုပုံ ညှပ်မှာလဲဟင်"

"Victoria Beckham (ဗစ်တိုးရီးယားဘက်ခမ်း)ပုံတဲ့"

"ဟင် … အဲဒါ ဘယ်သူလဲ"

"အစ်မကလည်း အဲဒါ David Beckham (ဒေးဗစ်ဘက်ခမ်း)မိန်းမလေ၊ သူကလည်း အရင်က အဆိုတော်ပဲ သူ့ဆံပင်ပုံက ပုံသွင်းရခက်တယ်တဲ့"

"ဒေးဗစ်ဘက်ခမ်း ဆိုတာရော ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပု၏ အမေးကြောင့် ပန်းပုနှင့် ယှဉ်ရက်ခုတင်မှာလှဲ၍ အလျှော်ခံနေသော နောက်ထပ်,ကောင်မလေးတစ်ယောက်က မနေနိုင်တော့ဘဲ ...

"ဟယ် ... သူက ဒေးဗစ်ဘက်ခမ်းတောင် မသိဘူး ချောအိရဲ့။ သူ ဘောလုံးပွဲမကြည့်ဘူး ထင်တယ်။ သူ့အတွက် လူစိမ်းတစ်ယောက်နာမည် ကြားရသလို ဖြစ်နေပြီ၊ ဟား ဟား ဟား"

ဟူ၍ ပန်းပုအား ခေါင်းလျှော်ပေးရသော ဝန်ထမ်းမိန်းကလေးကို နာမည်ပါခေါ်၍ တရင်းတနှီးပြောကာ ရယ်ဝါသည်။

"အစ်မ ဘောလုံးပွဲ မကြည့်ဘူးလား"

"အားကစားဆို ဘာမှစိတ်မဝင်စားလို့ မကြည့်ဘူး"

"ဪ ... ဒါဆို အင်္ဂလန်အသင်း ဘောလုံးပွဲတွေ ဘာတွေ ဘယ်ကြည့်ဖူးမလဲ"

"ဘာမှကို မကြည့်ဖူးဘူး"

"အိမ်က အဖေတွေ အစ်ကိုတွေ မောင်တွေရော"

"အဖေနဲ့ အစ်ကိုတော့ ရှိတယ်။ သူတို့ကလည်း ဘောလုံးကို စိတ်မဝင်စားကြဘူး။ ဘောလုံးတင်မဟုတ်ဘူး။ ဘာအားကစားမှ စိတ်မဝင်စားတာမျိုးလေ၊ ဒါကြောင့် အိမ်မှာ တီဗီဖွင့်ရင်တောင် အားကစားပွဲတွေ လာနေရင် ပိတ်ပစ်လိုက်ရော"





"အစ်မ ဂျာနယ်တွေ မဂ္ဂဇင်းတွေရော ဖတ်လား"

"ဖတ်ပါတယ်၊ စာတော့ ဖတ်တယ်"

"ဒါဖြင့် ဂျာနယ်တွေ မဂ္ဂဇင်းတွေထဲမှာ ဖတ်ဖူးမှာပေါ့"

"သတိမထားမိဘူး။ ကိုယ်စိတ်မဝင်စားတာမျိုးဆိုတော့ ဖတ်ပြီး မေ့သွားတာပေါ့"

"ကဲပါ ... ဒါဆိုလည်း ကျွန်မ ရှင်းပြလိုက်ပါ့မယ်၊ အဲဒီ ဒေးဗစ်ဘက်ခမ်း ဆိုတာ နာမည်ကြီး ဘောလုံးသမားပဲ။ သူ့မိန်းမက ဗစ်တိုးရီးယားဘက်ခမ်းတဲ့။ အရင်က သီချင်းဆိုတဲ့အဖွဲ့ ရှိတယ်၊ အခုတော့ အဖွဲ့ကွဲသွားပြီလို့ ပြောတယ်။ အဲဒီမိန်းမကလည်း နာမည်ကြီးတယ်ပေါ့ အစ်မရာ။ သူ့ဆံပင်စတိုင်လ်လေးက ဆန်းတယ်၊ တိုတိုလေးနဲ့ လှတာ။ ထိပ်ထိပ်က ပြောတော့ အစ်မမျက်နှာနဲ့ဆို လိုက်လိမ့်မယ်တဲ့"

ဘုရားရေ ... တိုတိုလေး မှ ပန်းပု စိတ်ထဲမှာ တိုက်ပြီး ဘုရားတ,မိတော့သည်။

ဆံပင်လျှော်ပေးရသော ချောအိဟု အမည်ရှိသည့် မိန်းကလေးက ...

"စန်းသော်တာရေ ဒီအစ်မကို ဗစ်တိုးရီးယားပုံ လာပြလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လို့ နှောက်ထပ် ကောင်မလေးတစ်ယောက်ကို လှမ်းအော်ပြောလိုက်သည်။ မကြာမီမှာ မှန်ပေါင်အကြီးကြီးထဲ ထည့်ထားသော ပုံတစ်ပုံကို ပန်းပုရှေ့ လာထိုးပြပါသည်။ မေးစေ့ချွန်ချွန်၊ ခပ်ပိန်ပိန် မျက်နှာနှင့် ကိုယ်တစ်ပိုင်းပုံ ပြထားသော ဘိုမတစ်ယောက်ကို တွေ့ရသည်။ ထိုဘိုမ၏ ဆံပင်တွေသည် လည်ကုပ်မှာ တိုကပ်နေပေမဲ့ တစ်ခြမ်းစောင်းပုံစံဖြစ်ကာ ထိုတစ်ခြမ်းစောင်းသော ရှေ့မျက်နှာဘက်ခြမ်းမှာတော့ စတက်(ပ)တွေ အများကြီး အထပ်ထပ်ဖြင့် ပုံသွင်းထားတာမျိုးဖြစ်သည်။ ဆံပင်မှာလည်ကုပ်အစပ်နားအထိ တိုကပ်လွန်းနေသဖြင့် ထိုဘိုမ၏လည်ပင်းပိန်ပိန်ရှည်ရှည်ကို မြင်နေရသည်။

ပန်းပုကတော့ ကိုယ့်ရုပ်ကိုယ် ထိုဘိုမနှင့် မတူပါဘူးဟု ထင်မိသည်။

"သူနဲ့ကျွန်မ မတူပါဘူးနော်"

"မတူပါဘူး အစ်မရဲ့။ မျက်နှာသွယ်ပြီး မေးရိုးပုံစံတူတယ်တဲ့။ ဒါကြောင့် သူ့ပုံညှပ်ပေးမှာတဲ့"

"နာမည်ကြီးပြီး သိပ်လည်းရုပ်မလှပါဘူး"

"အံမယ်လေး ... ရုပ်သာမလှတယ် သူတို့က မိသားစုလိုက်လူသိများပြီး နာမည်ကြီးတာလေ၊ ကဲ ... အစ်မ ရပြီ၊ ဆံပင်အခြောက်ခံရတော့မယ်"





ကောင်မလေးက ပြောတာနဲ့ ပန်းပု၊ ခေါင်းလျှော်ခုတင်မှ ထလိုက်ပါသည်။ မှန်ချပ်အကြီးကြီးများ အပြည့်ရှိသော ဆံပင်ညှပ်ခန်းမကြီးထဲမှာတော့ ဘယ်ခုံမှ အားနေသည်မရှိဘဲ မိန်းကလေးတွေ ဆံပင်ညှပ်ခံသူ၊ ဆံပင်ကောက်နေသူ၊ ဆံပင်တွေကို အလှမိနီယံပြားလိုတွေ ကပ်ခံနေသူ၊ ဆံပင်ဆေးဆိုးခံနေသူတွေဖြင့် ပြည့်နေသည်။ ဒါ့အပြင် လက်သည်းခြေသည်း ပြင်ရသောခုံတွေမှာလည်း ကြည့်ဦး။ မိန်းကလေး ပရိသတ် အပြည့်ပင်။

မျက်နှာကြေးချွတ်ခံနေသူ၊ မျက်နှာပေါင်းတင်နေသူ၊ မျက်ခုံးမွေး ပြင်နေသူတွေလည်း တစ်ပုံတစ်ပင်။ ဒီမိန်းကလေးတွေဟာ ကိုယ့်ကိုယ်ကိုယ်လှဖို့ တော်တော့်ကို စိတ်ပါလက်ပါ အပြင်ခံနေကြတာပါလား။ ဘာကြောင့်များ မိန်းကလေးတွေဟာ (အဲ ... သေချာပြောရရင်) မိန်းမတွေဟာ နဂိုရှိတာထက် ပိုလှအောင် ဖြင်ချင်ကြတာပါလိမ့်။

ပန်းပုသည် အားလုံးကို အထူးအဆန်းဖြစ်ပြီး ငေးကြည့်ရင်း သူမ ခေါင်းပေါ် ဆေးတွေလာထည့်နေတာကို ငြိမ်ခံနေရသည်။ ဆေးလာထည့်သော အဆင့်လောက်မှာတော့ ထိပ်ထိပ် ဘာသေး။ တစ်ချက်သာ လာရပ်ကြည့် ညွှန်ကြားပြီး ပြန်ထွက်သွားသည်။ ထိပ်ထိပ်နဲ့ ညှပ်မယ်လို့ ပြောထားသူ ရှိနေသဖြင့် ထိပ်ထိပ် တစ်ယောက်လည်း ထိုင်ပင်မထိုင်ရအောင် တစ်ခေါင်းပြီးတစ်ခေါင်း ညှပ်ပေးနေရတာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဆေးထည့်ပြီးသောအခါ ...

"အစ်မ ... ဟိုဆိုဖာခုံမှာ သွားထိုင်စောင့်နေပါနော်။ လေး ဆယ့်ငါးမိနစ်ပြည့်ရင် ခေါင်းတစ်ခါပြန်လျှော်မယ်"

ဟု ပြောသဖြင့် ပန်းပု လန့်သွားသည်။

"ဟင် ... ခေါင်းလျှော်ဦးမှာ ဟုတ်လား"

"ဟုတ်တယ်လေ၊ လျှော်ပစ်ရမှာပေါ့၊ ဆေးတွေခေါင်းမှာရှိ နေတာ ကုန်အောင်လျှော်ပစ်မှရမှာ"

"အဲဒါပြီးရင် ညှပ်ရုံပဲလား"

"မဟုတ်ဘူး အစ်မ။ အစ်မကို ဆံပင်အရင်အဖြောင့်ဆွဲရ ဦးမယ်လေ၊ ညှပ်တာက နောက်ဆုံးမှ ထိပ်ထိပ် ညှပ်လိုက် ရင် ခဏလေးပဲ"

ပန်းပုသည် ဆိုဖာခုံတွေမှာ စိတ်ပျက်လက်ပျက် သွားထိုင်နေလိုက်ရသည်။ စလောင်းတီဗီမှလာနေသော အစီအစဉ် တွေ အဆက်မပြတ် ပြနေပေမဲ့ ပန်းပုမှာ စိတ်မဝင်စားနိုင်။ ဆိုဖာခုံတွေရှေ့မှာလည်း စားပွဲပုအရှည်လေးတွေ ချထားပေးပြီး မဂ္ဂဇင်း၊ ဂျာနယ်တွေ တစ်ပုံတစ်ပင် ရှိပေမဲ့လည်း ယူမဖတ်နိုင်။ ဘာကိုမှ စိတ်မပါနိုင်ဖြစ်လျက် ဒီဆံပင်ကိစ္စကိုသာ အမြန်ဆုံး ပြီးပစ်ချင်စိတ် ဖြစ်နေသည်။

ထိပ်ထိပ်ကတော့ ဒီနေ့ ရှပ်အဖြူလွလွ အသားခပ် ကြေကြေ အင်္ကျီကို ဂျင်းနံအနက်နှင့် တွဲဝတ်ထားပါသည်။ ရှပ်





အင်္ကျီကို ခါးထဲထည့်ဝတ်ထားတာလား အပြင်ထုတ်ဝတ်ထားတာ လား မသေချာ။ ဘာကြောင့်လဲဆိုတော့ တချို့တစ်ဝက် ခါးထဲဝင်၊ တချို့တစ်ဝက် အပြင်ထွက်ကျ ဖြစ်နေသော ကပိုကရိုပုံစံနဲ့မို့ပင်။

ထိပ်ထိပ် အသားအရေမှာ ဖြူစင်သန့်ရှင်းလှကာ နေပူထဲမထွက်ရဘဲ အဲယားကွန်းခန်းထဲမှာပဲ တစ်ချိန်လုံး နေနေရ၍ ထင့်။ ဖြူဥသလိုတောင် ဖြစ်နေသည်။ ထိပ်ထိပ်မှာ မဂျီးမြတ် ပြော၍သော ခြောက်နေသည်ဟု သိထားပေမဲ့ သူ လှုပ်ရှားသွားလာပုံ၊ နေပုံထိုင်ပုံတွေမှာ သိပ်ပြီးမိန်းမလျာပုံမပေါက်ဘူးဟု ထင်မိသည်။

ထိပ်ထိပ် ဆံပင်တွေမှာ တိုတိုရှင်းရှင်းပေမဲ့ ဆံပင် ကိုတော့ High Light (ဟိုက်လိုက်(ထ်)) ဖောက်ထားသဖြင့် အနက်နဲ့ရောပြီး အနီရောင်အလွှာလေးတွေ ဆံပင်ထဲမှာ တွေ့နေ ရသည်။ ထိပ်ထိပ်က စိန်နားကပ် ခပ်လက်လက် တစ်ဖက်တော့ ပန်ထားပါသည်။

ထိပ်ထိပ် မျက်နှာမှာ ဖြူနုနေပေမဲ့ မျက်ခုံးထူထူ စိမ်းစိမ်းတွေ၊ ရိတ်သင်ထားသော်လည်း နှုတ်ခမ်းမွေး၊ ပါးမြိုင်း မွေး စိမ်းဖန့်ဖန့်တွေကတော့ မေးရိုး နားထင်တစ်လျှောက် ထင်း နေသည်။ ဘယ်လိုပဲကြည့်ကြည့် အကြောင်းမသိသူဆိုလျှင် ထိပ်ထိပ် ကို မိန်းမလျာလို့ ဘယ်လိုမှ ထင်စရာမရှိ။ အသားအရေလှပြီး ဆော်တော်ကိုချောသော ယောကျ်ားတစ်ယောက်ဟုသာ ထင်ကြပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



မဂျီးမြတ် ပြောထား၍ ဆံပင်ညှပ်ပေးနေရသော ထိပ်ထိပ်၏ လက်ချောင်းလေးတွေကို သတိထားပြီး လိုက်ကြည့်မိပြန်သည်။ ဟုတ်ပါရဲ့၊ လက်ချောင်းလေးတွေက လှလိုက်တာ၊ အရင်းမှာ ပြည့်ဖောင်းပြီး အဖျားကို သွယ်ရှူးထားကာ လက်ချောင်းထိပ်လေးတွေမှာ ကော့ကော့လေးဖြစ်နေ၊ လက်သည်းမှာ နဂိုအရောင် ပန်းသွေးရောင်လွှမ်းနေ၊ လက်သည်းခွံမှာ ကြွေသားဖြူဖြူလိုပဲ ဖြူစင်နေ။ ဒါ့အပြင် လက်ချောင်းနှင့် လက်ခုံတို့မှာ အကြောဖုပင် မပေါ်ဘဲ ပြည့်ဖောင်းကာ သွေးကြောစိမ်းစိမ်းလေးတွေသာ မြင်နေရသော လက်ပုံစံသည် မြင်ဖူးသမျှထဲမှာတော့ အလှဆုံးဖြစ်သည်။

တစ်ကိုယ်လုံး အပြစ်ပြောစရာမရှိအောင် လှပါသည်ဟု ထင်ခဲ့သော မဂျီးမြတ်ရဲ့ လက်တွေပင် ထိပ်ထိပ်လောက်မလှ။ ထိပ်ထိပ်ကတော့ ယောကျ်ားဖြစ်ပြီး သိပ်လှလွန်းနေသည်လား။ ဒါမှမဟုတ် အခြောက်စိတ်ဝင်နေ၍ သိပ်လှအောင် သ, ထားတာပဲလား မသိနိုင်။

ပန်းပုသည် တွေးလိုက် ငေးလိုက်၊ ပျင်းလာလျှင် စာအုပ်တွေ ကောက်လှန်လိုက်လုပ်ရင်း နောက်တစ်ကြိမ် ခေါင်းအကြာကြီး အလျှော်ခံ၊ အခြောက်ခံ၊ နောက်ထပ် ဆေးတစ်မျိုး ထပ်ထည့်ခံရလျက် တစ်ဖန် ခေါင်းပြန်အလျှော်ခံပြီးသောအခါမှာ ...





"အမယ်လေး ... နာလိုက်တာ သေပါပြီ"

ဟု ဆံပင်ကို တစ်ခါစက်ဖြင့်ဆွဲလိုက်တိုင်း နာလွန်းသဖြင့် အော်ဟစ်အသံထွက် ညည်းညူရစေသော ဆံပင်ဖြောင့်ခြင်းဒုက္ခကို ခံစားရတော့လေသည်။

ထိုဆံပင်အဖြောင့်ခံသော အချိန်မှာတော့ မနက်ရှစ်နာရီကတည်းက, ရောက်နေသော ပန်းပုဟာ ညနေငါးနာရီဟူသော အချိန်ထိ ဆိုင်မှာရှိနေရဆဲတည်း။

ဆံပင်အဖြောင့်ဆွဲပြီးသော အခါမှာတော့ ငါးနာရီခွဲနေပြီ။ မဂျီးမြတ်ပင် ရောက်လာလေပြီ။

"ဟယ် ... ဘာလို့ ငိုနေတာလဲ"

မျက်ရည်တသုတ်သုတ်၊ နှပ်တရှုပ်ရှုပ် ဖြစ်နေသော ပန်းပုကိုမြင်လျှင် မဂျီးမြတ် စိတ်ပူပြီး ရောက်ရောက်ချင်း လာမေးပါသည်။

ပန်းပု အဖြေမပေးရသေးခင် ...

"မမြတ် လာမခေါ်တော့ဘူးဆိုပြီး ငိုနေတာလေ ... ဟီး ဟီး"

ဟူ၍ ပန်းပုကို ဆံပင်ဝိုင်းဖြောင့်ပေးရသော ကောင်မလေးတွေက နောက်ပြောင်ပြောပါသည်။

"ဟုတ်လား အပု"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ပါဘူး၊ ပု ဦးရည်တွေနာလို့"

"အဲဒါနဲ့ ငိုရလားဟယ်၊ နင်ကလည်း"

"ငိုတာတော့ မဟုတ်ဘူးပေါ့၊ မျက်ရည်တွေ အလိုလိုထွက်လာတာမျိုးပါ မဂျီးမြတ်ရဲ့။ ဆံပင်တွေကို ပါးပါးတစ်လွှာချင်း စက်နဲ့ဆွဲကြတာ သိပ်နာတာပဲ၊ လျှော့ဆွဲပါပြောတော့ ထိပ်ထိပ်က သေသေချာချာ ဖြောင့်မထားရင် ဆူလိမ့်မယ်ဆိုပြီး သူတို့က လျှော့မဆွဲဘူး"

ပန်းပုသည် ကလေးတစ်ယောက်လို တိုင်နေစဉ် ထိပ်ထိပ် အနားရောက်လာသည်။ တစ်နေကုန် ဆံပင်တွေ တစ်ခေါင်းပြီးတစ်ခေါင်း ကိုင်ထား၊ ညှပ်ထားရတယ် ဆိုပေမဲ့ ထိပ်ထိပ် မျက်နှာက အပြုံးမပျက်။ ပင်ပန်းနွမ်းနယ်ဟန်လည်း မတွေ့ရ။

"ကဲ ... ဘယ်လိုလဲ မြတ်မြတ်။ ညီမကို ဗစ်တိုးရီးယားဘက်ခမ်းပုံ ညှပ်ပေးလိုက်မယ်နော်၊ သူ့ဆံပင်က ဆီတွေနှစ်ရှည်လများ လိမ်းထားပြီး wave လည်း နည်းနည်းရှိနေတော့ ညှပ်လို့ကောင်းအောင် အရင်ဖြောင့်ပစ်လိုက်တာပဲ။ အခုမှ ပုံသွင်းညှပ်မှာ"

ထိပ်ထိပ်က သူထိုင်ဖို့ ဘီးတပ်ဆုံလည်ဆိုဖာခုံကို ဆွဲယူလိုက်ရင်း ပန်းပုရဲ့ဆံပင်ပျော့ပျော့ဖြောင့်ဖြောင့်တွေကို ကိုင်ပြီး မဂျီးမြတ်ကို ရှင်းပြပါသည်။





"ထိပ်ထိပ်က လှမယ်ပြောရင် ဘာမှ ငြင်းစရာမရှိဘူး၊ ညှပ်သာညှပ်"

"မဂျီးမြတ် ... ပု ဒီလို အဖြောင့်လေး လုပ်ထားတာလည်း လှသားပဲ၊ မညှပ်ရင် မရဘူးလား"

"အံမယ် ... နင်က ဆံပင်ကျောလယ်ထိရှည်နေရင် အုန်းဆီပျစ်ခဲကြီး ပြန်ထည့်ဦးမှာ၊ ဒါကြောင့် ထိပ်ထိပ်ပြောတဲ့ ဗစ်တိုးရီးယားလို ခပ်တိုတို ဆံပင်ပုံစံပဲ အညှပ်ခံလိုက်။ နင်လည်း ဆံပင်ရှင်းရ သက်သာတာပေါ့"

နောက်ဆုံးတော့ ထိပ်ထိပ်ရဲ့ လက်ချောင်းတွေထဲ ကတ်ကြေးချွန်ချွန်လေးရယ်၊ နောက်ချွန်ပါသော သံဘီးလေးရယ် ရောက်လာပြီးသောအခါမှာ တချပ်ချပ် အညှပ်ခံလိုက်ရသော ပန်းပုရဲ့ ဆံပင်ရှည်တို့သည် ဆိုင်၏ကြွေပြားခင်းကြမ်းပေါ်မှာ အထွေးလိုက် အထွေးလိုက် ကျဆင်းသွားရသော အဖြစ်ကိုသာ ရောက်ခဲ့ရပါတော့သည်။

အမှန်တော့ ပန်းပုဟာ ဆံပင်သိပ်ကောင်းလှသူ မဟုတ်၊ ဆံပင်ကလည်း သိပ်တော့အရှည်ကြီးမဟုတ်။ ဆံပင်ရှည်မှ ဟူသော အစွဲအလမ်းကြီးသူလည်း မဟုတ်ပါ။ သို့သော် အခုလောက် အတိုကြီးညှပ်ရမှာကိုကျ မညှပ်ချင်။ ကျောင်းပိတ်လို့ မုံရွာပြန်ရရင် ဒေါ်ကြီး၊ ဒေါ်လေးတို့နဲ့ ပြဿနာအကြီးအကျယ်

www.burmeseclassic.com



တက်ရမည့်အဖြစ်ကို မရောက်လို၍ ဖြစ်ပါသည်။ ငယ်ကြောက် လိုဖြစ်နေ၍ ဒေါ်ကြီး၊ ဒေါ်လေးတို့ကို အမေ့ထက်ပင် ပိုကြောက် နေမိပါသည်။ ဒေါ်ကြီး၊ ဒေါ်လေးတို့က ပန်းပုတို့ကို အသက်ပေး ပြီးချစ်မဲ့ အဒေါ်မျိုးတွေပေမဲ့ မျက်နှာသာလည်း ဘယ်တော့မှ မပေး။ ဆူစရာ ရိုက်စရာရှိလျှင် ဘယ်တော့မှ လက်မနှေးတတ် ကြသည့် အဒေါ်တွေမို့ ပန်းပု အသေကြောက်လေသည်။

"ကဲ ... ပြီးပါပြီ သေသေချာချာ မျက်စိဖွင့်ကြည့်ပါဦး။ ပန်းပုက အရင်တုန်းက အဲ ... မနက်တုန်းက ဆိုင်ထဲ ဝင်လာတဲ့ ပန်းပု ဟုတ်သေးရဲ့လားလို့"

ထိပ်ထိပ်က ပန်းပုကို အားပေးသလို ပြောလိုက် လျှင် ပန်းပု အခုမှ အသေအချာ ကိုယ့်ကိုယ်ကိုယ် မှန်နားကပ် ကြည့်မိပါသည်။

မေးစေ့ချွန်ချွန်၊ မျက်နှာသွယ်သွယ်၊ အသားခပ်ညို ညို၊ မျက်လုံးကြည်ကြည် ကောင်မလေး တစ်ယောက်က ပန်းပု ကို ပြန်ကြည့်နေခဲ့သည်။

"ပန်းပုရဲ့မျက်နှာကျက တူလို့ညှပ်ပေးလိုက်တာ၊ ဟုတ် သွားပြီ တွေ့လား။ ပန်းပု မျက်နှာက အရမ်းကိုပြောင်းလဲ သွားပြီ။ ကျောင်းစ,တက်တဲ့နေ့ကျ အသေအချာလေး မိတ်ကပ်လိမ်းသွား၊ အများကြီးလိမ်းစရာ မလိုဘူး။ ခပ်





ပါးပါးနဲ့ လှတာမျိုးလေး လိမ်းပေါ့။ မြတ်မြတ် သင်ပေး မှာပါ အဝတ်အစားကို ဖက်ရှင်ကျကျလေးဝတ်။ ဒါဆို ပန်းပု အရမ်းကိုလှကြည့်ခံရမယ်၊ စိတ်သာချထား။ အကြည့် မခံရရင် ထိပ်ထိပ်ကို ဖက်လာဖြတ်လှည့်။ အေး ...ဒါပေမဲ့ ညည်း Skin Care တော့ တော်တော်လေးလုပ်ဖို့ လိုတယ် နော်။ ညည်းအသားက ချောကလက်ရောင်နီးပါး ညိုနေ တော့ ညိုညိုစိုစိုဝင်းဝင်းလေးဖြစ်မှ လှမယ်။ အခုလက်ရှိ အသားအရေက ခြောက်နေတယ်၊ ဒီတော့ တစ်ကိုယ်လုံး ပေါင်းတင်ချင်ရင်လည်းတင်။ မတင်ချင်ရင် Day Cream (ဒေးခရင်(မ)) Night Cream (နိုက်(ထ်)ခရင်(မ))တော့ သတိထားပြီး မှန်မှန်လေးလူးပါ။ အရည်ရွှမ်းတဲ့ အသီး အရွက်တွေ များများစားပါ၊ ဝမ်းလည်း မချုပ်စေနဲ့။ ဝမ်း ချုပ်ရင် အသားလည်းခြောက်တယ်၊ မျက်နှာမှာ အဖုအပိန့် တွေလည်း ထွက်လာမယ်"

ထိပ်ထိပ်က အသေအချာပင် သင်ကြားသလို ပြော ပြပေးနေပါသည်။ ပန်းပုသည် ကြားတစ်ချက်၊ မကြားတစ်ချက်။ ဘာကြောင့်လဲဆိုတော့ တစ်နေ့ကုန် ခေါင်းလျှော်ခံရတာ သုံးကြိမ်။ တစ်ကြိမ်လျှော်တိုင်း ဆယ့်ငါးမိနစ်ကတော့ အသာလေးကြာတာ။ ပြီးတော့ ကိုယ့်အိမ်ကိုယ့်ရာလို မဟုတ်ဘဲ တစ်နေ့ကုန် ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရသဖြင့် လူကညောင်းပြီး နုံးချိသလို ခံစားနေရသည်။ ထိပ်ထိပ်တို့ဆိုင်နဲ့ တွဲရက်မှာဖွင့်ထားသော ကော်ဖီနဲ့မုန့်ရသော ဆိုင်မှ နေ့လယ်စာ မှာစားခဲ့သည့် လက်ဖက်ရည်တစ်ခွက်ရယ် ငါးဆင်းဒဝစ်(ရှ်)တစ်ခုရယ်သာ ဗိုက်ထဲမှာ ရှိသဖြင့် အခုတော့ ဗိုက်ထဲမှာ တဗွီဗွီမြည်ဆာလောင်ပြီး ဘာမှစိတ်ဝင်စားလို့မရ ဖြစ်နေသည်။ အိမ်ပဲ မြန်မြန်ပြန်ချင်နေသည်။ အိမ်ရောက်တာနဲ့ ရေတစ်ဝကြီးချိုးမည်။ ပြီးတာနဲ့ ဘဘရဲ့မိန်းမ ကြီးကြီးကိုယ်တိုင် ဝင်စီမံကြီးကြပ် ချက်ထားသော ကြီးကြီးလက်ရာ ထမင်းဟင်းတွေကို တစ်ဝကြီးစားမည်ဟုသာ တွေးနေပါသည်။

ဆံပင်ဖြောင့်ခ၊ ဆံပင်ညှပ်ခ ပေါင်းသိန်းဂဏန်း နားလောက် ကပ်နေသည့်ငွေကို ရှင်းရသောအခါ ပန်းပုမှာဆာတာ၊ ပင်ပန်းနုံးချိပြီး နေမကောင်းချင်သလို ဖြစ်နေတာတွေပင် ဘယ်ရောက်သွားမှန်းမသိ ဖြစ်သွားရပါတော့သည်။

✻ ❤ ✻





၃

နောက်တစ်နေ့ကျ နှာစေးပြီး ကိုယ်ငွေ့နည်းနည်း ရှိကာ ဖျားချင်သလိုလိုဖြစ်ကြောင်း မဂျီးမြတ်၏အမေ ကြီးကြီး သိလျှင် မဂျီးမြတ်ကို ဆူပါသည်။

"ကလေးကို ဗိုလ်ကျပြီး အတင်း ဆံပင်သွားလုပ်တာကိုး မြတ်မြတ်ရယ်။ သူ့ခမျာ ဖျားတောင်ယူရတယ်"

"တောပုံပေါက်နေလို့ မြတ် ကြည့်မရတာနဲ့ သွားပြင်ပေးတာပါ မေမေရယ်။ လူတိုင်း ဒီလိုလုပ်နေကျပဲ။ သူ့ကိုက ပျော့ပါတယ်"

"အဲဒီ ထိပ်ထိပ်ဆိုလည်း ကြပ်ကြပ်သွား။ တော်ကြာ ထိပ်ထိပ်နဲ့ ညားနေဦးမယ်"

"ဟာ ... မဟုတ်တာ မေမေကလည်း။ ထိပ်ထိပ်က ခြောက်နေပါတယ်၊ လူတိုင်းသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေကျ တချို့လည်း မခြောက်ပါဘူးဟယ်၊ သမီးတို့လို မိန်းမတွေက ဆံပင်ညှပ်တဲ့သူတို့၊ အလှပြင်တဲ့သူတို့၊ ဒီဇိုင်နာတို့ဆို မိန်းမလျှာဖြစ်မှ အခြောက်ဖြစ်မှ ပိုတော်ကြတယ် ထင်တတ်ကြတော့ တချို့လည်း ခြောက်ချင်ဟန်ဆောင်ရတာ ဖြစ်မှာပါ။ မေမေ့ကို မြတ်မြတ်တစ်ခါခေါ်လို့ သွားဖူးသားပဲ။ ထိပ်ထိပ်က အခြောက်ပုံမပေါက်ပါဘူး။ လူက တအားကိုချောနေပြီး လုပ်တဲ့အလုပ်ကလည်း ဆံပင်ညှပ်တဲ့ အလုပ်ဆိုတော့ သူ့ကို လူတွေက ခြောက်တယ် ထင်ကုန်ကြတာပါ"

ပန်းပုလည်း ကြီးကြီး ပြင်ဆင်ပေးသော ထမင်းနဲ့ ကြက်သားအချိုချက်လေးစားရင်း နားထောင်နေပါသည်။ ကြီးကြီးက ပန်းပု ဖျားချင်သလိုလို ဖြစ်သည်ဆို၍ လူမမာစာဆိုပြီး ကြက်သားအချိုချက် ရို့(စ)လုပ်ပေးထားသည်မှာ စားလို့တော်တော်ကောင်းသဖြင့် ပန်းပုမှာ ထမင်းတောင် ထပ်ယူမိပါသည်။

"အပု ... နင် နေကောင်းပါတယ်ဟယ်၊ ထမင်းတောင် ထပ်ထည့်နေတာ။ နေမကောင်းချင်ဟန်မဆောင်ပါနဲ့"

ဒါကို မဂျီးမြတ်က သတိထားမိပြီး ပြောလိုက်သဖြင့် ပန်းပု အရှက်ပြေ "အဟီး"လို့ ရယ်မိသည်။

"ဟဲ့ ... မြတ်မြတ်ရယ်၊ သူ စားကောင်းတာ စားပါစေလား"





"စားတာကို ပြောတာမဟုတ်ဘူး မေမေ၊ မြတ်က ဒီနေ့ သူ့ကို ရှော့ပင်းလုပ်ပေးမလို့ စိတ်ကူးထားလို့ပါ။ ဒါကြောင့် သူ နေကောင်းရင်လည်း သွားမယ်လို့ ပြောမလို့ပါ"

"အပု နားချင်ရင် နားပါစေ သမီးရယ်"

"အခု ဒီနေ့ စနေနေ့၊ တနင်္ဂနွေတစ်ရက်ပြီးရင် တနင်္လာမှာ သူ ကျောင်းစ,တက်ရတော့မှာ မေမေရဲ့။ သူ့မှာဝတ်စရာ ဘာမှမရှိသေးလို့"

ဒီတော့ ပန်းပု ဝင်ရှင်းပြမိသည်။

"ပုမှာ အများကြီး ချုပ်လာတာ ရှိပါတယ် မဂျီးမြတ်ရဲ့"

"အံမယ်လေး ... ပုံတုံးကြီးတွေ။ ဒီဆံပင်ပုံနဲ့၊ ဒီလိုမျက်ခုံးပါးပါးလေး ပြင်ထားတာနဲ့ကို အဲဒီ ပုံတုံးကြီးတွေ ဝတ်သွားရင် လိုက်ဖက်ပါ့လိမ့်မယ်၊ စဉ်းပဲစဉ်းစားပါဦး၊ ငါ မြန်မာဝတ်စုံ မကြိုက်လို့ မဟုတ်ဘူး ကြိုက်ပါတယ်။ အန်တီလေးရက်ကန်းစင်ကထွက်တဲ့ အထည်ပုံဆန်းလေးတွေ နင့်မှာပါလတာ တွေ့သားပဲ။ လှလည်း လှပါတယ် ...

ဒါပေမဲ့ နင် ချုပ်လာတဲ့ပုံက တော်ပုံတွေ။ ဘလောက်(စ)တွေက ခါးမပေါ်အောင် ချုပ်ထားတဲ့ ရှည်ရှည်ပွပွတွေ၊ မလိုအပ်ဘဲ ကော်လံတွေ ဖဲပြားတွေ လက်မောင်းတွေ လျှောက်ထည့်ထားတော့ အဆင်လှလှလေးကမှုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



နင့် ဒေါ်ကြီး ဒေါ်လေးတွေက ခေတ်မဆန်စေချင်ရင်လည်း မြန်မာအင်္ကျီပုံစံ ရင်စေ့လေးတွေ၊ ရင်ဖုံးလေးတွေ ချုပ်ပေးလိုက်ရင်လည်း တော်သေးတယ်။ မြန်မာ့ချည်ထည်နဲ့ မြန်မာဝတ်စုံလှလှလေး ဝတ်တဲ့ပုံ ပေါ်သေးတယ်လေ။ ခုတော့ သူတို့က သူတို့ဝတ်တဲ့ပုံကြီးတွေ ချုပ်ပေးလိုက်တာကိုး။ ဘယ်နေရာမှာမှ ဝတ်လို့အဆင်မပြေတော့ဘူး။ ဒါကြောင့် ဝတ်ဖို့ ထပ်ဝယ်ဖို့ လိုတယ်။ နင့်အင်္ကျီတွေ အိမ်ကကောင်မလေးတွေ ပေးလိုက်၊ လုံချည်လေးတွေတော့ ဝတ်ချင်လည်းဝတ်။ မဝတ်ချင်လည်း တစ်ခါတည်းပေးလိုက်၊ အသစ်ထပ်မဝယ်လို့တော့ မရဘူး။ ဝယ်ကိုဝယ်မှဖြစ်မယ်။ နင့်မှာ ဘာမှဝတ်စရာကို မရှိဘူး"

ပန်းပုမှာ ပိုက်ဆံထပ်ကုန်ရမှာကိုလည်း နှမြောသလို၊ မဂျီးမြတ်ကိုလည်း ကြောက်ရသဖြင့် အခက်တွေ့နေသည်။ အင်းမလုပ် အဲမလုပ် လုပ်ရင်း ထမင်းကိုသာ မဲပြီးစားနေမိသည်။

"ထမင်းစားပြီးရင် သွားမယ်နော် အပု"

"ဟို ... အင်း ... အဲ ... မဂျီးမြတ်"

"ဘာဖြစ်နေတာလဲ၊ ပြောချင်တာရှိရင် ပြောလေ"

"ပု ဆံပင်ပြင်တာရော၊ လက်သည်းခြေသည်းတွေ အလှပြင်ရတာရော၊ မျက်နှာကို ပြင်ရတာရောပေါင်းရင် နှစ်





ရက်တည်းနဲ့တင် နှစ်သိန်းလောက် ကုန်ပြီးနေပြီ၊ ပိုက်ဆံတွေ ထပ်ကုန်ရမှာ နှမြောလို့ပါ"

ပန်းပုသည် ထိုစကားတွေကို အဆင်ပြေပြေ ချောချောမွေ့မွေ့ ပြောလိုက်သည်တော့ မဟုတ်ချေ။ ထစ်အ ထစ်အ ပြောလိုက်၊ မဂျီးမြတ်၏ မျက်နှာအမူအရာ အပြောင်းအလဲကို ကြည့်လိုက် ပြောမိတာမျိုး ဖြစ်ပါသည်။

"အန်တီလေး ဆူမှာစိုးလို့လား။ ပန်းဆက်ရင် ငါပြောပေးပါမယ်"

"အဲဒါကြောင့်လည်း မဟုတ်ပါဘူး။ ပု တကယ် နှမြောမိလို့ပါ။ ပု မိဘတွေက ချမ်းသာတယ် ဆိုပေမဲ့ တခြားကုန်သင့်တဲ့နေရာမှာသာ ပိုက်ဆံကို အများကြီး အကုန်ခံပစ်လိုက်ကြတဲ့သူတွေဆိုတော့ ပုလည်း အဲဒီစိတ် ဝင်နေပြီ။ ဘာမဟုတ်တာလေးကို ပိုက်ဆံတွေ သိန်းချီအကုန်ခံပြီး သုံးပစ်ရတာ နှမြောနေမိတယ်။ ပု ရန်ကုန်လာတာ ကျောင်းလာတက်တာဟာ ပညာလည်း တတ်ချင်လို့။ ဗဟုသုတလည်း ရချင်လို့ပါ၊ ရန်ကုန်က လူတွေလို အဝတ်အစားပြိုင်ဆိုင်ပြီး အလှအပပြိုင်ဖို့၊ ပိုက်ဆံသုံးဖို့ မဟုတ်ဘူးဆိုတော့ အဝတ်အစားအတွက် ထပ်မကုန်ချင်တော့ဘူး။ ဝယ်ဝတ်ဖို့လည်း စိတ်မပါတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုသည် စိတ်ထဲမှာရှိလျှင် ရှိသည့်အတိုင်း ပြောချလိုက်မိလေရာ မကျီးမြတ် မျက်နှာမှာ မဲ့ရွဲ့ကုန်တော့သည်။ စကားကြီး စကားကျယ် ပြောသည်ဟု ဝေဖန်ဟန်တွေ တွေ့နေရသည်။ မကျီးမြတ်အမေ ကြီးကြီးဒေါ်ရွှေစင်မှာ ပန်းပု စကားကို သဘောတွေကျလျက် ...

"အပုက လိမ္မာလိုက်တာကွယ်"

ဟု ချီးကျူးပေမယ့် မကျီးမြတ်ကတော့ မရ။ နားမထောင်။ မကျီးမြတ်ရဲ့စိတ်က တစ်ဇွတ်ထိုးဆန်ပြီး အတ္တကြီးချင်သည်။ ငါပြောရင် လုပ်ကိုလုပ်ရမယ်။ ငါဖြစ်စေချင်ရင် ဖြစ်ကိုဖြစ်ရမယ်ဆိုသော ဗိုလ်ကျချင်သည့် စိတ်ဓာတ်မျိုးလည်းရှိသည်။ တစ်အိမ်လုံးမှာလည်း အဖေအမေကအစ ဖူးဖူးမှုတ်ပြီး အလိုလိုက်ထားခံရသော (အမှန်မှာ ကြီးကြီးက သားအိမ်မကောင်း၍ မကျီးမြတ် တစ်ယောက်တည်းသာ မွေးနိုင်ပြီး ကလေးဆက်ယူ၍ မရတော့၍ တစ်ဦးတည်းသောသမီး ဖြစ်နေခြင်း) တစ်ဦးတည်းသော သမီးလေးလည်း ဖြစ်သဖြင့် ဗိုလ်ကျတာ အကျင့်ကပါနေပြီထင်သည်။

တစ်ဦးတည်းသော သား၊ သမီးတွေဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးကြသည်ဟူသော ထုံးစံအတိုင်း မကျီးမြတ်လည်း ထိုသို့ဖြစ်နေပါသည်။





ပန်းပုကိုဆို သူ့အတွက် အသစ်ရလာသော ကစားစရာ အရုပ်တစ်ရုပ်လိုပင် သဘောထားပုံရသည်။ သူ ပြင်ဆင်ပြောင်းလဲပေးသည့်အတိုင်း ပန်းပု ပုံပြောင်းကို ပြောင်းရမည်ဟု ဆုံးဖြတ်ထားပုံလည်း ရသည်။

"မေမေက ဘာသိလို့လဲ၊ သူ့အကျီတွေက ပုံသိပ်တုံးနေတာ။ လုံးဝဝတ်လို့ မဖြစ်ပါဘူး၊ ဝယ်ကို ဝယ်ရမယ်။ နင်ခုပဲ ငါနဲ့လိုက်ခဲ့ရမယ်"

"မကျီးမြတ်က ဈေးသက်သာတဲ့ဆီ ခေါ်သွားရင် ပုလည်း အဲဒီလောက် မနှမြောပါဘူး"

"ဈေးသက်သာရင် သက်သာတဲ့အတိုင်းပဲ ရမယ်၊ ဈေးပေါတဲ့အရာတွေဟာ ဘယ်တော့မှ ကြာကြာမခံဘူး၊ လူတောထဲ မတိုးဘူး။ လေး,ငါးထောင်တန် ဝယ်လာကြည့်ပါလား၊ တစ်ခါလောက်လျှော်လိုက်တာနဲ့ ကြေမွစုတ်ပြတ် အရောင်မွဲကုန်မှာ"

"တစ်ထည်နှစ်သောင်းဆိုရင် ငါးထည်ဝယ်တာနဲ့တင် တစ်သိန်း ကုန်နေမှာ"

ပန်းပုကလည်း အနှမြောလွန်ပြီး မရမက ဈေးဆစ်သည်။ ပန်းပု မှန်းတာကတော့ လေးငါးထောင်တန်မျိုး။ ဒါပေမဲ့ မကျီးမြတ် ဝယ်မှာက တစ်သောင်းကျော် နှစ်သောင်းတန်တွေဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဝန်းပု ကြိုသိနေသည်။ ဘာကြောင့်လဲဆိုတော့ မဂျိးမြတ် သူ့အတွက်သူ ရှော့ပင်းလုပ်ပြီး ပြန်လာတိုင်း ...

"ဒီအင်္ကျီလေးက သုံးသောင်း၊ ဒီစကတ်က နှစ်သောင်း ဖိနပ်က ရှစ်သောင်း"

စသဖြင့် ထုတ်ပြပြီး ပြောပြောနေတတ်သလို —

"ဒီဇိုင်းတွေကလည်း တစ်လတစ်ခါလောက် အဆန်းတွေ ဝင်ဝင်လာတာဟယ်။ အခုဝယ်လာတာ မြန်မြန်ဝတ်ပစ် တယ်၊ နောက်နှစ်လလောက်ဆို ပုံကအောက်နေပြီ"

ဟူ၍လည်း ပြောတတ်သဖြင့် ပန်းပုမှာ မဂျိးမြတ် ဟာ အင်္ကျီအဝတ်အစား၊ ဖိနပ်၊ လက်ကိုင်အိတ်တို့အတွက် ဘယ်လောက်ထိ အကုန်ခံကြောင်း သိထားပါသည်။ ဒါကြောင့် သူက သူဝယ်တဲ့အတိုင်း ပန်းပုကိုလည်း လိုက်ဝယ်ပေးမှာ ကြို သိနေသည်။

"သမီးရယ် ... အပုဘာသာ ဘာဝတ်ပြီးသွားသွားပေါ့ သူ မဝယ်ချင်တာကို အတင်းမဝယ်ခိုင်းပါနဲ့၊ သူပြောတာ လည်း ဟုတ်သားပဲ၊ အင်္ကျီအဝတ်အစားတွေက တစ်ထည် နှစ်သောင်းလောက်ဆိုရင်ပဲ ငါးထည်ဝယ်ရင် တစ်သိန်းကုန် နေပြီ။ လေးငါးထည်နဲ့ ကျောင်းသွားလို့မှမရတာ။ အများ ကြီး တစ်ပုံကြီး ဝယ်ပြန်ရင်လည်း အဝတ်အစားဖိုးနဲ့တင်





လေးငါးသိန်း ကုန်နေရင်တော့ မသင့်တော်ဘူးပေါ့၊ ကိုယ် ပိုက်ဆံချမ်းသာလို့ သုံးနိုင်တာလည်း သုံးနိုင်တာ တစ်ပိုင်း ပေါ့။ မရှိဆင်းရဲတဲ့သူတွေခမျာ သောင်းဂဏန်းကိုင်နိုင်ဖို့ တောင် အနိုင်နိုင် ဖြစ်နေတာလေ"

"အို ... ဒါကတော့ ကိုယ့်ကုသိုလ်ကံနဲ့ကိုယ် လူဖြစ်လာ ကြတာပဲလို့ မြတ်တော့ ထင်တယ်"

ကြီးကြီး ဒေါ်ရွှေစင်ဟာ ဘယ်တော့မှ သမီးဖြစ်သူ ကို နိုင်အောင်မပြောနိုင်သူ ဖြစ်လေရာ မဂျိးမြတ် ချက်နဲ့လက်နဲ့ ပြန်ပြောတော့လည်း ငြိမ်ပြီး ဘာ,ဆက်ပြောရမှန်း မသိတော့သလို နားထောင်နေရှာသည်။ ကြီးကြီးဟာ သူဌေးကတော်ကြီးပေမဲ့ သိပ်ပြီး မာနထောင်ထောင်လွှားလွှား မရှိလှဘဲ အေးအေးအခေါ် အေးချမ်းလျက် အနေအထိုင် ဟော့ဟော့ရမ်းရမ်း မရှိသူ ဖြစ်လေ သည်။ မဂျိးမြတ်ကတော့ အမေနဲ့ စိတ်ဓာတ်မတူဘဲ ပန်းပုရဲ့ အကြီး ဦးဇေယျနဲ့ စိတ်ချင်းတစ်ထေရာတည်း တူနေတာဖြစ်မည်။ ဘဘကလည်း မာနခပ်ကြီးကြီး၊ အဆင့်အတန်း ခပ်ခွဲခွဲစိတ်ဓာတ် မျိုးရှိပါသည်။

"မဂျိးမြတ် ဝယ်စေချင်ရင် ဝယ်ပါ့မယ်၊ ဒါပေမဲ့ ပု ငါး သောင်းဖိုးပဲ ဝယ်မယ်"

"ငါးသောင်းဆို ဘယ်နှထည်ရမယ် ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဂျီးမြတ် ဆီမှာ မဝတ်ချင်တော့တဲ့ အင်္ကျီတို့ ဘာတို့ ရှိမှာပေါ့။ ပုကို တစ်ဝက်ဈေးနဲ့ ပြန်ရောင်းလေ။ မဂျီးမြတ် ဆီက တစ်ဝက်ဈေးနဲ့ဝယ်တဲ့ အင်္ကျီတွေကို ငါးသောင်းဖိုး ဝယ်မယ်၊ ဒါဆို တစ်သိန်းကုန်ပြီ၊ တော်ပြီ ပု,အဲဒီလောက် ပဲ ဖြုန်းတော့မယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီးပါပြီ။ ပု ရန်ကုန် ရောက်တာဖြင့် တစ်ပတ်မပြည့်သေးဘူး။ သုံးသိန်းဖိုးကုန် ပြီးနေပြီဆိုတော့ ဒီလအတွက် အဲဒီလောက်ပဲ အကုန်ခံ တော့မယ်လို့ ဆုံးဖြတ်မိလို့ပါ"

"ဟယ် ... နင်က ငါ့အကျွေ ဝတ်ချင်လို့လား"

"မဂျီးမြတ် အင်္ကျီလေးတွေက အသစ်ချည်းပဲ၊ တချို့ဟာ တွေဆို ဝယ်ပြီးဝတ်တောင် ဝတ်ရဲ့လားမသိဘူး၊ မဂျီးမြတ် ဗီရိုထဲ ချောင်ထိုးထားမဲ့အတူတူ ပုကိုပြန်ရောင်းလိုက်ပေါ့"

"ငါက အရပ်ရှည်တယ်၊ နင်က ပုတယ်၊ ဝတ်လို့ ဘယ် တော်မလဲ"

"ပု စက်နည်းနည်း ချုပ်တတ်ပါတယ်၊ ပြန်ပြင်ပြီး ဝတ် မှာပေါ့၊ ရောင်းလိုက်ပါ မဂျီးမြတ်ရဲ့၊ ပု တကယ်လိုချင် လို့ ပြောတာပါ၊ ပု စိတ်ထဲမှာ သူများအကျရယ် ဘာရယ် မရှိပါဘူး ဝတ်ချင်ပါတယ်။ ပိုက်ဆံလည်း သိပ်မကုန်အဲ ဒီဇိုင်းလှတဲ့ အင်္ကျီလေးတွေ ဝတ်ရမှာ ကြိုက်ပါတယ်"





ဒီလိုနဲ့ပဲ အပေးအယူ တည့်သွားကာ ပန်းပု တစ် ယောက် မြတ်မြတ်မဋ္ဌ၏ အဝတ်ဗီရိုရှေ့မှာ အရင်ဈေးဝယ်ထွက် ရပါသည်။

မြတ်မြတ်မဋ္ဌကတော့ သူမဘဝမှာ ဘယ်တော့မှ သူများဝတ်ပြီးသားတို့၊ သူများမကြိုက်လို့ မဝတ်တာတို့ကို ဆက် ဝတ်ရတာမျိုး မရှိခဲ့ဘူးလေရာ ပန်းပုကို ပြန်ရောင်းရမှာမင် အား နာနေသည်။

ပန်းပုတို့ဟာ နယ်မှာသာ နေကြတာပေမဲ့ ပန်းပု မိဘတွေ၏ ရက်ကန်းစင်လုပ်ငန်း၊ ပိုးထည်ချိတ်ထည်လုပ်ငန်း တွေမှာ နာမည်ကြီးလှကြောင်း၊ လူကြိုက်များလှကြောင်း၊ ထိုလုပ် ငန်းနဲ့ပင် အင်မတန်မှ ချမ်းသာကြွယ်ဝလှကြောင်း သိထားလေ ရာ ပန်းပုလို ကိုယ်နဲ့တန်းတူရည်တူလူကို ကိုယ့်အကျွေပေး မဝတ်စေချင်ပါ။

ကိုယ့်ထက်နိမ့်ကျပြီး နွမ်းပါးနေသူ ဆိုရင်တော့ ထားပါတော့။ မြတ်မြတ်မဋ္ဌဟာ ဝမ်းသာအားရ၊ ကျေကျေနပ်နပ် နဲ့ကို ပန်းပု မပြောခင်ကတည်းက ထုတ်ပေးမိမှာပင်။ အခုတော့ ပန်းပု ဝမ်းသာအားရနှင့် အင်္ကျီတွေ၊ စကတ်ရှည်တွေ ရွေးနေသည် ကို အားနာစွာ ရင်ဆိုင်နေရသည်။

"နင် တကယ်ရော ဝတ်ချင်စိတ် ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဝတ်ချင်ပါတယ် မကျိုးမြတ်ရဲ့၊ မကျိုးမြတ်ရဲ့ အင်္ကျီလေးတွေက ရှင်းရှင်းလေးနဲ့ လှတဲ့ပုံစံလေးတွေ၊ ပု ကြိုက်ပါတယ်"

"မဝတ်ချင်တော့ရင် ပြောနော်၊ ငါ အတင်းမဝတ်ခိုင်းဘူး"

"မကျိုးမြတ်ကို ပု ဘယ်လောက်ပေးရမလဲသာပြော။ ဒီအခု ရွေးထားတာတွေ အကုန် ပု တကယ်လိုချင်လို့ ရွေးထားတာပဲ"

"မပေးပါနဲ့ဟယ်၊ ငါ ဝတ်ပြီးသားတွေ"

"ဒီနှစ်ထည်ဆို တံဆိပ်တောင် မဖြုတ်ရသေးဘူး။ အသစ်ပဲ။ မကျိုးမြတ် လုံးဝမဝတ်ရသေးဘူးလေ"

"အေး ... အဲဒါကတော့ ငါ့မဝတ်ရသေးခင် ငါနဲ့ပြိုင်ဘက်တစ်ယောက်က အရင်ကြိုဝတ်လိုက်လို့ လုံးဝမဝတ်တော့ဘဲ သိမ်းထားတာ"

"အဲဒါ အသစ်ကြီးပေါ့"

"အသစ်ပေမဲ့ ငါ့ဗီရိုထဲက ထွက်လာတာ အဟောင်းပါပဲ"

"မကျိုးမြတ်က အဝတ်အစားတွေ များလွန်းတော့ တစ်မျိုးကို တစ်ခါ နှစ်ခါလောက်ပဲ ဝတ်ထားဖူးတာ ဆိုတော့ အင်္ကျီလေးတွေက အသစ်အတိုင်းပါပဲ။ ပု ကြိုက်ပါတယ်။ မကျိုးမြတ်က အရပ်ရှည်တော့ ပု ပြင်ရမှာ အတိုအရှည်ပဲ





လိုက်ပြင်ရုံပါ။ ကျန်တာ ကိုယ်လုံးတို့ ခါးတို့ကျ ပု ဝတ်လို့ရတယ် အတော်ပဲ၊ ပု ခါးလည်း နှစ်ဆယ့်နှစ်ပဲရှိတာ မကျိုးမြတ်နဲ့ အတူတူပဲ"

"အံမယ် ... နင် ဒီလောက် အစားပုပ်တာ ခါးက နှစ်ဆယ့်နှစ် ဟုတ်ရဲ့လား။ ငါတောင် နေ့တိုင်း စက်ပေါ်မှာ တစ်နာရီလောက်ပြေးလို့ ဒီပုံအတိုင်းရှိတာ။ နင်ကတော့ ဘာမှမလုပ်ဘဲ အိပ်လိုက် စားလိုက်နဲ့"

"ဒီမှာကြည့်လေ ... မကျိုးမြတ်ရဲ့စကတ်ကို ဝတ်ထားတာ အတော်ပဲ။ ခါးမှာ တော်တယ်။ အောက်မှာပိုရှည်နေတာ။ ပု အောက်ကိုဖြတ်ပြီး စက်နဲ့ပြန်ချုပ်လိုက်ရင် ရသွားပြီ"

ဒီလိုနဲ့ပဲ အပေးအယူတည့်၊ အရောင်းအဝယ်ပြေလည်သွားကြပြီးနောက် ပန်းပု တစ်ယောက် အဝတ်အစားတစ်ထပ်ဖြင့် ချုပ်ဖို့၊ ပြင်ဖို့၊ အလုပ်ရှုပ်ရတော့လေသည်။ မကျိုးမြတ်အမေ ကြီးကြီးဒေါ်ရွှေစင်ဆီမှာ အကောင်းစားအပ်ချုပ်စက် တစ်လုံးရှိသဖြင့် ပန်းပု အတွက် အဆင်သင့် ဖြစ်သွားသည်။

ဖိနပ်ကတော့ မတော်သဖြင့် မကျိုးမြတ် အလိုကျ ဈေးပင်း တစ်ခါထွက်ရပြီး ကြိုးသိုင်းဒေါက်ပါးလေး တစ်ရန်ရယ်၊ ခြေညှပ်နေရာမှာ ကျောက်ရောင်စုံ လက်လက်လေးတွေ တပ်ကြီးစီထားသော ဖိနပ်ပါးလေး တစ်ရန်ရယ်ကို ဝယ်ပြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကျီးမြတ်ဆီက ရထားတဲ့ အင်္ကျီတွေ များနေတာ အခု အင်္ကျီမဝယ်သေးဘူးနော်။ အဲဒါတွေ ဝတ်လို့ကုန်မှ ဝယ်မယ်"

ဟု မရမက ဈေးဆစ်သဖြင့် မြတ်မြတ်မဠူလည်း မျက်စောင်းကြီးသာထိုးရင်း ...

"ဟင်း ... အလည်မ၊ ပိုက်ဆံမကုန်ချင်တာနဲ့ပဲ အကြောင်းပြချက်ကောင်းကောင်းကို မရမက ရှာထားတာ"

လို့သာ စိတ်မကျေမနပ်ဖြစ်လျက် ဆူပူပေမဲ့ အတင်းအကျပ်တော့ မဝယ်ခိုင်းတော့ပါ။ ငါ့အင်္ကျီအဝတ်အစားတွေ သူ ဆက်ဝတ်ရမယ် ဆိုသော အားနာစိတ်က စိတ်ထဲမှာ အလိုလိုနေရင်း ပေါ်ပေါက်နေလေရာ ဒီနေ့အဖို့ ပန်းပု နည်းနည်းအနေချောင်သွားသည်ဟုပင် ဆိုရပါမည်။

"မိတ်ကပ်တို့ ကရင်(မ်)တို့ နှုတ်ခမ်းဆိုးဆေးတို့ ဘာတို့ပေါ့။ အဲဒါတွေတော့ ကိုယ့်ပစ္စည်း ကိုယ်သုံးရမယ်နော် အပု။ အတူတူသုံးတာ မကောင်းဘူး။ အဲဒီတော့ နင်ထပ်ဝယ်"

"ပု မပြင်တတ်ဘူး"

"ငါပြပေးမှာပေါ့၊ သနပ်ခါးဘဲကျားကြီးနဲ့တော့ ကျောင်းမသွားနဲ့။ ဆံပင်ပုံရယ် အဝတ်အစားရယ်နဲ့မလိုက်၊ သနပ်ခါးဘဲကျား ဖြစ်နေရင် ပိုင်းရယ်ခံရလိမ့်မယ်"





ဒါနဲ့ပဲ ပန်းပုမှာ နမြောတွန့်တိုပါလျက်နဲ့ မိတ်ကပ်ဗူး ထပ်ကုန်သွားရပါသည်။

O'LAY (အိုလေး)အမည်ရှိ ကရင်(မ)တစ်ဗူးကို ဝယ်ရသည်။

"နင်က အသားသိပ်ညိုနေတော့ နေလောင်ထပ်ခံဖို့မကောင်းဘူး။ ပိုညိုသွားမယ်၊ SPF ဆိုတဲ့ နေရောင်ကာကွယ်တဲ့ ဓာတ် များများပါတဲ့ ကရင်(မ)ကို လိမ်းရမယ်"

လို့လည်း မကျီးမြတ်က ဝယ်ရင်း ရှင်းပြနေသည်။ Revlon (ရယ်ဗလွန်)အမည်ရှိ မိတ်ကပ်ရည်တစ်မျိုးပါသော ဗူးကောင်းရှည်လေးအတွက် ပိုက်ဆံတစ်ထပ်ကြီး ပေးလိုက်ရတုန်းကတော့ ပန်းပုမှာ နမြောလွန်းသဖြင့် တုန်တုန်ယင်ယင်တောင် ဖြစ်နေရသည်။ မိတ်ကပ်ရည်ပုလင်းသေးလေးကို ဒီလောက်တောင်ပေးရသလားလို့ အံ့သြမဆုံး ဖြစ်နေသည်။ ပါးနီတို့ အိုင်းရှဲဒိုးတို့ ဝယ်မည်လုပ်တော့ ပန်းပု မဖြစ်မနေ တားရတော့သည်။

"မကျီးမြတ် အဲဒါတွေတော့ မလုပ်ပါနဲ့ ပု မလိမ်းရဲဘူး။ မုံရွာမှာဆို မင်္ဂလာဆောင်သွားမှ လိမ်းရဲတာ။ ဒီတိုင်း အပြင်ထသွား ထလာတော့ တစ်ခါမှ မလိမ်းရဲတော့ အဲဒီ မျက်နှာကြီးနဲ့ အပြင်မထွက်ရဲဘူး"

"မိတ်ကပ်လိမ်း ပြင်ဆင်ထားတာပဲ သရဲပုံပေါက်နေတာမှ မဟုတ်တာ ... နင်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ပု မနေတတ်လို့ပါ"

"ဒါဖြင့် နှုတ်ခမ်းဆိုးဆေးတော့ဝယ်"

"အရောင်ဖျော့နော်"

"နင်က အသားညိုတယ်၊ အရောင်ပါမှ အရောင်နည်းနည်း ရှိမှ လှမှာပေါ့"

"ကိုရီးယားကားတွေမှာတော့ မင်းသမီးလေးတွေက အရောင် ဖျော့လေးတွေ ဆိုးတာပဲ တွေ့ဖူးတာမို့ ပု အရောင်ဖျော့ပဲ ဆိုးချင်တယ်"

"အံမယ် ... ခေတ်မမီဘူး ထင်နေတာ။ ကိုရီးယားကား တော့ ကြိုက်သားပဲ"

"အဟီးဟီး"

"ကြိုက်ရင် သူတို့လှသလိုလေး အတုခိုးပြီး ပြင်ပေါ့ဟဲ့"

"မဂျီးမြတ် ပြင်ထားတာ ကိုရီးယားကားထဲက မင်းသမီး လေးတွေ အတိုင်းပဲ။ မဂျီးမြတ်က အသားဖြူတော့ သူတို့ နဲ့တူတာပေါ့။ ပုက အသားမည်းတာ ဘယ်လိုမှ မတူနိုင် တော့ သူတို့လို မပြင်ရဲဘူး"

"နိုင်ငံခြားမှာဟယ် စူပါမော်ဒယ်လ်တွေထဲမှာ နီဂရိုးအမည်း မတွေ တစ်ပုံကြီးပါ။ ဒါပေမဲ့ စူပါမော်ဒယ်လ် ဖြစ်နေတာပဲ လေ၊ အဓိက,ကတော့ ဖြူမှ မည်းမှ လှတာ စတားဖြစ် တာ မဟုတ်ပါဘူး။ ပြင်ဆင်နေထိုင်တတ်ရင် စတားဖြစ် တာပဲ။ အသားမည်းလို့ အားငယ်မနေနဲ့။ ငါပြောတဲ့ အတိုင်းသာပြင်၊ နင် စတား ဖြစ်လာစေရမယ်"

မဂျီးမြတ် ညွှန်တာနဲ့ Revlon မှထုတ်သော ပန်း ဆောင်ဖျော့ဖျော့ (ပန်းပု ကိုယ်တိုင် မရမက ငြင်းခုန်ရွေးခဲ့ရ သော) နှုတ်ခမ်းဆိုးဆေး တစ်တောင့်၊ မျက်ခုံးမွေးဆွဲ ခဲတံညိုနှင့် Fire & Ice အမည်ရှိ ရေမွှေးပုလင်း အသေးလေးတစ်ပုလင်း ထပ် ထည့်၍ ငွေထပ်ချေရသောအခါ ပန်းပုမှာ နောင်တတွေ အထပ်ထပ် နေပြန်သည်။

"ဒီနေ့ တစ်သိန်းပဲ ထပ်ကုန်ခံမယ်ဆိုတာ မရဘူး။ တစ် သိန်းကျော်သွားပြီ"

ဟု ပန်းပု ဘယ်လောက်ပဲ နှမြောတသ နောင်တ တွေရပြီး ပြောနေနေ မဂျီးမြတ်ကတော့ နားမထောင်ဘဲ ကျောင်း သွားရင် လွယ်ဖို့ဆိုကာ ပခုံးလွယ်သားရေအိတ် အကြီးကြီးကိုပါ ဆောင်းဝယ်ခိုင်းသောအခါ ပန်းပုသည် မထုတ်ချင်၊ ထုတ်ချင်နဲ့ပင် ငါးသောင်းတစ်ထပ်ကြီး ထုတ်နေရတော့လေသည်တည်း။

✻ ❤ ✻







www.burmeseclassic.com

www.burmeseclassic.com



၄

"ဟာ … ဆောရီး … မြတ်မြတ်မချွူ ထင်လို့"

ပန်းပု နံဘေးမှ သိသိသာသာ ကျော်တက်ပြီး ပန်းပုကို အသေအချာကြီး ငုံ့ကာစိုက်ကာ ကြည့်လိုက်သော ခပ်ချောချော လူတစ်ယောက်ထံမှ အသံကိုကြားလျှင် ပန်းပု နည်းနည်းရှက်သွားသည်။ ဘာကြောင့်လဲဆိုတော့ ပန်းပုကတော့ ဒီနေ့ လူသိပ်ကြည့်ခံရလေရာ ဒီလူချောလည်း ငါ့ကို လှလို့ကြည့်သွားတာပဲလို့ထင်ပြီး စစချင်းမှာ ဘဝင်တွေ မြင့်နေမိ၍ပင်။

"မြတ်မြတ်မချွူက ကျွန်မအစ်မ ဝမ်းကွဲပါ"

"အိုး … ဒါကြောင့်ကိုး။ ဒါကြောင့် ဒီအင်္ကျီမျိုး မြတ်မြတ်မချွူမှာ ရှိတယ်ဆိုပြီး မှတ်မိနေလို့ ခပ်လှမ်းလှမ်းက မြင်လိုက်တော့ ပြေးလိုက်လာမိတာ၊ အနီးအနားရောက်မှ သိပ်တော့ မတူဘူးလို့ ထင်တော့ထင်သား"





ပန်းပုမှာ မကြိုးမြတ်ဆီက ယူထားသော ဝတ်စုံတွေ
ထဲမှာ တစ်စုံကို ဝတ်လာတာဖြစ်သည်။ ပိုးသားနဲ့တူသော ဆင်
ယ်ရောင် ဘလောက်(စ)အင်္ကျီလေးမှာ တကယ့် ပုံရိုးရိုးရှင်းရှင်း
ား။ ပခုံးပေါ်တင်ရုံ လက်စကနှင့် လေးထောင့်လည်ပင်းပုံဖြစ်
ာ ကိုယ်လုံးနှင့်အတိဖြစ်လျက် ဗိုက်ရှေ့မှာကျမှ ငွေမင်ရောင်
င်းကြီးပါသော ဖဲပြားနှစ်ထပ်လေးကို တပ်ထားသည်။ ထိုအင်္ကျီ
င်း တွဲဝတ်ရသော စကတ်ရှည်မှာ အနားတွေ တိုလိုက်ရှည်လိုက်
လိုက်ဖြင့် မညီညာသော စကတ်ကားကား အနက်လေးဖြစ်ကာ
ည်မှာ ဒူးဖုံးပါသည်။ မကြိုးမြတ်က သူ့အင်္ကျီတွေဆို ဘယ်
ကျီနဲ့ ဘယ်စကတ်နဲ့၊ ဘယ်ဘလောက်(စ)က ဘယ်ဘောင်းဘီ
ည်နဲ့ စသဖြင့် ချိတ်ဖြင့် တစ်စုံစီတွဲထားလေရာ အပေါ်အောက်
ပ်ပြီး အဆင်ပြေအောင်ဝတ်ဖို့ ပန်းပု အတွက် ခေါင်းခဲစရာ
တော့။ သူ့ဘာသာ တွဲထားပြီးသားအတိုင်း ဆွဲယူဝတ်လာရုံပင်။

ဒီနေ့ ကျောင်းစ,တက်ရသောနေ့တွင်ပင် ပန်းပုမှာ
ာ်တော်လှူသိများခံရသည်။ မိတ်ကပ်ကတော့ သိပ်မပြင်တတ်
၍ မကြိုးမြတ်လက်ရာ ပါးပါးပြေပြေ မိတ်ကပ်ဖြင့်၊ ထိပ်ထိပ်
ာ်ရာ ဆံပင်ပုံနှင့်၊ မြင်ပြီးခါစ လက်သည်း ခြေသည်းလှလှ၊
ခုံးလှလှလေးနှင့်မို့ အတော့်ကို ဟုတ်နေကာ ပန်းပုကို နှစ်
ာက်မနည်း သမင်လည်ပြန် ကြည့်သွားရသူတွေမနည်း။ မိန်း
လေးချင်းချင်းကလည်း …



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟိုကောင်မလေး ကြည့်ပါဦး၊ ခပ်မိုက်မိုက် လေးနော် မဆိုးဘူးဟဲ့။ ရုပ်သိပ်မလှပေမဲ့ ပြင်ထားတဲ့ *စတိုင်လ်က အပုံစားလေး*"

ဟူ၍ပင် တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး ပြကြရ၊ ကြည့်ကြရသလို ယောကျ်ားလေးတွေကတော့ ...

"ဒီနေ့ ကျောင်းလာရတာ တန်တယ်၊ ဒီလို အလှအပလေး တွေကို ရင်ခုန်ခွင့်ရတာ တန်တယ်ဗျာ"

ဟု ပန်းပုနားကပ်ပြီး ကြားအောင် ပြောသွားကြတာ တွေလည်း ကြုံရပါသည်။

ပန်းပုသည် အသက်ဆယ့်ခုနစ်နှစ်အရွယ် ဆယ်ကျော် သက် မိန်းကလေးသာ ဖြစ်လာရသည်။ ကိုယ့်ကို ဘယ်သူက အခုလောက် အရေးတယူကြည့်ကြ၊ ချီးကျူးကြ၊ သဘောကျကြ တာမျိုး မခံခဲ့ရဖူးလေရာ ရင်ထဲမှာ ပီတိဖြင့် ကျေနပ်ဝမ်းသာမိနေ လေသည်။ အမြော်အမြင်ရှိလှသော မဂျီးမြတ်ကိုလည်း ကျေးဇူး တွေ အခါခါ တင်နေမိပြန်သည်။

"ဒီလိုအင်္ကျီမျိုးတွေ ဆိုင်မှာရောင်းတာပဲ မဟုတ်ဘူးလား ဘာလို့ ကျွန်မဝတ်တာက မဂျီးမြတ် အင်္ကျီနဲ့ တူတယ်လို့ ထင်တာလဲ"

"မဟုတ်ဘူး ညီမရဲ့။ ဒီအင်္ကျီလေးက ဒီမှာ ဆိုင်တိုင်းမှာ မရောင်းဘူး။ ရောင်းချင်မှတောင် ရောင်းမှာပါ။ ကျွန်တော်



အဲဒီအင်္ကျီလေးကို ဂျပန်က ဝယ်လာတာ။ အရောင်တူနှစ် ထည်ဝယ်လာတာ တစ်ထည်က မြတ်မြတ်မရှူဆီမှာလို့ သိနေလို့ပါ"

ပန်းပု ဒီတော့မှ အရှက်ပြေရယ်ရင်း ...

"ကျွန်မကို မဂျီးမြတ်က ပေးလိုက်တာ"

ဟု အမှန်အတိုင်း ဖြေမိသည်။

"သြော် ... ဟုတ်လား"

ထိုသူ့မျက်နှာမှာ စိတ်မကောင်းသလိုလို ဘာလိုလို သွားတာ သတိထားလိုက်မိ၍ ပန်းပု အားနာသွားပါသည်။

"မဂျီးမြတ်ရဲ့ မိတ်ဆွေလားဟင်"

"ခင်ဗျာ ... အဲ ... ဟုတ်ပါတယ်၊ သူ့မိတ်ဆွေပါ။ ရင်း နှီးပါတယ်။ ခုတလော ကျွန်တော် နိုင်ငံခြားထွက်နေတာနဲ့ သူနဲ့မဆုံတာ နှစ်လလောက်ရှိပြီ။ ကျွန်တော် ပြန်ရောက် တာတောင် သူသိဦးမယ် မထင်ဘူး"

ဒီလူ မဂျီးမြတ်ကို သဘောကျနေတဲ့သူ ဖြစ်မယ်။ ...တ်ကရော ပြန်မကြိုက်ဘူးလား။ ဒီလောက်ချောတာ။ အရပ် ... အမြင့်ကြီး။ နိုင်ငံခြားလည်း ခဏခဏသွားရတယ်တဲ့။ ...အားထဲမှာ ပါနေတာဆိုတော့ အဆင့်အတန်းမြင့်မြင့်ထဲက ...ဗိုက်ဆံရှိရှိထဲကလား။ ပညာတတ်ကြီးလား။ မဂျီးမြတ် ... သိပ်လိုက်မှာပဲ၊ ဘာလို့ မကြိုက်လဲ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် ဝသန်မိုးပါ"

ဟယ် ... နာမည်ကလည်း အပျံစားပဲ။ ဗွီဒီယိုတွေ ဝတ္ထုတွေထဲက အတိုင်းပဲ။

"ညီမက မြတ်မြတ်ရဲ့ညီမဝမ်းကွဲဆိုတော့ ဘယ်ဘက်က တော်တာလဲ"

"အဖေဘက်က တော်တာပါ။ ကျွန်မရဲ့အမေက မဂျီးမြတ် အဖေရဲ့ ညီမအရင်းပါ"

"ညီမနာမည်ကရော"

"ပန်းပု"

"နာမည်လှလှလေးပဲ။ တွေ့ရတာ ဝမ်းသာပါတယ် ပန်းပု"

"ကိုဝသန်မိုးနဲ့ ဆုံခဲ့တာကို ပန်းပု မဂျီးမြတ်ကို ပြန်ပြော လိုက်ပါ့မယ်"

"အခု ပန်းပုက ဒီကျောင်းမှာ တက်တာလား"

"ဟုတ်ကဲ့ ... ပန်းပု အင်္ဂလိပ်ရှ ယူထားပါတယ်"

ပန်းပုက နိုင်ငံခြားဘာသာဒီပလိုမာကို တက်သည် ဖြစ်ရာ ပန်းပုကိုယ်တိုင်လည်း တကယ်စိတ်လိုလက်ရတတ်ချင် သင်ချင်သော အင်္ဂလိပ်ဘာသာကိုသာ အဓိက ယူလိုက်ပါသည်။ နယ်မှာ ကျောင်းနေသူမို့ အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် စာသင် ထားသလောက်ကလွဲရင် အိပ်လည်း ကျွမ်းကျွမ်းကျင်ကျင် မ လေရာ တတ်ကျွမ်းချင်၍ ဒီဘာသာကို ယူလိုက်တာ ဖြစ်ပါသည်။





"အခုပြန်တော့မှာလား"

"ဟုတ်ကဲ့ ... ဒီနေ့ဆို ဘာအတန်းမှလဲ သိပ်မရှိတော့ ပြန် ရင်ကောင်းမယ်ဆိုပြီး ထွက်လာတာ။ ပန်းပုက နယ်ကလာ တက်တာဆိုတော့ သူငယ်ချင်းလည်း သိပ်မရှိသေးဘူး။ ပျင်းတာနဲ့ အိမ်ပြန်တော့မလို့"

"ဘာနဲ့ ပြန်မှာလဲ"

"ပန်းပု ဒီနေ့တော့ ဘတ်စ်နဲ့ဖြစ်ဖြစ် ကကနဲ့ဖြစ်ဖြစ် ပြန်ရမှာပါ။ ဖယ်ရီကို ပြောထားတာ မနက်ဖြန်မှ စပြီး စီးလို့ရမယ်တဲ့"

"ဒါဖြင့် ပန်းပုကို ကျွန်တော် ပြန်ပို့ပေးမယ်လေ"

ပန်းပုသည် အခုမှ စတင်သိကျွမ်းရသော ယောကျ်ား ယောက်က ကမ်းလှမ်းတာကိုတော့ အလွယ်တကူ လက်ခံဖို့ အေ့သဖြင့် ...

"ဟာ ... နေပါစေ ရပါတယ်၊ ပန်းပု အိမ်တန်းပြန်ချင် မှ ပြန်ဖြစ်မှာပါ။ မြို့ထဲမှာဆင်းပြီး လျှောက်ကြည့်ချင် ကြည့်မှာမို့ပါ"

ဟု ချိုချိုသာသာလေး ငြင်းလိုက်လျှင် ဝသန်မိုး ဆက်ပြီးမခေါ်ပါ။ အခုမှ သိကျွမ်းရသော မိန်းမပျိုလေး သာက်အနေနဲ့ လူစိမ်းတစ်ယောက်ကို အလွယ်တကူ မယုံ



www.burmeseclassic.com

www.burmeseclassic.com



ရဲဘူး ဆိုတာကို နားလည်ပါသည်။ ပန်းပု ထိုသူ့ကို နှုတ်ဆက် ထွက်လာ ဘတ်စ်ကားဂိတ်ရောက်တော့ မှတ်တိုင်မှာ လူများ တာ တွေ့သဖြင့် အငှားကားကို ပိုက်ဆံအကုန်ခံ မစီးချင်ပါ စီးလိုက်ရပါသည်။ မကျီးမြတ်ကတော့ …

"ဘယ်သွားသွား တက္ကစီနဲ့ပဲ သွားနော်။ နင်က ကားလည် မမောင်းတတ်ဘူးဆိုတော့ ကားဝယ်ခိုင်းဖို့ ပူဆာနိုင်း လည်း မရဘူး။ ကိုယ့်ကား ကိုယ်မောင်းပြီး ကျောင်းသွ နိုင်ရင် အကောင်းဆုံးပေါ့။ ငါလည်း အမြဲလိုက်ပို့နိ ဘူးဆိုပေမဲ့ ကြုံရင်တော့ ဝင်ပို့၊ ဝင်ကြိုပေးမှာပါ။ ကျော စဖွင့်ရင် ဖယ်ရီလည်း စုံစမ်းလို့ ရမှာပါ၊ အဲဒီကျမှ ဖ ရီစီးပြီး ကျောင်းသွားပေါ့"

ဟူ၍ အစီအစဉ်ဆွဲပေးလေရာ မနက်ဖြန်က ဖယ်ရီစီးရပါမည်။ ဒီနေ့တော့ ကျောင်းလခစသွင်းခြင်း၊ အ ဖယားကြည့်ခြင်းတို့လောက်သာ ကျောင်းမှာအချိန်ကုန်ရမည် ရာ ဖယ်ရီတွေက စပြီးမဆွဲသေးပါ။ မနက်ဖြန်လို ကျောင်းသေ ချာချာ စ,တက်ရသောနေ့မှ ပန်းပုလည်း စီးခွင့်ရပါမည်။ ဒီ အမှန်မှာ ကျောင်းမလာရင်လည်း ရပေမဲ့ ပန်းပုကတော့ အိမ် ပျင်းလှပြီဖြစ်ရာ တမင်ပဲ ကျောင်းထွက်လာတာဖြစ်သည်။ မန ကတော့ မကျီးမြတ် ဝင်ပို့ပေးခဲ့ပြီး …





"ငါ သေသေချာချာ မှာမယ်နော်၊ အပြန်ကျ ဘတ်စ်ကား တိုးမစီးနဲ့။ ဒီလို လှလှပပ ဝတ်ထားတာ ဘတ်စ်ကားတိုး စီးလို့ ဘယ်ဖြစ်မလဲ၊ တက္ကစီပဲ စီးလာနော်"

လို့ တဖွဖွမှာခဲ့ပေမဲ့ ပန်းပုကတော့ လစ်ရင်ဘတ်စ် ကားတက်စီးမလို့ပါပဲ။ အခုတော့ ကိုယ်တက်ရမဲ့ ကားထိုးရပ် လိုက်တိုင်း ကိုယ့်ကိုတိုးတိုက်ပြီး တက်သွားကြတာမို့ ကားပေါ် မှာ ခြေလှမ်းတစ်နေရာစာ ချဖို့တောင် မရှိလေရာ တက်လိုက် သွားရဲ။ နှစ်စီးလောက် စောင့်ပြီးသောအခါ လက်လျှော့ပြီး အငှားကားကိုသာ လက်တားပြီး စီးလိုက်ရပါသည်။

ပန်းပု ကိုယ်တိုင်ကလည်း နယ်မြို့မှာသာနေတာ။ တာက ပိုက်ဆံချမ်းသာသဖြင့် ဘယ်သွားသွား ကိုယ်ပိုင်ကားပေါ် က ဆင်းခဲ့ရသည်မရှိ။ ဘတ်စ်ကားတွေ လိုင်းကားတွေလည်း တိုးမစီးခဲ့ဖူးလေရာ အခုတော့ ပိုက်ဆံချွေတာသည့် အနေနဲ့ တိုး စီးကြည့်ချင်လည်း အဆင်မပြေပါ။ ကားပေါ်တိုးတက်နေကြသော လူအုပ်ကိုကြည့်ပြီး လန့်နေသည်။ ရန်ကုန်မှာဆိုရင်တော့ ဘတ်စ် ကားစီးရတာ လွယ်မယ်ထင်ခဲ့သော အထင်မှာ မှားသွားကြောင်း ခုမှပဲ သိတော့သည်။

ပန်းပုသည် ရန်ကုန်မြို့ကိုရောက်တာ အခုမှ ယ် ရက်သာရှိသေးသည်။ မကျီးမြတ် လုပ်ခိုင်းတာတွေ လိုက်လုပ်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံငါးသိန်းနီးပါး ကုန်ထားသည်ဖြစ်ရာ တော်တော့်ကို နမြော လျက် အသေးအဖွဲတောင် ထပ်အကုန်မခံချင်လောက်အောင် ဖြစ် နေသည်။

"ဘဏ်မှာ ငွေစုစာအုပ် လုပ်ပေးခဲ့တယ် သိလား သမီး။ ငွေလိုရင် အဲဒီက ထုတ်ရုံပဲ"

လို့ မှာထားကာ ပမာဏများစွာသော ပိုက်ဆံတွေ ထည့်ပေးခဲ့ပေမဲ့ ပန်းပုမှာ ငွေလိုတိုင်း ထုတ်သုံးပစ်ပြီး ဟော့ဟော့ ရမ်းရမ်း သုံးပစ်ရတာမျိုး မဖြစ်လိုပေ။ အဖေအမေတို့မှာ သူဌေး တွေ၊ ချမ်းသာတဲ့သူတွေ ဆိုပေမဲ့ အလကားနေရင်း ပိုက်ဆံရှိနေ တာ မဟုတ်ဘဲ စီးပွားရေးကို ခေါင်းခြောက်အောင် တွေးတော ကြံဆပြီး လုပ်ကိုင်ထားရတာဖြစ်ကြောင်း ပန်းပု သိထားသဖြင့် မိဘပိုက်ဆံဖြုန်းသူ မဖြစ်ချင်တာလည်း ပါပါသည်။

ပန်းပုသည် ရှေ့ဆက် ဘာတွေထပ်ကုန်ရဦးမှာလဲ လို့ တွက်ချက်ကာ ရင်ပူသလိုလို ဖြစ်နေတော့လေသည်။

✻ ❤ ✻





၅

ပန်းပုသည် မဂျီးမြတ် မှာထားသည့်အတိုင်း ဆိုင် ရှိရာဆီ ထွက်လာခဲ့ပါသည်။

"အပု ... နင် အားရင် ဆိုင်ဘက်ခဏလာခဲ့ဦး၊ ငါသွား စရာကိစ္စလေး ပေါ်လာလို့။ ဆိုင်မှာ ဦးစီးမဲ့သူ မရှိဘူးဖြစ် နေတယ်၊ နင် ခဏလာထိုင်ပေးမလား"

မနက်စာ စားပြီးသောအချိန်မှာ မဂျီးမြတ် အိမ်ကို ရောက်ဆက်လာသဖြင့် ပန်းပုလည်း ကျောင်းအားရက်ဖြစ်နေသဖြင့် လာခဲ့မယ်ဟု ကတိပေးကာ ချက်ချင်း ဝတ်စားပြင်ဆင်ပြီး ထွက် လာခဲ့သည်။

ရန်ကုန်ရောက်တာလည်း တစ်လကျော်ပြီဖြစ်ရာ ပန်းပုသည် မဂျီးမြတ် ခေါ်ခေါ်သွားသဖြင့် နေရာတော်တော်များ



www.burmeseclassic.com

www.burmeseclassic.com



များကို သွားတတ်နေပါသည်။ အထူးသဖြင့် မဂျီးမြတ်၏ ပန်းအတုဆိုင်ကိုတော့ ခဏခဏရောက်ရသဖြင့် ဘယ်လမ်းမှာရှိသော ပလာဇာ၊ ဘယ်အထပ်မှာရှိသော ဆိုင်ဆိုတာ အလွတ်ရနေလေပြီ။

တက္ကစီပေါ်မှဆင်းပြီး စက်လှေကားရှိရာဘက်အခြမ်းကို လျှောက်လာစဉ် ပန်းပုကို မျက်နှာချင်းဆိုင်မှ လာနေသော သူတစ်ဦးက ရယ်ပြုနှုတ်ဆက်နေသဖြင့် ပန်းပုမှာ ဘယ်သူပါလိမ့်လို့ အတော်ကြီး စဉ်းစားယူရသည်။ ထိုသူက သူတပ်ထားသော နေကာမျက်မှန်ကို နဖူးပေါ် ပင့်တင်လိုက်သောအခါကျမှ ...

"တယ် ... ထိပ်ထိပ်"

ဟု ဝမ်းသာအားရ နှုတ်ဆက်လိုက်ရပါသည်။

ထိပ်ထိပ်သည် အပြင်မှာမြင်လျှင် တကယ့်ကို ယောက်ျားစစ်စစ်ပုံ လုံးဝဖြစ်နေလျက် ပန်းပု,ပင် မနည်းကြည့်ယူရသည်။ ဆိုင်မှာတွေ့ဖူးတုန်းကလို သိပ်နုနုနယ်နယ်ပုံစံလည်း သိပ်မပေါက်ဘဲ ယောက်ျားပီသနေသည်။ ဆိုင်မှာတုန်းကတော့ နည်းနည်းများ နွဲ့နေသလားလို့။

"ဘယ်လာတာလဲ၊ ညည်း တစ်ယောက်တည်းပါလား"

ထိပ်ထိပ်သည် တွေ့စကနဲ့မတူ အပြင်အဆင် လုံးဝ ပြောင်းလဲသွားသော တောပုံလုံးဝမပေါက်တော့သော ပန်းပုကို သဘောတကျ ကြည့်မိသည်။ ဘယ်လိုခေါ်မလဲ။ ကိုယ် ပြင်ဆင်





ထုဆစ်ပေးလိုက်တဲ့ ရွှံ့ရုပ်ကလေးကနေ အခုမှ တကယ့်ကို ပန်းပုရုပ်လေး ဖြစ်လာတာကို အလှအပ ပြင်ဆင်ဖန်တီးပေးရသူ ပီပီ ဂုဏ်ယူပြီး သဘောကျတာမျိုးပင်။

"မဂျီးမြတ် ခေါ်ထားလို့ လာတာပါ"

"ဪ ... ဟုတ်သားပဲ၊ ဒီပလာဇာမှာ မြတ်မြတ်မဒ္ဒုရဲ့ ဆိုင် ရှိတာပဲ"

"ထိပ်ထိပ်ကရော ဘယ်လာတာလဲ"

"Rimmel (ရိမဲယ်လ်)က ပစ္စည်းသစ်ပြပွဲ ဖိတ်ထားလို့လာတာ။ ငါ ရောက်တာ စောနေသလား ပွဲကျင်းပသူတွေကပဲ မြန်မာစံတော်ချိန် လုပ်နေသလား မသိဘူး၊ ပွဲမစနိုင်သေးတာနဲ့။ ရှော့ပင်း တစ်ပတ်ပတ်ပြီး ဝင်းဒိုးရှော့ပင်း ထွက်နေတာလေ"

"ဘာလဲဟာင် ဝင်းဒိုးရှော့ပင်းဆိုတာ"

"W-I-N-D-O-W Window (ဝင်းဒိုး)ကို ပြောတာလေ။ မဝယ်ဘဲ မှန်ဗီရိုတွေထဲ ရှိုးကေ့(စ)တွေထဲက ပစ္စည်းတွေကို ငေးတာလေ မုံရွာသူရဲ့။ ညည်းအစ်မ ရန်ကုန်သူက ဒါတော့ သင်ပေးဖို့ မေ့နေတယ် ထင်တယ်"

"မဂျီးမြတ်က ဝင်းဒိုးရှော့ပင်း မလုပ်ဘူး၊ တကယ်ပဲရှော့ပင်းလုပ်တာ။ တကယ်ဝယ်ပစ်တာလေ။ မဂျီးမြတ်က သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း ဝယ်တယ်၊ ပန်းပုကိုလည်း အကောင်းစားတွေပဲ ဝယ်ခိုင်းတယ်၊ ဒါကြောင့် သူနဲ့ ရှော့ပင်းထွက်ရမှာ လန့်နေပြီ၊ ပိုက်ဆံကုန်လွန်းလို့”

ထိပ်ထိပ်သည် ပန်းပု၏ အပြင်အဆင်ကို သတိထားကြည့်မိပါသည်။ အဖျားမှာ ဘဲလ်ပုံစံဖြစ်နေသော ခပ်ပွပွ စကိုင်လ်ပင်န်အနက်လေးကို ထိပ်ပိတ်ရှူးအပါးလေးဖြင့် တွဲဝတ်ထားကာ အပေါ်အင်္ကျီကတော့ နီညိုရောင် ကုတ်အင်္ကျီပုံစံ လက်ပြတ် ဘလောက်(စ) ဖြစ်ပါသည်။ အသားတော်တော်ကိုညိုသော မိန်းကလေးမို့ အရောင်ရင့်ရင့် ဝတ်ထားတော့ ပေါ်လွင်နေသည်။

သို့သော် စိတ်တိုင်းမကျစရာ ကောင်းတာကတော့ ပန်းပုရဲ့အသားအရေက သိပ်မစိုပြည်လှ။ မွဲခြောက်ခြောက်လိုလို ဖြစ်နေသည်။ အသားညိုလျှင် စိုပြည်နေမှ လှတာမို့ အသားအရောင်ခြောက်သွေ့နေတာက ပန်းပုကို တစ်ပန်းရှုံးနေစေသည်။

“ညည်း--Skin care မလုပ်ဘူးလား၊ day cream တွေ night cream တွေ မှန်မှန်မလိမ်းဘူးလား”

ထိပ်ထိပ်က ထိုသို့မေးချလိုက်တော့ ပန်းပု ရှက်ပြီးတဟီးဟီး ရယ်နေသည်။

“အဲဒီလိုမလုပ်ရင် အသားက မွဲခြောက်ခြောက်နဲ့ မလှဘူးပေါ့။ ငါက ပိုက်ဆံသိပ်မကုန်မဲ့နည်းကို ပြောလိုက်တာ





ညည်း မလိုက်နာဘူးထင်တယ်။ cream တွေ မှန်မှန်လိမ်း၊ အရည်ရွှမ်းတဲ့ အသီးအရွက်၊ အသီးအနှံ များများစားဆိုတာ မလိုက်နာဘူးလား၊ ဒါဆို ပိုက်ဆံအချိုကြီး ကုန်မဲ့နည်းကို ညည်း ကြိုရဖို့ရှိတယ်”

ပိုက်ဆံကုန်ရမည်ဆိုတော့ ပန်းပု လန့်သွားသည်။

“ရှင် ... ရှင် ... ဘာနည်းလဲ၊ ဘာလဲဟင်၊ ပိုက်ဆံအများကြီးကုန်မှာ ဟုတ်လား”

“ကုန်မှာပေါ့၊ အသားအရေလှဖို့ Body Scrub (ဘော်ဒီစခရပ်(ပ))လုပ်ရမယ်၊ နို့ရည်စိမ်ရမယ်၊ ရွှေသွင်းရမယ်၊ ဒါမှမဟုတ် ပုလဲသွင်းရင်လည်း ရတယ်၊ အဲဒါမျိုးတွေ လုပ်ရမယ် ဆိုတော့ စဉ်းစားကြည့်၊ ပိုက်ဆံကုန်တာပေါ့”

“ဟာ မလုပ်ဘူး ... မလုပ်ဘူး၊ ပိုက်ဆံကုန်မယ်ဆိုရင် ဘာမှ ထပ်မလုပ်ချင်ဘူး။ ပန်းပု အသီးအနှံလည်း စားပါတယ်။ အသီးအရွက်လည်း စားပါတယ်။ သနပ်ခါးလည်း ခြေဆုံးခေါင်းဆုံး လိမ်းပါတယ်”

“အသီးအနှံနဲ့ အသီးအရွက် ဘယ်လောက်စားလဲ”

“အဟီး ... တစ်မျိုးလောက်ပဲ ထင်တယ်၊ ပန်းပုက အသားကြိုက်တော့ အသားဟင်း ပိုစားမိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"2 fruits & 5 vegetables (ဘွားဖရုတ်(စ) အင်န် ဖိုက် ဗက်ဂျီတေးဘယ်လ်(စ)ဆိုတာ မကြားဖူးဘူးလား"

"ရှင် ... မကြားဖူးဘူး"

"လူတစ်ယောက်ဟာ တစ်နေ့ကို အသီးနှစ်မျိုး ဟင်းသီး ဟင်းရွက် ငါးမျိုးလောက် စားရမယ်တဲ့"

ထိပ်ထိပ်သည် စိတ်ရှည်လက်ရှည်ပင် မတ်တတ် အကြာကြီးရပ်ကာ ပန်းပုကိုပြောပြနေသလို ပန်းပုလည်း ညောင်း ရမှန်းပင် သတိမရဘဲ ထိပ်ထိပ်နဲ့ စကားပြောရတာ ပျော်နေသည်။ ထိပ်ထိပ်နဲ့ နှစ်ခါသာ သေသေချာချာ ဆုံဖူးပေမဲ့ စိတ်ထဲမှာ အလွယ်တကူ ရင်းနှီးမိနေသည်မှာ ထိပ်ထိပ်က ခြောက်နေတယ် ဆိုသော အသိစိတ်ဝင်နေ၍ ဖြစ်ပါမည်။

"သနပ်ခါးက ဘယ်လိုသနပ်ခါးမျိုးလူးလဲ"

"မျက်နှာကိုတော့ ရှင်မတောင် လိမ်းတာပေါ့၊ ခြေတွေ လက်တွေကျ သွေးရမှာပျင်းတာနဲ့ အသင့်လိမ်း သနပ်ခါး ဘူးထဲက သနပ်ခါးတွေပဲ လူးလိုက်တယ်"

"အပျင်းမထူနဲ့လေ၊ ရှင်မတောင်စစ်စစ်ကိုပဲ တစ်ကိုယ်လုံး လူးရမှာပေါ့။ သနပ်ခါးဘူးထဲက သနပ်ခါးတွေက မစင် ဘူး။ သနပ်ခါးချည်း သီးသန့်ပါတာမဟုတ်ဘူး။ ကြာကြာ ခံအောင် ပြုလုပ်ထားတဲ့ ဓာတုပစ္စည်းတွေ၊ ရွှံ့ခဲတွေ၊ ကန့် ဓာတ်တွေပါတယ်၊ ညည်းလိမ်းတဲ့အခါ သနပ်ခါးက နည်း





နည်း ရွှံ့ဓာတ်များများ လိမ်းသလိုဖြစ်ပြီး အသားက ပိုမွဲ ခြောက်တာပေါ့၊ နေစမ်းပါဦး၊ ဘာဖြစ်လို့ Day Cream တွေ Night Cream တွေ မလိမ်းချင်တာလဲ"

ပန်းပု တဟီးဟီးရယ်ရင်း ...

"ဈေးကြီးတယ်၊ ပိုက်ဆံကုန်တယ်"

ဟု ဖြေမိပါသည်။

ထိပ်ထိပ်က ပြုံးရင်း ...

"ညည်းတို့ သူဌေးတွေကပဲ ညည်းညူပါနော်၊ ငါတို့လို ဆံပင်ညှပ်စားရတဲ့လူက မညည်းရဘူး၊ ငါ့မှာ တစ်နေ့ တစ်နေ့ ဆံပင်မှုန်တွေရှူပြီး ပိုက်ဆံရှာရတာ။ အသက် ကြီးလာရင် အဆုတ်ထဲမှာ ဆံပင်တွေချည်းဖြစ်ပြီး အနာ ဖြစ်မယ်၊ ကင်ဆာဖြစ်မယ်ဆိုတာ သိပေမဲ့ ဒါနဲ့လုပ်စား တတ်တော့ ဒါပဲလုပ်ရတာပေါ့"

ထိပ်ထိပ်မှာ စကားပြောပုံကိုသာ ခြောက်နေသလိုလို ဆာယုလေသိမ်း ပြောနေပေမဲ့ အမူအရာကတော့ တွေ့နေကျနဲ့ ဘာဘဲ ယောက်ျားဆန်နေသည်ဟု ပန်းပု ထင်နေသည်။

"အသားအရေကို ကြည့်ကောင်းအောင် လုပ်လိုက်စမ်းပါ ပန်းပုရဲ့။ ညည်း အခုလို ဝတ်စားပြင်ဆင်ထားပုံလေးက မဆိုးပါဘူး တစ်ခုပဲ လိုနေတာ။ အသားအရေလှဖို့ပဲလို နေတာ၊ ငါပြောတာက မွေးရာပါ ညိုတဲ့အသားကို အတင်း



www.burmeseclassic.com

www.burmeseclassic.com



မြှေးနိုင်းနေတာ မဟုတ်ဘူး၊ ညိုပေမဲ့ စိုပြည်ပြီး လှတဲ့သူတွေ တစ်ပုံကြီးလေ၊ သူတို့လို ဖြစ်စေချင်လို့ ပြောတာ၊ ကဲ ... ကဲ ... စကားရပ်ပြောနေတာ ကြည့်စမ်း တော်တော်တောင် ကြာသွားပါလား။ သတိတောင် မထားလိုက်မိဘူး။ ငါက အဲဒီလိုပဲ ကိုယ်ပြင်ပေးလိုက်တဲ့ မိန်းကလေး တစ်ခုခုလိုနေရင် မနေနိုင်ဘူး၊ ပြောလိုက်ရမှ နေသာထိုင်သာရှိတယ် ဆိုတော့ ပြောမိတာပဲ။ cover girl က ပွဲတောင်စနေပြီ ထင်တယ်၊ သွားမှ"

"ပန်းပုလည်း မဂျိးမြတ်ဆီ မရောက်တော့ဘဲ အချိန်ပိုကြာသွားတယ် ဟီးဟီး။ ပန်းပု ထိပ်ထိပ်ဆီ လာခဲ့ဦးမယ်လေ"

"အံမယ် ... ကပ်ဖေးနဲ့မ,က ဘာလာလုပ်ဦးမလို့လဲ"

"ပန်းပု သဘောနဲ့ လာရမှာမဟုတ်ဘူး။ မဂျိးမြတ် အမိန့်နဲ့လေ။ မဂျိးမြတ်က ဆံပင်ကို တစ်လခွဲတစ်ခါ ဒီပုံအတိုင်း ဖြစ်အောင် သွားသွားညှပ်ရမယ်ဆိုလို့"

ထိပ်ထိပ် ပြုံးပြီး အသာအယာပဲ ခေါင်းညိတ်ပါသည်။ ဘာကြောင့်မှန်းမသိ။ မြတ်မြတ်မဥ္စူနှင့် ပါလာဖူးသော ပြူးတီပြူးကြောင် တောသူမရုပ်လေးနဲ့ ပန်းပုကို တွေ့တွေ့ချင်း ကတည်းက သနားမိသလိုလိုနှင့် ခင်မင်သွားပါသည်။ မြတ်မြတ်မဥ္စူ ပြောသမျှ နာခံကာ စိတ်ပါပါ၊ မပါပါ သူမကိုယ်သူမ ပြင်ဆင်သမျှ ခံယူလိုက်သော ပန်းပု၏ စိတ်ဓာတ်လေးကတော့





ရှိသွားနေဆဲပင်။ ရန်ကုန်ရောက်ပြီး အတုနိုးမှားစရာတွေ ထပ်အတုနိုးကာ ပြောင်းလဲသွားသော နယ်မြို့က မိန်းကလေးတွေ အများကြီး တွေ့ဖူးသည်ဖြစ်ရာ ပန်းပုကတော့ ခုထိ ရိုးသားဆဲ အကဲခတ်မိပါသည်။

မြတ်မြတ်မဥ္စူတို့ အမျိုးမှို့ ငွေရေးကြေးရေး တတ်နိုင်သူဟု ထင်မိသည်မှာလည်း ပန်းပုက ရွှေလက်ကောက် တစ်ကောင်လောက်နဲ့ ရွှေဆွဲကြိုးဝင်းဝင်းကြီး ဝတ်ပြထားခဲ့လို့တော့ ဟုတ်။ တွေ့ခါစက တောပုံလေးပေမဲ့ ရွှေတွေပွတ်ခဲနေအောင်တော့ ဝတ်မထားဘဲ အရည်တော်တော့်ကိုကောင်းသည့် တစ်ပွင့်တည်း စိန်နားကပ်ကိုသာ ဝတ်ထားတာမို့ ဒီလိုနေရာကျ ခေတ်မီသည် ပြောရမလား။ အခုခေတ်မှာက မိန်းကလေးတစ်ယောက် ရွှေတွေသိပ်ဝတ်ပြနေစရာမလို။ စိန်နားကပ်ကောင်းကောင်း တစ်ရန် ဝတ်စားရင်ပဲ အဆင့်အတန်းရှိပြီးသားဟု ယူဆရသည်။

ငွေကြေးတတ်နိုင်သူပေမဲ့ အခု စကားပြောသွားတာ ဈေးကြီးတယ်၊ ပိုက်ဆံကုန်တယ်၊ နမြောတယ် ဆိုတဲ့ မျိုးကို ခဏခဏ ထည့်ပြောသွားတာမို့ ပန်းပုဟာ ပိုက်ဆံ ချွေတာသုံးတတ်သူ မိန်းကလေးလို့သာ သတ်မှတ်ရမည်ပင်။

"ထိပ်ထိပ် ဘယ်ထွက်သွားတာလဲ၊ ဒီမှာ ပွဲကစ,တောင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



Rimmel ကုမ္ပဏီမှ တာဝန်ရှိသူ မိန်းကလေးက Samples (စန်ပယ်လ်(စ))တွေထည့်ထားသော cover girl တံဆိပ်ပါ လက်ဆွဲအိတ်လေး ကမ်းပေးရင်း နှုတ်ဆက်လိုက်သဖြင့် ...

"ဒီနားဆိုပြီး ခဏထွက်သွားတာပါ။ customer (ကတ်(စ)တန်မာ)တစ်ယောက်နဲ့တွေ့ပြီး စကားပြောနေလို့"

"ဒီပွဲမှာ Rimmel new face (ရီမဲယ်လ် နယူးဖေ့(စ)) ရှာပုံတော်နဲ့ ပတ်သက်ပြီး ပြောမှာရှိတယ်၊ ထိပ်ထိပ်ရဲ့ customer ထဲမှာ မော်ဒယ်လ်အသစ်တွေ အများကြီးရှိမှာပဲ၊ သူတို့ စိတ်ဝင်စားရင် ဝင်ပြိုင်လို့ရအောင် နားထောင်သွား ထိပ်ထိပ်ရေ"

ထိပ်ထိပ်သည် သူ့အတွက် နေရာသတ်မှတ်ပြီး[illegible] ပေးထားသော ပုလတ်စတစ်ခုံမှာ ဝင်ထိုင်၊ ခြေထောက်ချိတ်လက်ပိုက်ရင်း စင်ပေါ်က ရှင်းပြနေသမျှတို့ကို နားထောင်လိုက်ပါသည်။ ဒီပွဲက ရွှေပင်းမလာဇာရဲ့ ထောင့်တစ်ထောင့်မှာ သိသန့်လေး ခင်းကျင်းလုပ်သောပွဲဖြစ်ပြီး ဖိတ်ခံရသူ အများစုမှာ အလှပန်တီးသူလောကမှ ဖြစ်သလို မင်းသမီးတချို့၊ မော်ဒယ်တချို့နှင့် စာနယ်ဇင်းသမားများ ပါပါသည်။

အလှပန်တီးရှင် အများစုမှာ သိသိသာသာ မိန်းလျာပုံ ပေါက်နေသူတွေများပြီး ထိပ်ထိပ်ကဲ့သို့ ယောကျ်ားပုံ





ပေါက်နေသူဆို၍ လက်ချိုးရေရှင်ပင် လက်ငါးချောင်းမပြည့်။ ထိပ်ထိပ်က အလှပန်တီးရှင် ဆိုပေမဲ့ မျက်နှာကို မိတ်ကပ်မပြင်ပါ။ အဓိက,ကတော့ ဆံပင်ညှပ်သူသာ ဖြစ်ပါသည်။ ထိပ်ထိပ်ဆိုင်တွင် မိတ်ကပ်ကျွမ်းကျင်သူလည်း ရှိသဖြင့် ဆိုင်လာလျှင် မိတ်ကပ်ပြင်ချင်လည်းရသဖြင့် ...

"ထိပ်ထိပ် Beauty Saloon"

ဆိုသော ဆိုင်းဘုတ်ကို တင်ထားတာ ဖြစ်သည်။

ဒီလုပ်ငန်းကို စ,လုပ်မည်ဆိုတော့ ထိပ်ထိပ်မှာ အမေနဲ့လည်း အကြီးအကျယ် စကားများရပြီးမှ အမေ့ခမျာ တစ်ဦးတည်းသော သားလေးမို့ အလိုလိုက်ပြီး ဆိုင်ထောင်ဖို့ ငိုက်ဆံထုတ်ပေးရတာ။

"သားလေးတစ်ယောက်တည်း မွေးထားပါတယ် ကျားကျားလျားလျား မရှိဘဲ အခြောက်ဖြစ်ရတယ်လို့ကွယ်၊ အမေဘာများ ဆုတောင်းမှားခဲ့လဲ မသိပါဘူးကွယ်"

"ဟာ ... အမေ မဟုတ်ဘူးလေ။ ဘာတွေ လျှောက်ပြောနေတာလဲ။ သား မခြောက်ပါဘူး။ သား ဝါသနာပါလို့ ဗန်ကောက်မှာ ဆံပင်ညှပ်သင်တန်းပဲ တက်လာမိပြီး ဒီရောက်တော့လည်း ကိုယ့်ပညာကိုယ် အသုံးချတဲ့အလုပ် လုပ်ချင်တာပါ။ အခြောက်စိတ်ဝင်လို့ မဟုတ်ပါဘူး"

www.burmeseclassic.com



"ဟဲ့ ... ယောက်ျားဖြစ်ပြီး အလှပြင်ဆိုင်ဖွင့်ရင် ခြောက်နေလို့ပဲပေါ့"

"သားလိုပဲ ဆံပင်ညှပ်ဆိုင်ဖွင့်ပြီး နာမည်ကြီးနေတဲ့ယောက်ျားစစ်စစ်တွေ ရှိပါတယ် အမေရဲ့"

"သူတို့က ယောက်ျားဆံပင်ပဲ ညှပ်တာ မဟုတ်လား"

"မဟုတ်ပါဘူး၊ မိန်းကလေး ယောက်ျားလေး ဆံပင်အကုန်ညှပ်ပေးပါတယ်၊ အဲဒီလူတွေ မခြောက်ပါဘူး"

"ဒါဖြင့် မင်းက ဘာကြောင့် ထိပ်ထိပ်ဖြူးတီးစလွန်းလို့ ဆိုင်းဘုတ်တင်လဲ"

"ဒါကတော့ ဆံပင်ညှပ် အလှပြင်လောက ဝင်ချင်ရင် နည်းနည်းများ ခြောက်နေသလား ထင်ရအောင် ဟန်ဆောင်တာပါ။ မိန်းကလေးတွေစိတ်ကတစ်မျိုး ယောက်ျားစစ်စစ်က ဆံပင်ညှပ်ရင် ဘယ်လောက်ပဲ တော်နေနေ၊ သူညှပ်တာ မတော်ဘူး၊ မလှဘူး ထင်ကြတာလေ။ ဒီလူ နည်းနည်းခြောက်နေတယ်ထင်မှ ဆံပင်ညှပ်ရင် ပိုတော်မယ်ထင်တာ"

"တွေ့လား ... မင်း ပြောပုံကိုက ရှေ့နဲ့နောက် မညီဘူး ဆံပင်ညှပ်ဆိုင် လောကမှာ ယောက်ျားစစ်စစ်တွေလည်း ဆိုင်ဖွင့်တာ ရှိပါတယ် ပြောလိုပြော၊ အခုကျ တစ်မျိုး





ပြောပြန်ပြီ၊ နည်းနည်းခြောက်နေဟန်ဆောင်မှတွေ ဘာတွေ ပြောပြန်ပြီ။ ငါတော့ တကယ် စိတ်ကုန်တယ်"

ဒီလိုနဲ့ပဲ အမေ နောက်ဆုံးတော့ ငွေထုတ်ပေးလိုက်ရတာပင်။ ဆိုင်ဖွင့်ဖို့ကို ခြံကလေး ဝင်းကလေးရှိသော နေရာကို ရွေးချယ်ချင်သည်။ လှိုးချင်းတိုက်အိမ်လေးမှာ ဖွင့်ချင်သည်။ ခေတ်ပေါ် အလှပြင်ဆိုင်လုပ်ငန်းတွေမှာ ရှိသမျှ ကိုယ့်ဆိုင်မှာလည်း ရှိအောင်လုပ်ချင်သည်။ ထိုသို့ လောဘကြီးပြီး ဆိုင်ကို အကောင်းဆုံးဖြစ်အောင်သ,၍ ပြင်ဆင်ပြီးမှ ဖွင့်ခဲ့သောဆိုင်သည် တစ်နှစ်ကျော်အကြာမှာ အောင်မြင်ပြီး လူသိများလာတာ ခံရသည်။ အခု ဆိုင်ဖွင့်ပြီး ဒီလောကထဲဝင်တာ လေးနှစ်ရှိတော့မည်။ ထိပ်ထိပ်ရဲ့ဆိုင်ဆိုလျှင် Celebrity (ဆီလီဘရီတီ)အထက်တန်းလွှာအထိ ရေပန်းစား လူကြိုက်များရသော ဆိုင်တစ်ဆိုင်စာရင်းဝင်လာခဲ့လေပြီ။

အမေ့ဆီကယူပြီး အရင်းအနှီးလုပ်ကာ ဆိုင်ထောင်ခဲ့သော ငွေကြေးပမာဏပင် အရင်းကျေပြီး အမြတ်အစွန်းများလည်း ရှိလာပြီမို့ ထိပ်ထိပ်သည် နောက်တစ်မျိုး ချဲ့ချင်လာသည်။ ဆိုင်နဲ့တွဲရက်မှာ ကော်ဖီနဲ့မုန့်ဆိုင်လေး တွဲဖွင့်ထားသလို ဆိုင်အရှင်း အပျင်းပြေစျေးဝယ်လို့ရသော မီနီမာ့ထ်လေးပါ တွဲဖွင့်ချင်နေသဖြင့် အစပျိုးဖို့ စီစဉ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲ အစတည်းက သတ္တိရှိရှိနဲ့ ငါယောကျ်ားစစ်စစ်ပဲ။ မိန်းကလေး ယောကျ်ားလေး ညှပ်လို့ရတဲ့ ဆံပင်ညှပ်ဆိုင်ဖွင့်တယ်ဆိုတဲ့ သတ္တိနဲ့ ဝင်ခဲ့ရဲရမှာ။

တကယ်တော့ စတင်ခဲ့တဲ့ အရင်းအနှီးက များတာမို့ မရှုံးချင်တာနဲ့ သူ့ကိုယ်သူ ယောကျ်ားစစ်စစ်ကနေ ခြောက်သလိုလိုဘာလိုလို အထင်ခံရစေတဲ့နည်းနဲ့ စ,လိုက်မိတာမို့ အခုတော့ ဒီ အဖြစ်ကို အီလည်လည်နဲ့ လက်ခံနေရသည်။

အမေကတော့ သူ့မိတ်ဆွေတွေကို ကြုံရင်ကြုံသလိုပဲ ...

"ကျွန်မသားလေးက မိန်းကလေးဆံပင်ညှပ်ဆိုင် ဖွင့်ထားပေမဲ့ ယောကျ်ားစစ်စစ်ပါ၊ ဒါကြောင့် သားကို အိမ်ထောင်ချပေးဖို့တောင် စဉ်းစားနေရတယ်။ တော်တာ သင့်တာလေးတွေ့ရင် စပ်ဟပ်ပေးပါဦး"

တွေ ဘာတွေ ပြောပြီး ထိပ်ထိပ် အခြောက်မဟုတ်ကြောင်း သက်သေပြဖို့ ကြိုးစားချင်နေသည်။ ထိပ်ထိပ်ကတော့ လက်မခံချင်။

"အခြောက်မဟုတ်ဘူး အထင်မခံရအောင်ပဲ မိန်းမတစ်ယောက် ကောက်ယူပြရမှာလား အမေရာ။ အဓိပ္ပာယ်မရှိပါဘူး။ တကယ်လည်း ချစ်တာမဟုတ်ဘဲ ယူရတဲ့မိန်းမမျိုးကို မယူချင်ဘူး"





ထိုသို့ ထိပ်ထိပ်က ငြင်းတော့ ...

"ဒါဖြင့် ကိုယ့်ဟာကိုယ် ရှာလေ။ အသက်ဖြင့် နှစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးနေပြီ။ ဒါဟာ ယောကျ်ားတစ်ယောက်အတွက်ဆို အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ။ သိပ်နောက်ကျမှ အိမ်ထောင်ပြုရင် ကလေးရတော့လည်း ကလေးက ကိုယ်နဲ့အသက်သိပ်ကွာနေတော့ ကလေးအသက်နှစ်ဆယ်ဆိုရင်ပဲ ကိုယ်က လူအိုကြီးဖြစ်နေတာ မကောင်းဘူးလို့ ထင်တယ်"

ဟု အမေက သူ့အစား တွေးတောပူပင်ကာ အခုအောက်ပိုင်း အမေ နေ့စဉ်ပြောသောခေါင်းစဉ်မှာ ထိပ်ထိပ် မိန်းမအမြန်ယူရေးဟူသော ခေါင်းစဉ်ပဲ ဖြစ်လို့နေလေသည်။

ထိပ်ထိပ်ကလည်း ထိပ်ထိပ်ပင်။ ကိုယ်လုပ်သောအလုပ်က ဒီလောက် မိန်းကလေးတွေနဲ့ ထိတွေ့ပတ်သက်နေရတဲ့ အလုပ်လည်းဖြစ်ရက်၊ မိန်းမချော မိန်းမလှ ဆိုတာ နေ့စဉ်ပါး ဆုံနေရတဲ့ အလုပ်ဖြစ်ရက်နဲ့ ဒီအသက်အရွယ်ထိ ဘယ်မိန်းကလေး အပေါ်မှာမှ စိတ်,လှုပ်ရှားမိတာမျိုး၊ သဘောကျချစ်ကြိုက်မိတာမျိုး မဖြစ်ခဲ့ပါ။

တစ်ခါတလေကျ သူ့ကိုယ်သူ ...

"ငါ တကယ်ပဲ အခြောက်စိတ် ဝင်နေလို့များလား"

ဟု သံသယဖြစ်မိတဲ့ အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို မြင်လိုက်လျှင် သူ့မျက်နှာနဲ့ အလိုက်ဖက်ဆုံး၊ အလှဆုံး ဖြစ်စေမဲ့ ဆံပင်ပုံစံကိုသာ အရင်ဆုံး စဉ်းစားမိသည်ဖြစ်ရာ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားသည် ဆိုသော အကြောင်းအရာဟာ ဘယ်လိုမျိုးပါလိမ့်ဟု လိုက်မေးရမလို ဖြစ်နေသည်။

ထိပ်ထိပ်သည် မိတ်ကပ်ပရိုမိုးရှင်းပွဲက ပြန်သော အခါ သတိတရဖြင့် ပန်းပုရှိနေမည်ဖြစ်သည့်အထပ်သို့ တက်လာမိပြီး ဆိုင်ရှေ့က တစ်ခေါက်ဖြတ်ကြည့်လေသည်။ ဆိုင်ထဲမှာ စားပွဲကုလားထိုင်တို့ဖြင့် အကျအနထိုင်နေသော ပန်းပုကတော့ ထိပ်ထိပ် ဖြတ်သွားတာမမြင်လိုက်ဘဲ ဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီး ဖတ်လို့နေလေသည်။ အင်း... ဘာတွေများ သတင်းထူးလို့ထဲ ဒေါ်မန်းပုရယ်ဟု ထိပ်ထိပ် စိတ်ထဲမှာ ရေရွတ်လျက် ပလာဇာမှ ပြန်ဖို့ အောက်မြန်ဆင်းလာခဲ့သည်။

*❤*





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## ၆

"မဂျိုးမြတ်က အဲဒီ ကိုဝသန်မိုးကို ဘာလို့ ပြန်မကြိုက်တာလဲဟင်"

ပန်းပုသည် ဆိုင်ထဲမှ ထွက်သွားပြီဖြစ်သော ကိုဝသန်မိုး၏ နောက်ကျောကိုကြည့်ရင်း မမေးရဲပေမဲ့ သိချင်လွန်းပြီး မေးမိလေသည်။ ပန်းပု တွေ့သလောက်ကတော့ ကိုဝသန်မိုးဟာ မဂျိုးမြတ်နဲ့ လိုက်ဖက်သည်ဟု ထင်မိတာမို့ပါ။

"ငါ့အသက် အခုမှ နှစ်ဆယ့်နှစ် ပြည့်ပြီးခါစပဲ ရှိသေးတယ်။ အပျိုဘဝနဲ့ နေရမဲ့အချိန်ကို အများကြီး ဖြတ်သန်းရဦးမယ်လေ။ ငါက အသက်သုံးဆယ်ရောက်မှ အိမ်ထောင်ပြုမယ်လို့ စိတ်ကူးထားတော့ ငါ့အတွက် အချိန်အများကြီးကျန်သေးတယ်၊ ဒီတော့ ဒီအချိန်ကာလအတွင်းမှာ သူ့ထက်





သာတာလည်း ထပ်တွေ့ရင် တွေ့နိုင်သေးတယ်ထင်လို့ သူ့ကို လက်မခံသေးတာ"

မဂျိုးမြတ်က အဲဒီလို ဈေးတွက်,တွက်သလားလို့ အံ့ဩသွားပါသည်။ ချစ်နိုင်တာ၊ မချစ်နိုင်တာကို မစဉ်းစားဘဲ သူ့ထက် အရည်အချင်းသာတာကိုသာ စဉ်းစားသော မဂျိုးမြတ်၏ ခံစားချက်အား ပန်းပု မဝေဖန်တတ်ပါ။ ဘာကြောင့်လဲဆိုတော့ အသက်ဆယ့်ခုနစ်နှစ် ပြည့်ပြီးခါစ အသက်ဆယ့်ရှစ်နှစ်တောင် မပြည့်သေးသော ပန်းပု ထံတွင် ချစ်တယ်,ဆိုတာ ဘာလဲလို့ အားရလောက်အောင်ပင် "အချစ်"အကြောင်းကို မသိနိုင်သေး၍ ဖြစ်ပါသည်။

"သူ လက်ဆောင်ပေးထားတဲ့ အင်္ကျီကို ပုကို ပေးလိုက်တာ ကျေတော့ရော"

"သူ့အင်္ကျီကို လက်ခံပြီး ဝတ်ပြနေရင် သူ့ကိုလက်ခံချင်လို့ အထာပေးတယ် ထင်မှာစိုးလို့ ငါ လုံးဝမဝတ်ရသေးဘဲ နင့်ကို ပေးလိုက်တာပေါ့ အပုရယ်။ နင်လည်းမှတ်ထား၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားနဲ့၊ အပျိုဘဝနဲ့ ကြာကြာသာနေ။ ဒီ့ထက် ဒီ့ထက်သာတဲ့လူ ရှာယူ။ အခိက,က လှနေဖို့ပဲ၊ ကိုယ့်ကိုယ်ကိုယ် လှအောင်ပြင်ဆင်ထားပြီး ထိန်းထားနိုင်ရင် ဘယ်သူ့ကို

www.burmeseclassic.com



မဆို ခေါင်းခေါက်ယူလို့ ရတယ်။ ကိုယ့်ကို လိုချင်သူတွေက ဝိုင်းဝိုင်းလည်နေမယ်"

မဂျီးမြတ်၏ ထုံးစံအတိုင်း အလှအပပြင်ဖို့၊ လှအောင်နေဖို့တွေသာ ပန်းပုကိုဆက်ပြီး ဆုံးမလျက် ...

"ဒီညနေ ထိပ်ထိပ်ဆီမှာ ဆံပင်သွားညှပ်ဖို့ ငါ ဖုန်းဆက်ထားပြီးပြီနော်၊ သွားလိုက်ဦး"

ဟု သတိရပြီး ထပ်မှာနေသည်။

"ဒီတစ်ခါ ကြာဦးမှာလား မသိဘူး"

"မကြာတော့ပါဘူးလို့ ထိပ်ထိပ်က ပြောတယ်၊ ဆံပင်က ပုံစံကျနေပြီလေ၊ အတိုအရှည်ညီအောင် ထပ်တိရုံပါပဲ။ ဒီ့ထက်ရှည်လာရင် ပုံပြန်ပျက်သွားမှာတဲ့။ တစ်လခွဲတစ်ခါလာညှပ်တာ ကောင်းတယ်တဲ့၊ သွားညှပ်ရင်း တစ်ခါတည်း လက်သည်းခြေသည်းပါ ပြင်ခဲ့ဦး"

"ဒီမှာကြည့်ပါ မဂျီးမြတ်ရဲ့။ ပုလက်သည်းတွေ လှပါသေးတယ်"

ပန်းပုက ပိုက်ဆံကုန်မှာစိုးကာ လက်ချောင်းတွေကို မဂျီးမြတ်ရှေ့ ဖြန့်ပြပြီး ဈေးဆစ်မိလေသည်။

"မလှတော့ဘူး ပြင်ရမယ်။ နင်က လက်သည်းညှပ်တံကြီးနဲ့ တဂျွမ်းဂျွမ်း ညှပ်ပစ်တာကိုး။ ငါပြောထားသားပဲ အပျင်





မထူနဲ့။ စိတ်ရှည်လည်ရှည်၊ တံစဉ်းလေးနဲ့ပဲ အသာလေး ဆွဲပြီးတိုက်ရင် ရတာပဲ။ ဒါဆို ဆိုင်သွားပြင်စရာတောင် မလိုဘူး။ တံစဉ်းနဲ့တိုက်ရင်လည်း ရှေ့သွားနောက်ပြန် ကြီးမတိုက်ဘဲ တစ်ချက်ချင်း အသာလေး ဆွဲတိုက်ရုံပဲ။ direction (ဒါရိုက်ရှင်း)တစ်ခုတည်းကိုယူပြီး တိုက်ရုံပဲ။ ပြီးရင် ကိုယ့်ဘာသာ အရောင်ကြည်လေး ဆိုးထားပေါ့၊ ဒါဆို လက်သည်းခြေသည်းလေးတွေက သူ့ဘာသာလှနေရော။ ပိုက်ဆံလည်းမကုန်တော့ဘူးပေါ့။ လက်ဆိုလည်း လက်လိမ်းတဲ့ခရင်(မ) ခြေဖဝါးဆိုလည်း ခြေဖဝါးလိမ်းတဲ့ခရင်(မ) လိမ်းထားရင် လှနေတာပေါ့။ နင်ကမှာထားတဲ့အတိုင်းတော့ မလုပ်ဘဲ ဆိုင်သွားပြင်ရတော့လည်း ပိုက်ဆံနမြောတာက သေလုမြောပါး ဖြစ်နေပြီ"

မဂျီးမြတ်က သူ့အကျင့်လိုဖြစ်နေသော ဆက်တိုက်ဆိုလို မနားတမ်း ဆူပူသင်ကြားနေပြန်လျှင် ပန်းပု ငြိမ်နေပြန်သည်။

ဒီကြားထဲ အမေ ရန်ကုန်တစ်ခေါက်လာတော့ ပန်းပုက လူလစ်တုန်း မဂျီးမြတ် အတင်းပြောမိတုန်းက ...

"မြတ်မြတ် ပြောတာတွေ စဉ်းစားကြည့်တော့လည်း ဟုတ်သားပဲ အပုရဲ့။ သမီးက မိန်းကလေးဖြစ်ပြီး ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လှချင်ပချင်စိတ်လည်း သိပ်မရှိဘူး။ လှအောင်လည်း မနေဘူးဆိုတော့ ပြင်စရာတွေက အများကြီးဖြစ်နေတာပေါ့၊ ကိုယ်က သူများလို အသားဖြူဉပြီးသား မဟုတ်တဲ့ သူဆိုတော့ သူများထက် နှစ်ဆပိုပြီး သပ်သပ်ရပ်ရပ်နဲ့ ကြည့်ကောင်းအောင် နေနိုင်မှလေ။ မြတ်မြတ်က စေတနာနဲ့ ပြုပြင်ပေးတာပါ။ သူ့စကား နားထောင်ရမှာပေါ့"

ဟူ၍ အမေကပင် မဂျီးမြတ် လုပ်တာ မှန်သည်ဟု ထောက်ခံသလို ပြန်ဆုံးမတာလည်း ခံခဲ့ရသည်။

"အမေနဲ့မတူဘဲ အဖေနဲ့တူပြီး မည်းတာတော့ ဘယ်လိုလုပ်မလဲ။ အသားမည်းတာနဲ့ပဲ အလှပိုပြင်ရတာတော့ တရားမမျှတဘူး"

ပန်းပုသည် မကျေမနပ်ဖြစ်ပြီး စောဒကတော့ တက်လိုက်မိသေးလေသည်။

"ဟဲ့ ... ဘယ်လိုမိန်းကလေးလဲ၊ ကိုယ်လှဖို့ ပြောတာပဲ မလိုက်နာချင်ရတယ် ရှိသေးတယ်၊ အမှန်တော့ အမေလည်း စီးပွားရေးလုပ်ငန်းတွေကြောင့် မအားတာနဲ့ သမီးကိုအနီးကပ်မစောင့်ရှောက်နိုင်တော့ သမီးဟာ ခေါ်ကြီး ခေါ်လေးတွေရဲ့ အယူအဆ၊ အတွေးအခေါ်တွေ စိမ့်ဝင်ပြီး သူတို့ပုံစံအတိုင်း ဝင်သွားတာလို့ အမေ ရိပ်မိလာပြီ။ သူတို့သွန်





သင်ဆုံးမပြီး ဗိုင်းကောင်းကျောက်ဖိပုံစံ သွင်းထားတာတော့ သဘောကျပါတယ်၊ ဒါပေမဲ့ သူ့ခေတ် သူ့အခါနဲ့ လူတော်သူတော်တိုးအောင် သင့်တင့်မျှတစွာ ပြင်ဆင်နေထိုင်ဖို့ လိုတဲ့အခါကျတော့ သူတို့ရဲ့ခေတ်နောက်ကျတဲ့ အယူအဆတွေကို အကုန်လိုက်နာလို့ မရတော့ဘူး အပုရဲ့"

ပန်းပုမှာ အမေဖြစ်သူ ကိုယ်တိုင်ကပင် ကိုယ့်ဘက်မပါဘဲ မဂျီးမြတ် လုပ်ပေးတာ ကောင်းတယ် လုပ်သင့်တယ်ဟု ထောက်ခံလာသောအခါ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နေ့စဉ် အလှအပပြင်ဖို့ စတိုင်လ်ကျကျလေး ဝတ်စားဖို့ကို အာရုံစိုက်နေရပါသည်။

ထိပ်ထိပ်ကလည်း မကောင်း။ မဂျီးမြတ်က ဆံပင်ညှပ်ဖို့ ရက်ချိန်းသွားယူတုန်းက ပန်းပု အသားအရေ မွဲခြောက်ကြောင်း၊ မစိုပြည်ကြောင်း တိုင်တောလိုက်ပုံရသည်။ မဂျီးမြတ်မှာ ပန်းပု ကျောင်းက ပြန်လာလာချင်းပဲ ...

"ကဲ ... ကဲ ... နင် အဝတ်အစားမလဲနဲ့ဦး၊ နင့်ကို အသားလှဆီတွေ အသားလှအောင်လိမ်းတဲ့ ခရင်(မ)တွေ လိုက်ဝယ်ပေးမှ ဖြစ်တော့မယ်။ ထိပ်ထိပ်က ပြောလိုက်တယ် ဟိုတလောက ဆုံတယ်တဲ့။ ပန်းပုက လှလေးတော့ ပြင်ဆင်တတ်လာပါရဲ့တဲ့။ သူ့အသားအရေက မလှတော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သင့်သလောက် မဖြစ်လာဘူးတဲ့။ ငါ့ညီမဝမ်းကွဲဖြစ်ပြီး အဝေဖန်ခံရတာ ရှက်ဖို့ကောင်းတယ်၊ ငါ ဝယ်ခိုင်းတာ တွေဝယ်ပြီး မှန်မှန်လိမ်းမှ ဖြစ်မယ်၊ ဟုတ်ပါရဲ့။ နင့် အသားအရေက မွဲခြောက်ခြောက်နဲ့"

ဟု ဆီးရှုဆူပူကာ ပန်းပုကို လက်ဆွဲပြီး တကယ့် နာမည်ကြီး Brand တွေထဲက နေ့လိမ်း ညလိမ်း ခရင်(မ)တွေ၊ လိုရှင်းတွေ၊ တစ်ပုံကြီး ဝယ်ခိုင်းလေရာ ပိုက်ဆံနမြောလှသော ပန်းပုမှာ တစ်ထပ်ကြီးကို တုန်ယင်စွာ ထုတ်ပေးလိုက်ရပါသေး သည်။

တကယ်ပါ ပြောရင် ယုံကြပါ့မလား မသိ။ ပန်းပု လုံးဝမပြင်ချင်ပါ။ လှလည်း မလှချင်ပါ။ ပြင်ရဆင်ရ၊ ဝတ်ရ စားရ၊ ဟန်လုပ်ရတာကို တစ်ခဏတော့ လူကြည့်ခံရသဖြင့် စိတ်ထဲ သာယာမိခဲ့သေးမဲ့ ကြာလာတော့ ဒါကိုရိုးပြီးပျင်းလာသည်။ ပြင်ဆင်ဖို့၊ အသားလှအောင် ခရင်(မ)တွေ ဂရုတစိုက်လိမ်းဖို့ကို စိတ်မရှည်။ စိတ်လည်းမပါ။ အချိန်ပေးပြီး သတိတရ လိမ်းရတာ ကိုက ပျင်းစရာ။

အပြင်သွားစရာရှိလျှင် အိမ်မှာလိမ်းလက်စ သနပ် ခါးဘဲကျားနဲ့ပဲ ကောက်ထွက်သွားလိုက်ချင်သည်။ မဂျီးမြတ်နဲ့ ကတော့ မရ။





"ဟာ ... သနပ်ခါးဘဲကျားကြီးနဲ့ လုပ်လာလို့ရမလား။ သွား ... မျက်နှာသွားသစ်၊ သွားပြင်လာ။ သနပ်ခါးကို မလူးနဲ့ မပြောပါဘူး။ ပါးပါးလေးနဲ့ လှအောင်လူးပါလား၊ ကြော်ငြာထဲမှာ မင်းသမီးတွေ လူးပြသလို လူးပါလား"

မျက်နှာကို ဖျက်ပစ်ပြီး သူ့သင်ပေးထားသည့် အတိုင်း ပါးပါးပြေပြေ လိမ်းရတာ တစ်ဒုက္ခ။

သူ့ဆီကယူထားသော အင်္ကျီတွေ ကုန်သလောက် ...တ်ပြီးတော့ အတင်း ကိုယ်တိုင်လိုက်ဝယ်ပေးသဖြင့် (ပိုက်ဆံ ...တော့ ပန်းပုပိုက်ဆံပါ) အင်္ကျီအဝတ်အစားတွေ တစ်ထပ်ကြီး ...ယ်လိုက်ရသောကြောင့် ပိုက်ဆံတွေ ကုန်ရတာ တစ်ဒုက္ခ။

အိမ်မှာနေရင်လည်း နေ့ဆိုလည်းနေ့ဘက်မို့ ခရင်(မ) ...း၊ ညဘက်ကျ မျက်နှာဆေးဆပ်ပြာ အကောင်းစားနဲ့ ...က်နှာသစ်ပြီး ညဘက်မျက်နှာလိမ်းခရင်(မ)ရော၊ လိုရှင်းရော ...ရတာကလည်း တစ်ဒုက္ခ။

မနက်ထရင်လည်း မဂျီးမြတ် လုပ်တဲ့အတိုင်း ...mill (ထရက်(တ်)မေးလ်)ဟု ခေါ်သော အပြေးကျင့်ရသည့် ...ကြီးပေါ်တက်ပြီး နာရီဝက်လောက် ပြေးခိုင်းသဖြင့် ပန်းပုမှာ ...က်မတတ်၊ ပြေးရတာလည်း တစ်ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာ ဝ,သည်ဖြစ်စေ၊ ပိန်သည်ဖြစ်စေ နေ့တိုင်း လေ့ကျင့်ခန်းတစ်မျိုးတော့ လုပ်သင့်တယ်။ ဒါမှ အောက်ဆီဂျင်ကို များများရှူသွင်းဖြစ်တဲ့အတွက် အသား အရေကာ စိုပြည်မယ်"

ဟုလည်း ပန်းပု မပြေးဘဲ ရေသာခိုမှာစိုး၍ သူ့ကိုယ်တိုင် လာထိုင်စောင့်ပြီး ပြောပြတတ်သေးလေသည်။

အခုလည်း သတိတရပင် ပန်းပု ဆံပင်ညှပ်ဖို့ ထိပ်ထိပ်ဆီမှာ ဖုန်းနဲ့ ရက်ချိန်းယူထားပေးလေရာ ပန်းပုမှာ ညနေကျတော့ ထိပ်ထိပ်ဆိုင်ကို ထွက်လာရသည်။

မကျီးမြတ်က လိုက်မပို့အားသဖြင့် ကြီးကြီး အိမ်ကဒရိုင်ဘာမောင်းသောကားနှင့် သွားစေပါသည်။ ကြီးကြီး တို့အိမ်မှာ ကားကသုံးစီးရှိပါသည်။ မကျီးမြတ်က တစ်စီး၊ ဘဘ တစ်စီး ယူပြီး နေ့စဉ် အပြင်ထွက်ကြသဖြင့် အိမ်မှာ ကြီးကြီး ဒေါ်ရွှေစင် သုံးဖို့ တစ်ကားသာ ထားပါသည်။ ဒရိုင်ဘာလည်း ရှိပါသည်။ ကြီးကြီးက ကားမမောင်းတတ်လို့တော့ မဟုတ် ငယ်စဉ်ကတော့ ကားကိုယ်တိုင်မောင်းပေမဲ့ အသက်ကြီးလာ အခါ သွေးတိုး၊ ဆီးချို၊ နှလုံးတို့ ဒုက္ခပေးသဖြင့် ကားမမောင်း တော့ဘဲ ဒရိုင်ဘာမောင်းသောကားကို စိတ်သက်သာအေးဆေး စီးဖို့ ဆုံးဖြတ်တာဖြစ်သည်။ ကြီးကြီးက သူသုံးသောကား ဒရိုင်ဘာပါ ထည့်ပေးပြီး ...





"ကြီးကြီး ဘယ်မှသွားစရာ မရှိဘူး အပုရေ၊ သမီး စိတ်ချလက်ချသာ ယူသွား ဆံပင်ညှပ်ရုံပဲဆိုတော့ တစ်နာရီ အလွန်ဆုံး ကြာမှာပဲ။ ဦးဖေ ထိုင်စောင့်ပြီး ပြန်ခေါ်လာ ပေးလိမ့်မယ်၊ ဟုတ်ပြီလား"

ဟု မှာလိုက်သဖြင့် ပန်းပုကို ဆိုင်ပို့ပြီးပေမဲ့ ဒရိုင်ဘာကြီး ဦးဖေက ပြန်မသွားဘဲ ဆိုင်ခြံဝင်း ကားပါကင်မှာသာ ကားရပ်ပြီး စောင့်ပေးလေသည်။

ပန်းပု ဝင်သွားသောအခါ ထိပ်ထိပ်က အခုမှ မိန်းကလေးတစ်ယောက် ဆံပင်ကို ညှပ်ပေးပြီးခါစမို့ သူ့အင်္ကျီရှေ့ ကာသော Apron (အေပရွန်)ကို ဖြုတ်လဲနေရုံ ရှိသေးသည်။ ဒီဆိုင်မှာ ဝန်ထမ်းတွေက သူတို့အင်္ကျီအဝတ်အစားရှေ့မှာ Apron တော့ ကိုယ်စီဝတ်ကြလျက် ဆံပင်ညှပ်သူ၊ ခေါင်းလျှော်ပေးရသူ ဝန်ထမ်းဆိုလျှင် Apron ကို သုံးဦးလောက်ပြီးတာနဲ့ တစ်ခါလဲ သုံးကြသည်။ နောက်ထပ် အသစ် Apron တွေကလည်း ခေါက်လျက်သား အစီအရီလေးတွေ သူ့အကန့်နဲ့သူ ထားထား သည်။ Apron မှာ မိုးကာသားလို အသားမျိုး နက်ပြာရောင်ဖြစ် ပြီး ရင်ဘတ်မှာတော့ ထိပ်ထိပ်ဖြူ့တီးဆလွန်း ဆိုသော စာလုံး ကို ရိုက်နှိပ်ထားလေသည်။

"ဟော ... ပန်းပု လာပြီပဲ၊ ခဏလောက် ထိုင်စောင့်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ခဏလေး မကြာပါဘူး။ ထိပ်ထိပ် နေ့လယ်စာလည်း ထမင်းသေသေချာချာ မစားလိုက်ရဘဲ မုန့်နဲ့လက်ဖက်ရည်ပဲ ပြီးလိုက်ရတော့ ဗိုက်အောင့်လာတာမို့ပါ။ တစ်ခုခု ပါးစပ်ထဲ မြန်မြန်ထည့်မှ ဖြစ်တော့မယ်လေ"

ထိုသို့ကြားလိုက်ရတော့ ပန်းပု ထိပ်ထိပ်ကို သနား မိသွားသည်။

"ရပါတယ်၊ ပန်းပု အလျင်မလိုပါဘူး၊ ထိပ်ထိပ် ထမင်းပါစားရင် စားလိုက်။ ပန်းပု စောင့်လို့ရပါတယ်"

"ဩော် ... ဒီလိုလည်း ဘယ်ဟုတ်မလဲ။ ပန်းပု စောင့်ရတာ ကြာသွားရင် ပန်းပုနောက်မှာ ထပ်ချိန်းထားတဲ့သူ ရောက်လာလိမ့်မယ်၊ ရပါတယ် ... နည်းနည်းစားလိုက်ရင် ရတယ်"

ထိပ်ထိပ် တစ်ယောက် သူ ခဏဝင်နားလေ့ရှိတဲ့ ဗိုတိုဂရေးမှန်တံခါးတပ်ထားသော အခန်းထဲ ခပ်သုတ်သုတ်ဝင်သွားပါသည်။ ပန်းပုလည်း မဂ္ဂဇင်းတစ်အုပ် လှန်လှောဖတ်ရင်း စောင့်နေရာ ငါးမိနစ်ပင်မကြာ။ ထိပ်ထိပ် ပြုံးရွှင်တက်ကြွသော မျက်နှာနှင့် ပြန်ထွက်လာသည်။

"ကဲ ... ပန်းပု လာတော့"





ပန်းပု ဆံပင်ညှပ်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"အုန်းဆီဂျပ်ခဲကြီး မဖြစ်တော့ပါလား"

"မဂျီးမြတ်က ယူပြီးလွှင့်ပစ်လိုက်ပြီလေ ထိပ်ထိပ်ရဲ့"

"ဩော် ... ဖြစ်ရလေ။ ထိပ်ထိပ်က အုန်းဆီမထည့်နဲ့ မပြောပါဘူး။ ထည့်လို့ရပါတယ်၊ အများကြီး ခဲ၍နေအောင် မထည့်ဖို့ ပြောတာပါ၊ အုန်းဆီမထည့်ရဘူးဆိုလို့ ငါတို့ကို မြန်မာ့ရိုးရာထိန်းသိမ်းတဲ့သူတွေက အပြစ်ပြောနေပါဦးမယ်၊ မြန်မာလူမျိုးတွေ တစ်သက်လုံး ထည့်လာတဲ့ အုန်းဆီကို ငါ့အလှည့်ကျမှ ပစ်ပယ်တယ် ထင်ပါဦးမယ်"

"ဆံပင်တွေ နက်ပြီးမပွနေအောင် ဘာထည့်ရမလဲ"

"နိုင်ငံခြားကလာတဲ့ ဆံပင်ထည့်တဲ့ အဆီဘူးလေးတွေ ရှိတယ်၊ ဈေးတော့ ကြီးတယ် ပန်းပုရဲ့။ ဈေးသက်သာတာ ဆိုရင်တော့ ဗီတာမင်–အီး ဆေးတောင့်လေးတွေ ရှိတယ်။ ဦးရည်မှာထည့်ပြီး ခေါင်းဖြီးလိုက်ရင် ဆံပင်မပွတော့ဘူး"

"ဈေးသက်သာတဲ့ ဗီတာမင်အီးတောင့်ပဲ သုံးတော့မယ်"

ထိပ်ထိပ်က ပန်းပု ကပ်စေးနဲ့မှန်း သိထားသူမို့ ပြုံးနေပါသည်။ ထိပ်ထိပ် လက်ချောင်းတွေက ကကြိုးတစ်ခုကို ကနေသလိုပဲ ဆံပင်တွေကိုယူလိုက်၊ ညှပ်လိုက် လုပ်နေသည်မှာ ကြည့်ကောင်းပြီး သွက်နေသည်။

"ထိပ်ထိပ် ဒီနေ့ တစ်နေကုန် မအားဘူးလားဟင်"

www.burmeseclassic.com



"မအားဘူး၊ ဒီနေ့ မနက်ဆိုင်စဖွင့်ကတည်းက မင်းသမီးတစ်ယောက် ဆံပင်လာဆက်လို့ ထိပ်ထိပ် ကိုယ်တိုင်လုပ်ပေးမှ ပြောတာနဲ့ ထိပ်ထိပ် တစ်ချိန်လုံး အနားမှာရပ်ပြီး လုပ်ပေးနေရတယ်။ သူပြီးသွားတော့ မော်ဒယ်လ်ဂဲလ်တစ်ယောက် ဆံပင်ပုံအသစ် လာညှပ်တော့ ထိပ်ထိပ်ပဲပေါ့။ အဲဒီကနေ တောက်လျှောက်ညှပ်လာတာ ဗိုက်ဆာလို့ ထမင်းစားမယ်လုပ်တော့ တစ်နာရီခွဲနေပြီ၊ ဒါနဲ့ မြန်မြန်ပဲ ဆင်းဒဝစ်(ရှ်)တစ်ခုနဲ့ လက်ဖက်ရည်နဲ့ မျှောချလိုက်ရတယ် ညစာတော့ အိမ်ပြန်ရောက်မှ စားတော့မယ်၊ ခုပဲ ငါးနာရီရှိနေပြီ၊ နောက် နှစ်နာရီဆို ဆိုင်ပိတ်ပြီလေ"

"ထိပ်ထိပ် ခုန ဘာသွားစားလိုက်လဲ"

"စီးတီးမာ့ထ်မှာရောင်းတဲ့ သဘာဝနွားနို့ဘူးတွေ သိလား"

ထိပ်ထိပ်က ပြန်မေးခွန်းထုတ်သဖြင့် ပန်းပုက သိတယ်ဟု အရင်ဖြေလိုက်ပါသည်။

"အဲဒီနွားနို့တစ်ဘူးတော့ ဝယ်ပြီး အခန်းထဲက Bar Fridge (ဘားဖရင့်(ချ်))ထဲ ထည့်ထားပါတယ်၊ အဲဒါပဲ ဘူးတစ်ဝက်လောက် မော့သောက်လိုက်တာပေါ့။ သူများတွေက ပြောတယ်လေ၊ နွားနို့ကတော့ အစာအိမ်အတွက်လည်း ကောင်းတယ်။ အစာလည်း ခံနိုင်တယ်ဆိုတော့ ခဏ ပြေးသောက်လိုက်တာပေါ့"





"ထိပ်ထိပ် အိမ်မှာကျ ဘယ်သူက ထမင်းဟင်းချက်လဲ"

ကောင်မလေး ငါ့အကြောင်း စပ်စုနေပြီလို့ ထိပ်ထိပ် ပြုံးလျက် တွေးလိုက်ပါသည်။ သို့သော် ပန်းပုကို စိတ်မကွက်မိပါ။ ပန်းပုကိုဆို အလိုလိုနေရင်း ခင်မိလျက် ရိုးသားပုံရသော ပန်းပု မျက်လုံးလေးတွေကို သဘောကျမိသည်။

တွေ့ခါစက တောပုံထွက်နေသော ပန်းပုသည် ထိပ်ထိပ် လက်ရာ ဆံပင်ပုံနှင့် အလိုက်ကြီးလိုက်လျက် မြတ်မြတ် ချုပ် လက်ရာ ပြုပြင်ပြောင်းလဲထားသော ဝတ်ပုံ၊ စားပုံ၊ ပြင်ဆင်ပုံတို့ကြောင့် ခေတ်မီမီလေး ကြည့်ကောင်းနေသဖြင့် ထိပ်ထိပ်မှာ ကိုယ် ဖန်တီးလိုက်သော ပန်းပုရုပ်လေးတစ်ရုပ်၏ လှပမှုကို ပီတိဖြစ်မိသည်။ အသားအရေလေးက ညိုပြီးခပ်မွဲမွဲ ဖြစ်နေသေး ဘာကလွဲရင် ပန်းပု လှနေပါပြီ။ အသားအရေသာ စိုပြည်ပြီး ဒီထက်လှလာမယ်ဆိုရင် ပန်းပု အနားမှာ ကောင်လေးတွေ ဝိုင်း ကြားမှာ မြင်ယောင်ပါသေးသည်။

"ငါ့မှာ အမေ ရှိတယ်။ အမေ့မှာ စီးပွားရေးလုပ်ငန်းတွေ ရှိပေမဲ့ အိမ်မှာထမင်းဟင်းတော့ ကိုယ်တိုင်ဝင်ချက်နိုင်သေးတယ်။ အိမ်ဖော်တွေ ရှိပေမဲ့ အမေက ခုထိကိုယ်တိုင်ချက်တုန်းပဲ"

"ထိပ်ထိပ်တို့က ဘယ်မှာနေလဲ"

"ဒီဆိုင်နဲ့ သိပ်မဝေးတဲ့ (......)လမ်းမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို ထိပ်ထိပ်တို့က သူဌေးပဲပေါ့၊ အဲဒါ သူဌေးတွေမှ နေနိုင်တဲ့လမ်းလေ"

"အံမယ် ... မြှောက်နေပြန်ပြီ၊ ညည်းတို့ပေးတဲ့ ပိုက်ဆံနဲ့ ရှာစားနေရတာပါဟယ်။ ညည်းတို့လောက် မချမ်းသာပါဘူး"

ထိပ်ထိပ်သည် အမှန်တော့ ယောကျ်ားဆန်ဆန် ပြောရင်ရပေမဲ့ ဆိုင်မှာဆိုရင်တော့ ပြောနေကျ အကျင့်ပါပြီး ခပ်နွဲ့နွဲ့ ပြောမိတာဖြစ်သည်။ ဘာကြောင့်မှန်းမသိ ထိပ်ထိပ်ရဲ့ဖြူ[illegible] သော အသွင်အပြင်၊ လှပသော လက်ချောင်းတွေနှင့် ချော[illegible] သော ရုပ်ရည်ကြောင့် အလိုလိုနေရင်း အခြောက်အထင်ခံထားရ သည်ဖြစ်ရာ သူလည်း ရောလိုက် ငါးလိုက်နေရင်း စကားပြော လျှင်ပင် အကျင့်ပါပြီး နွဲ့နေမိသလို ဖြစ်နေသည်။

"ထိပ်ထိပ်မှာ ရည်းစားရှိလား"

"ဟယ် ... ဒီကောင်မလေး တယ်စပ်စုနေပါလား၊ ဆံပင်ညှပ်ခ ပိုယူမှ ဖြစ်မယ်ထင်တယ်"

ဟု ခြိမ်းခြောက်လိုက်တော့ ပန်းပု ခေါင်းငုံ့ပြီး ပါးစပ်ပိတ်သွားသည်။

ပန်းပု ပိုက်ဆံကို အင်မတန်မှ နှမြောတတ်ကြောင်း သိထားလေရာ ပိုက်ဆံပိုယူမယ် ပြောတာနဲ့ ပါးစပ်ပိတ်သွားလျှင် ထိပ်ထိပ် ရယ်မိသည်။





"ပန်းပုဟာလေ ပိုက်ဆံကုန်မှာ အတော်ကြောက်တဲ့ ကလေးမပဲနော်၊ ပိုက်ဆံပိုယူမယ် ပြောတာနဲ့ ငြိမ်သွားလိုက်တာ"

"အဟင်း ... အဲဒါကြောင့် မဟုတ်ပါဘူး။ ထိပ်ထိပ်ကို အများကြီး စပ်စုလိုက်မိသလို ဖြစ်သွားလို့ အားနာသွားတာပါ"

"ရပါတယ် စိတ်မဆိုးပါဘူး"

"ပန်းပုလည်း ဆံပင်ညှပ်ပညာ သင်ချင်သလိုပဲ၊ သင်တန်းက ဘယ်တော့ဖွင့်တာလဲ"

"အခု ဖွင့်နေတာပဲလေ။ ဒီမှာ သူတို့ဘေးက လာရပ်ကြည့်နေတာ တွေ့လား၊ အဲဒါ သူတို့ကို ပြန်သင်တဲ့သဘောပဲ"

"ပန်းပု လာတက်ချင်ရင် ရလား"

"ရပါတယ်၊ ဒါပေမဲ့ ညည်းအစ်မ ပြန်မေးဦး"

ပန်းပုသည် ဆံပင်ညှပ်ပညာကို စိတ်ဝင်စားလာသဖြင့် သင်ကြည့်ချင်လာသောကြောင့် စကားစ,လိုက်မိတာဖြစ်သည်။ မကျီးမြတ်ကိုပြောရင် မကျီးမြတ်က လက်ခံပါ့မလား မသိ။ သို့သော် ပြောတော့ ပြောကြည့်မည်ဟု စိတ်ကူးထားမိလေသည်။

ဆိုင်ကပြန်တော့ ပန်းပုသည် ထိပ်ထိပ် အကြောင်း ဆွေး တွေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထိပ် ယောက်ျားစစ်စစ် ဖြစ်နေရင် သိပ်ကောင်းမှာပဲလို့"

လို့ မဆီမဆိုင် အတွေးဝင်မိသွားသဖြင့် သူမကိုယ်သူမ အံ့သြပြီး ဇဝေဇဝါ ဖြစ်သွားခဲ့ပါသည်။

* ❤ *





၇

ကြီးကြီးနှင့်အတူ စီးတီးမားထ်မှာ ဈေးဝယ်သောအခါ ပန်းပုက ဈေးဝယ် Trolley (ထရောလီ)ကြီး တွန်းပြီး ကြီးကြီးနောက်မှ အဖော်လိုက်ပေးရပါသည်။ ပန်းပု ရောက်လာပြီး သိပ်မကြာ ကြီးကြီးက အဖော်လိုက်ဖို့ ခေါ်ပေးရင်း ...

"အပုနဲ့သွားရတာ စိတ်ချမ်းသာတယ်ကွယ်၊ အပုက စိတ်ရှည်တယ်။ မြတ်မြတ်က စိတ်မရှည်ဘူး၊ ပစ္စည်းတစ်ခုကို ကြီးကြီးက အကြာကြီး ကြည့်နေရင် အမေ ဘာလုပ်မှာလဲ၊ ဝယ်ရင်လည်း ဝယ်လေ၊ ဘာလို့ အကြာကြီး ကြည့်နေတာလဲနဲ့ နောက်က တဂျီဂျီပြောရော။ ကြီးကြီးက အဲဒီလိုတွေ့တွေ့ချင်း ကောက်ထည့်တာမကြိုက်ဘူး၊ ကိုယ်ဝယ်မဲ့ပစ္စည်းမှာ ဘာပါသလဲ။ ဘယ်က ထုတ်တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



expire (အိပ်စပိုင်ယာ)ဘယ်တော့လဲ၊ အရင်က ဒီဈေးဟာတ်ရဲ့လားနဲ့ သေသေချာချာ စစ်ချင်တာ။ အခုခေတ်က သိတဲ့အတိုင်းပဲ ဆင်တူယိုးမှားတံဆိပ်တွေက သိပ်များတာလေ။ ရုတ်တရက် ကြည့်လိုက်ရင် အတူတူလိုလိုနဲ့ တစ်ခါတလေကျ မဟုတ်ဘူး၊ ထုတ်တဲ့နိုင်ငံချင်း မတူဘူးဖြစ်နေတာ”

ဟူ၍ ရှည်ရှည်ဝေးဝေး ပြောပြလျက် ပန်းပုကို အဖော်လိုက်ပေးဖို့ မကြာခဏ ခေါ်တော့သည်။ ပန်းပုကလည်း မညည်းမညူ လိုက်ပေးနိုင်ပါသည်။ ကိုယ့်ဘာသာတော့ ဈေးဝယ်လျှင် ပိုက်ဆံကုန်မှာ နှမြောလှသဖြင့် လိုအပ်မှသာဝယ်သော ပန်းပုသည် ကြီးကြီး ဈေးဝယ်ရင်တော့ လိုက်ကြည့်ပေး၊ လိုက်အဖော်လုပ်ပေး၊ လိုက်တိုင်ပင်ပေး၊ လိုက်ငေးမောပေးရတာကိုတော့ မိန်းကလေးပီပီ ဝါသနာပါလေသည်။

ကြီးကြီးက သူဝယ်လိုသော ပစ္စည်းတော်တော်များများကို စူပါမားကပ်တွေမှာသာ ဝယ်တတ်ပါသည်။ ဥပမာ ... စိန်ဂေဟာလို၊ Orange (အောရိန်းချ်)လို၊ စီးတီးမားထ်လို ဆိုင်တွေသာ ဝင်လေ့ရှိသည်။

“အဲဒီစူပါမားကပ်တွေက ဈေးပိုတော့တင်ထားမှန်း သိပေမဲ့ ဝယ်ရတာ စိတ်ချမ်းသာတယ်ကွယ်။ ပစ္စည်းလေးတွေက





သူ့လိုင်းနဲ့သူ၊ သူ့အတန်းနဲ့သူ သေသေသေချာချာ တင်ထားတော့ ရှာရတာလည်း လွယ်တယ်၊ မင်္ဂလာဈေးတို့၊ ယုဇနပလာဇာတို့ကျတော့ လူတွေက ရှုပ်ထွေးပြီး တွန်းတိုက်နေတော့ စိတ်ညစ်တယ်”

ကြီးကြီးက အိမ်သုံးစားသုံးကုန်ပစ္စည်းတွေ ဝယ်ရတာ ဝါသနာပါသလို မဂျီးမြတ်ကျတော့ ...

“အင်္ကျီဆိုင်၊ လက်ကိုင်အိတ်ဖိနပ်ဆိုင်၊ အလှပြင်ပစ္စည်းအရောင်းဆိုင်တွေပဲ သွားချင်တယ်။ စူပါမားကပ်တွေသွားပြီး ဈေးဝယ်ရတာ ဝါသနာမပါဘူး”

လို့ ပြောပြဖူးပါသည်။

ဘာဘကြောင့် ကြီးတော်,တော်ရပေမဲ့ မိန်းမသားချင်းမို့ ပိုပြီးရင်းနှီးသော ကြီးကြီးက သူဈေးသွားလျှင် ပန်းပုကို ခေါ်ရမှ။

ထို့အတူ မဂျီးမြတ်ကလည်း အရင်ကတော့ သူတစ်ယောက်တည်း အင်္ကျီဆိုင်သွားနေကျဖြစ်ပြီး အခုကျမှ ပန်းပုမပါရင် မဖြစ်တော့သလိုနှင့် ပန်းပုကို ခေါ်ရမှ။ ထိုသို့ ကြီးတော်နဲ့ဒေါ်မဝမ်းကွဲရဲ့ လက်ဆွဲတော်ဖြစ်နေသော ပန်းပုသည် ရန်ကုန်ရောက်တာ ခြောက်လလောက်လည်း ရှိလာပြီမို့ နေသားကျကာ ဒိုက်လျော့ညီတွေ နေတတ်လာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာသွားရင် ဘယ်လိုအဝတ်အစားမျိုး ဝတ် ရမလဲ။ ဘယ်သူ့ကို ဘယ်လိုဆက်ဆံရမလဲဆိုသော လူနေမှု တို့ကိုလည်း လေ့လာအကဲခတ်တတ်လာပါသည်။

အရင်ကတော့ ဒေါ်ကြီး၊ ဒေါ်လေးတို့၏ ထိန်းသိမ်း ထားမှုအောက်မှာ ဆယ်တန်းသာ အောင်လာခဲ့တာ။ လူမှုရေး ဆိုလည်း ဘာဆိုဘာမှမသိ။ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်း ကိုယ့်ကားနဲ့ကိုယ် သွားရပြီး ကျောင်းပိတ်ရက်မှာ သူငယ်ချင်း တွေ့ရတာမျိုးလည်းမရှိ။ သူငယ်ချင်းတွေနဲ့စုပြီး လည်ရတာမျိုး လည်း မတတ်ခဲ့။ ကျူရှင်လည်း အပြင်သွားတက်ခဲ့ရတာမျိုး ဘဲ အိမ်ခေါ်ပြီး သင်သဖြင့် ကျူရှင်သွားတက်ရသော အတွေ့ အကြုံပင် မရှိခဲ့။

"အပေါင်းအသင်းများရင် ကောင်းတဲ့လူလည်း ပါလာမယ် မကောင်းတဲ့သူလည်း ပါလာမယ်၊ ဒီတော့ မကောင်းတဲ့ သူဆီက မကောင်းတဲ့အကျင့်တွေ အတုခိုးမိလာမယ် အဲဒါကြောင့် ဘယ်မှလဲ မသွားနဲ့၊ ဘယ်သူနဲ့မှလဲ မပေါင်း နဲ့၊ အဲဒါ အကောင်းဆုံးပဲ"

ဟူ၍ ဒေါ်ကြီး၊ ဒေါ်လေးတို့က ဖွတ်တရွတ်ပြော ဆုံးဖြတ်ကာ အိမ်တွင်းပုန်းသဘောမျိုးပင် ထားခဲ့တာမို့ ပန်းပု သူငယ်ချင်း မရှိခဲ့ပါ။ လူတစ်ယောက်ကို ဘယ်လိုပေါင်းသင်း ဆက်ဆံရမည် ဆိုတာကိုလည်း မသိခဲ့ပါ။





အခုတော့ ရန်ကုန်ထွက်လာမိတာပင် ကောင်းသွား သည် ထင်ပါရဲ့။ ကိုယ့်ဘာသာ သွားလာစရာရှိ သွားရ၊ ကျောင်း မှာ ရသလောက် အသိမိတ်ဆွေဖွဲ့ပြီး ကျူရှင်တွေစုံစမ်းရ၊ မဂျီး မြတ် ခေါ်ခေါ်သွားသဖြင့် ဆိုင်လိုက်ထိုင်ပြီး ဦးစီးပေးရ စသော အတွေ့အကြုံတွေသည် ပန်းပုကို အတွေ့အကြုံတွေ အသိတရား တွေ အများကြီး ရလာစေပါသည်။

ပန်းပုသည် ရန်ကုန်မှာ အခုတော့ အပျော်ကြီးပျော် ကာ ကျောင်းခဏပိတ်တာတောင် မုံရွာကို မပြန်ဖြစ်ခဲ့ပါ။

အမေရောက်လာတော့ ...

"သမီး ဒေါ်ကြီး ဒေါ်လေးတို့ကကွယ် သီတင်းကျွတ် ကျောင်းပိတ်ရက် ပြန်မလာလို့တဲ့ စိတ်မကောင်း ဖြစ်နေ ကြတယ်။ လပြည့်နေ့ ဆွမ်းတော်ကြီးတင်တော့ သူတို့ တော်တော် သတိရကြတာ၊ ဥပုသ်တွေယူပြီး တစ်နေကုန် အပုကလေ အပုကလေနဲ့ ပြောနေလို့ သမီးအဖေကတောင် သတိပေးယူရတယ်။ ဒီမှာလည်း အပုဖို့ဆိုပြီး အဝတ်အစား တွေ ထပ်ချုပ်ပေးလိုက်တာ၊ မယူဘူးပြောလည်း မရဘူး၊ အတင်းလာထည့်ပေးသွားလို့ ယူလာခဲ့ရတယ်"

ဟူ၍ အိမ်ကလူတွေအကြောင်း ပြန်ပြောပြပါသည်။

မဂျီးမြတ်ကတော့ အဝတ်အစားထုပ်ကြီး ဖွင့် ကြည့်၊ အကျီတွေ ဖြန့်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အပု၊ နင် ဒါမျိုးဝတ်ချင်သေးရဲ့လား၊ ဝတ်မလား"

ဟု စ,သလို နောက်သလို မေးလေသည်။ ပန်းပုကလည်း သဘောတကျ ရယ်မောလျက် ...

"ဟာ ... မဝတ်ချင်တော့ပါဘူး၊ မဂျီးမြတ် ရိုက်ပြီးဖော်ခိုင်းရင်တောင် မဝတ်ဘူး"

"အန်တီလေးကလည်း ပြောလိုက်တာ မဟုတ်ဘူး၊ အပု ဒီလိုအင်္ကျီတွေ မကြိုက်တော့ဘူးလို့။ ချုပ်ပေးချင်ရင်လည်း မြန်မာဆန်ဆန်ပုံလေးတွေလေ။ ရင်စေ့လေးတွေ၊ ရင်ဖုံးလေးတွေ ချုပ်ပေးလို့ ပြောလိုက်ပေးပါနော်၊ မြတ်မြတ်မှာတယ်လို့ မပြောနဲ့၊ အန်တီလေး အကြံပေးသလိုပြောပေါ့။ သူတို့ချုပ်ပေးတဲ့ပုံက ဟို ... ဘယ်လိုခေါ်မလဲ တောပုံပေါက်နေလို့။ မြန်မာအင်္ကျီလေးတွေ ဆိုရင်တောင် ဒီလိုချိတ်ထည်လေးတွေနဲ့ဆိုရင် ဝမ်းဆက်လေးတွေဝတ်ရင် လှဦးမယ်။ အခုကျတော့ အပေါ်အင်္ကျီကို ဘလောက်(စ) ပွပွကြီး လက်ရှည် လက်ဖောင်းတွေ၊ ကလေးအင်္ကျီမှာ တပ်တဲ့ကော်လံတွေ လျှောက်လုပ်ထားတော့ မလှဘူးဖြစ်နေတယ်"

အမေကတော့ မဂျီးမြတ် ဆင်သည့်အတိုင်း ဝတ်ကာ မဂျီးမြတ် ထားသောပုံစံအတိုင်း အလွယ်တကူ ပုံပြောင်းသွားသော ပန်းပုကို အံ့သြလို့မဆုံး။





"အမုဟာလေ ပန်းပု ဆိုတဲ့နာမည်နဲ့လိုက်အောင် တကယ်ပဲ ပုံသွင်းတဲ့အတိုင်း အလွယ်တကူ ပုံပြောင်းလို့ရတယ်။ ဒေါ်ကြီး ဒေါ်လေးတို့နဲ့တုန်းက ပုံစာစ်မျိုး၊ အခု မြတ်မြတ်လက်ထဲရောက်တော့ ပုံတစ်မျိုးပါလား"

ပန်းပု ဟိုတွေး၊ ဒီတွေးဖြင့် ဈေးဖယ်ထရော်လီကြီးကို အကွေ့တစ်ခုမှာ ကွေ့ဝင်လိုက်လေရာ ထိုလိုင်းမှ ထွက်လာသော လူတစ်ဦးကို ဝင်တိုက်မိသွားပါသည်။ ထိုသူ့ခြေထောက်ကို ဒုတ်ခနဲ ဝင်တိုက်မိပြီဖြစ်ကြောင်းသိလိုက်လျှင် အပု ကြောက်လန့်တကြားဖြင့် ...

"ဟာ ... ဆောရီး ... ဆောရီး ... မတော်လို့ပါ"

ဟု ချက်ချင်း တောင်းပန်လျက် မော့ကြည့်လိုက်သောအခါ။

"ဩော် ... ကိုဝသန်မိုးပဲ"

"ဘယ်သူများလဲလို့ မြတ်မြတ်မဍူးရဲ့ ညီမလေးပဲ အန်တီလည်း ပါတာကိုး"

ဒေါ်ရွှေစင်လည်း ဝသန်မိုးကို သိကျွမ်းပြီး ဖြစ်လေ ပန်းပုနဲ့စကားပြောသူဟာ ဘယ်သူလဲလို့ စူးစမ်းမနေတော့

"ဟုတ်တယ်ကွယ်၊ မြတ်မြတ်က အမေ ဈေးဝယ်ရင် စိတ်မရှည်တော့ အန်တီမှာ ဒီတူမပဲ ချော့ဆွဲနေရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ မောင်ဝသန်မိုး၊ အလုပ်အကိုင်တွေ အဆင်
ပြေရဲ့လား”

“ပြေပါတယ် အန်ကယ်။ ဈေးတွေက တက်ပေမဲ့ အရောင်
အဝယ်လည်း မဆိုးပါဘူး”

ကိုဝသန်မိုးက ဂျပန်မှ ကားပစ္စည်းတွေ တင်သွင်း
ပြီး ကိုယ်တိုင်လည်း ရှိုးရွမ်းကြီးဖွင့်ကာ ရောင်းချနေသူ ဖြစ်
သည်။ အခုခေတ်မှာတော့ ကိုဝသန်မိုး၏ အခြေအနေသည်
မိန်းကလေးတစ်ယောက်အတွက် လက်ခံစရာပေမဲ့ မကျိုးမြတ်
တော့ သူ့ထက်သာတာ တွေ့လာခဲ့ရင် ဆိုသော စိတ်ကူးဖြ
ကိုဝသန်မိုးကို ယာယီစာရင်းထဲမှာ ထည့်ထားခဲ့လေသည်။

“ကိုဝသန်မိုးကို ခုန တိုက်မိသွားတာ နာသွားလားဟင်”

“အား ... နာတာပေါ့။ ပန်းပုက ညို့သကျည်းကိုမှ တည့်
တည့်ဝင်တိုက်တာကို”

“ပန်းပု အားနာလိုက်တာ ကိုဝသန်မိုးရယ်၊ ဆောရီး
အမှန် ပန်းပု တွေ့ဝင်မယ်ဆိုရင် သတိထားရမှာ
အငေးကောင်းတာနဲ့ မေ့သွားတယ်”

“ရပါတယ်၊ ကျွန်တော် နာပေမဲ့ ခံနိုင်ရည် ရှိပါတယ်
ယောက်ျားပဲ၊ ဒီလောက်တော့ ခံနိုင်ရည် ရှိရမှာပေါ့
ကျောင်းမှာ ဘောလုံးကန်တုန်းကဆို ဒီ့ထက်ဆောင့်
တယ် ခံရတာ”





ဒေါ်ရွှေစင်က ဝယ်စရာရှိတာတွေ ကြည့်နေဆဲဖြစ်သလို ဝသန်မိုးလည်း ဆက်စကားရပ်ပြောနေသည်။ အမှန်တော့ သူ ဒီလိုင်းကထွက်ပြီးရင် ဝယ်တာက ပြီးပြီ၊ Cashier ငွေရှင်းကောင်တာမှာ သွားရှင်းရုံသာ။ သို့သော် သူသည် အရင်ကနဲ့ မတူဘဲ တစ်မျိုးလေး ပိုလှနေသလို ထင်ရသော ပန်းပုကို စကားတွေဆက်ပြောချင်နေမိသည်။ အသားတော်တော်ကိုညိုလှသော မိန်းကလေးသည် တွေ့ခါစကတော့ အပြင်အဆင် မဆိုးလှပေမဲ့ ဘယ်နေရာမှာ ဘာအားနည်းနေမှန်းမသိ၊ တစ်ခုခု လိုနေသလိုလို ဖြစ်နေသော ပုံစံလေးကြောင့် စိတ်ဝင်တစားပင် မကြည့်မိခဲ့။ အခုကျတော့ အသားအရေတွေက ညိုပေမဲ့ စိုပြည်ဝင်းပနေကာ ဆွဲဆောင်မှု ရှိနေသည်ဟု ထင်မိလေသည်။

သူ သဘောကျ စွဲလမ်းနေသော မြတ်မြတ်မဉ္ဇူကိုတော့ မယှဉ်နိုင်ပေမဲ့ ဒီမိန်းကလေးကလည်း သူ့စတိုင်လ်လေးနဲ့သူ၊ သူ့ပုံစံလေးနဲ့သူ ကြည့်ကောင်းလှသဖြင့် ယောက်ျားတစ်ယောက်ပီပီ သဘောကျစွာ အကဲခတ်မိသည်။ မြတ်မြတ်မဉ္ဇူရဲ့ မျက်နှာမှာ တွေ့ရလေ့ရှိသော သူမကိုယ်သူမ အထင်ကြီးနေရိပ်တွေ၊ မာနခပ်ကြီးကြီး ဟန်ပန်တွေ၊ အသာစီးကြည့်တတ်မှုတွေ၊ ရှိနေခဲ့သလောက် ပန်းပု မျက်နှာမှာကျတော့ ဘာအရိပ်အယောင်မှ မရှိဘဲ တကယ့်ကို အပြစ်ကင်းစင် ရိုးသားနေပုံလေးမှာ မြင်ရသူ့ စိတ်ချမ်းမြေ့စရာ။



www.burmeseclassic.com

www.burmeseclassic.com



မှန်တာပြောရရင် မြတ်မြတ်မဥ္ဇူ ရှေ့မှာဆို ကိုယ်တိုင်ကလည်း ဟန်ဆောင်မာနတွေတင်းပြီး ကြွားဝါပြရတာတွေ ရှိသဖြင့် စိတ်ထဲမှာ ကျဉ်းကျပ်ပြီး မလွတ်လပ်ဘူးဟု ထင်မိစေလေသည်။

ပန်းပုနဲ့ကျတော့ စိတ်ထဲရှိတာ ပြောနိုင်သဖြင့် စကားပြောရတာ စိတ်ချမ်းသာ ပျော်ရွှင်နေမိသည်။

"ကိုဝသန်မိုး ဘာလာဝယ်တာလဲ"

"ဒီမှာလေ ... လက်ဆောင်ပစ္စည်းခြင်း တစ်ခုပဲ လာဝယ်တာပါ။ မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့မှာ လက်ဆောင်ပေးဖို့ပါ။ ဒါဝယ်ပြီး ပြန်ရုံပါပဲ"

ဝသန်မိုးက သူ့လက်ထဲမှာ ဆွဲထားသော လက်ဆောင်ပစ္စည်းခြင်းကို မြှောက်ပြရင်း ပြောသည်။ ခြင်းထဲမှာ ပစ္စည်းတွေ စုံလင်လှသလို ဈေးနှုန်းကလည်း ပါသေးလေရာ ခြင်း၏တန်ဖိုးက မနည်းလှ။ ပန်းပုမှာ ပိုက်ဆံနမြောလှသူပီပီ မွေးနေ့လက်ဆောင် ပေးတာတောင် ဒီလောက်ဝယ်ပေးတယ်ဟုတွေးပြီး ကြားထဲက နမြောနေသည်။ ဒီလိုခြင်းမျိုးများ ကိုယ့်ဘာသာ ကြိမ်ခြင်းတစ်ခြင်းဝယ်၊ အဲဒီထဲမှာပါတဲ့ ပစ္စည်းအမျိုးအစားအတိုင်း တစ်ခုချင်း ဝယ်ထည့်ပြီး လှပအောင် ထုပ်ပိုးပြင်ဆင်မယ်ဆိုရင် အခုလောက် မပေးရပါဘူး။ ဒီလူ





ပိုက်ဆံတော်တော်ဖြုန်းတာပဲ။ ကောင်းတယ်၊ မဂျီးမြတ် ဒါကြောင့် သူ့ကိုမရွေးဘဲ စောင့်ကြည့်နေတာ။

"ကြီးကြီးတောင် ဟိုဘက်ထွက်သွားပြီ၊ ပန်းပု သွားတော့မယ်နော် ကိုဝသန်မိုး"

ဒေါ်ရွှေစင် ခပ်လှမ်းလှမ်း ရောက်သွားသဖြင့် ပန်းပုသည်း ကိုဝသန်မိုးကို နှုတ်ဆက်ပြီး ထရော်လီကို တွန်းသွားလိုက်သည်။ ဝသန်မိုးက ပြုံး၍နှုတ်ဆက်ရင်းမှ ...

"ပန်းပု ... မြတ်မြတ်မဥ္ဇူရဲ့ဆိုင်မှာ ဝင်ထိုင်တာ အမြဲတမ်းလား"

ဟု တစ်ချက် မေးလိုက်မိသည်။ ပန်းပုကတော့ ရိုးသားစွာပင် ...

"ကျောင်းပိတ်ရက်တွေကျ မဂျီးမြတ်က အတွေ့အကြုံရအောင်ဆိုပြီး ထိုင်ခိုင်းလို့ ကျောင်းပိတ်ရက်တိုင်း ရောက်ပါတယ်။ ပန်းပု မဂျီးမြတ်ကို ဘာပြောပေးရမလဲ၊ ပြောလိုက်ပါ ရတယ်"

ဟူ၍ ဝသန်မိုးက စကားစ,ရှာသည်ထင်ပြီး ပြန်မေးနေသေးလေသည်။

"ဘာမှ မမှာပါဘူး၊ ရပါတယ်၊ အိုခေ ... သွားပြီနော် ပန်းပု"



www.burmeseclassic.com

www.burmeseclassic.com



ဝသန်မိုးသည် ပန်းပုကို နှုတ်ဆက်၍ လှည့်ထွက်လာပြီးတာတောင် သူ့စိတ်တွေ ပန်းပုနဲ့ ကျန်ခဲ့သလိုလို ထင်နေမိသည်။ ဒီမိန်းကလေးရဲ့ မျက်လုံးတွေလောက် ရီးသားလှတဲ့ မျက်လုံးမျိုး သူ ဘယ်မှာမှ မတွေ့ဘူးခဲ့ချေ။

✻❤✻





၁

"ဘာရယ် ... ထိပ်ထိပ်ဆီမှာ ဆံပင်ညှပ်သင်တန်း သွားတက်မလို့၊ ဟုတ်လား"

ညနေဘက် ညစာစားသော ထမင်းဝိုင်းမှာ လူစုံသောအခါ ပန်းပုသည် ဘဘကို ခွင့်တောင်းလိုက်ပါသည်။ ဘဘထံမှ ဘာအကြောင်းပြန်ချက်မှပင် မပြောရသေးခင် မဂျီးမြတ်က လက်ခံချင်သလိုလိုဖြင့် အရင်ရှေ့က ကြိုမေးလိုက်လေသည်။

"ဘာစိတ်ကူးပေါက်သွားတာလဲ"

"ပု စိတ်ဝင်စားပြီး ဝါသနာပါလာလို့ပါ"

"နင်က အဲဒီပညာတတ်မြောက်ပြီးရင် ဘွဲ့ရတဲ့အခါ ဆိုင်ဖွင့်စားမှာမို့လား"

"အဲဒီလိုလည်း စဉ်းစားမိတယ်။ ပု အမေတို့လို ဆိုင်ထိုင်ပြီး အထည်တွေ ရောင်းရတာ ဝါသနာမပါဘူး။ ဒေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးတို့ကတော့ ကျောင်းဆရာမ လုပ်စေချင်တယ်။ အဲဒါလည်း ပု ဝါသနာမပါဘူး။ ပု ထိပ်ထိပ်တို့လိုပဲ အလှပြင်ဆိုင် ဖွင့်ချင်တယ်။ ပုကိုယ်တိုင် ဆံပင်ပြင်ပေးချင်တယ်။ သူ့ဆိုင် သွားသွားနေရင်း ပု စိတ်ပါလာတာ။ ဆိုင်မှာ လာသင်တဲ့ မိန်းကလေးတွေလည်း အများကြီးပဲ။ ထိပ်ထိပ်က သိပ်တော်တာ။ သူ့ဆီက ပညာသာရရင် ပု လည်း သူ့လိုတော်လာမှာပဲ”

“ဟယ် ... မသင်ပါနဲ့။ ငါ အားမပေးပါဘူး၊ ငါ မကြိုက် ဘူး။ ငါ သဘောမတူဘူး”

ပန်းပု ငြိမ်ပြီး ဘဘနဲ့ ကြီးကြီးကို အကဲခတ် သည်။ ကြီးကြီးကတော့ ကိုယ်နဲ့သွေးသားတော်စပ်ပြီး တူမတော် ရသူ မဟုတ်သဖြင့် ဘာမှ ချက်ချင်းဝင်မပြောသေးဘဲ ဘဘ သာ အကဲခတ်ကြည့်နေသည်။

“ဖေဖေ တစ်ခုခု ပြောလိုက်လေ။ အပုက ဖေဖေ့စကား နားထောင်မှာပဲ”

မဂျီးမြတ်က မကျေမနပ် ပြောသေးသည်။ မဂျီးမြ က အဲဒီလိုပါပဲ။ အားလုံးအပေါ် သူက ဩဇာညောင်းရမှ။ လွှမ်း မိုးထားရမှဆိုတဲ့ စိတ်ဓာတ်ရှိသူမို့ ပန်းပု အပေါ်လည်း တော တော်တော့ လွှမ်းမိုးနေပါသည်။ ပန်းပု သူ့စကားတစ်ခွန်းလော



များ နားမထောင်ကြည့်။ စိတ်ဆိုးလို့မဆုံး ဖြစ်နေတတ်သည်။ ပန်းပု အနေနဲ့ အစပိုင်းကတော့ ကြောက်ပေမဲ့ ကြာတော့ ရိုးသွား ပြီး သိပ်မကြောက်တော့ဘဲ ကိုယ်စိတ်မပါရင် မလုပ်ဘဲ နေနေ တတ်လာပေါင်း မနည်းတော့။

“အပု အဖေအမေတွေရဲ့ သဘောထား လိုတယ်လေ။ ဘဘကို မမေးရဘူး။ သမီးအဖေ အမေ ဘာဖြစ်ချင်လဲ မေးရမယ်၊ သူတို့က ရန်ကုန်လွှတ်ပြီး ကျောင်းလာတက် ခိုင်းတာဟာ အတန်းပညာ သင်ခိုင်းတာလား။ အသက် မွေးဝမ်းကြောင်းပညာကို သင်ခိုင်းတာလား သေသေချာချာ သိမှဖြစ်မယ်။ အပုရဲ့မိဘ ခွင့်ပြုလို့ကတော့ ဘဘ မတား ပါဘူး၊ ဝါသနာပါရင် တက်ပေါ့”

ပန်းပု ထိုသို့ကြားလိုက်ရတော့ နည်းနည်းဝမ်းသာ သွားသည်။

“အမယ်လေး ... ဖေဖေက အပုမိဘဘက် လွှဲပေးပြန်ပြီ။ အပုတို့က အကြိုက်ပေါ့။ ဦးဦးနဲ့ အန်တီလေးတို့က အပုကို အလိုလိုက်လွန်းလို့ မန္တလေးတက္ကသိုလ်တက်ရင် ရသားနဲ့ ရန်ကုန် လာချင်တယ် ဆိုတာတောင် ခွင့်ပြုတာပဲကြည့်။ အခု အပု ဒါသင်ချင်တယ်လို့ ဖုန်းဆက်ပြောလည်း သူ တို့က အလွယ်တကူ ခွင့်ပြုမှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



မဂျီးမြတ်က ဝင်ပြီးပြောလျှင် ...

"မြတ်မြတ် သူများကို အဲဒီလောက် အမိန့်မပေးရဘူး၊ မလွှမ်းမိုးရဘူးလေ။ အပု ဒီမှာလာနေပြီး ဒီအရိပ်မှာ ခိုပေမဲ့ သူလည်း သူ့သဘောနဲ့သူ လုပ်ချင်တာလေးတွေရှိရင် ပေးလုပ်ရမှာပေါ့။ ငါ့အိမ်မှာ နေတာပဲ၊ ငါပြောတာပဲလုပ် ငါခိုင်းတာပဲလုပ် ဆိုတဲ့ စိတ်ဓာတ်မျိုး မထားရဘူး သမီး"

ဘဘ ပြောလိုက်လျှင် မဂျီးမြတ်မှာ ချက်ကောင်းထိသွားသလိုဖြင့် ရှူးရှူးရှားရှား ဖြစ်သွားပြီး ...

"စေတနာနဲ့ ဝင်ဝင်ပြောမိတာပါ၊ အပုကို အမြင့်မှာ ရှိနေစေချင်လွန်းလို့ တွန်းတင်ပေးတာပါ ဖေဖေရဲ့။ အမိန့်ပေးတာ မဟုတ်ပါဘူး။ မြတ်က သူ့ကို လှလှပပ၊ ကြော့ကြော့မော့မော့လေးနဲ့ နေရတဲ့အလုပ်ကိုပဲ လုပ်စေချင်လို့ စေတနာနဲ့ ဝင်ဝင်ပါမိတာပါ"

ဟု ပြန်ရှင်းကာ စိတ်ဆိုးပြီး ထမင်းဝိုင်းမှာ ထ,သွားတော့မလို ပြင်ပါသည်။ ကြီးကြီးက မနေသာတော့ဘဲ ...

"မြတ်မြတ် ဘယ်လိုဖြစ်နေတာလဲ၊ ဖေဖေ့ကိုများ ဒေါသတကြီး ပြန်ပြောစရာလား"

လို့ မာန်လိုက်တော့မှ မဂျီးမြတ်လည်း သူ့အမှား သူသိသွားပါသည်။





"မြတ် ဖေဖေ့ကို စိတ်ဆိုးတာ မဟုတ်ပါဘူး၊ စေတနာကို စေတနာမှန်း မသိမှာစိုးလို့ပါ"

"မြတ်မြတ်က စေတနာနဲ့ လုပ်ပေးပေမဲ့ တစ်ခါတလေကျ အပုနဲ့ မလိုက်ဖက်နေခဲ့ရင် အပု စိတ်မပါရင် အလကားပဲ သမီး။ အပုလည်း စိတ်ဆင်းရဲရမယ်၊ စိတ်မပါဘဲလုပ်တဲ့ အလုပ်တစ်ခုဟာ ဘယ်တော့မှလဲ မအောင်မြင်တတ်ဘူး။ ဒီတော့ အပု သူ့မိဘကို မေးပါစေ။ သူ့မိဘကတောင် ခွင့်ပြုတယ်ဆိုရင် မြတ်မြတ်လည်း ခွင့်ပြုရမှာပေါ့လေ"

ဒီလိုနဲ့ပဲ ပန်းပု အဆိုတင်သွင်းသော ထိပ်ထိပ်ဆိုင် ချာ ဆံပင်ညှပ်ပညာ ဝင်ရောက်သင်ယူရေးသည် တစ်ဝက်တော့ အောင်မြင်သွားကာ အဖေနဲ့အမေ့ကို မေးကြည့်ဖို့လောက်သာ ချိန်တော့သည်။ ပန်းပု ထင်ထားတာက ပန်းပု ခွင့်တောင်းလျှင် အဖေနှင့် အမေတို့က အလွယ်တကူတော့ ခွင့်ပြုမှာမဟုတ်ပေမဲ့ ပန်းပု တော်တော်ကြီး ပြောယူရင်တော့ ရမည်ဟု မျှော်လင့်ထားပါသည်။

ဒါပေမဲ့ ပန်းပု ထင်သလို ဖြစ်မလာပါ။ မုံရွာကို နှုတ်ဆက်ပြီးမေးတော့ အမေက ဓ,ပြီး ဒီကိစ္စကို သဘောမတူပါ။

"ဟာ ... ဘာအရူးထ,တာလဲ။ ဘွဲ့တစ်ခုရအောင် ပညာသွားသင်တာ ဘာကိစ္စ ဆံပင်ညှပ်သင်တန်း တက်ချင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ တခြား ကွန်ပျူတာသင်တန်းတို့၊ စာရင်းကိုင်တို့ဆို တော်သေးတယ်"

"အပု တကယ် ဝါသနာပါလို့ပါ အမေရဲ့"

"ဘာဝါသနာပါတာလဲ မပါရဘူး။ ပညာပဲ အေးအေးဆေးဆေး ဆေးသင်။ ကျောင်းပြီးရင် သမီးမှာ သူများတွေလို အလုပ်လိုက်ရှာစရာလည်း မလိုဘူး။ မိဘအလုပ်မှာ ဝင်လုပ်ရုံပဲ။ မလုပ်ချင်ရင်လည်း ကိုယ့်ဘာသာပဲ မြတ်မြတ်လို ဆိုင်တစ်ခုဖွင့်ရင်ဖွင့်၊ ကုန်သည်အလုပ် ဝါသနာမပါရင်လည်း ကျောင်းဆရာမတို့၊ ကုမ္ပဏီဝန်ထမ်းတို့လုပ်၊ ဒါပဲရှိတယ်။ ဘယ့်နှယ် … တစ်နေ့ တစ်နေ့ ဆံပင်မှုန်တွေရှူပြီး လုပ်ရမဲ့အလုပ်ကိုတော့ ပေးမလုပ်ပါဘူး"

အမေ့ဆီကပင် ကျော်၍မရသေးသော အဆိုတင်သွင်းမှုမှာ ဘယ်လိုမှ အမေ့ဆီ ရောက်စရာမရှိတော့။ ပန်းပုလည်းတော်တော် စိတ်ပျက်သွားသည်။ အစ,ကတော့ ဝါသနာမပါပါဘူး။ မဂျီးမြတ်ကပဲ တစ်လခွဲတစ်ခါလောက် ထိပ်ထိပ်ဆီလွှတ်ပြီး ဆံပင်ညှပ်ခိုင်းနေတာ၊ ခြောက်လတစ်ခါလောက် ဆံပင်ကို လိုလိုမလိုလို ပေါင်းတင်ခိုင်းနေတာ၊ ဒါ့အပြင် သူ အတင်းဆွဲခေါ်သွားတိုင်း ပါသွားရပြီး သူ ခြေသည်းလက်သည်း အလှပြင်တိုင်းလိုက်လိုက်လုပ်ရတဲ့ အကြိမ်ကလည်း မနည်းဘူး။ ဒီကြားထဲ …





"မျက်နှာ ကြေးချွတ်ရအောင်၊ သွားရအောင်"

ဆိုပြီး ခေါ်ခေါ်သွားတာလည်း ဘယ်နှခါမှန်းတောင်မသိ။

အဲဒီလို ခဏခဏ ဆိုင်ရောက်ရဖန်များသောအခါ ပန်းပုမှာ ဆံပင်ညှပ်ပညာကို စိတ်ဝင်စားလာသည်။ ထိပ်ထိပ်နဲ့အတူ ဝန်ထမ်းတွေ၊ တပည့်ကောင်မလေးတွေ ပျော်ရွှင်တက်ကြွစွာ ဆံပင်ပြင်ဆင်ပေးနေကြတာတွေ့လျှင် ပန်းပုလည်း ဝင်ပါချင်လာသည်။ အထူးသဖြင့် စကားသံချိုချိုဖြင့် စိတ်ရှည်လက်ရှည် သင်ပေးတတ်သော ထိပ်ထိပ်ရဲ့သင်ကြားမှုကို လက်ခံချင်လာသည်။

ထိပ်ထိပ်နဲ့ ဆံပင်ညှပ်လျှင် ပိုက်ဆံပိုကုန်ပြီး ဈေးကြီးမှန်းသိပေမဲ့ ဘာကြောင့်မှန်းမသိ ထိပ်ထိပ် ဆံပင်ညှပ်ပေးတာကိုပဲ ခံချင်သည်။ ပန်းပု လှချင်လို့တော့မဟုတ်။ ထိပ်ထိပ် ညှပ်မှ ပိုလှသွားတယ် ဆိုတာကို မက်မောလို့မဟုတ်။ ထိပ်ထိပ်လက်ချောင်းလေးတွေနဲ့ တယုတယ ညှပ်ပေးတာကို မက်မောနေမိတာ။

ထိပ်ထိပ်နဲ့ မကြာခဏမဟုတ်ဘဲ နေ့တိုင်းနီးပါး ဆုံချင်တာ။ အဲဒါတွေကြောင့် ထိပ်ထိပ်ဆီမှာ ဆံပင်ညှပ်သင်တန်း တက်ချင်ပါသည်ဟု ဖြစ်လာတာပင်။

တစ်ခါတလေကျ ကိုယ့်ဘာသာ အထိတ်တလန့် ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထိပ်ထိပ်ကိုများ သဘောကျနေမိသလား"

ဆိုသော အတွေးကို ပန်းပု ဘာသာမင် ပြန်ပြီးရှ

လို့မဆုံး။

ထိပ်ထိပ်က ခြောက်နေတာ မဖြစ်နိုင်ပါဘူး

ငြင်းဆန်ရင်းကပဲ ထိပ်ထိပ်ကို သတိတရရ ဖြစ်နေမိတတ်ပြန်သည်

ပန်းပုသည် ထိုအတွေးကိုတော့ ဘယ်သူ့ကိုမှ ထု

မပြောရဲ။ အသိမပေးရဲပေမဲ့ ထိပ်ထိပ်နဲ့ နေ့တိုင်းဆုံရဖို့ အ

အနေကိုတော့ အကောင်အထည်ဖော်ရန် ရှေ့တစ်လှမ်းတိုးမိလေ

"အပု ဆံပင်ညှပ် အလှပြင်ဆိုင် ဖွင့်ချင်တယ် ဆိုရင်

အမေတို့ ဘာကြောင့် ခွင့်မပြုရမှာလဲ။ ဒါလည်း စီးပွားရေ

လုပ်တာပဲ"

"ဆိုင်ဖွင့်ချင်ရင်ဖွင့် ဒါပေမဲ့ ဘာကြောင့် ကိုယ်တိုင်

ညှပ်ပြင်ဆင်တာ လုပ်မလဲ။ ကိုယ်က ဆိုင်ပိုင်ရှင်လုပ်

ဝန်ထမ်းငှားပေါ့၊ အဲဒါမျိုးဆို ခွင့်ပြုမယ်။ သင်တန်းတက်

ဆံပင်ညှပ်သမား လုပ်စားတာတော့ လက်မခံဘူး။ အေး

ညည်း မိဘကွယ်ရာမှာ လုပ်ချင်တာလုပ်ဖို့တော့ မစဉ်းစား

နဲ့နော်။ ဟိုအသံ ဒီအသံကြားရင် ချက်ချင်းပြန်လာခေါ်

မှာပဲ။ အဲဒီကျမှ ညည်း ဒေါ်ကြီး ဒေါ်လေးတွေလက်

မှာ အရင်ကပုံစံကြီးနဲ့ ပြန်နေပေတော့"





ထိုသို့ခြိမ်းခြောက်ခံလိုက်ရလျှင် ပန်းပု လန့်သွားသည်။ ဒေါ်ကြီး၊ ဒေါ်လေးတို့ကိုတော့ ချစ်ပေမဲ့ အရင်က သူတို့ ပြင်ဆင်ပုံသွင်းထားတဲ့ ပုံစံမျိုးကြီးကိုတော့ ပန်းပု လုံးဝပြန်မရချင်တော့ပါ။ အဲဒီပုံစံကြီးက တောပုံမှန်း သိနေသည်။

ဒါ့အပြင် အခုလိုမျိုး မဂျီးမြတ် ပုံသွင်းထားသော ပုံစံရော နှစ်သက်မက်မောသလား ဆိုတော့ မဟုတ်ပြန်။ မဂျီးမြတ်ကတော့ အလှအပကို လိုအပ်တာထက် တစ်ဆိတ်ပိုပြီး အကဲပိုဂရုစိုက်လွန်းလှသည်ဟု ထင်ပါသည်။

ပန်းပုဘာသာ ဆိုရင်တော့ အောက်ခံကရင်(မ)တစ်ခုလိမ်း၊ သနပ်ခါး သင့်တင့်ရုံလိမ်းပြီး နေမှာ။ အပြင်ထွက်လည်း ဒီပုံနဲ့ထွက်မှာ။ မဂျီးမြတ်ကတော့ မရ။ အပြင်ထွက်ရင် ဟိုနားဒီနားပဲ သွားဦး။

"ဟယ် ... ဒီလိုမျက်နှာပြောင်ကြီးနဲ့လိုက်လို့ ဖြစ်မလား၊ သွား ... သွား ... မိတ်ကပ်သွားရိုက်၊ မျက်ခုံးမွေးဆွဲ၊ နှုတ်ခမ်းနီဆိုးပါဦး။ အဝတ်အစား လဲပါဦးဟယ်၊ နင့်မလဲ မျက်နှာပြောင်နဲ့ အပူသည် ကျနေတာပဲ"

ပန်းပုမှာ မဂျီးမြတ် အလိုကျ ပြင်ရဆင်ရလိမ်းရ၊ ထန်ဖိုးကြီးတွေ ဝယ်မဝတ်ချင်လည်း ဝတ်ရ။

"ဘာလုပ်မှာလဲ၊ လေး,ငါး,ခြောက်ထောင်တန်တွေ ဝယ်ပြီးလုပ်တာလည်း မတိုးဘူး၊ ကြာရှည်လည်း မခံဘူး မဝတ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တားမြစ်ထားတာ။

ဒါကြောင့် မဂျီးမြတ် နေခိုင်းတဲ့ ပုံစံကိုလည်း အကြိုက်ကြီး မဟုတ်လှ။ ပန်းပုဘာသာဆို တော်ရုံတန်ရုံ ခေတ်မီရုံသာ ဝတ်စားပြင်ဆင်ချင်တာပါ။

ပန်းပုမှာ ထိပ်ထိပ် ဆိုင်တွင် ဆံပင်ညှပ်သင်ချင်မှုကို ဘယ်သူကမှ ခွင့်မပြုသဖြင့် ထိုစိတ်ကူးကို လက်လျှော့လိုက်ရပြီး ဘာသင်တန်းမှ မတက်ဘဲ နေတော့မည်ဟု တွေးနေလို့မှ မဆုံးသေး။ မဂျီးမြတ်က အကြံပေးလာသည်။

"အပု ... နင် သင်တန်းတစ်ခုခု တက်ချင်တယ်ဆိုရင် ကွန်ပျူတာ သွားတက်ပါလား"

"ကွန်ပျူတာလား ပု လုပ်တတ်ပါတယ်"

"အမယ် ... နင်က စာလေးရိုက်တတ်ရုံ Printer (ပရင်တာ)ထုတ်တတ်ရုံပါ၊ ငါ မြင်သားပဲ။ Internet (အင်တာနက်)မတတ်ဘူး။ e-mail (အီးမေးလ်)မပို့တတ်ဘူးလေ၊ အဲဒါတွေတတ်ဖို့လိုတယ်၊ သွားတက်ပါလား"

"ပု တကယ်ဝါသနာမပါတာ"

"ဝါသနာမပါပေမဲ့ အခုခေတ်မှာက လိုတယ်၊ ကျောင်းပြီးလို့ နင် ဘာအလုပ်ပဲလုပ်လုပ်ပါ။ ကိုယ်ပိုင်အလုပ်ပဲ လုပ်လုပ်၊ ဝန်ထမ်းပဲလုပ်လုပ် ကွန်ပျူတာနဲ့ ပတ်သက်လို့သိ





ထား တတ်ထားရင် လူရာဝင်တာပေါ့၊ နင် တကူးတကကြီး အိမ်ကထွက်သွားပြီး တက်စရာမလိုဘူး။ ငါ့ဆိုင်ဖွင့်ထားတဲ့ ပလာဇာနားမှာ သင်တန်းတွေရှိတယ်။ ငါနဲ့ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက် ဆိုင်လိုက်တုန်း တက်လို့ရတယ်၊ တက်လိုက်ပါလား"

"မဂျီးမြတ်က တက်စေချင်လို့လား"

"နင့်အတွက် တက်သင့်တယ် ထင်လို့ပါ"

"ဆံပင်ညှပ်သင်တန်းကတော့ မတက်သင့်ဘူးပေါ့နော်"

"မတက်သင့်ဘူး မဟုတ်ဘူး။ နင် တကယ်လည်း ဝါသနာမပါဘဲ သွားတက်ချင်တယ်ဆိုတာ ငါသိလို့"

မဂျီးမြတ်က ထိုသို့ပြောချလိုက်တော့ ပန်းပု နည်းနည်းလန့်သွားပါသည်။

"နင် ထိပ်ထိပ်ကို စိတ်ကစားပြီး ကြိုက်နေတယ်လို့ ငါ ထင်တယ်"

ပန်းပု ရုတ်ပြီး အကြောက်အကန်ငြင်းဖို့ ပြင်မိပါသည်။

"ဟာ ... မဟုတ်ပါဘူး မဂျီးမြတ်ကလည်း။ ပု ဘာလို့ ကြိုက်ရမှာလဲ။ ထိပ်ထိပ်က ခြောက်နေတာပဲ မကြိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး... ငါကလည်း နင် အခြောက်ကို သွားကြိုက်မိနေမှာစိုးလို့ တားချင်တာနဲ့ ငါကစပြီး ဒီသင်တန်းတက်ဖို့ မကောင်းကြောင်းပြောပြီး ကန့်ကွက်ထားတာပဲ။ တကယ်တော့ ငါသာခွင့်ပြုရင် နင် ဦးဦးတို့ အန်တီလေးတို့ကို ခွင့်တောင်းနေစရာတောင် မလိုဘူးဆိုတာ ငါသိတယ်၊ ငါက နင် စိတ်ညစ်ရမှာစိုးလို့ ကြိုတားတဲ့သဘောနဲ့ ထိပ်ထိပ်နား မရောက်စေချင်တာ။ နင် စဉ်းစားကြည့်ပါလား ခြောက်နေတဲ့လူကို ကိုယ်က စိတ်ကူးတွေယဉ်ပြီး အနားကပ်နေလည်း သူက နင့်ကို ကြိုက်လာမှာမှ မဟုတ်တာ"

ပန်းပုမှာ မဂျီးမြတ်၏ လူကဲခတ်တတ်မှု၊ အကင်းပါးမှုတို့ကို ဖျားသွားပါသည်။ မဂျီးမြတ်က မလွယ်ဘူးပဲ။ တော်တော် အကင်းပါးတာပဲ။

"အမှန်အတိုင်း ပြောရရင် နင်ဟာ ငါ့ညီမဝမ်းကွဲ၊ အခုမှ အတူတူနေပြီး ရင်းနှီးခွင့်ရပေမဲ့ ငါ့မှာ ညီအစ်မတို့ မောင်နှမတို့လည်း မရှိတော့ နင့်ကို ကိုယ့်ညီမလေးလိုပဲ ချစ်တယ်။ ကောင်းတာပဲ ဖြစ်စေချင်တယ်။ လှလှပပအဆင့်မြင့်မြင့်လေး နေတတ်စေချင်တယ်၊ ငါ အပေါက်ဆိုးရင် ဆိုးမယ်၊ သိပ်ဩဇာပေးရင်ပေးမယ်၊ ဒါပေမဲ့ ငါပြောဆို





နေတာတွေက တကယ့်စေတနာနဲ့ ပြောနေတာ။ တကယ်လို့ ထိပ်ထိပ်သာ ယောကျ်ားအစစ်ဆို ငါ မတားပါဘူး။ ထိပ်ထိပ်တို့က ချမ်းသာတယ်၊ မိဘမျိုးရိုးလည်း ကောင်းတယ်။ ထိပ်ထိပ်ကလည်း သူ့ပညာနဲ့သူ လုပ်ကိုင်စားတတ်တယ်လေ။ အခုတော့ သူက ခြောက်နေတာတဲ့၊ ဘယ်လိုလုပ် သူ့ကို မျှော်လင့်လို့ ရပါ့မလဲ"

ပန်းပုသည် မဂျီးမြတ် ပြောသမျှ ငြိမ်၍သာ နားထောင်နေမိပါသည်။

"နင် သူ့ကို သဘောကျတယ် ဆိုတာလည်း ငါ မှန်းကြည့်ရတာတော့ ထိပ်ထိပ်က ချောတယ်၊ အသားအရေကလည်း ယောကျ်ားတန်မဲ့ ဖြူဝင်းနေတာ။ လက်ကလေးတွေကလည်း သိပ်လှတယ်လို့ မိန်းကလေးတိုင်း ပြောယူရတာဆိုတော့ နင်လည်း စိတ်ကစားပြီး သဘောကျသွားတယ်လို့ ငါ ထင်ပါတယ်"

"ထိပ်ထိပ်ကို တချို့ကပြောတော့ အခြောက်မဟုတ်ဘူးလို့လည်း ပြောကြတယ် မဂျီးမြတ်"

"ငါတော့ မယုံပါဘူး၊ ဆံပင်ညှပ် အလှပြင်ဆိုင်လောကမှာ ယောကျ်ားစစ်စစ် ဖြစ်နေတဲ့လူ ရှားပါတယ်၊ ဆယ်ယောက်မှာ နှစ်ယောက်လောက်ပဲရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနှစ်ယောက်ထဲမှာ ထိပ်ထိပ် ပါနေရင်ရော... သော မေးခွန်းကိုတော့ ပန်းပု မမေးရဲပါ။

ဒါနဲ့ပဲ ပန်းပုလည်း မဂျီးမြတ် စီစဉ်ပေးမှုကြော... စနေ၊ တနင်္ဂနွေတွေမှာ မဂျီးမြတ်နဲ့အတူ ဆိုင်,ဆီလိုက်လာရင်း ပလာဇာဘေးရှိ တိုက်ခန်းတွေမှာ ဖွင့်ထားတဲ့ ကွန်ပျူတာသင်... တန်းထဲမှ တစ်ခုကို ရွေးချယ်တက်ဖြစ်သွားပါသည်။

စနေ၊ တနင်္ဂနွေမှာ တစ်ရက်ကို အချိန်သုံးနာရီ... ၍သင်သောသင်တန်း တက်ရသည်မှာ ပန်းပု အတွက်တော့ ... စိတ်ဝင်စားစရာမှ မရှိဘူးဟု ထင်သည်။ ပန်းပုက မုံရွာမှာတုန်း ကတော့ Basic Course (အခြေခံ)ကို တက်ထားပြီး ဖြစ်သဖြင့် မဂျီးမြတ်၏ အစီအစဉ်ဖြင့် Advanced (အဆင့်မြင့်)အတန်း... ဆက်တက်ရပါသည်။

သင်တန်းတက်နေစဉ် တစ်ရက်မှာ မထင်မှတ်... ကိုဝသန်မိုးနှင့် ဆုံပြန်သည်။ ပန်းပုက သင်တန်းပြီး၍ သင်တန်း... မှ ဆင်းအလာမှာ ထိုသင်တန်းဖွင့်ရာ တိုက်ခန်းရှေ့ ကားလာရပ်... သော ကိုဝသန်မိုးကို ဆုံတာဖြစ်သည်။

ပန်းပု လှမ်းအမြင်မှာ ကိုဝသန်မိုးကလည်း ပန်း... ကို မြင်ထားပြီး ဖြစ်နေကြောင်း သိလိုက်ရသည်။

ပြုံး၍ အနားရောက်လာသော ကိုဝသန်မိုးကို ပန်း... ရပ်စောင့်နေမိသည်။





"ဖိုင်လ်တွေနဲ့ပါလား၊ ဘာယ်သင်တန်း လာတက်တာလဲ"

ဒီတိုက်ခန်းတွဲကြီးတွေမှာ သင်တန်းပေါင်းစုံတွေ ...ဖွင့်ထားသည်ဖြစ်ရာ ကိုဝသန်မိုးက ချက်ချင်းဟန်မေးသည်။

"ကွန်ပျူတာသင်တန်းပါ"

"ဪ ... ဪ ... ကောင်းတာပေါ့။ အခုခေတ်မှာက တတ်ထားသင့်တယ်"

"ကိုဝသန်မိုးလည်း မဂျီးမြတ်နဲ့ တစ်လေသံတည်းပဲ"

"ခွင်ဗျာ"

ဝသန်မိုးမှာ ရုတ်တရက်မို့ နားမရှင်းသဖြင့် ထပ်...မိသည်။ ပန်းပုက ပြုံးရင်း ...

"မဂျီးမြတ်လည်း အခုခေတ်မှာ ကွန်ပျူတာတော့ တတ်ထားသင့်တယ်ဆိုပြီး တက်ခိုင်းတာမို့ပါ၊ ကိုဝသန်မိုးက လည်း အခု အဲဒီလိုပြောတော့ တစ်လေသံတည်းပဲ ဆိုပြီး သတိရသွားတာလေ"

အမှန်တော့ ဝသန်မိုးမှာ သူနဲ့ မြတ်မြတ်မဥ္စူတို့ ... ဒီလိုအတွေးအခေါ်တူတွေရှိကြောင်း ကြားရလျှင် ဝမ်းသာ ...သည့်နေရမှာပေမဲ့ ဒါကို ခံစား၍မရဘဲ ပန်းပု ပြုံးပြီး ဧ,နောက်တ... ...တိုသာ ငေးကြည့်ချင်စိတ် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေး အခုကျမှ ဘာကြောင့် ဒီလောက်ချ
စရာကောင်းပြီး ကြည့်ကောင်းလာတာပါလိမ့်။ အခုလည်း ကြ
ဦး ဝတ်ထားတာလေးက ချစ်စရာ။ အရောင်စိုစိုလေးတွေ အမျိုး
ရောယှက်နေသော ပိတ်စကို ဂါဝန်ရှည်လေးပုံစံ ဝတ်ထားတာ
ဒူးဖုံးခပ်ကားကား ဂါဝန်ရှည်လေးနှင့် ပန်းပုမှာ အလိုလို လိုက်
ဖက်နေသည်။ ခြေသလုံးမှာ ကြိုးလေးတွေ အများကြီး ရစ်ပတ်
ထားပြီး ဝတ်ရသော ဒေါက်ဖိနပ် မနိမ့်မမြင့်လေးနှင့် အသား
ညို စိုပြည်ဝင်းလက်သော ပန်းပုသည် တစ်ခါတွေ့တိုင်း တစ်မျိုး
ပိုလှလာသည်ဟု ထင်မိပါသည်။

"အဟီး ... ပန်းပု အင်္ကျီပိတ်စက ရောင်စုံဖြစ်နေတ
ကိုဝသန်မိုး အထူးအဆန်းဖြစ်ပြီး ကြည့်တာလားဟင်"

ပန်းပုက သူမ အင်္ကျီလေးကို အသေအချာကြည့်
နေသည်ဟုထင်ကာ ရှက်ရယ် ရယ်ပြီးမေးသည်။

"အရောင်လေးဟာ စုံပြီးလှသားပဲ၊ ပန်းပုနဲ့ လိုက်တယ်"
"မကျီးမြတ်က ပြောတော့ အဲဒါ fruit salad (ဖရု(ထ်)
ဆဲလက်(ထ်))အရောင်တဲ့၊ သစ်သီးရောင်စုံကို salad လုပ်
ထားရင် အဲဒီလိုမျိုးတဲ့။ ပိတ်စက မကျီးမြတ် ရွေးပေးတာ
လေ။ အင်္ကျီပုံစံကတော့ ပန်းပု ဘာသာရွေးတာ၊ မကျီးမြတ်





ချုပ်နေကျ ဒီဇိုင်နာဆီမှာ ချုပ်တာလေ။ ချုပ်ဝတ်တာ
ပိုက်ဆံပိုတောင် ကုန်သေးတယ်၊ ဝယ်ဝတ်ရင် ဒီလောက်
မကုန်ဘူး ဆိုပြီး ချုပ်ခ ရှင်းရတုန်းက နှမြောနေတာ
လေ"

"ပန်းပု အခု သင်တန်းပြီးရင် ဘယ်သွားစရာရှိလဲ"

ဝသန်မိုးသည် ပန်းပုအင်္ကျီအကြောင်း တဖွဲ့တနွဲ့
ပြောနေသည်ကို စိတ်ရှည်စွာ နားထောင်ပေးပြီး စကားဆုံးမှ
မေးလိုက်ပါသည်။

"ပန်းပု မကျီးမြတ်ဆိုင်ပဲ ပြန်မှာပေါ့၊ စနေ၊ တနင်္ဂနွေဆို
ပန်းပုက မကျီးမြတ်နဲ့ ဆိုင်လိုက်ထိုင်ပေးတယ်။ ကိုဝသန်မိုး
တောင် ဆိုင်ဘက်မလာတာ ကြာပြီနော်"

အမှန်တော့ သူ့စိတ်ထဲမှာ ဖြစ်ပေါ်လာမိသော
ပြောင်းလဲမှုကြောင့် မြတ်မြတ်မဥ္စူကို မျက်နှာချင်းဆိုင် ဆုံရမှာ
မျက်နှာပူသလို ဖြစ်နေတာကြောင့် မရောက်တော့တာပါ။ အရင်
ကတော့ အကြောင်းရှိရှိ မရှိရှိ။

"ဒီပလာဇာရောက်တုန်း လမ်းကြုံလို့ ခဏဝင်လာ နှုတ်
ဆက်တာ"

ဆိုပြီးတော့ တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်စားပွဲမှာထားတဲ့ ပန်းတုအလှထည့်ထားတဲ့ ပန်းအိုးကို စိတ်ထဲမှာ ရိုးလာပြီထင်လို့ မြတ်မြတ်မဥ္ဇူဆိုင်မှာ လာဝယ်တာ"

ဆိုပြီးတော့ အကြောင်းပြချက်ပေးပြီး လာဝယ်တာတစ်မျိုး။

ဘာအကြောင်းပြချက်မှမပေးဘဲ ဆိုင်ထဲဝင်လာ နှုတ်ဆက်၊ ပြန်ထွက်သွား လုပ်တတ်တာမျိုးဖြင့် သုံးပတ်တစ်ခါလောက် ရောက်ဖူးကြောင်း ပန်းပု သိထားသဖြင့် မေးတာဖြစ်သည်။

ပန်းပုကြောင့် မလာတော့တာလို့ ချက်ချင်းကြီးမဖြေချင်။ မိန်းကလေးတစ်ယောက်ကို နှစ်နှစ်လောက် ပိုးပန်းလာခဲ့ပြီးမှ ထိုမိန်းကလေးရဲ့ ညီမဝမ်းကွဲဆိုသူ ရောက်လာတော့ ထိုသူလေး မလှမပခင် တောဆန်ဆန်ပုံလေးတုန်းကတော့ စိတ်ထဲမှာ ရှိတယ်လို့တောင် မထင်ခဲ့မိဘဲ အခုလို ပုံအပြောင်းကြီးပြောင်းလှပသွားသောအခါမှ စိတ်ဝင်စားလာမိသည်မှာ တကယ်တော့ မကောင်းမှန်း သိပါသည်။

သို့သော် ဘာကြောင့်မှန်းမသိ၊ သူ့စိတ်တွေဟာ မြတ်မြတ်မဥ္ဇူနဲ့ ဆုံရမှာထက် ပန်းပုနဲ့ ဆုံရမှာကိုပင် ပိုပြီးလိုလားတောင့်တနေမိတာ ခက်သည်။





"ပန်းပု ကျွန်တော်နဲ့ တစ်ခုခုလိုက်စားပါလားလို့ ဖိတ်ချင်လို့ပါ။ သိပ်ဝေးဝေးလံလံ သွားမှာမဟုတ်ဘူးလေ။ ဒီနားတစ်ဝိုက်မှာရှိတဲ့ဆိုင်ပဲ သွားတာပေါ့၊ ပြီးရင် ပန်းပုဆိုင်ကို တစ်ခါတည်း ပြန်လိုက်ပို့ပေးမဗျာ၊ ပန်းပုကိုပို့ရင်း ဆိုင်မှာရှိတဲ့ မြတ်မြတ်မဥ္ဇူကိုပါ ဝင်နှုတ်ဆက်မယ်လေ"

ပန်းပုမှာ အူကြောင်ကြောင်ဖြင့် မျက်လုံးဝိုင်း၍ ြန်ကြည့်ရင်း ...

"ဘာအထိမ်းအမှတ်နဲ့ မုန့်ကျွေးမှာလဲဟင်"

ဟု မေးသဖြင့် ဝသန်မိုးမှာ အသည်းယားသွားပြီး န်းပုခေါင်းကို လက်နဲ့အုပ်ကိုင်မိတော့မလိုတောင် ဖြစ်သွားပါည်။ သတိကို အမြန်ဆုံး ထိန်းချုပ်နိုင်မိလို့သာ လက်ကလမ်းစ်ဝက်မှာ ရပ်သွားရတာ။ ပန်းပုနဲ့ သူက အဲဒီလောက်ကြီးင်းနှီးဘဲနဲ့ မလုပ်သင့်ဘူးလို့ သတိပြုလိုက်မိလို့။

မျက်လုံးဝိုင်းဝိုင်း၊ ကြောင်တောင်တောင်၊ အူတူတူနှင့် မေးပုံမှာ တကယ့်ကိုအပြစ်ကင်းစင်လှပြီး ချစ်ဖို့ကောင်းနေည်ဟု ထင်မိသည်။ ပန်းပုမှာ သီးသန့်ပိုင်ဆိုင်သော အပြစ်ကင်းမှုဟူသည့် အမူအရာသည် ပန်းပု သိပ်အလှကြီး မဟုတ်ပေမဲ့ မူအရာကပဲ ပန်းပုကို ရုပ်လုံးကြွစေသည်ဟူ၍လည်း အမှတ်ိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအထိမ်းအမှတ်လဲ ဆိုတော့၊ အင်း ... အထိမ်းအမှတ်ရယ်လို့ မဟုတ်ပါဘူးကွာ၊ ဒီလိုပဲ ခင်လို့မင်လို့ မုန့်လိုက်ကျွေးတာပါ။ ပန်းပု သဘောပါ၊ ပန်းပု မလိုက်ချင်ရင်လည်း အတင်းမခေါ်ပါဘူး။ ကျွန်တော်က မြတ်မြတ်မဥ္ဇူ ကြိုက်တတ်တဲ့ apple pie (အက်ပယ်လ်ပိုင်)ကို ဒီတိုင်းကြီးဝယ်လာပြီး ပေးရမှာထက်စာရင် ပန်းပုကို မုန့်လိုက်ကျွေးရင်း ဝယ်လာပြီး မြတ်မြတ်မဥ္ဇူကို ပေးတာဆိုရင် ပိုကောင်းမလား တွေးမိလို့ပါ"

ပန်းပုမှာ ဝသန်မိုး စကားကို အဟုတ်ကြီးထင်လျက် ဝသန်မိုး၏ ဖိတ်ခေါ်မှုကို ချက်ချင်းပဲ လက်ခံလေသည်။

"မဂျီးမြတ်ကို မုန့်လာပေးချင်လို့ကိုး။ ဒါဆိုလည်း ပန်းပု မုန့်လိုက်စားပါ့မယ်၊ ကြိုပြောထားတယ်နော်၊ ပန်းပုက အစားပုပ်တယ်"

ပန်းပုသည် မဂျီးမြတ်ကိုဆို လာပိုးပန်းကြတဲ့ ယောကျ်ားတွေ လေး၊ ငါးယောက်ထက်မနည်း တွေ့ဖူးထားတဲ့ အထဲမှာ ကိုဝသန်မိုးကိုတော့ မဂျီးမြတ်နဲ့ အလိုက်ဆုံး၊ အသင့်တော်ဆုံးလို့ အမှတ်ပေးထားမိလေရာ ကိုဝသန်မိုး အဆင်ပြေဖို့ အရေး ကူညီပေးချင်သဖြင့် လက်ခံလိုက်တာဖြစ်သည်။





ကိုယ်နဲ့လည်း သိပ်ပြီးအရင်းနှီးကြီး မဟုတ်လှသော မဂျီးမြတ်ကြောင့်သာ တွေ့ဖူး၊ ဆုံဖူးရုံရှိသော သူစိမ်းယောကျ်ား တစ်ယောက်၏ကားပေါ် ပန်းပု တစ်ယောက် စိတ်ချလက်ချ လိုက်ခဲ့တော့လေသည်။

✻ ❤ ✻



www.burmeseclassic.com

www.burmeseclassic.com



# ၉

ဆိုင်ထဲဝင်ဝင်ချင်း ပန်းပု အရင်ဆုံး လှမ်းမြင်သူမှာ ထိပ်ထိပ်ပဲဖြစ်သည်။ ထိပ်ထိပ်ကို တစ်ယောက်တည်း စတော်ဗယ်ရီမွှေခ်ရှိတ်တစ်ခွက်ဖြင့် တွေ့ရသည်။ စားပွဲပေါ် ဖြန့်တင်ထားသော ကတ်တလောက်တစ်ခုကို လှန်လှောကြည့်နေသော ထိပ်ထိပ်က ပန်းပုတို့ ဝင်လာတာကို မတွေ့ပါ။

ပန်းပုသည် ဘေးမှာပါလာသော ကိုဝသန်မိုးကိုပင် မေ့သွားပြီး ထိပ်ထိပ်ထံ သွက်သွက်လျှောက်သွားမိလေရာ...

"ပန်းပု ဘယ်မှာထိုင်ချင်လို့လဲ"

ဟု ကိုဝသန်မိုးကမေးမှ သတိရသည်။

"ကိုဝသန်မိုး ထိုင်နှင့်ပါ။ ပန်းပု အသိတွေ့လို့"

"ဩော် ... ဟုတ်လား"





ပန်းပု မေးညွှန်ပြရာကို ကြည့်မိသောအခါ ဝသန်မိုးမှာ အံ့ဩသွားမိသည်။ ဒီလူတော်တော်ချောတဲ့လူပဲ။ ဘယ်လိုခေါ်မလဲ။ ယောကျ်ားအချင်းချင်းတောင် ဒီကောင်ချောလှချည်လား၊ ကြည့်ကောင်းလှချည်လားလို့ အမှတ်ပေးလောက်တဲ့အထိ ချောတာမျိုး။

ဝသန်မိုးမှာ ပန်းပုတွင် ထိုကဲ့သို့ ချောမောသော ယောကျ်ားလေးမိတ်ဆွေတစ်ယောက် ရှိနေခြင်းကြောင့် ရင်ထဲမှာ မကျေမနပ် ဖြစ်သွားပါသည်။

ခေါင်းငုံ့ထိုင်နေသော ထိုသူမှာ သာမန်ဝတ်စားနေကျလိုပင် စတစ်ကာတွေပါသော လည်ပင်းပိတ်တီရှပ်နှင့် ဂျင်းနက်ပြာနှင့် ဖြစ်ပေမဲ့ ထူးခြားစွာ ကြည့်ကောင်းနေသည်။ တီရှပ်အနက် လွတ်နေသော အသားအရေတွေမှာ ဝါဝင်းဖြူစင်လှကြောင်း သတိထားမိသည်။ လက်ကမွေးညင်းလေးတွေဝင် စိမ်းစိမ်းလေး ဖြစ်နေကြောင်း အဝေးမှပင် မြင်ရလေသည်။ ပန်းပုကွာ ဘယ်လိုလုပ်များ ဒီလူကို ရှာတွေ့ပြီး မိတ်ဆွေဖြစ်ထားရသလဲ။

ဝသန်မိုးမှာ မနာလိုချင်ကြီးစွာဖြစ်လျက် ပန်းပုနောက်မှ တမင်ပဲ လိုက်သွားခဲ့ပါသည်။

"ထိပ်ထိပ်"

ပန်းပု ရပ်လည်းရပ်၊ ခေါ်လည်းခေါ်လိုက်သောကြောင့် ထိပ်ထိပ် ဆတ်ခနဲ မော့ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ပန်းပု ဘယ်လာတာလဲ"

ထိပ်ထိပ်သည် ချက်ချင်းပဲ ဘေးမှာ ခပ်တည်တည် ပါလာသောလူကို သတိထားမိသွားလျှင် ပန်းပု တယ်ဟုတ်ပါလား ဟု တွေးလည်းတွေးလိုက်မိသလို နှမြောသလိုလိုစိတ်လည်း ဖျတ်ခနဲဖြစ်သွားပါသည်။

"ပန်းပုရဲ့မိတ်ဆွေတစ်ယောက်ကဖိတ်လို့ သူနဲ့အတူ မုန့်လိုက်စားတာပါ။ အော် ... မဂျီးမြတ်နဲ့လည်း မိတ်ဆွေ တွေပါပဲ။ မဂျီးမြတ်နဲ့ ပတ်သက်ပြီး ပန်းပုနဲ့ ခင်ရတာ ပေါ့၊ သူက ကိုဝသန်မိုးတဲ့"

ထိပ်ထိပ်သည် ချောမောခန့်ညားသော ထိုသူ့ကိုအသိအမှတ်ပြုသလို ခေါင်းညိတ်ပြရင်း လက်ပါကမ်းပေးလိုက်သည်။

"ကျွန်တော့်နာမည် ထိပ်ထိပ်ပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဒါနဲ့ ထိပ်ထိပ် တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ။ ဆိုင်မှာ အလုပ်သိပ်မများလို့လား"

"ထိပ်ထိပ်က ဆိုင်ဖွင့်ရက်နေ့တိုင်း ဆိုင်မှာ ထိပ်ထိပ် ဝင်မပါဘူးလေ။ လူဆိုတာ အလုပ်လုပ်တဲ့အချိန်လည်း ရှိရမယ်၊ နားရက်ယူတဲ့အချိန်လည်း ရှိရမယ်ဆိုတဲ့ စိတ်ကူးနဲ့မို့ ထိပ်ထိပ်က သုံးရက်သွား တစ်ရက်နား အမြဲလုပ်ထား





တယ်၊ ဒါကြောင့် ဒီနေ့ ထိပ်ထိပ် နားတယ်၊ နားရက်ကြုံတုန်း covergirl က ရှာခိုင်းထားတဲ့ မိတ်ကပ်ပုံမော်ဒယ်လ် အသစ်အတွက် ဘယ်သူ့ကို တင်ပေးရမလဲလို့ မိတ်ကပ်ပုံတွေ ကြည့်ရှာနေတာ"

ဝသန်မိုးကလည်း မသွားသေးဘဲ တမင်ပေရပ်ပြီး စောင့်နေသည်။ ပန်းပု မျက်လုံးတွေက ဒီလူ့အပေါ် သိပ်ပြီး ချော်ဝင်နေသလိုပဲဟု ထင်မိနေသည်။

"အတော်ပဲ၊ ပန်းပုမှာ အလှမိတ်ကပ်ရိုက်ထားတာ ရှိရင် ဆယ်ပုံလောက် လိုချင်တယ်၊ ဘယ်လိုလဲ"

"ဘာလုပ်မလို့လဲ ထိပ်ထိပ်ရဲ့"

"ပန်းပုက အသားညိုတော့ မိတ်ကပ်ပုံစားလိမ့်မယ်။ ဒီတော့ Rimmel ကြော်ငြာမိတ်ကပ်ပုံအတွက် ပန်းပုကို မော်ဒယ်လ် အရွေးခံဖို့ စီစဉ်ပေးချင်လို့"

"ဟာ ... ပန်းပုက မော်ဒယ်လ်မှ မဟုတ်တာ"

"မော်ဒယ်လ်ဖြစ်စရာ မလိုဘူးလေ၊ မိတ်ကပ်ပုံအလှရိုက်ပြီး မဂ္ဂဇင်းတို့၊ Ball board (ဘောလ်ဘုတ်)တို့မှာ ကြော်ငြာ ထည့်ပေးရုံပဲ။ ပန်းပု မြင်ဖူးမှာပေါ့။ မဂ္ဂဇင်းတွေမှာ ကြွေ ရောင်တောက်နေတဲ့ စက္ကူအကောင်းစားကြီးနဲ့ ကြော်ငြာ တဲ့ပုံလေးတွေလေ၊ လုပ်ပါ ပန်းပုရဲ့။ ထိပ်ထိပ် ငြင်းဆင်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်လို့ ဗစ်တိုးရီးယားဘက်ခမ်းလိုလို ပုံစံထွက်နေတဲ့ ပန်းပုကို ပိုက်ဆံအကုန်ခံပြီး ပြင်ထားရကျိုးနပ်အောင် အခုမှ ဒီမှာ အသစ်လာဖွင့်တဲ့ Rimmel အလှကုန်ကုမ္ပဏီရဲ့မော်ဒယ်လ်အဖြစ် တင်ပေးချင်လို့ပါ"

"ပန်းပုမှာ အလှတာတ်ပုံ မရှိဘူး"

"ဒါဖြင့် တာတ်ပုံဆရာတစ်ယောက်နဲ့ ရိုက်လေ"

"အဲဒီလို အလှတာတ်ပုံရိုက်ရင် မိတ်ကပ်တွေ ပြင်ရမှာပေါ့"

ဝသန်မိုးသည် ထိပ်ထိပ် ဆိုသောလူ၏ စကားအပြောအဆိုကို အကဲခတ်နေမိသည်။ ဒီလူက ဘယ်လိုပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် ဖြူနုဝင်းမွတ်နေအောင် တမင်များ ပြင်ဆင်ထားသလား။ ဒါပေမဲ့ မိန်းကလေးတွေ ဘာကို ရူးသွပ်သလဲ။ မိန်းကလေးတွေဟာ ဘာကိုသိပ်ဖြစ်ချင်သလဲ ဆိုတာကိုတော့ သိထားပုံရတယ်။ အခုလည်း ငါနဲ့အတူဝင်လာတဲ့ ပန်းပုမှာ စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီး နေရာယူတဲ့အဖြစ်ကို မရောက်နိုင်ရအောင် ကြော်ငြာမော်ဒယ်လ်ဖြစ်စေရေးကိစ္စနဲ့ စကားကို အမျှင်မပြတ်အောင် ဆုပ်ထားတတ်နေတယ်။ မိန်းကလေးတွေ ဆိုတာက အသက်ကြီးကြီး၊ ငယ်ငယ် ကိုယ့်ပုံကိုယ် ကြော်ငြာထည့်ခံရမယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲ ပါရပါစေ ပါလိုက်ချင်တဲ့အမျိုးတွေလေ။ ပန်းပုလို ဆယ်ကျော်သက် မိန်းကလေးအတွက်တော့





ဒါဟာ ရွှေအိုးထမ်းလာတဲ့ အဖြစ်လို့ပဲ နှိုင်းယှဉ်နေမလား။ ရေတော်တုန်း ရေတွင်းထဲကျလို့ပဲ ပြောရမလား။

"မပြင်ရပါဘူး ပြင်နေကျ အတိုင်းပဲ ပြင်လိုက်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ အလှတာတ်ပုံရိုက်တဲ့ တာတ်ပုံဆရာတွေရှိတယ်။ သူတို့က သိပ်မပြင်မဆင်ထားတဲ့ နဂိုအလှကိုပဲ လှအောင်ရိုက်ပေးတတ်တယ်လို့ ထိပ်ထိပ်ဆီလာတဲ့ ကောင်မလေးတွေပြောတာ ကြားတယ်၊ အဲဒီတော့ ပန်းပု အခုလိုလေး ပြင်ဆင်ထားတဲ့အတိုင်း အဲဒီတာတ်ပုံဆရာတွေထဲက တစ်ယောက်ယောက်ဆီမှာ သွားရိုက်လိုက်။ နာမည်ကြီးတာတော့ ဦးစိန်ဝင်းတို့၊ မြဝတီဦးကျော်ဝင်းတို့ရှိတယ်။ သူတို့ကို ကောင်မလေးတွေ အပြောများတယ် ...

တာတ်ပုံဆယ်ပုံ ဆယ့်ငါးပုံလောက် ရိုက်ယူခဲ့၊ အချိန်မဆိုင်းနဲ့နော်၊ သန်ဘက်ခါလောက် ထိပ်ထိပ်ဆီ တာတ်ပုံတွေ လာပေးရင် ကောင်းမယ်၊ ပန်းပုပုံတွေ ရတာနဲ့ အခု ထိပ်ထိပ်ဆီမှာ လာပေးထားတဲ့ မော်ဒယ်လ်အသစ်လေးတွေပုံပါရောပြီး Rimmel ကို ပေးပေးမယ်၊ ကံပဲပေါ့။ သူတို့ရွေးရင် ပန်းပု ကံကောင်းပြီပေါ့"

ထိပ်ထိပ်သည် အခုထိ နေရာတစ်နေရာယူပြီး သွားထိုင်ဖော်မရသေးသော ပန်းပုအားကလူကို တော်တော်ချူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးမသိတတ်ဘူးပဲ ပြောရမလား။ အလိုက်ကန်းဆိုး မသိဘူးဘဲ ပြောရမလား၊ အနားမှာ တမင်ရပ်နေပုံမှာ ဘာသဘောမှန်းကို မသိ။ အခုခေတ်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် စကားပြောကြခြင်းမှာ သိပ်ပြီး မထူးဆန်းလှပါဘဲ ဘေးကနေ တစ်ချိန်လုံး အကဲခတ်ပြနေခြင်းမှာ တော်တော့်ကို စိတ်ပျက်စရာ။

"အရွေးခံရရင် ဘာရမှာလဲဟင်"

"တစ်နှစ်လုံး ပန်းပု မော်ဒယ်ပုံနဲ့ပဲ ကြော်ငြာခံရမယ်။ တစ်သိန်းဖိုးရှိတဲ့ Rimmel က,ထုတ်တဲ့ အလှကုန်ရမယ်။ ငွေသားတစ်သိန်းရမယ်။ အခုခေတ်အနေနဲ့ကတော့ ဒါ သိပ်အများကြီးပေးတဲ့ ဆုကြေးတော့ မဟုတ်ပေမယ့် ဒီလောက်လေးကိုပဲ မက်မောလို့ ထိပ်ထိပ်ဆီမှာ လာပေးထားတဲ့ အလှဓာတ်ပုံတွေမှ အများကြီး။ ထိပ်ထိပ်က ပန်းပုကို ခင်လို့ ပန်းပု အရင်ပုံနဲ့ အခုပုံ ခြားနားသွားအောင် ပြင်ထားရကျိုးနပ်စေချင်လို့ တိုက်တွန်းတာပါ"

ပန်းပုမှာ ငယ်ရွယ်သော မိန်းကလေးပီပီ နှစ်ခါပင် မစဉ်းစားလိုက်ရ။ ကျေနပ်တက်ကြွစွာပင် ...

"ဟုတ်ပြီ ... ဒါဆို ပန်းပု မကျိုးမြတ်ကို အဖော်ခေါ်ပြီး ဓာတ်ပုံသွားရိုက်မယ်၊ သန်ဘက်ခါရပါ့မလား မသိဘူး"





"ရပါတယ်၊ ဓာတ်ပုံဆရာကိုသာပြောလိုက်၊ ပြိုင်ပွဲဝင်စရာ' ရှိလို့ အမြန်လိုချင်တယ်လို့။ အခုခေတ်က digital ခေတ်ပါ၊ ဓာတ်ပုံထုတ်ရတာ လွယ်ပါတယ်"

"ဒါဆို ထိပ်ထိပ် အားပေးတာနဲ့ ပန်းပု စိတ်ပါသွားလို့ လုပ်တော့မယ်"

"ပန်းပုတို့ မုန့်စားဖို့လာတာ မဟုတ်လား၊ သွားထိုင်ရင် ထိုင်တော့လေ။ ထိပ်ထိပ်လည်း လျှောက်သွားစရာလေးတွေ ရှိလို့ သွားတော့မယ်၊ ဓာတ်ပုံ ဆက်ဆက်သာ လာပေးနော်။ ထိပ်ထိပ် ပန်းပုပုံကို စောင့်နေမယ်။ ပန်းပု ပုံရမှ Rimmel ကလူကို ခေါ်ပေးမယ်"

ပန်းပုမှာ ဝမ်းသာလုံးဆို့ပြီး ခြေလှမ်းတွေနည်းနည်း မြောက်ကြွကြွ ဖြစ်နေသလိုလို ခံစားရသည်။ ပုံမလာပန်းမလာ တောသူမရုပ်လေးကနေ အခုလို ပုံစံပြောင်းပြီး မကြာမီမှာ အလှဓာတ်ပုံတွေ ဖော်ပြကြော်ငြာခံရလျှင် ဆိုသော စိတ်ကူးယဉ်မျှော်လင့်ချက်သည် ပန်းပုကို များစွာစိတ်လှုပ်ရှားစေသည်။ ထိပ်ထိပ် လက်ပြသွားသည်ကို လက်ပြမဆုံး ကျန်ရစ်ကာ ပန်းပု ကိုယ်တိုင် ထိပ်ထိပ်နောက် တကောက်ကောက်လိုက်ခွင့်ရရင် ဘယ်လောက် ကောင်းမလဲဆိုသော စိတ်ကူးလေးက ဖျတ်ခနဲ ဝင်လာခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထိပ်ကို ခင်သည်။ လေးစားသည်။ အပိုအလို သိဝ်မရှိသော စကားပြောဆိုပုံကို သဘောကျမိသည်။ ထိပ်ထိပ် အခြောက်မဖြစ်နိုင်ပါဘူးလို့ စိတ်ထဲမှာ အကြိမ်ကြိမ် အခါခါ ငြင်းရင်း ထိပ်ထိပ်ကို တစ်နေ့မှ မမေ့နိုင်အောင် ခဏ,ခဏသတိ ရနေမိတာလည်း အခက်သား။

"အဲဒီလူက ယောကျ်ားဖြစ်ပြီး တော်တော့်ကို ချောတာပဲ။ သူ့ ချောမောပုံက ယောကျ်ားပုံပေါက်ပြီး ချောပေမဲ့ အသားအရေတို့၊ လက်ချောင်းတို့၊ လက်ခုံတို့က သိပ်ချော မွတ်လှပနေတော့ မိန်းကလေး အသားအရေလို့တောင် ထင်စရာပဲ၊ သူက ဘယ်သူလဲ ပန်းပု"

ဝသန်မိုးသည် ပန်းပု မျက်လုံးတွေထဲမှာ လှစ်ခနဲ ဖမ်းတွေ့လိုက်သော ထိပ်ထိပ် အပေါ် စွဲလမ်းနေမှုကို အကဲခတ်မိ လျှင် မနာလိုဖြစ်နေမိသည်။

"ကိုဝသန်မိုး စိတ်ထဲမှာ သူ့ကို ဘယ်လိုမြင်လဲဟင်"

ပန်းပုက ပြန်မေးခွန်းထုတ်လိုက်သဖြင့် ဝသန်မိုး အံ့ဩသွားသည်။

"ဘယ်လိုမြင်ရမှာလဲ၊ ဘာကိုမေးတာလဲ ပန်းပု"

"ပန်းပု မေးတာက သူက ယောကျ်ားစစ်စစ်လား။ ခြောက် နေတဲ့လူလားလို့ပါ"



"ပုံစံကတော့ ယောကျ်ားပုံပဲလေ၊ ဒါပေမဲ့ ခြောက်နေရင် လည်း ခြောက်နေမှာပေါ့၊ ဘယ်လိုလုပ် သိနိုင်မလဲ"

"ပန်းပုကတော့ သူ့ကို ခြောက်နေတယ်လို့ကို မထင်ပါ ဘူး။ လူတွေက သူ့ပုံစံရယ် သူလုပ်တဲ့ အလုပ်ရယ်ကြောင့် ထင်ကြတာပါ"

"သူက ဘာအလုပ် လုပ်လို့လဲ"

"သူက ဆံပင်ညှပ်တယ်လေ၊ ဗြူးတီးဆလွန်း ဖွင့်ထား တယ်"

"သြော် ... ဟော် ... အလှပြင်တဲ့ မိန်းမလျာကိုး"

ဝသန်မိုး ရင်ထဲမှာ ကျေနပ်အားရသွားသလို ရေ ရွတ်လိုက်မိပါသည်။ ဒါပေမဲ့ ယောကျ်ားချင်းချင်းမို့လား မသိ။ ထိပ်ထိပ်ဟာ အခြောက်မဟုတ်ဘူးလို့လည်း အလိုလိုသိနေပြန် သေးသည်။

"ထိပ်ထိပ်က မိတ်ကပ်တော့ မပြင်ဘူး။ ဆံပင်ပဲ ညှပ်တာ ပါ။ ယောကျ်ားလေး မိန်းကလေး ဆံပင်အကုန်ညှပ်တယ်။ သူက သိပ်တော်တာလေ၊ သူ့ဆိုင်မှာဆို အမြဲလူပြည့်နေ တာ၊ သူနဲ့ပဲ ဆံပင်ညှပ်ချင်ရင် လေးရက်လောက် ကြို ဘွတ်ကင်လုပ်ထားမှရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်ညှပ် အလှပြင်လုပ်တဲ့ လောက,ကလူတွေ တော်တော်များများတော့ ခြောက်နေကြတာပဲလေ။ လူတွေအားလုံး လက်ခံထားတာကလည်း ဒီလောကမှာ မိန်းမလျာအခြောက်တွေက ပိုတော်ပြီး ပိုနာမည်ရကြတယ်တဲ့"

"ထိပ်ထိပ်က မခြောက်ပါဘူး"

"ဒါဖြင့် သူ့နာမည်ကို ဘာကြောင့် မိန်းမလျာဆန်ဆန် ထိပ်ထိပ် လုပ်ထားရလဲ၊ သူ မခြောက်ဘူးဆို ဒီလိုနာမည်မျိုး ဘယ်သုံးမလဲ"

"သူ ပြောသားပဲ၊ သူ့မိဘတွေ ဆွေမျိုးတွေက ချစ်စနိုး ခေါ်တဲ့နာမည်မို့တဲ့"

ပန်းပုမှာ ထိပ်ထိပ်ဘက်မှ ကာကွယ်ပြီး ပြန်ချေပငြင်းဆန်နေမိပါသည်။

ပန်းပုကို တစ်စုံတစ်ယောက်က ထိပ်ထိပ်မခြောက်ပါဘူးလို့ တစ်ခွန်းပဲပြောတာကို ကြားရချင်တာပါ။ အဲဒီလိုကြားရရင် ပန်းပု သိပ်ပျော်မိမှာပဲ။

"ဒါပေမဲ့ သူ ဒီလောက်နမ္မတ်ဝင်းဝါနေတဲ့ အသားကို ပိုင်ဆိုင်ထားတာပဲ။ ဒါ တမင်လှချင်လို့ လုပ်ထားလို့ကို ရတဲ့ ပုံစံမျိုး။ သူ အခြောက်မို့လို့ပဲပေါ့"





ပန်းပုသည် ထိပ်ထိပ်ကို လိုအပ်တာထက်ပိုပြီး အခြောက် အခြောက်နဲ့ ခဏခဏသုံးနှုန်းပြနေသော ကိုဝသန်မိုးကို စိတ်ထဲမှာ မကြည်လင်တော့ပါ။

စားစရာတွေ မှာခိုင်းတော့ မြန်မြန်ရရင် ပြီးရော် မြန်မြန်ပြန်မယ် ဆိုတဲ့ စိတ်ကူးနဲ့ ကော်ဖီ တစ်ခွက်သာ မှာလိုက်ပါသည်။

"မုန့်မှာလေ ပန်းပုရဲ့၊ မုန့်ကျွေးမှာပါလို့ပြောပြီး ခေါ်လာတာလေ"

"ပန်းပု ဗိုက်မဆာလို့ပါ၊ ကိုဝသန်မိုးကို ကူညီချင်လို့ လိုက်လာပေးတာပါ"

ဟု ပြောလိုက်လျှင် ဝသန်မိုးက နားမလည်သလိုဖြင့် ...

"ခင်ဗျာ ... ကျွန်တော့်ကို ဘာကူညီရမှာမို့လဲ"

လို့ နားမရှင်းဘဲ ပြန်မေးမိလေသည်။

"မရိုးမြတ်ကိုပိုးပြီး မုန့်ဝယ်ပေးချင်တာ ဒီတိုင်းကြီးဝယ်ရင် မကောင်းဘူးဆိုလို့ ပန်းပု မုန့်လိုက်စားလို့ လျှကြွဲလို့ဝယ်ပေးလိုက်တာ ဖြစ်ချင်တယ်ဆိုလို့ ပန်းပုက ကူညီတဲ့သဘောနဲ့ လိုက်လာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဝသန်မိုးလည်း ပန်းပု ခေါင်းထဲမှာ ဒါ စွဲနေပါလားဟု သတိပြုမိသွားပါသည်။ မဖြစ်တော့ဘူး ... ငါ ဟာ မြတ်မြတ်မဉ္ဇူကို ဒီလောက်အရှုးအမူးကြီး ဖြစ်နေတာလည်း မဟုတ်ဘူး။ သူ့ကိုမှ မရရင် ရူးရလိမ့်မယ်ဆိုတဲ့အထိ စွဲလမ်းနေ တာလည်း မဟုတ်ဘူးဆိုတာ ပန်းပု အရိပ်အမြွက်တော့ သိအောင် ကြိုပြောထားမှ။

"မြတ်မြတ်မဉ္ဇူဟာ သိပ်လှပြီး သိပ်ထက်မြက်ပြီး မာန လည်း သိပ်ကြီးတဲ့ မိန်းမလှလေးပါ။ သူ့ကို ယောကျ်ားတိုင်း လက်တွဲခွင့်ရချင်ကြတာပဲလေ။ အဲဒီထဲမှာ ကျွန်တော် ပါတာ မဆန်းပါဘူး။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း သူ့ ဒီလောက်ကြီး တင်းတာကို စိတ်ပျက်မိတယ်။ မလို အပ်ဘဲ မာနတွေကြီးလွန်းနေတော့ သူ့လိုမိန်းမကို ပိုင်ဆိုင် ရမှာတောင် ကြောက်လာတယ်။ ဘာမာနမှ မရှိဘဲ စိတ် သဘောထားအေးဆေးတဲ့ မိန်းကလေးနားမှာ တစ်သက်လုံး နေရရင် ပိုစိတ်ချမ်းသာမလားလို့ စိတ်ကူးမိတာတွေလည်း ရှိလာတယ်"

ပန်းပုကတော့ သူပြောတာ နားလည်လား၊ မလည် လား မသိ။ မျက်လုံးပြူးပြီး နားထောင်နေကာ ကော်ဖီကို မြန် မြန်ပြီးအေးရော ပုံစံဖြင့် သောက်နေတာ တွေ့ရသည်။



"ဘာတွေ အလောကြီးနေတာလဲ ပန်းပုရဲ့"

"ပန်းပု သင်တန်းပြီးတာ ကြာပြီ။ ပြန်မရောက်လာသေး ဘူးဆိုရင် မဂျီးမြတ် စိတ်ပူမှာစိုးလို့။ သင်တန်းပြီးလို့ နောက်ထပ် နာရီဝက် လေးဆယ့်ငါးမိနစ် ကြာတဲ့အထိ သူ့ဆီရောက်မလာသေးရင်တော့ စိတ်မပူပါဘူး၊ သင်တန်း ပြီးသွားလည်း နောက်ထပ်သင်တန်း ဆက်မရှိရင် ကွန်ပျူ တာကို လေ့ကျင့်ခွင့်ရှိလို့ ပန်းပု လေ့ကျင့်နေတယ်ထင်ပြီး စိတ်မပူတတ်ပါဘူး။ အခုကျ သင်တန်းပြီးတာ တစ်နာရီ နီးပါး ရှိနေပြီဆိုတော့ သူ စိတ်ပူပြီး ဟိုရှာဒီရှာ လုပ်နေမှာ စိုးလို့ပါ"

ဝသန်မိုးက ပန်းပု အဖြေကို လက်ခံသလိုလုပ်ရင်း သောက်လက်စ ချောကလက်မှေ့ခ်ရှိတ်ကို မြန်မြန်သောက် [illegible]သည်။

ကားပေါ် အတူထိုင်လိုက်လာသောအခါ ဝသန်မိုး [illegible]ထဲမှာ သိချင်တာရှိသဖြင့် မေးလိုက်ပါသည်။

"မြတ်မြတ်မဉ္ဇူက ပန်းပုကို တော်တော်လွှမ်းမိုးခွင့်ရှိထား ရအောင် ပန်းပုနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ပန်းပုက အသာအယာပြုံးရင်း ...

www.burmeseclassic.com



"ညီအစ်မတစ်ဝမ်းကွဲလေ"

"ဟုတ်ပါတယ်၊ အဲဒါတော့ ကျွန်တော် သိပြီးပါပြီ၊ ညီအစ်မတစ်ဝမ်းကွဲပေမဲ့ ပန်းပုက သူ့အမိန့်ကိုဆို သိပ်များနာခံနေသလားလို့ပါ"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ မဂျိုးမြတ် ပြောဆိုသင်ပြနေတာတွေကို အသေအချာ ပြန်စဉ်းစားကြည့်တိုင်း သူပြောတာတွေဟာ ပန်းပု အတွက် မကောင်းတာဖြစ်ဖို့ ဘာမှမပါဘူးဆိုတာ သုံးသပ်လို့ရလို့ပါ။ ဒါကြောင့် မဂျိုးမြတ် စကားကို ပန်းပု လိုလိုလားလား နားထောင်တာပါ"

ဝသန်မိုးမှာ ပန်းပုဆီမှာ ထိုးကျနေသော မြတ်မြတ်မဥ္ဇူ ဟူသည့် လွှမ်းမိုးတတ်သောအရိပ်ကို ဘယ်လိုဖျောက်ဖျက်ပစ်ရင် ရမလဲလို့သာ တွေးလာမိသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ ပန်းပုကို အတူခေါ်ပြီး ကော်ဖီဆိုင် ထိုင်ဖြစ်သည့်အတွက် သူဟာ ပန်းပုနဲ့ ပတ်သက်နေသူကိုရော၊ ပန်းပု၏မြတ်မြတ်မဥ္ဇူ အပေါ်ထားသော စိတ်ဓာတ်ကိုရော သိခွင့်ရလိုက်၍ ကျေနပ်ရသည်။ ပန်းပု ဒီကွန်ပျူတာသင်တန်းမှာ စနေ၊ တနင်္ဂနွေတွေ ဘယ်နှနာရီကနေ ဘယ်နှနာရီထိ တက်ကြောင်း သိထားလိုက်ရသည့်အတွက်လည်း ဝမ်းသာနေခဲ့လေသည်။



ပန်းပုကတော့ ဝသန်မိုး၏ စိတ်အပြောင်းအလဲကို ဘာမှမရိပ်မိဘဲ ရိုးသားစွာ ခေါ်ပြောဆက်ဆံမှာ သေချာပါသည်။ သူ ပန်းပုကိုပြောင်းပြီး စိတ်ဝင်စားနေကြောင်း တဖြည်းဖြည်းနဲ့ ပန်းပု သိလာအောင် ပြောရမည်။

ဒါ့အပြင် ထိပ်ထိပ် ဟူသော မိန်းမဆန်ဆန် နူးညံ့သော လက်ချောင်းများပိုင်ရှင် လူချောကိုလည်း ပြိုင်ဘက်အဖြစ် သတိထားစောင့်ကြည့်ရဦးမည်။

✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နင် သတိထားဖို့က ကိုဝသန်မိုးဟာ လူစိမ်းတစ်ယောက်ပဲ၊ သူစိမ်းယောကျ်ားပဲ၊ သူ့ကားနဲ့ခေါ်တိုင်း အကြောက်အရွံ့မရှိ မလိုက်ရဘူးနော်။ ငါက သူနဲ့နင် တွဲသွားရလို့ မနာလိုဖြစ်ပြီး ပြောတာမဟုတ်ဘူး၊ အကြောင်းမသိတဲ့ ယောကျ်ားတစ်ယောက်ကို အလွယ်တကူ မယုံဖို့ပြောတာ"

ဟူသော ဆုံးမစကားကို အခုလိုမျိုး ပန်းပု ဓာတ်ပုံအလှရိုက်ဖို့ ကိုယ့်ဘာသာ မိတ်ကပ်လိမ်း ပြင်ဆင်နေချိန်ထိ ဘာအဝတ်အစား ဝတ်ရမလဲလို့ ရွေးချယ်နေချိန်အထိ ခဏခဏ လာဆုံးမနေတာ အကြိမ်ငါးဆယ်တောင် ရှိပြီလားမသိ။

ကိုဝသန်မိုးနဲ့ အတူတွဲပြီး ဆိုင်ထဲဝင်လာသော ပန်းပုကို မြင်တော့ မဂျီးမြတ် အရင်ဆုံးပြောသော စကားမှာ –



"အံမယ်လေး ... စိတ်ပူလိုက်ရတာ ပန်းဖုရယ်၊ နင် သိပ်ကြာနေလို့ ငါ ခုပဲ သင်တန်းကို သွားမေးမိတော့မလို့"

ဟူသော စိုးရိမ်စကား ဖြစ်ပါသည်။ ဒါ မဂျီးမြတ် တကယ်ပဲ စိုးရိမ်လို့ ပြောတာဖြစ်ကြောင်း ပန်းပု နားလည်ပါသည်။

အဲဒီနေ့က ကိုဝသန်မိုး ခဏထိုင် စကားပြောပြီး ပြန်သွားလျှင် မဂျီးမြတ်သည် သူမအတွက် ဝယ်လာပါသည်ပြောပြီး ပေးသွားသော ဆိုင်တံဆိပ်ပါ ကြွပ်ကြွပ်အိတ်နှင့် ထည့်ထားသည့် apple pie မုန့်လေးခုကို ထည့်ထားသော မုန့်စက္ကူဘူးကို ဖွင့်ပင်မကြည့်ဘဲ ခြေနင်းလျှင်ပွင့်သည့် အမှိုက်ပုံးထဲ ဝုန်းခနဲ လွှင့်ပစ်ခဲ့ပါသည်။ ပန်းပုမှာ မဂျီးမြတ် မျက်နှာက ဒေါသကို ခန့်မှန်းမိလျှင် ကြောက်ပြီးမမေးရဲ။ မမေးပေမဲ့ မဂျီးမြတ်က ပြောပါသည်။

"အလကားလူ၊ သူ ဘယ်ခြေလှမ်း လှမ်းနေပြီဆိုတာ မသိရင်ခက်မယ်"

ဆိုသော စကားပဲ ဖြစ်သည်။

ပန်းပု နားမလည်ခဲ့ပါ။ မဂျီးမြတ် ဘာကိုဆိုလိုသလဲ မသိပါ။ ပန်းပု အ,တော့အ,ပေမယ့် ဘာဆိုဘာမှ နားမလည်အောင် ထုံအ,နေတာကြီးမဟုတ်။ သို့သော် ဒီတစ်ခါတော့

www.burmeseclassic.com



မဂျီးမြတ် ပြောခဲ့သောစကား၏ အဓိပ္ပာယ်ကိုတော့ လုံးဝနား
လည်ချေ။ မေးလည်းမမေးရဲ။ မဂျီးမြတ်ကလည်း ဆက်မရှင်း
ဘဲ ခုနက ဆုံးမစကားကိုသာ အခါခါ ပြောလာသည်မှာ (သ
ရတိုင်း ပြောသဖြင့်)ဒီနေ့ထိဆို ပန်းပုပင် အလွတ်ရနေပါပြီ။

"အဲဒါလေးဝတ် ပန်းပု၊ နင်က အသားညိုတော့ အဲဒီ
အရောင်တောက်ဝတ်မှ ဖြစ်မယ်"

ပန်းပု ကောက်ကိုင်လိုက်သော ခရမ်းချဉ်သီးရော
အင်္ကျီလေးကို မဂျီးမြတ်က ထောက်ခံသဖြင့် ပန်းပု အပြီးသ
ရွေးလိုက်သည်။

မဂျီးမြတ်က ကိုဝသန်မိုးနှင့်လိုက်သွားသဖြင့် ပန်း
ကို ဆူတော့ ဆူပေမဲ့ ထိပ်ထိပ်က Rimmel မော်ဒယ်လ် ဓာတ်
ဖြိုင်ပွဲဝင်ခိုင်းသည်ဟု ပြန်အသိပေးတော့ ...

သူကိုယ်တိုင် ဝင်ပြိုင်ရမလောက်နီးပါး စိတ်ဝင်
စိတ်လှုပ်ရှားပြီး ပန်းပု အတွက် ဓာတ်ပုံဆရာ လိုက်ရှာပေး၊ 
ဝတ်ရင်ကောင်းမလဲ ရွေးပေးနှင့် တက်ကြွနေပြန်သည်။

"ဦးစိန်ဝင်းနဲ့ပဲရိုက်။ ငါ တက္ကသိုလ်တက်တုန်းက 
သွားရင် နေ့တိုင်းနီးပါး ဦးစိန်ဝင်းနဲ့ ဓာတ်ပုံရိုက်ဖြ
တာ၊ သူ့ပုံတွေက လူရဲ့သဘာဝအလှကို ပေါ်လွင်ရုံ
ပိုပြီးလှတယ်လို့ ငါ ထင်တယ်"





မဂျီးမြတ် ညွှန်ကြားသည့်အတိုင်း သူရွေးချယ်ပေး
သော ဓာတ်ပုံဆရာနဲ့သာ ဓာတ်ပုံရိုက်ရပါသည်။

ဓာတ်ပုံက နေ့ခင်းသွားရိုက်ပြီး ညနေရမည်ထင်
ထားပေမဲ့ ကူးတဲ့ဆိုင်မှာ မီးပျက်လို့ဆိုကာ ထိုနေ့ညနေ မရပါ။
ပန်းပုက စိတ်ပူတာထက် မဂျီးမြတ်က အဆတစ်ရာလောက် ပို
စိတ်ပူနေပြန်သည်။

နောက်တစ်နေ့ကျ မနက်အစောကြီးထပြီး ဓာတ်ပုံ
ဆရာအိမ် တံခါးသွားခေါက်တာလည်း မဂျီးမြတ်ပဲ ဖြစ်သည်။
ပန်းပုကတော့ အိပ်ရာက မနိုးသေး၍ မဂျီးမြတ် သွားတာ မသိ
လိုက်။ ပန်းပု နိုးလာသောအခါ မဂျီးမြတ် ဝမ်းသာအားရ ပြန်
လာပါသည်။

"ဓာတ်ပုံတွေ ရခဲ့ပြီ အပုရေ၊ အရမ်းလှတာပဲ သိလား။
နင်က တော်တော် photogenic (ဖိုတိုဂျင်းနစ်)ဖြစ်တာပဲ
သေချာတယ်၊ နင်ပဲ အရွေးခံရမှာ"

ပန်းပုမှာ မဂျီးမြတ် ရွေးလာပေးသောဓာတ်ပုံတစ်
ခုကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ်ပင် မမှတ်မိသလို ဖြစ်နေသည်။
ရွှန်ခဲ့တဲ့ ခြောက်လကျော်လောက်က တောသူမရုပ်လေးနဲ့ ရန်ကုန်
ရောက်လာသော ပန်းပုပါ ဆိုလျှင် ဒီဓာတ်ပုံကြည့်သူတွေ ယုံကြ
ပါ့မလားမသိ။ ဓာတ်ပုံထဲမှာ ပန်းပု အသားညိုတာလည်း မသိ

www.burmeseclassic.com



သာ၊ သိပ်မချော့တာလည်း မသိသာဘဲ တစ်မျိုးလှနေသည်ဟု ထင်မိသည်။

"လာ ... လာ ... ထိပ်ထိပ်ဆီ ခါတ်ပုံသွားပေးကြရအောင်"

ထိပ်ထိပ်ဆီ သွားရမည်ဆိုတာနဲ့ ပန်းပုလည်း စိတ် ပျော်ရွှင်တက်ကြွစွာ ဝတ်စားပြင်ဆင်မိသည်။

ထိပ်ထိပ်ဆိုင်ရောက်တော့ ပန်းပုတို့ကို မြင်တာနဲ့

"ဟော ... လာကြ ... လာကြ ... ပန်းပုတို့ကို မျှော်နေ တာ၊ ဆယ့်နှစ်နာရီကျော်လို့မှ ရောက်မလာရင် ဖုန်းဆက် မေးမယ်လို့တောင် စိတ်ကူးနေတာ"

"ခါတ်ပုံဆိုင်က မီးပျက်လို့ ညနေချက်ချင်းကူးမရတာ မနက်မှ လာယူပါဆိုလို့ မြတ်ပဲ အမြန်ဆုံး သွားယူ လာတာ၊ အပုက ဘာမှစိတ်မဝင်စားဘူး။ သူက အေးအေး ပဲ၊ မြတ်ကတော့ ကိုယ်တိုင် ရှင်ပါရတာထက်တောင် စိတ်လှုပ်ရှားမိသေးတယ်"

"မြတ်မြတ်လည်း အလှခါတ်ပုံတွေရှိရင် ယူခဲ့ရောပေါ့ ထိပ်ထိပ်က ပန်းပုကိုတွေ့လို့ ပန်းပုကိုပဲ မှာလိုက်မိသလို ဖြစ်သွားတယ်၊ တကယ်တော့ မြတ်မြတ် စိတ်ပါရင်လည်း ဝင်ပြိုင်ကြည့်လို့ ရပါတယ်"

"တော်ပါပြီ၊ မြတ်က အသက်ကြီးနေပါပြီ"





"ဩော် ... နှစ်ဆယ့်သုံးလောက် လေးလား၊ အဲဒါ အသက်မ ကြီးသေးပါဘူး မြတ်မြတ်ရယ်၊ အခုမှ ငယ်ငယ်လေးရှိ သေးတာ"

"အလကားနောက်တာ၊ မြတ် ဝါသနာမပါပါဘူး၊ တကယ် ပြောတာ၊ အပုကျတော့ ဖြစ်စေချင်တယ်၊ နောက်မို့ ကျောင်းပြီး ဘွဲ့ရ နယ်ပြန်ရင် အရင်ပုံစံကြီး ပြန်ဖြစ်ပြီး တောပုံပေါက်သွားမှာစိုးလို့ သူ့ကို လှချင်ပချင်အောင် ဆွဲခေါင်ထားရတယ်လေ"

ထိပ်ထိပ်က ရယ်မောရင်း ပန်းပုရဲ့ခါတ်ပုံတွေကို ယူကြည့်ပါသည်။ ပန်းပုသည် ထိပ်ထိပ် ဘာများမှတ်ချက်ပေး မလဲလို့ ရင်ခုန်နေသည်။ ထိပ်ထိပ် ထံမှ ပန်းပု သိပ်လှနေတယ်လို့ ပြောခံရရင် ပန်းပု တော်တော့်ကို ပျော်မိမလား မသိ။ ထိပ်ထိပ် အားလုံးကို ခပ်မြန်မြန်လေး ယူကြည့်ပြီးလျှင် စာအိတ်တစ်အိတ် နှင့် ထည့်ပိတ်၊ စာအိတ်ပေါ်မှာ "ပန်းပု"ဟု ရေးကာ သူ့အလုပ် စားပွဲထဲ သွားထည့်ထားလိုက်ပါသည်။ ပန်းပုမှာ ဘာများပြော မလဲလို့ မျှော်လင့်နေပေမဲ့ ထိပ်ထိပ်က မပြောဘဲ ...

"ပန်းပုပုံ ရရင် စာရင်းပိတ်လိုက်တော့မယ်လေ။ Rimmel က တာဝန်ရှိတဲ့လူဆီ ဖုန်းဆက်ပြီး ခါတ်ပုံတွေအပ်လိုက် တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာ ရှင်းပြပါသည်။

"ဘယ်လိုရွေးမှာလဲ၊ တစ်ခါတည်း ဓာတ်ပုံကြည့် ရွေးမှာလား။ ဆန်ခါတင်ရွေးဦးမှာလား"

မဂျီးမြတ်က တီတီကျကျ သိချင်သောဟန်ဖြင့် မေးလေသည်။

"အခု လာပေးထားတာတင် ငါးဆယ်ကျော်တယ်။ ဆန်ခါတင် ဆယ်ယောက်ရွေးမယ်၊ အဲဒီကျမှ လူကိုယ်တိုင်ကို Rimmel အဖွဲ့ကခေါ်ပြီး အင်တာဗျူးမှာလည်း ရှိတယ်။ သူတို့မှာရှိတဲ့ မိတ်ကပ်ပြင်ပေးတဲ့လူရယ်၊ ဓာတ်ပုံဆရာရယ်က အဲဒီဆယ်ယောက်ရဲ့ပုံတွေကို မိတ်ကပ်ပြင်ဆင်ပြီး ရိုက်ကြမယ်။ သူတို့လက်ရာနဲ့ ထွက်လာတဲ့ ပုံမှာကျမှ နောက်ဆုံး သုံးယောက်ရွေးမယ်၊ အဲဒီသုံးယောက်ကိုကျတော့ ထိပ်ထိပ်က ဆန်းပြားတဲ့ဆံပင်ပုံစံတွေနဲ့ တစ်ယောက်တစ်မျိုးစီ ပြင်ပေးရမယ်။ သူတို့ရဲ့ မိတ်ကပ်သမားက ထိပ်ထိပ် ပြင်ပေးထားတဲ့ ဆံပင်ပုံစံနဲ့လိုက်တဲ့ မိတ်ကပ်ကို ပြင်မယ်၊ ဓာတ်ပုံဆရာနဲ့ ရိုက်မယ်။ ထွက်လာတဲ့ ဓာတ်ပုံကိုမှ ဆုံးဖြတ်ပြီး New face model (နယူးဖေ့(စ) မော်ဒယ်လ်)ကို ရွေးမှာပေါ့။ ဒုတိယနဲ့ တတိယတွေကတော့ Rimmel အလှကုန် ရှစ်သောင်းဖိုးနဲ့ ငါးသောင်းဖိုး





ပဲရမယ်၊ ပထမရတဲ့သူက အလှကုန်တစ်သိန်းဖိုးနဲ့ ငွေသား တစ်သိန်းတဲ့"

ထိုသို့ ဓာတ်ပုံတွေ ပေးထားခဲ့ပြီးနောက် ပန်းပုလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သည်တော့ မဟုတ်ပေမဲ့ သိပ်ပြီးမမျှော်လင့်ထားသည်ဖြစ်ရာ ထိပ်ထိပ်ဆီမှ အကြောင်းပြန်ချက်ကို စောင့်နေမိပါ။

မဂျီးမြတ်ကလည်း ဓာတ်ပုံကိစ္စကို တကျက်ကြွကြွ ထုပ်ပေးပြီးသောအခါမှာ ဒွေးအေးသွားသလိုနှင့် ...

"အရွေးခံတဲ့သူတွေ အယောက်ငါးဆယ်ကျော်ဆိုတာ ဒါ ထိပ်ထိပ် လက်ထဲမှာရှိတဲ့ အရေအတွက်ပဲ ရှိသေးတာနော်။ ဟိုဘက်က ဘယ်နှယောက် ထပ်ပြီးအရွေးခံမှာတွေ ရှိနေသေးလည်း မသိဘူး။ ဒီတော့ မျှော်လင့်ချက်ကတော့ သိပ်ထားလို့မရဘူးဟဲ့။ အားလုံး ကိုယ့်လောက်လှတဲ့သူချည်းပဲဖြစ်မှာ၊ ဒါမျိုးက ကံလည်းလိုသေးတယ်၊ ကံကောင်းလွန်းမှ ပါနိုင်တာ"

ဟူ၍ စိတ်လျှော့ပြီး ပြောလေရာ မဂျီးမြတ်လိုလူဆောင် စိတ်လျှော့မှတော့ ပန်းပု ဆိုတာဟာ မပြောနဲ့။ အစကတည်းကမှ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးသူ ဖြစ်လေရာ ဓာတ်ပုံပေးထားပြီး မေ့ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အချိန်ကာလမှာ ပန်းပု အတွက် စိတ်ရှုပ်စရာကောင်းတာ တစ်ခုကတော့ ဝင်လာခဲ့သည်။ အဲဒါကတော့ ကိုဝသာန်မိုးပဲ ဖြစ်ပါသည်။ ပန်းပု ကွန်ပျူတာသင်တန်းဆင်းသော အချိန်တွေမှာ ရောက်ရောက်လာတတ်ပြီး ...

"မုန့်သွားစားကြမလား"

ဆိုတာမျိုး။

"ခဏလောက် စကားပြောကြရအောင်။ ကော်ဖီဖြစ်ဖြစ် အအေးဖြစ်ဖြစ် သောက်ပြီးတော့လေ"

ဟူ၍တစ်မျိုး။ မျက်နှာပြောင်စွာ လာလာခေါ်တတ်တာကို ကြုံလာရတာပဲ ဖြစ်သည်။

သင်တန်းဆင်းချိန်တွေမှာ နှစ်ရက်လောက် ဆက်တိုက်လာစောင့်နေတတ်ပြီး၊ ဒီလို အကြောင်းမရှိ အကြောင်းရှာလျှင် မိန်းကလေးပီပီ တစ်စုံတစ်ခုကို ရိပ်မိလာပြီး စိတ်ထဲမှာရှုပ်ထွေးလာပါသည်။

"ပန်းပု မလိုက်တော့ဘူး၊ မဂျီးမြတ်က သူစိမ်းယောကျ်ားတစ်ယောက်နဲ့ လျှောက်သွားတာ မကြိုက်ဘူး"

ဟူ၍ အရှင်းဆုံးပြောကာ ငြင်းလျှင် ကိုဝသန်မိုးမျက်နှာက အပြုံးမပျက်။

"ပန်းပုကိုက မြတ်မြတ်မဈူရဲ့ လွှမ်းမိုးမှုကို လိုလားနေတာပဲ၊ တကယ်တော့ အရွယ်ရောက်ပြီး မိန်းကလေးတစ်





ယောက်ဟာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရပ်တည်ရမှာပေါ့။ ပန်းပုအတွက် ကျွန်တော်ဟာ သူစိမ်းယောကျ်ားတစ်ယောက်ဆိုပေမဲ့ ကျွန်တော်ဟာ လူဆိုးတစ်ယောက်မှ မဟုတ်တာ"

ကိုဝသန်မိုး ဆိုသူဟာ မဂျီးမြတ်ကို အရင်စိတ်ဝင်စားပြီးမှ ပန်းပုကိုလည်းတွေ့ရော စိတ်ပြောင်းသွားခဲ့ခြင်းအတွက် ပန်းပုမှာ မဂျီးမြတ်ကို ချစ်ခင်လေးစားရစိတ်ဖြင့် ကျိတ်အားနာပြီး မဂျီးမြတ်ကိုလည်း အသိမပေးရဲ။ မတိုင်ရဲ။ ပြန်မပြောရဲ။

"မဂျီးမြတ်ရေ ကိုဝသန်မိုးကတော့ ပန်းပုကို စိတ်ဝင်စားနေပြီ ထင်တယ်"

ဆိုသော စကားကို ဘယ်လိုမျက်နှာပေးမျိုးနဲ့ ပြောပြရဲမလဲ။ မတော်တဆ မဂျီးမြတ် သိသွားမှာပင် စိုးရိမ်နေမိကာ စိတ်လည်း တော်တော်ရှုပ်ထွေးနေမိသည်။

ကိုယ့်ကို ရပ်ရည်ချောမော ပိုက်ဆံချမ်းသာသော ကိုဝသန်မိုးလို ယောကျ်ားတစ်ယောက်က စိတ်ဝင်စား,လာသည့်အတွက် ကြည်နူးဂုဏ်ယူရမည့်အစား စိတ်ရှုပ်ထွေး စိုးရွံ့နေမိပါသည်။ ကိုဝသန်မိုးကလည်း ဘာမှဖွင့်ပြောလာတာမျိုး မရှိသေးဘဲ ဒီလိုပဲ လာလာစောင့်၊ ဟိုသွားမလား၊ ဒီသွားမလားခေါ်၊ ပန်းပုကလည်း မလိုက်ဘဲငြင်းရင်း သူက အပြုံးမပျက်ဘဲ စကားအနည်းငယ်ပြော၊ ပြီးရင် နှုတ်ဆက်ပြီးပြန်။ ဒီလိုလုပ်လာတာ ကွန်ပျူတာသင်တန်းတက်ရက် သုံးပတ်မျှပင် ရှိလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုသည် အရင်းနှီးဆုံး၊ အခင်ဆုံး သူငယ်ချင်း ရယ်လို့ မရှိသဖြင့် ဘယ်သူ့ကိုမှ ရင်ဖွင့်လို့လဲမရဘဲ တစ်ယော တည်းကျိတ်ပြီး စိတ်ရှုပ်နေတုန်း တစ်ရက် ထိပ်ထိပ် အိမ် ဖုန်းဆက်တာနဲ့ ကြုံပါသည်။

"ပန်းပုလား"

ဟု ပန်းပု "ဟဲလို"ထူးလိုက်တာနဲ့ ထိပ်ထိပ် ချက်ချင်း အသံမှတ်မိပြီး တန်းမေးပါသည်။

"ဟုတ်ကဲ့ပါ"

"ထိပ်ထိပ်ပါ ပန်းပု"

"ဩော် ... ထိပ်ထိပ်"

ပန်းပု ဝမ်းသာအားရ ခေါ်လိုက်သံမှာ ရင်ထဲ လာသော အသံဖြစ်ကြောင်း ပန်းပု ဘာသာပဲ ရိပ်မိပါသည်။

"သတင်းကောင်း ပေးမလို့"

"အင်း ... ပြောပါဦး၊ ဘာများလဲ"

"ပန်းပု ဆန်ခါတင် ဆယ်ယောက်ထဲမှာ ပါသွားပြီ"

"ရှင်"

"မေ့နေပြီလား၊ ဓာတ်ပုံနဲ့ ဝင်ပြိုင်ထားတာလေ၊ အဲ ဆန်ခါတင် ဆယ်ယောက်မှာ ပန်းပု ပါသွားပြီလို့ ပြော တာ"





"ဟယ် ... ဟုတ်လား၊ ပန်းပု မေ့တောင် မေ့နေကယ်၊ ဓာတ်ပုံပေးထားတာ တစ်လလောက်ရှိပြီဆိုတော့ ဘာသံမှ လဲ မကြားရတော့ မပါတော့ဘူး ထင်နေတာ"

"အခုမှ ရွေးပြီးတာလေ၊ ထိပ်ထိပ်က ပန်းပုကို ဝမ်းသာ စေချင်လို့ အရင်ဆုံး ဖုန်းဆက်ပြောထားတာ။ သူတို့ဆီ က အကြောင်းကြားစာတောင် ပန်းပုဆီ မပို့ရသေးဘူး။ အကြောင်းကြားစာရရင် အဲဒီကုမ္ပဏီက ခေါ်တဲ့ရက်ကို သွားရမယ်၊ ဟိုတစ်ခါ ထိပ်ထိပ် ပြောထားသလိုပဲ သူတို့ ဆီက မိတ်ကပ်ပြင်တဲ့သူနဲ့ ဓာတ်ပုံတွေ ထပ်ရိုက်ကြလိမ့် မယ်။ ထိပ်ထိပ်က နောက်ဆုံးအဆင့် သုံးယောက်ကျန်မှ ပါရမှာလေ"

ပန်းပုသည် ထိပ်ထိပ်ကို စကားပြောချင်နေသဖြင့် အနည်းငယ် စဉ်းစားလိုက်ပြီးမှ ...

"အခု ထိပ်ထိပ် ဘာလုပ်နေလဲဟင်"

ဟု မေးကြည့်မိသည်။ တကယ်လို့ ထိပ်ထိပ်အား တယ်ဆိုရင် ပန်းပုက ထိပ်ထိပ်ကို ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ မုန့်ကျွေးပါရစေလို့ ပြောချင်လို့ပါ။

"ထိပ်ထိပ် ဆိုင်မှာပေါ့"

"မအားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မအားဘူး ပန်းပုရဲ့။ ဒီနေ့ တစ်နေကုန် နားချိန်တောင် မနည်းလုနေရတာ။ ပန်းပုဆီ ဖုန်းဆက်ချင်လို့ မအားတဲ့ ကြားက ဆက်ရတာလေ။ ပန်းပု ဘာလုပ်ချင်လို့ မေးတာလဲ"

"ထိပ်ထိပ် အားရင် ပန်းပု ထိပ်ထိပ်ကို မုန့်ကျွေးမလို့"

"ဘာဖြစ်လို့လဲ"

"ပန်းပု အခြေအနေနဲ့ဆို အိပ်မက်တောင် မမက်ဘူးတဲ့ မော်ဒယ်လ်ပြိုင်ပွဲမှာ ဆန်ခါတင် ဆယ်ယောက်ထဲတောင် ပါရတာဆိုတော့ ဝမ်းသာလို့ပါ။ ပြီးတော့ ထိပ်ထိပ်ကို လည်း ကျေးဇူးတင်လို့ပါ။ ထိပ်ထိပ်ပဲ ပန်းပုကို အများကြီး ပြောင်းလဲမှုတွေ ဖန်တီးပေးနိုင်ခဲ့တာလေ"

ထိပ်ထိပ်သည် ပန်းပု ပြောတာကို နားထောင်ပေးနေခဲ့ပါသည်။ ပန်းပု စကားဆုံးမှ …

"ပန်းပုက ကျေးဇူးတင်ပြီး လိုက်ကျွေးတာ ဆိုရင်တော့ မစားချင်ပါဘူး။ ကျေးဇူးအတင်ခံချင်လို့ ကူညီတာမှ မဟုတ်တာ။ ပန်းပုကို ခင်လို့။ ရိုးသားတဲ့ ပန်းပု မျက်လုံးလေးတွေကို သဘောကျလို့ ကူညီတာပါ"

ထိုသို့ ထိပ်ထိပ် တုံ့ပြန်လိုက်တော့ ပန်းပု စိတ်ကောင်း ဖြစ်သွားသည်။ ပန်းပု စကားမှားသွားပြီ ထင်တယ်။





"အဲဒီသဘောနဲ့ မဟုတ်ဘဲ ခင်မင်တဲ့အနေနဲ့ မုန့်ကျွေးမယ်ဆိုရင်ရော"

ထိပ်ထိပ် ရယ်မောရင်း …

"ကပ်စေးနဲ့မ၊ ပိုက်ဆံကုန်နေပါဦးမယ်"

"အခု ကပ်စေးမနဲ့တော့ပါဘူး ထိပ်ထိပ်ရဲ့"

"ကဲ … ကဲ … စကားပြောတာလည်း ကြာနေပြီ၊ ထိပ်ထိပ် သွားတော့မယ်။ ပန်းပု တွေ့ချင်ရင် သန်ဘက်ခါကျ ထိပ်ထိပ် အားတယ်လေ"

ပန်းပု ဝမ်းသာသွားပြီး …

"ပန်းပု ကျောင်းကို ထိပ်ထိပ် လာခဲ့မလား"

ဟု အမောတကော မေးမိသည်။

ထိပ်ထိပ်မှာ ပန်းပုဘက်က သူ့အပေါ် ယစ်မူးစွဲလမ်းနေသည်ကို မသိ။ ဒီကောင်မလေး ငါ့ကို အခြောက်ပဲ။ စိတ်ချလက်ချ စကားပြောလို့ရတယ်။ ပေါင်းလို့ရတာယ် ဆိုပြီး ခေါ်ပြောနေတာ ဖြစ်မယ်ဟု တွေးမိပြီး မအီမလည်ကြီး ခံစားနေရသည်။

"လာခဲ့မယ်၊ ထိပ်ထိပ် ဘယ်အချိန် လာရမလဲ"

"ပန်းပု နေ့လယ်တစ်နာရီခွဲမှာ အတန်းပြီးပြီ"

"ဒါဆို လာခေါ်မယ်၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပု တကယ်စောင့်နေမယ်နော်၊ ထိပ်ထိပ် လာခဲ့နော်။ ထိပ်ထိပ် စားချင်တာ သွားစားကြမယ်နော်။ ပန်းပုလေ ထိပ်ထိပ်ကို ပြောပြချင်တာလည်း ရှိနေတယ်။ ပန်းပုမှာ သူငယ်ချင်းလည်း မရှိတော့ ထိပ်ထိပ်ကိုပဲ သူငယ်ချင်းလုပ်ပြီး ပြောပြချင်တာ ရှိနေတယ်"

ပန်းပုသည် ထိပ်ထိပ် လာခေါ်မည်၊ လာတွေ့မည် ဆိုသော ရက်တစ်ရက်ကို ရောက်ရဖို့ စိတ်အလှုပ်ရှားကြီး လှုပ်ရှားလျက် ရင်ခုန်စွာ စောင့်နေမိသည်။

* ❤ *





## ၁၁

ပန်းပုသည် ထိပ်ထိပ်နဲ့ တွေ့ရမည်ဖြစ်သဖြင့် အလှဆုံးဖြစ်အောင် ပြင်ဆင်လာမိသော ကိုယ့်အဖြစ်ကိုယ်လည်း ရယ်ချင်နေသည်။ ပန်းပုရဲ့ ပင်ကိုရုပ်၊ ပင်ကိုပုံစံဟာ ဘယ်လိုလဲဆိုတာ ထိပ်ထိပ် သိထားပြီးသားလေ။ ပန်းပု ပိုပြီးပြင်ပြတော့လည်း အလကားပဲ၊ ထိပ်ထိပ်က လှတယ်ဘယ်ထင်မလဲ။

ပြီးတော့ ...

လူတော်တော်များများ စွပ်စွဲထားသလိုပဲ ထိပ်ထိပ်ဟာ တကယ်ပဲ ခြောက်နေခဲ့ရင် သူဟာ မိန်းကလေးတစ်ယောက်ရဲ့ အလှအပကို ဘယ်ခံစားတတ်ပါ့မလဲ။ ဘယ်စိတ်လှုပ်ရှားပါ့မလဲ။ ပန်းပုကသာ ကိုယ်လိုရာ ဆွဲတွေးပြီး ရူးသွပ်နေခဲ့သူများလား။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထိပ် ဘာနဲ့လာမလဲ။ ဘာကားမျိုး စီးသလဲဆို တာ ပန်းပု မသိသဖြင့် ဟိုကြည့် ဒီကြည့် ရပ်နေစဉ် ပန်းပု မမျှော်လင့်ထားသောသူ၏ကားက ပန်းပုရှေ့မှာ ထိုးရပ်လာသည်။

"ပန်းပု အတန်းဆင်းပြီလား"

ကိုဝသန်မိုးသည် အခုတော့ ပန်းပု ကျောင်းကို ရောက်လာသည်အထိပင် ခြေလှမ်းရဲ့လာပြီတည်း။

"ဟုတ်ကဲ့"

"ဒီနေ့ ပြီးပြီလား"

"ပြီးသွားပါပြီ"

"ဖယ်ရီ စောင့်နေတာလား"

"မဟုတ်ဘူး၊ ပန်းပု အသိတစ်ယောက် လာခေါ်မယ်ဆိုလို့ စောင့်နေတာပါ"

"ဟာကွာ ... ကျွန်တော် နောက်ကျသွားပြီ၊ ကျွန်တော်က ပန်းပု ဒီနေ့ ဖယ်ရီနဲ့ ပြန်ရမယ်ဆိုရင် မပြန်ပါနဲ့လားလို့ ပြောမလို့။ လမ်းကြုံတုန်း ကျွန်တော် လိုက်ပို့ပေးမယ် ပြော မလို့"

"ပန်းပု မိတ်ဆွေကို ပြောထားပြီးပြီ၊ အခု သူ့ကို စောင့် နေတာပါ"





"ဒါဖြင့် နောက်တစ်ခါကြုံလို့ခေါ်ရင်ရော လိုက်မလား"

"တိုက်တိုက်ဆိုင်ဆိုင် ကြုံဖို့ဆိုတာကတော့ ခဲယဉ်းပါတယ်။ ကိုဝသန်မိုး တကူးတကကြီး ရောက်လာမှသာ ကြုံမှာပါ။ ဒါပေမဲ့ ပန်းပု ကားကြုံလိုက်ချင်မှလည်း လိုက်မှာပါ။ မဂျီးမြတ်က ပြောထားတယ်လေ။ ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့ ယောကျာ်းတစ်ယောက်ရဲ့ကားကို ခဏခဏလိုက်မစီးရဘူး တဲ့"

"ပန်းပု ဘယ်တော့မှ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရပ်တည် ရမှာလဲ"

ကိုယ်ဝသန်မိုးက ခနဲ့သလိုလို မေးလိုက်ပါသည်။ ပန်းပု မကျေမနပ်ဖြင့် မဖြေသေးခင်မှာပင် ပန်းပုတို့အနားကို Honda CRV အမျိုးအစား 4WD ကား အနက်ရောင်တစ်စီး ထိုး ရပ်လာပါသည်။ ပန်းပု ကြည့်လိုက်တော့ ထိပ်ထိပ်ကို ကားထဲ မှာ တွေ့ရသည်။

ထိပ်ထိပ်သည် ပန်းပုနားမှာ ကားရပ်ပြီး စကား ပြောနေသောသူကို မှတ်မိသလိုကြည့်ရင်း ဒီလူ ပန်းပုနဲ့ ဘယ်လို များ ပတ်သက်သလဲလို့ တွေးနေမိသည်။ သို့သော် ထိပ်ထိပ်ကို မြင်လိုက်တာနဲ့ အကျဉ်းအကျပ်ထဲမှာ လွတ်သွားသလိုဟန်ဖြင့် ဝမ်းသာအားရ ဖြစ်သွားသော ပန်းပု၏ အမူအရာကို မြင်ရလျှင် ထိပ်ထိပ် ခနဲ့မှန်းလို့ ရသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထိပ် လာပြီ၊ ပန်းပု သွားတော့မယ်"

ပန်းပုသည် ချက်ချင်းပြောလည်းပြော၊ ခြေလှမ်းလည်းလှမ်းပြီး ဖြစ်နေသည်။ ထိပ်ထိပ် ဘေးရှိ ကားမောင်းသူနံဘေးခုံမှာ ဝင်ထိုင်လိုက်သော ပန်းပုသည် အခုမှပဲ သက်ပြင်းကို ချလိုက်တာလည်း တွေ့ရသည်။

"ပန်းပု စောင့်နေရတာ ကြာသွားလား"

"မကြာပါဘူး ရပါတယ်"

"ဟိုလူက ပန်းပုနဲ့ တစ်ခါက အတူတွဲလာတဲ့ လူနော်"

"အင်း ... ဟုတ်တယ်"

ပန်းပု ဘာဖြေရင် ကောင်းမလဲလို့ စဉ်းစားခဲ့ပေမဲ့ "အင်း ... ဟုတ်တယ်"ကလွဲရင် ဒီ့ထက် အဆင်ပြေအောင် ဖြေစရာစကားလည်း မရှိတာမို့ ထိုအတိုင်းသာ ဖြေလိုက်ရပါသည်။

"ပန်းပု ဘာသွားစားချင်လဲ"

"ထိပ်ထိပ် သဘောပါ၊ ထိပ်ထိပ် ကြိုက်တဲ့နေရာ ရွေးလေ၊ ပန်းပုတော့ မရွေးတတ်ဘူး"

"နေ့ခင်းဘက်ဆိုတော့ ထမင်းစားချိန်လည်း ပြီးခဲ့ပြီဆိုတော့ အအေးတို့ အပူတို့ထဲက တစ်ခုခုရွေးရင် ကောင်းမယ်နော်"

"ထိပ်ထိပ် သဘောပါလို့ ပန်းပု ပြောထားပြီးပြီလေ"

ထိပ်ထိပ် အသာပြုံးရင်း ...





"ပန်းပု သာကေတ ဒေါပုံဘက်မှာ ဖွင့်ထားတဲ့ ရွှေပုစွန်မုန့်နဲ့ အအေးဆိုင်ကို ရောက်ဖူးပြီးပြီလား"

"ဩော် ... အင်း ... ရောက်ဖူးပါတယ်၊ မဂျီးမြတ် ခေါ်သွားပါတယ်၊ ပန်းပု မပါလည်း မဂျီးမြတ် ခဏခဏသွားဝယ်တတ်တယ်။ သူက အဲဒီဆိုင်ကမုန့်တွေ ကြိုက်တယ်တဲ့"

"ပန်းပုရော ကြိုက်လား"

"ကြိုက်တာပေါ့၊ အချိုဆိုတာ လူတိုင်းကြိုက်တဲ့အရာပဲ။ ပန်းပုက အမှန်တော့ ကော်ဖီ မကြိုက်ဘူး။ လက်ဖက်ရည်ပိုကြိုက်တယ်။ ပြီးတော့ အချို ပိုကြိုက်တယ်။ အိုက်(စ)ကရင်(မ)တို့၊ ဖာလူဒါတို့ဆို သိပ်ကြိုက်တာ"

"ဒါဖြင့် အဲဒီဆိုင်သွားမယ်လေ၊ ထိပ်ထိပ်လည်း မရောက်တာကြာပြီမို့ အဲဒီဆိုင်မှာ သွားစားချင်နေတာလေ"

ထိပ်ထိပ်က ကားလေးကို ညင်သာကျွမ်းကျင်စွာ မောင်းပါသည်။ ယောက်ျားဖြစ်ပြီး ကားမောင်းသာ အေးဆေးလျက် ညင်သာလှသော ထိပ်ထိပ်၏ကားကို စီးရတဲ့ ခံစားမှုနှင့် မိန်းမဖြစ်ပြီး စိတ်တို၊ စိတ်ဆတ်ကာ အနိုင်မခံ အရှုံးမပေး မောင်းတတ်သူသော မဂျီးမြတ်၏ကားကို လိုက်စီးရတဲ့ ခံစားမှုခြင်းကလည်း တော့။ မဂျီးမြတ်ကားကို စီးရရင် ဘယ်အချိန် တိုက်မိတော့မလဲ၊ တိုက်ခံရတော့မလဲနဲ့ ရင်ထဲမှာတထိတ်ထိတ်ဖြစ်ရသည်။ ထိပ်ထိပ် ...



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ကားကတော့ ဘယ်သူ့ကိုမှလဲ မပြိုင်၊ ကျော်မတက်၊ သူ့ကို ကျော်တက်သွားလျှင်လည်း မဂျိုးမြတ်လိုမျိုး ...

"အောင်မာ ကားစုတ်ကများ ..."

ဆိုပြီး မရ,ရအောင် လိုက်ကျော်တက်တာမျိုး မလုပ်။

"အေး ... ကျော်တက်ပေါ့ကွာ၊ အရှေ့ကျ ကားပိတ်ပြီး မီးပွိုင့်ပြန်မိမှာကိုများ၊ ဆိုကုန်ခံပြီး အမြန်မောင်းနေတယ်"

ဟူ၍ တစ်ခါတစ်ရံမှသာ သူ့ဘာသာ ရေရွတ်တတ်သည်။ သူက ပြန်ကျော်တက်လို့ရအောင် အတင်းကြီးလိုက်မောင်းတာမျိုးမရှိ။

ကားစတီယာရင်ကို ကိုင်ထားသော ထိပ်ထိပ်၏ အကျီလွတ်နေရာ လက်တစ်လျှောက်ကို အသာခိုးကြည့်မိသည်။ လည်ပင်းပိတ် နက်ပြာရောင် တီရှပ်လက်တိုဝတ်ထားသော ထိပ်ထိပ်၏ အသားအရေမှာ ဖြူစင်ဝင်းပလွန်းလှသည်။ လက်ချောင်းတစ်လျှောက်ရှိ မွေးညင်းနုနု စိမ်းစိမ်းလေးတွေကို ကြည့်ကောင်းကောင်းဖြင့် ခိုးကြည့်မိသည်။

ပန်းပုကိုယ်တိုင်မှာ အသားတော်တော့်ကို ညိုလှသူဖြစ်လေရာ အသားညိုသူတို့၏ ထုံးစံအတိုင်း အသားဖြူသူ၊ အသားအရေ လှပသူကိုဆိုလျှင် စိတ်ထဲမှာ သဘောကျမိသည့်အတိုင်း ထိပ်ထိပ် အသားအရေ လှပတာကို သိပ်သဘောကျမိပါသည်။





ကိုဝသန်မိုးလည်း အသားဖြူပေမဲ့ ဘာကြောင့်မှန်းမသိ ကိုဝသန်နဲ့ကိုတော့ ဘယ်တုန်းကမှ သဘောတကျ မငေးခဲ့ဖူးပါ။ ထိပ်ထိပ်ကိုတော့ စတွေ့ကတည်းက တမေ့တမော ငေးနေခဲ့ဖူးတာပါ။

ပန်းပု သူ့ကို အကဲခတ်နေမှန်း ထိပ်ထိပ်လည်း ရိပ်မိပါသည်။ ဘာကြောင့် အကဲခတ်နေမှန်းမသိပေမဲ့ ပန်းပု သူ့အပေါ် ခင်ခင်မင်မင်ရှိတာ၊ အရေးတယူ ရှိတာကိုတော့ သဘောကျ သာယာမိသည်။ အမှန်အတိုင်း ပြောရလျှင် ပန်းပုအပေါ် စိတ်ထဲမှာ အလိုလိုနေရင်း စေတနာတွေ ရေစီးကမ်းပြိုလိုက်လျက် ပန်းပုကို လှလှပပလေး အမြဲမြင်ချင်တာနဲ့ပဲ ပန်းပု Rimmel မှာ အရွေးခံရဖို့ကို ထိပ်ထိပ်ဘက်က ပြောပေးခွင့်ရသလောက် ရှေ့တန်းတင်ပြောပေးမိ၍လည်း ပန်းပု ဒီဆယ်ယောက်စာရင်းထဲထိ ပါလာတာဖြစ်သည်။ ပန်းပုကိုယ်တိုင်ကလည်း တော်တော်လေး မာတ်ပုံစားတာလည်းပါသည်။ ဒါပေမဲ့ ဒီလိုပြိုင်ပွဲမျိုးဆိုတာက ကိုယ်နဲ့နီးစပ်ရာ နီးစပ်ကြောင်းတွေကို ပိုပြီးနေရာပေးကြသည် ဖြစ်ရာ ထိပ်ထိပ်ကလည်း ပန်းပုဘက်မှ လိုက်ပေးတဲ့သဘောပါပါသည်။

ရွှေပုစွန်ဆိုင်ထဲ အတူတူ ဝင်လာသောအခါ ပန်းပုသည် ထိပ်ထိပ်၏ နံဘေးမှာ အတူပါခွင့်ရသည့်အတွက် မြေကြီးနဲ့ ခြေထောက်ပင် ထိသည်မထင်ဘဲ ခေါင်းမော့ကာ မြောက်ကြွကြွလေး ဖြစ်နေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထိပ်က ဒိမိနိအိုက်(စ)ကရင်(မ)မှာသဖြင့် ပန်းပုကပါ မစားဖူးသေးဘူးဆိုကာ လိုက်မှာလိုက်သည်။ မုန့်ကိုတော့ ထိပ်ထိပ်က မစားဘူး ပြောသဖြင့် ဆိတ်သားပတ်(ဖ)တစ်ပွဲ ဝယ်ချလာပြီး အတင်းစားခိုင်းပါသည်။

"ကလေးဆိုက မုန့်ပြန်စားရသလို ဖြစ်နေပြီကွာ။ တကယ်တော့ ပန်းပုက အခုမှ ကျောင်းသူ၊ ထိပ်ထိပ်အတွက်တော့ ကလေးပဲ ရှိသေးတယ်"

ဟု အားနာသလိုလို ပြောလိုက်လျှင် ...

"အံမယ် ... ပန်းပု အသက်ဆယ့်ရှစ်နှစ် ရှိပါပြီနော်"

ဟူ၍ ပန်းပုက မခံချင်သလိုလေး ပြန်ငြင်းမိသေးသည်။ ထိုအခါ ထိပ်ထိပ်က ပန်းပု ငယ်ထိပ်လေးကို တစ်ချက်ဖိလိုက်မိလေသည်။

"ဆယ့်ရှစ်နှစ် ဆိုတာ ငါ့အတွက်တော့ ကလေးပဲ"

"ထိပ်ထိပ်က ဘယ်နှနှစ်မို့လို့လဲ"

"နှစ်ဆယ်ရှစ်နှစ်ကျော်ပြီ၊ နောက်ငါးလဆို နှစ်ဆယ့်ကိုးနှစ်ပြည့်မယ်"

"အံမယ် ... ဆယ်နှစ်လောက် အသက်ပိုကြီးတာများ သူ့ကိုယ်သူ အသက်လေးဆယ်လောက်လေသနဲ့"





"အသက်နှစ်ဆယ်မကျော်သေးရင် ကလေးအတွေးလောက်ပဲ ရှိသေးတာလေ။ ဒီတော့ ပန်းပု ဘယ်လောက်ပဲ အတွေးအခေါ် ရင့်ကျက်ပစေ လူကြီးတစ်ယောက်ရဲ့အတွေးအခေါ်မျိုးကိုတော့ မမီနိုင်သေးဘူးလေ"

"ကောင်းပါပြီရှင်၊ ပန်းပုကို ဒီလောက် ကလေးဖြစ်စေချင်နေတာ ကလေးပဲ ဖြစ်ပါတော့မယ်"

ပန်းပုသည် ထိပ်ထိပ်နဲ့ ဘာရယ်မဟုတ် ဒီလိုငြင်းခုံပြီး စကားပြောရသည်ကို ကျေနပ်ပျော်ရွှင်နေသော စိတ်အခြေကြောင့် မျက်နှာလေးမှာ အပြုံးက ပြတ်တောက်သွားသည်ရယ်လို့မရှိဘဲ တစ်ချိန်လုံး ပြုံးနေတော့သည်။

"ပန်းပုကို မှာထားရဦးမယ်၊ Rimmelက လူတွေ့ပြီးစစ်ရင် ဘာမှ မကြောက်နဲ့နော်၊ သူတို့မေးတာ အမှန်အတိုင်းပဲဖြေ။ ကိုယ့်ထက်လုပြီး ကြည့်ကောင်းတဲ့ မိန်းကလေးတွေလည်း တွေ့လိမ့်မယ်၊ အားမငယ်ရဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ နေရမယ်နော်"

ထိပ်ထိပ်က ပြိုင်ပွဲအကြောင်း သတိရပြီး ပြောလျှင် ပန်းပုလည်း နည်းနည်းစိုးရိမ်စိတ်ဝင်သွားသည်။

"သူတို့က ဘာတွေမေးမှာလဲဟင်"

"တစ်ယောက်ကို ငါးမိနစ်၊ ဆယ်မိနစ်လောက်ပဲ မေးမှာပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ဘာမေးမှာလဲ"

"သူတို့က စကားပြောကြည့်တာ အဓိကပါ၊ စကားပြောကြည့်လိုက်တာနဲ့ ဒီမိန်းကလေးဆီမှာ confidence(ကွန်ဖစ်ဒန့်(စ))ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ရှိ၊မရှိကို သိနိုင်မှာမို့ မေးရိုးမေးစဉ်လေးတွေပေါ့ မေးမှာပါ။ ဥပမာ Skin Care မှန်မှန်လုပ်လားတို့၊ မျက်နှာကို ဘယ်လိုဆပ်ပြာနဲ့ဆေးသလဲ တို့၊ ရေမွှေးကြိုက်လားတို့၊ ဘယ်လိုမိတ်ကပ်အမျိုးအစားကို အကြိုက်ဆုံးလဲတို့ မေးမယ်၊ အကယ်၍မင်းသာ ကမ္ဘာ့ကျော်မော်ဒယ်လ်တစ်ယောက် ဖြစ်မယ်ဆိုရင်မင်း အတူချင်ဆုံး အားအကျဆုံးက ဘယ်သူလဲ ဆိုတာမျိုးလေးတွေပေါ့ မေးလိမ့်မယ်"

ပန်းပုမှာ မျက်လုံးပြူးတော့မတတ် အသေအချာနားထောင်နေသဖြင့် ထိပ်ထိပ် ရင်ထဲမှာ နူးညံ့သောလှိုင်းကလေးတစ်ခု ဖြတ်ပြေးသွားသလိုပဲ ခံစားလိုက်ရသည်။ ပန်းပုနဲ့ တွေ့ရင်ရင်ထဲမှာ ခံစားချက် အသစ်အဆန်းလေးတွေ ဖြစ်ဖြစ်သွားတတ်တာ မကြာခဏမို့ ထိပ်ထိပ်မှာ အခုတော့ ပန်းပုကို သူ့ဘက်ကဘယ်လိုစိတ်သဘောထား ရှိနေကြောင်း သိနိုင်ဖို့ အသေအချာစဉ်းစားကြည့်ရတော့မလို ဖြစ်နေသည်။





"နာမည်ကြီးမော်ဒယ်လ်မေးရင် ဒုက္ခပဲ။ ပန်းပု ဘယ်သူ့ကိုမှ မသိဘူး။ တကယ်ပြောတာ၊ ကျန်တဲ့မေးခွန်းဆိုရင်တောင် ဖြေနိုင်သေးတယ်၊ နာမည်ကြီးမော်ဒယ်လ် မေးလာရင် ဘာမှဖြေစရာမရှိဘူး"

"ပန်းပု စာလေးဘာလေး ဖတ်မှာပေါ့"

"ဖတ်ပါတယ်၊ ပန်းပု မဂ္ဂဇင်းတွေ ဂျာနယ်တွေ ကြိုက်ပါတယ်"

"ဒါဖြင့် အဲဒီထဲမှာပါမှာပေါ့၊ ပန်းပု မှတ်မထားဘူးလား"

"ပန်းပု စိတ်မဝင်စားတဲ့အကြောင်းအရာဆို ကျော်ဖတ်တာ၊ ပန်းပု နိုင်ငံခြားရုပ်ရှင်လည်း မကြည့်ဘူး။ သီချင်းလည်း နားမထောင်ဘူး ဆိုတော့ နိုင်ငံခြားသတင်းကို ဘာသာပြန်တာဆို မဖတ်တော့ဘူး"

"ညည်း ဘယ်ဘာသာယူပြီး ကျောင်းတက်နေတာလဲ"

"အင်္ဂလိပ်စာ"

"ဩော် ... ဖြစ်ရမယ်၊ ယူတော့ အင်္ဂလိပ်ဘာသာ ယူထားပြီး နိုင်ငံခြားအကြောင်းအရာတွေကို စိတ်မဝင်စားဘူးဆိုပြီး မဖတ်ဘဲနေလို့ရမလား"

ပန်းပုမှာ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မျက်နှာလေး ဆီးပွက်လောက်သေးငယ်ကာ ငြိမ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက နာမည်ကြီးမော်ဒယ်လ်ဆိုရင် Kate Moss (ကိတ်မော့(စ))ရှိမယ်၊ Rimmel ကို နိုင်ငံခြားမှာတော့ Kate Moss နဲ့ပဲကြော်ငြာတာ၊ Gisele Bundchen(ဂျီစယ်လ် ဘန်ချင်)ရှိမယ်၊ Heidi Klum(ဟေဒီကလမ်)ရှိမယ်၊ ပန်းပု လို အသားညိုညိုလေးတွေထဲကဆိုရင် Tyra Bank(တိုင်ရာ ဘန့်(ခ))ဆိုတာရှိမယ်၊ သူကအရင်ကတော့ နာမည်ကြီးခဲ့ဖူး တယ်၊ အခုတော့ သိပ်မထင်ပေါ်တော့ဘဲ ရုပ်ရှင်တွေ ဝင် ရိုက်နေတယ်၊ ဒီနေရာမှာ Naomi Campbell(နာအိုမီကင်း ဘဲလ်)ကို ထည့်မပြောချင်ဘူး၊ သူက မောက်မာပြီး ဒေါသ လည်းကြီးတော့ သူ့ကိုမကြိုက်ဘူး"

"ထိပ်ထိပ် ပြောတာတွေ ပန်းပု တစ်ယောက်မှ မသိဘူး ဒုက္ခပဲ"

"စိတ်မပူပါနဲ့၊ မြတ်မြတ်မဥ္ဇူကို မေးလိုက်ပါ၊ မြတ်မြတ် မဥ္ဇူကတော့ ဖက်ရှင်တွေ ဝါသနာပါတော့ သူ Satellite (ဆက်တယ်လိုက်ထ်)မှာပြတဲ့ ဖက်ရှင်ရှိုးတွေ ကြည့်မှာပဲ။ ပန်းပု သိချင်တာတွေ သူ့မေးပါ၊ သူ ပြောပြရင် ပန်းပု အတွက် နားထောင်ပြီး မှတ်ထားရုံပဲ"

"အင်တာဗျူးတောင် သွားမဖြေချင်တော့ဘူး"





"အဲဒီလို မလုပ်ရဘူးလေ ပန်းပုရဲ့။ လုပ်မကြည့်သေးဘဲနဲ့ ငါတော့ မရနိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး ဆိုတာမျိုး ခေါင်းထဲ မှာ ဘယ်တော့မှ မထားရဘူး။ သူတောင်ရသေးတာ ငါ လည်း ရရမှာပေါ့၊ ဖြေရဲရမှာပေါ့ဆိုတဲ့ စိတ်ဓာတ်ရှိရမယ်၊ အဲဒါမှ coufidenceရှိတယ်လို့ပြောလို့ရတယ်ဟုတ်ပြီလား။ ထိပ်ထိပ် ကူညီပေးထားရတာတွေ အလကားမဖြစ်အောင် သွားပြိုင်နော် ပန်းပု မပြိုင်ဘဲမနေနဲ့"

ပန်းပုသည် ထိပ်ထိပ် စကားကို နားထောင်ချင်လှ သူမို့ စိတ်ချပါဟု စိတ်ပါလက်ပါပင် ကတိပေးလိုက်ပါသည်။

ထိပ်ထိပ်နဲ့ အခုလောက် အကြာကြီးလည်း စကား အေးအေးဆေးဆေး မပြောဖူးဘူး၊ အခုလောက် တရင်းတနှီးလည်း စကားပြောတာ မရှိဖူးဘူး။ ဆံပင်သွားညှပ်တဲ့အခါ တွေ့ရုံအပြင် မပိုခဲ့သောအခါ အခုလို အကြာကြီး အတူတူမုန့်စားရင်း စကား ပြောရသောအခါ ပန်းပု ရင်ထဲတွင် ထိပ်ထိပ်ကို အားကိုးတွယ်တာ စိတ်တွေ ပို၍များပြားလာခဲ့ပါသည်။ ထိပ်ထိပ်နဲ့ယှဉ်ပြီး ကိုဝသန်မိုး ကို မြင်ယောင်သောအခါ ပန်းပုမှာတော့ ထိပ်ထိပ်ကိုသာ ပို၍ရွေး ချယ်ချင်သောခံစားချက်မျိုး အသေအချာပင် ခံစားလို့ရနေပါသည်။

"ထိပ်ထိပ်ကို ပြောပြရဦးမယ်"

ပန်းပု ရင်ထဲမှာ ဘယ်လိုကဘယ်လို ဖြစ်လာသည် မသိသော ရင်ဖွင့်လိုစိတ်ဖြင့် စကားစလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ပန်းပုရဲ့ ပြောပါဦး၊ စကားကို အစပျိုးနေတာ အဆန်းပါလား"

"ပန်းပု အဲဒီကိစ္စအတွက် တအားစိတ်ညစ်နေလို့"

"ဟုတ်လား"

ထိပ်ထိပ်သည် ပန်းပုပြောမှာကို အာရုံစိုက်နားထောင် ပေးမလိုဟန်ဖြင့် သူ့ကိုယ်ကိုပင် ကိုင်း၍ နားထောင်ပြပါသည်။ ဒါ သူ ဟန်ဆောင်တာမဟုတ်ပါ။ တကယ်ပဲ ပန်းပုကို အားပေး နှစ်သိမ့်လို၍ဖြစ်ပါသည်။

"ထိပ်ထိပ် ကိုဝသန်မိုးကို တွေ့ဖူးပြီးသားပါ"

"သြော် ... ခုန တွေ့ခဲ့တဲ့လူလား"

"ဟုတ်တယ်"

"ပန်းပုနဲ့ ဘယ်လို ပတ်သက်လို့လဲ"

"အမှန်တော့ ပန်းပုနဲ့ ပတ်သက်တာ မဟုတ်ဘူး၊ သူက ပန်းပုဆိုတဲ့ မိန်းကလေး ရန်ကုန်ရောက်မလာခင်ကတည်း က မြတ်မြတ်မွန်ဆိုတဲ့ မိန်းကလေးကို သဘောကျပိုးပန်း နေတဲ့လူပါ။ တကယ်တော့ သူက မဂျီးမြတ်ကို အရင် သဘောကျခဲ့တာ"

ပန်းပု အဲဒီလောက် ပြောတာနဲ့ ဘာကိုပြောချင် သလဲ ဆိုတာကို ထိပ်ထိပ် ခန့်မှန်း၍ ရသွားပါသည်။ ဘယ်လိုထဲ ပန်းပုရယ်။ မင်းမှာ သုံးပွင့်ဆိုင်ဇာတ်လမ်းများ ရှိနေပြီလား။ ထိပ်ထိပ်၏ရင်ထဲမှာ မန်းပုကို နမြောသလိုလို၊ ဝသန်မိုးကို မနာလိုသလိုလို ခံစားနေရသည်။

"အခု အဲဒီလူက ဘာသဘောလဲ မသိဘူး။ ပန်းပုကို ခဏ ခဏလာတွေ့၊ ခဏခဏလာစောင့်၊ ဘာမှအရေးတကြီး မရှိတဲ့ စကားတွေလာပြော လုပ်နေတယ်။ သူ ဘယ်လို သဘောထားဖြစ်နေပြီလဲ ဆိုတာ ပန်းပုလည်း မိန်းကလေး ပီပီ ရိပ်မိနေပြီ။ သူ ထုတ်မပြောတာပဲရှိတယ်။ ပန်းပု အဲဒါကို စိတ်ညစ်နေတာ သိလား။ မဂျီးမြတ် သိသွားမှာ ကို အရမ်းကြောက်တာ အားနာတာ စုံနေတာပဲ။ ပန်းပု စိတ်ထဲမှာရှုပ်ပြီး ဘာလုပ်ရမှန်း မသိဘူး။ တကယ်တော့ ပန်းပု စ,တာမဟုတ်ဘူး။ အဲဒီလူဘက်က စ,လာတာပါ၊ သူ ပန်းပုဆီ လာတွေ့ပြီး မဂျီးမြတ်ကို ပိုးပန်းလို့ကောင်း အောင် လာဖားတယ်ထင်ပြီး အစကတော့ ရိုးရိုးသားသား ပြန်ခေါ်ပြော ဆက်ဆံမိတာပါ၊ အခုကျမှ သူ့ခြေလှမ်း တွေ မြင်လာပြီး ပန်းပု ဘာလုပ်ရမှန်း မသိဘူး"

ပန်းပု အဲဒီလူကို လက်ခံချင်သလားရယ်လို့ ထိပ်ထိပ် ရင်ထဲမှာ မေးကြည့်လိုက်ချင်စိတ်တွေ ဖြစ်သွားပါသည်။ ပန်းပု ဟာ သူ့ကို ဆံပင်ညှပ်ပေးနေကျ မိတ်ဆွေ မိန်းမလှ အရခြောတ်

www.burmeseclassic.com



တစ်ယောက်လို့များ သဘောထားပြီး သူတို့မိန်းကလေးတွေကြား က ပြဿနာတွေကို တိုင်တည်ပြီးတော့များ ရင်ဖွင့်သလား ဟုတ်မှာပါ။ ဘယ်မိန်းကလေးကများ သူစိမ်းယောကျ်ား တစ် ယောက်ကို သူတို့ရဲ့ သုံးပွင့်ဆိုင်ဓာတ်လမ်းကို အလကားနေရင်း လာတိုင်ပင်ပါ့မလဲ။ ငါ့ကို ခြောက်နေတယ်ထင်ပြီး လာပြောခဲ့ တာပါ။ ထိုသို့တွေးမိပြီးလျှင် ထိပ်ထိပ်မှာ ရင်ထဲတွင် မအီမလည် ကြီးခံစားလိုက်ရသည်။

တကယ်တော့ ကျွန်တော် အခြောက်မဟုတ်ပါဘူးလို့ အမေနဲ့ ဆွေမျိုးတွေကလွဲရင် တခြားသူတွေရှေ့မှာ အလကားနေ ရင်း ဘယ်လိုလုပ် ထုတ်ဖော်ပြောချင်ပါ့မလဲ။

အဲဒီလိုပဲ တခြားလူတွေကလည်း ထင်ကြေးနဲ့ပဲ ရမ်းသန်းထင်နေပြီး မင်းအခြောက်ဖြစ်နေသလားလို့ ဘယ်သူကမှ အလကားနေရင်း ဗြောင်ကြီး လာမေးရဲပါ့မလဲ။

ဒီလို ဟိုလိုလို ဒီလိုလိုနဲ့ပဲ ထိပ်ထိပ်ဆိုတဲ့ လူတစ် ယောက်ဟာ သူ့ဘဝသူ စိတ်ပျက်ရပေါင်းလည်း မနည်းတော့။

"ထိပ်ထိပ်ကလည်း ဘာအကြံမှ မပေးဘူး"

"ပန်းပုက ဘာအကြံပေးစေချင်လို့လဲ"

"မဂျီးမြတ်ကို ကိုဝသန်မိုး အကြောင်းသိအောင် ပန်းပု တိုင်ပြောချင်နေတာ။ ပြောလည်း မပြောရဲဘူး။ မဂျီးမြတ်





ကို အရှက်ခွဲသလို ဖြစ်မှာစိုးတယ်။ သူ စိတ်တိုင်းကျဖြူပြင် ပုံသွင်းပေးလိုက်လို့ လှလာတဲ့ ပန်းပုကို သူ့ကို သဘော ကျပြီး ချဉ်းကပ်နေတဲ့ လူတစ်ယောက်က စိတ်ပြောင်းပြီး ပန်းပုဘက် လှည့်လာတယ်ဆိုတဲ့ အဖြစ်မို့ သူသိရင် သူ သိပ်ရှက်မှာပေါ့။ မဂျီးမြတ် ဆိုတာက သူ့အလှသူ သိပ် ဂုဏ်ယူပြီး မာနသိပ်ကြီးနေတဲ့သူလေ။ သူ့မာနကို လာ ချိုးတယ် ထင်သွားမှာ စိုးရိမ်တာပေါ့။ ပန်းပု မဂျီးမြတ်ကို မပြိုင်ဘဲနဲ့ သူ့ကို လာပြိုင်ဆိုင်တယ်ထင်မှာ ကြောက်တာ ပေါ့"

ပန်းပုသည် ပြောချင်တာတွေ ပြောချလိုက်ရ၍ ရင် ထဲမှာ နည်းနည်း နေသာထိုင်သာ ရှိသွားပါသည်။

"ထိပ်ထိပ် အကြံပေးပါဦး။ ပန်းပု ဘာလုပ်သင့်လဲလို့"

ထိပ်ထိပ် ငြိမ်နေသဖြင့် ပန်းပု အားမလိုအားမရ ဖြစ်ပြီး ထပ်တိုက်တွန်းမိသည်။

"ထိပ်ထိပ် အကြံပေးလို့ ဘယ်ရမလဲ၊ ဒါက ပန်းပုရဲ့စိတ် သဘောနဲ့ ဆိုင်တယ်လေ"

"ဟင် ... ဘာမှမဆိုင်ပါဘူး"

"ဆိုင်တာပေါ့၊ ပန်းပု စိတ်ကို ဘာမှမသိဘဲနဲ့ ထိပ်ထိပ် က ဒီလူ့ကိုရှောင်ပါ။ သိသိသာသာငြင်းပါလို့ ပြောရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း မကောင်းဘူးလို့ ယင်တယ်၊ ပန်းပုဘက်က အဲဒီ
လူအပေါ် ဘယ်လိုသဘောထားမှန်းမှ မသိတာလေ"

ထိုအခါ ပန်းပု ချက်ချင်းပဲ ...

"အို ... ဘယ်လိုသဘောထားရမှာလဲ ထိပ်ထိပ်ရဲ့၊ ပန်းပု
အဲဒီလူကို သဘောမကျပါဘူး။ ကြိုက်လည်း မကြိုက်ပါ
ဘူး၊ အစ်မကို ပိုးပန်းလိုက်၊ အစ်မက ရဖို့ခက်ခဲတော့
ညီမကိုများ ရမလားလို့ စိတ်ပြောင်းလိုက် လုပ်တဲ့လူ
သဘောထားကို မကြိုက်ဘူး။ တကယ်ချစ်တဲ့သူ ဆိုရင်
ဒီတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲ ချစ်နေနိုင်ရမှာပေါ့
ဘာကြောင့် တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်နိုင်
ရမှာလဲ"

ဟူ၍ ချစ်တာတွေ၊ ကြိုက်တာတွေ ထည့်ပြောလိုက်
သောအခါ ထိပ်ထိပ့် ပြုံးစိစိဖြင့် မျက်ခုံးပင့်မိသည်။ ဒီကောင်
လေး မခေပါလား။ အချစ်အကြောင်း ပြောတတ်နေပြီပဲ။

"ဘာပြုံးရတာလဲ ထိပ်ထိပ်ရဲ့"

ပန်းပုကလည်း သူ့အမူအရာကို ချက်ချင်းမြင်ပြီး
မေးလေသည်။

"သြော် ... ညည်းက အချစ်အကြောင်းတောင် ပြောနေပြီ
လို့ တွေးမိလို့ပါ"



"အချစ်အကြောင်း ပြောတာရယ်တော့ မဟုတ်ပါဘူး။
ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆိုရင် ဖတ်ဖူးတာတော့ ကိုယ်
တကယ်ချစ်တဲ့သူကလွဲရင် သူ့ထက် ဘယ်လောက်အဆ
တစ်ရာသာတဲ့သူတွေ့တွေ့ ချစ်လို့မရဘူးတွေ ဘာတွေ
ရေးရေးထားတာတွေ့လို့ပါ"

"ဒါက ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာလေ၊ အပြင်မှာတော့
ဒီတစ်ယောက်မရရင် ကိုယ်နဲ့သင့်တော်မဲ့ နောက်တစ်
ယောက်ရဖို့ ရှာကြတာပဲ"

"ဟင် ... ထိပ်ထိပ်ရော အဲဒီလိုပဲလား၊ ထိပ်ထိပ် ချစ်တဲ့
သူက ပြန်အဖြေမပေးဘဲ အချိန်ဆွဲနေရင် နောက်တစ်
ယောက်ကိုပဲ ပြောင်းချစ်နိုင်သလား"

ပန်းပုမှာ ရုတ်တရက် လွှတ်ခနဲ မေးလိုက်မိသွား
ပါသည်။ ထိပ်ထိပ်မှာများ ဒီလိုချစ်ရတဲ့သူတွေ အဖြေတောင်း
ထားတဲ့သူတွေများ ရှိနေသလားလို့ ပန်းပု တော်တော်လည်း သိ
ချင်သွားပါသည်။ ထိပ်ထိပ်သည် ပန်းပု မေးချလိုက်သော မေး
ခွန်းကြောင့် ရင်ထဲမှာ စိုးရိမ်သွားပါသည်။ ယောကျာ်းတစ်ယောက်
ဖြစ်ရက်၊ အသက်အရွယ်အရလည်း သုံးဆယ်နား နီးနေပါရက်
ချစ်ရမဲ့မိန်းကလေး မရှိသေးဘူးဆိုရင် အများထင်မြင်ယူဆထား
ကြသလိုပဲ ထိပ်ထိပ်ဟာ အခြောက်ဖြစ်နေလို့ဆိုတဲ့ ထင်မြင်ချက်

www.burmeseclassic.com

www.burmeseclassic.com



မျိုး ပန်းပုဆီမှာ ပိုပြီးတိကျခိုင်လုံစွာ ရောက်သွားနိုင်မယ်ဆိုသော စိုးရိမ်စိတ်ဖြင့် ဘာဖြေရမှန်းမသိ ဖြစ်နေသည်။ ကိုယ့်မှာ ချစ်ရသူ မရှိဘဲနဲ့လည်း ရှိပါတယ်လို့ မညာချင်။ မရှိဘူး ပြောလိုက်ရမှာလည်း ခက်နေပြန်သည်။

ထိပ်ထိပ် မဖြေသဖြင့် ပန်းပု အားနာပြီး အတင်း မမေးချင်။ ထိပ်ထိပ်ဟာ ယောကျ်ားစစ်စစ် စိတ်ရှိသူလား၊ သူများတွေ ပြောဆိုဝေဖန်သလို အခြောက်စိတ် ရှိသူလား၊ ပန်းပု ကိုယ်တိုင်ပင် သေသေချာချာ မဆုံးဖြတ်နိုင်သည်ဖြစ်ရာ ထိပ်ထိပ် မဖြေသည်ကို အတင်းအနိုင်ယူပြီး မေးရမှာ အားနာသွားပါသည်။

"ပန်းပုကတော့ ကိုယ်ချစ်ရတဲ့သူကလွဲရင် ဘယ်သူ့ကိုမှ ဘာအကြောင်းကြောင့်မှ ပြောင်းမချစ်နိုင်ဘူး။ သူ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးဘူး၊ သိလား။ ပန်းပုမှာ တိတ်တခိုးချစ်ရတဲ့သူ ရှိတယ်။ အဲဒီလူကိုဝသန်မိုးတော့ မဟုတ်ဘူး။ ပန်းပု ကိုဝသန်မိုးကို မချစ်ဘူး။ လက်မခံနိုင်ဘူး။ ဒါကြောင့် ထိပ်ထိပ် ကြိုက်တဲ့အကြံပေးပါ၊ ပန်းပု လက်ခံနိုင်တယ်"

ပန်းပုသည် အရဲစွန့်ပြီး ပန်းပုမှာ ချစ်သူတစ်ယောက် ရှိကြောင်း၊ ထိပ်ထိပ်ကို ပြောလိုက်လျှင် ထိပ်ထိပ် ရုတ်ချည်းပြီး ပန်းပုကို အသာငေးစိုက်ကြည့်တော့သည်။





"ထိပ်ထိပ်ကို ဘာကြောင့် အကြံတောင်းရတာလဲ"

"ပန်းပု ထိပ်ထိပ်ကိုပဲ ယုံတယ်။ ပြီးတော့ ပန်းပုမှာ ဒီလို တိုင်ပင်ဆွေးနွေးစရာ အရင်းနှီးဆုံး မိတ်ဆွေရယ်လို့ မရှိဘူး။ ထိပ်ထိပ်နဲ့ ပန်းပုဟာ သိပ်အရင်းနှီးကြီး မဟုတ်ခဲ့ပေမဲ့ ထိပ်ထိပ်ကတော့ ဘယ်လိုသဘောထားလဲ မသိဘူး။ ပန်းပုကတော့ ထိပ်ထိပ်ကို သိပ်ခင်တယ်၊ ဒါကြောင့် ထိပ်ထိပ် ပြောတာဆို နားထောင်ချင်တယ်"

ထိပ်ထိပ် အမူအရာကတော့ သိပ်ပြီးပြောင်းလဲသွားလေရာ ပန်းပုမှာ ကြည့်ရင်းနဲ့ သူများတွေပြောတာ တကယ်များ ဟုတ်နေသလားလို့ သံသယပင်ဖြစ်လာသည်။ တော်ရုံတန်ရုံ ယောကျ်ားတစ်ယောက်ဆိုရင် မိန်းကလေးတစ်ယောက် ဒီလိုပြောနေတာနဲ့တင် ဒီကောင်မလေး ငါ့အပေါ် စိတ်များဝင်စားနေသလားလို့ ထင်လာမှာပါ။ ခုတော့ ထိပ်ထိပ်ကတော့ ...။ ဟင်း ...။

ထိပ်ထိပ်မှာလည်း ပန်းပု သူ့ကို ဒီလိုပြောရဲဆိုရဲ ရှိသည်မှာ သူ့ကို ခြောက်နေသည်ထင်ပြီး လာပြောဆိုတိုင်ပင်တာပဲရယ်လို့ ယူဆမိသည်ဖြစ်ရာ ...

"ပန်းပုကို သိအောင် ပြောရဦးမယ်။ ကျွန်တော် အခြောက် မဟုတ်ပါဘူး"

ဆိုတဲ့ စကားကို ဘယ်ပုံဘယ်နည်းနဲ့ ရှင်းပြရမလဲ ဆိုတာ ခေါင်းပူအောင် စဉ်းစားနေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်မြတ်မဥ္ဇူကို ဘာကြောင့် မပြောချင်တာလဲ၊ ဒီကိစ္စက သူလည်း သိသင့်တယ်၊ သူကတော့ ဝသန်မိုး ဆိုတဲ့သူဟာ ငါ့ဆီကအဖြေကို စောင့်နေတဲ့သူဆိုပြီး စဉ်းစားရင်စဉ်းစားနေမှာပဲ။ ဒီဘက်မှာ ဖြစ်နေတာတွေ သူ မသိရသေးဘဲနဲ့ စဉ်းစားနေရင် သူ့အတွက်လည်း မကောင်းဘူး"

"ပန်းပု မပြောရဲပါဘူးဆိုမှ ထိပ်ထိပ်ကလည်း အဲဒီဘက်လှည့်ပြန်ပြီ၊ ပန်းပု သိတယ်၊ ပန်းပု သွားပြောပြရင် မဂျိုးမြတ် အရမ်းကို ရှက်သွားမှာ"

"ဒါဖြင့်ရင်တော့ အကောင်းဆုံးက ဝသန်မိုး နောက်တစ်ခါ ပန်းပုဆီ ရောက်လာခဲ့ရင် အမှန်အတိုင်းကို ပြောပြီး ရှောင်လိုက်ပေါ့"

"ဘယ်လိုအမှန်အတိုင်းလဲ"

"ဩော် ... ညည်းကလည်း အ,နေပြန်ပြီ၊ ဝသန်မိုးဟာ မြတ်မြတ်မဥ္ဇူကို သဘောကျ ချစ်ကြိုက်နေတဲ့သူပါ၊ မြတ်မြတ်မဥ္ဇူရဲ့ညီမဝမ်းကွဲဆီ ခဏခဏလာတွေ့ပြီး အရောဝင်တာ မသင့်တော်ပါဘူး၊ မကောင်းပါဘူး ဆိုတဲ့ အမှန်အတိုင်းသက်ဆိုင်တာကို ပြောပြလိုက်ရုံပေါ့၊ အဲဒီလို ပြောပြလိုက်လို့ သူ့ဘာသာရှက်ပြီး နောက်ဆုတ်သွားရင်လည်း အမြတ်ပေါ့၊ နောက်မဆုတ်သွားခဲ့ဘဲ သူ့ဘက်ကလည်း အမှန်





အတိုင်းကိုပဲ အသုံးချပြီး ဆက်တိုးလာရင်တော့ ပန်းပုရဲ့ မဂျိုးမြတ်ကို ပြောရဲအောင် သတ္တိမွေးပြီး ပြောရလိမ့်မယ်"

"ကိုဝသန်မိုးက ဘယ်လို အမှန်အတိုင်းကို အသုံးချပြီး ဆက်တိုးမှာလဲ"

"ဒီလိုလေ သူ့ဘက်ကလည်း မငြင်းဘဲ ဟုတ်ပါတယ်၊ အစကတော့ မြတ်မြတ်မဥ္ဇူကိုပဲ ချစ်တာပါ၊ အခုကျမှ တကယ်ချစ်ရတဲ့သူ တွေ့ပါပြီဆိုပြီး ဆက်တိုးလာခဲ့ရင်ကို ပြောတာပါ"

ပန်းပု အားငယ်သလိုဖြစ်ပြီး မျက်နှာလေး ညှိုးနေတာမြင်တော့ ထိပ်ထိပ် သနားသွားမိသည်။

"စိတ်မပူပါနဲ့၊ ထိပ်ထိပ် အကြံပေးသလိုသာ ပြောလိုက်၊ သူ နောက်ဆုတ်သွားမှာပါ"

"ပန်းပုက မဂျိုးမြတ်ကိုတော့ ဘယ်လိုမှ မပြောပြရဲဘူး"

"Plan-A (ပလန်-အေ)ကို အရင်သုံးကြည့်ပေါ့၊ မရရင် Plan-B (ပလန်-ဘီ) ရှိမယ်၊ Plan-C (ပလန်-စီ)ရှိမယ်"

"အဲဒါတွေက ဘာတွေကို ပြောတာလဲ"

"ဩော် ... Plan-A ဆိုတာက ထိပ်ထိပ် ပြောတဲ့အထဲက အမှန်အတိုင်းကို ပြောပြပြီး သူ ရှက်ပြီးနောက်ဆုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



မဲ့နည်းကို ညွှန်းတာ။ Plan-B ကတော့ မဂျိုးမြတ်ကို ပြောပြတိုင်ပင်တဲ့နည်းပေါ့”

ထိပ်ထိပ်ကလည်း ပန်းပု ခေါ်သည့်အတိုင်း မဂျိုးမြတ်ဟု လိုက်သုံးနှုန်းပြီး ပြောလိုက်သည်။

ပန်းပုက ထိပ်ထိပ်ရဲ့ Plan-C ကို စိတ်ဝင်စားသွားပြီး ...

“Plan-C က ဘာလဲဟင်”

လို့ မေးလျှင် ထိပ်ထိပ်က မပြော။

“Plan-A တွေ B တွေ အဆင်မပြေမှ အဲဒီ Plan-C ကို ပြောရအောင်”

* ❤ *





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ထိပ်ထိပ်"

မန်းပုမှာ ဆိုင်ထဲဝင်ဝင်လာချင်း ဝမ်းသာအားရ အသံဖြင့် ထိပ်ထိပ်ကို ခေါ်မိသည်။ ပန်းပုနောက်မှ မြတ်မြတ်မဥ္ဇူ ပါလာသည်။ မြတ်မြတ်မဥ္ဇူကတော့ ပန်းပု၏ ထိပ်ထိပ် အပေါ် လိုတာထက်ပိုပြီး ရင်းနှီးတွယ်တာမှု၊ အားကိုးချင်မှုတို့ကို ရင်မောစွာ အကဲခတ်ရင်း ပါလာခဲ့သည်။

"ဟော … ပြောပါဦး၊ ဒီနေ့ အင်တာဗျူးအခြေအနေ ဘယ်လိုလဲ၊ ပန်းပု သွားဖြေပါ့မလားလို့ ထိပ်ထိပ် မနက်တည်းက စိတ်ပူနေတာ"

"ပန်းပု သွားဖြေပါတယ်၊ ပန်းပု သူတို့မေးတာ အကုန်ဖြေနိုင်ခဲ့တယ်၊ ထိပ်ထိပ် မှန်းသလိုပဲ မေးခွန်းတွေက ခပ်ဆင်ဆင်လေးပဲ"



"ပန်းပု ဖြေနိုင်ခဲ့တယ်ဆိုရင် ဝမ်းသာပါတယ်"

"ဖြေနိုင်ခဲ့ရုံ မကဘူး၊ မနက်က အင်တာဗျူးသွား။ ညနေကျ အိမ်ကိုဖုန်းဆက်ပြီး အကြောင်းပြန်တယ်လေ"

မြတ်မြတ်မဥ္ဇူက ဝင်ပြောလျှင် ထိပ်ထိပ်က အံ့သြသွားသလိုဖြင့် …

"ဟုတ်လား … ဒါဖြင့် ပန်းပု နောက်ဆုံးအဆင့်သုံးယောက်ရွေးတာ ပါသွားပြီလား"

ဆိုပြီး ချက်ချင်း အဖြေကို ကြိုသိသလိုနှင့် မေးလိုက်တော့သည်။

"ဟယ် … ထိပ်ထိပ်က ကြိုသိပြီးသားလား"

"မဟုတ်ပါဘူး၊ ပန်းပု ဝမ်းသာအားရ ဒီကိုလာတဲ့ပုံကို မှန်းပြီးမေးတာပါ"

"ထိပ်ထိပ်က အကဲခတ်တာ သိပ်တော်တာပဲ"

"ပန်းပု နောက်ဆုံးအဆင့် သုံးယောက်ထဲ ဝင်တယ်မဟုတ်လား"

"ဪ … ဝင်ပါတယ် ထိပ်ထိပ်ရဲ့။ ဒါကြောင့် သိသိချင်း ထိပ်ထိပ်ကို လာပြောတာ"

မြတ်မြတ်မဥ္ဇူကလည်း …

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တစ်ခါတည်းပဲ ထိပ်ထိပ် ဆီကပါ ရက်ချိန်းယူပြီး သူ့ကို ဆံပင်တွေ ဘာတွေ ထပ်ပြင်စရာရှိရင် ပြင်ရင် ကောင်းမလားလို့ပါ၊ မြတ်မြတ်က စဉ်းစားလာတာ"

ဟု ဝင်ပြောပါသည်။

"ဆံပင်ပုံ မပြောင်းနဲ့လေ၊ ပန်းပုနဲ့ ဒီပုံက အလိုက်ဆုံးပဲ မပြောင်းနဲ့၊ ဆံပင်လည်း ပေါင်းမတင်နဲ့၊ ဘာမှမလုပ်နဲ့၊ ဘာကြောင့်လဲဆိုတော့ အဲဒီ နောက်ဆုံးအဆင့် သုံးယောက်က ဆံပင်ပုံစံ အဆန်းအပြားလေးတွေနဲ့ ဓာတ်ပုံအရိုက်ခံရမှာလေ။ အခု ဆံပင်ပြင်ထားလည်း အလကားပဲ။ ဆံပင်ပုံစံ အဆန်းအပြား ဆိုတာက ဟို ... ဘယ်လိုပြောမလဲ၊ မြတ်မြတ် တွေ့ဖူးမှာပေါ့၊ ပြင်သစ်မှာ တချို့ဖက်ရှင်ရှိုးတွေမှာလေ၊ မော်ဒယ်လ်တွေက ဆံပင်ကို ကြက်မောက်ထောင်ထားတဲ့ပုံမျိုးတွေ လုပ်လိုလုပ်၊ အချွန်အတက်တွေ ရောင်စုံတွေပါတဲ့ဆံပင် လုပ်လိုလုပ်၊ အီဂျစ်ဘုရင်မတွေလို လုပ်လိုလုပ်နဲ့လေ၊ အဲဒါမျိုးတွေထွင်ပြီး လုပ်ပေးရမှာ မိတ်ကပ်ကလည်း ပြင်နေကျ မဟုတ်ဘူး၊ ပန်းချီခြယ်သလို ပြင်ပြီး ဆံပင်နဲ့လိုက်အောင် ပြင်မှာတဲ့၊ အဲဒီလို ခပ်ဆန်းဆန်းပြားပြားတွေလုပ်ပြီး ဓာတ်ပုံရိုက်ကြည့်မှာပေါ့။ အလှဆုံးမိန်းကလေးကို ရွေးမှာ။ ဘယ်လိုဆံပင်ပုံကြီးလုပ်လုပ်





ဘယ်လိုစိတ္တဇဆန်ဆန် မိတ်ကပ်ကြီးခြယ်ခြယ် ဓာတ်ပုံစားပြီး သူ့ပင်ကိုရုပ်ကို ဖမ်းလို့ရမဲ့ မိန်းကလေးကို ရွေးမှာတဲ့"

မြတ်မြတ်မဥ္ဇူက အံ့ဩပြီး ...

"Rimmel က တော်တော်ပိုက်ဆံဖြုန်းပြီး ဒီပွဲကိုလုပ်တဲ့ သဘောပေါ့နော်"

ဟူ၍ မေးလေသည်။

"ဟုတ်တယ်လေ၊ Rimmel က အခုမှ မြန်မာပြည်ဈေးကွက်ထဲ ဝင်ရမှာဆိုတော့ စိတ်ဝင်စားအောင် ကြော်ငြာအမျိုးမျိုး လုပ်တဲ့သဘောပဲ။ Revlon တို့ L'oreal တို့ကတော့ ဒီမှာ ပေါက်ပြီးသားလေ။ Rimmel က ခုမှဝင်ရမှာ ဆိုတော့ စိတ်ဝင်စားအောင် လုပ်ယူတာပေါ့"

"ဒါဆိုလည်း ပန်းပု ဆံပင်ပြင်စရာ မလိုသေးရင် လာရကျိုးနပ်အောင် လက်သည်း၊ ခြေသည်းနဲ့ မျက်ခုံးအလှပြင်သွား"

"ဟာ ... မကျီးမြတ်ကလည်း"

ပန်းပုမှာ ခုထိ ပိုက်ဆံကုန်ရမှာ နမြောသော စိတ်ဓာတ်က ရှိနေသေးပြီး ညည်းညူသလိုပြောလျှင် ထိပ်ထိပ်ရော မြတ်မြတ်မဥ္ဇူပါ ပြိုင်တူဝိုင်းရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထိပ်နဲ့ ဘယ်တော့ ဆံပင်ပြင် ဓာတ်ပုံရိုက် လုပ်ရမှာလဲ၊ ထိပ်ထိပ် ကြိုသိလား"

"ကြိုမသိထားဘူး ပန်းပုရဲ့။ ဒါပေမဲ့ သူတို့ ဆန်ခါတင် သုံးယောက် ရွေးပြီးပြီဆိုတာနဲ့ သိပ်မကြာပါဘူး။ တစ်ပတ် ဆယ်ရက်လောက်ခြားပြီး နောက်ဆုံးဖိုင်နယ်လ်ကို လုပ်မှာပဲလေ"

ပန်းပု မေးသည်မှာ အကြောင်းရှိလို့ပါ။ ဘာလို့လဲဆိုတော့ ပန်းပုမှာ ထိပ်ထိပ်နဲ့ ပြန်ဆုံစရာဆိုလို့ ဒီပွဲကျန်နေသေး၍ မေးလိုက်ရခြင်း ဖြစ်ပါသည်။

ထိပ်ထိပ် ပြောသည့်အတိုင်းပင် ဖိုင်နယ်ပြိုင်ရမည့်ပွဲရက်မှာ တကယ်ပဲ နောက်ဆယ်ရက်အကြာမှာ ကြုံရပါသည်။ ထိုရက်မှာ မနက်ခုနစ်နာရီအရောက် လာပါဟု အကြောင်းကြားစာထဲမှာပါသဖြင့် မဂျီးမြတ်ရော ပန်းပုပါ မနက်ငါးနာရီထဲက ထပြီးစိတ်လှုပ်ရှားစွာ ပြင်ဆင်ကြရသည်။

ပြင်ဆင်သည် ဆိုပေမဲ့ အဓိက,ကတော့ မဂျီးမြတ်က သူ့ကိုယ်သူ ပြင်ဆင်တာဖြစ်သည်။ ပန်းပုကတော့ အလှပြင်ခံရမည့်သူဖြစ်ရာ ဘာမှမလိမ်းထားဘဲ ရေချိုးပြီးစ မျက်နှာပြောင်လေးဖြင့် ထွက်လာရသည်။





ဓာတ်ပုံရိုက်မည့် စတူဒီယိုကြီးမှာ အကြီးကြီးဖြစ်ပြီး မိတ်ကပ်ပြင်ခန်းလည်း ရှိသည်။ မိတ်ကပ်ဆံပင် ပြင်ဆင်ခန်းမှာ အကျယ်ကြီးဖြစ်သည်။ ကြီးမားသော မှန်ချပ်ကြီးများ ကပ်ထားရာ အလှပြင်ခုံတွေမှာ ဆန်ခါတင် မိန်းကလေးသုံးယောက်တို့ တစ်ယောက်တစ်ခုံမှာ ဘောင်းချင်းယှဉ်ထိုင်နေရပါသည်။

ပန်းပုမှာ ဆန်ခါတင်စာရင်း ဝင်ချင်လို့သာ ဝင်လာရတာ။ ကိုယ်နဲ့ပြိုင်ဘက်ဖြစ်သော မိန်းကလေးတွေလို အရုပ်ကြီးလည်း မြင့်မားလှသည်မဟုတ်။ ရုပ်ရည်ကလည်း ဘာမှပြင်မထားဘဲလဲ လှပချောမွေ့နေသည်မဟုတ်လေရာ ဒီတစ်ခါတော့ တော်တော်ကြီး အားငယ်မိလေသည်။ နဂိုရုပ်မလှတဲ့သူကို ဆံပင်ပုံဆန်းဆန်းပြားပြား၊ မိတ်ကပ်ဆန်းဆန်းပြားပြားတွေနဲ့ ပြင်လျှင် ဘယ်လိုမှ ထူးခြားမလာနိုင်ပါဘူးလို့ သူမဘာသာ အဖြေထုတ်မိသည်။

စပြီးပြိုင်တုန်းကတော့ ထိပ်ထိပ် တိုက်တွန်းလို့ ထိပ်ထိပ်ကို ရင်းနှီးချင်လို့၊ ထိပ်ထိပ်ကို အားကိုးလို့ ဝင်ပြိုင်တာပေမဲ့ တကယ်ပြိုင်လို့ နောက်ဆုံးအဖြေထုတ်ခါနီးသောအခါမှာတော့ လူတစ်ယောက်မှာရှိတဲ့ အတ္တအတိုင်း ကိုယ်သာလျှင် အနိုင်ရချင်စိတ်တော့ ပန်းပုမှာ ရှိလာခဲ့ပါသည်။ မနိုင်မှာ စိုးရိမ်စိတ်၊ အားငယ်စိတ်လည်း ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထိပ်နဲ့အဖွဲ့ ဝင်လာသောအခါ ထိပ်ထိပ်သည် အရင်ဆုံး ပန်းပု မျက်နှာကို အကဲခတ်နိုင်လေသည်။ ကြည့်စမ်း ပါဦး၊ ဒီကောင်မလေး မျက်နှာငယ်နေလိုက်တာ။ ညိုညိုပြောင် ပြောင် မျက်နှာလေးက သေးငယ်နေပြန်တော့ တကယ်ပဲ ရုပ်မ ပေါ်တော့သလို ဖြစ်နေသည်။

ထိပ်ထိပ်က သူ့တပည့်တွေကို ညွှန်ကြားလိုက် သဖြင့် ကောင်မလေး နှစ်ယောက်စီဟာ ပန်းပုတို့သုံးယောက်၏ ဆံပင်တွေကို စ,ပြီးဖြီးသင်၊ စပရေးတွေဖျန်း၊ ဘီးနဲ့ဖွ၊ ကျစ်ဆံ မြီးကျစ်ရာရှိတာကျစ်၊ ဆံပင်ကို စည်းစရာရှိစည်း၊ ကလစ်နဲ့ထိုး စရာရှိထိုးဖြင့် စတင်ပြင်တော့သည်။

ထိပ်ထိပ် ကိုယ်တိုင်လည်း တစ်ယောက်စီရဲ့ဆံပင် တွေကို ကတ်ကြေးလေးနဲ့ ညှပ်စရာရှိသောနေရာမှာ လိုက်ညှပ် လိုက်၊ ဓားနဲ့ဖြတ်စရာရှိတဲ့ နေရာမှာ "ဂျီ ... ဂျီ"နဲ့ လိုက်ဖြတ် လိုက်၊ တပည့်မတွေလုပ်တာ မမြန်ရင် သူကိုယ်တိုင် ဝင်လုပ် လိုက်ဖြင့် သုံးယောက်စလုံးကို တစ်လှည့်စီ လိုက်ပြင်ဆင်ပါသည်။

ပန်းပု မျှော်မှန်းထားသလို ထိပ်ထိပ်နဲ့ စကားအကြာ ကြီးပြောရဖို့ လမ်းလည်းမမြင်။ ပန်းပု ပြောချင်တာတွေ အများ ကြီးလည်း ဒီရက်ပိုင်းမှာ ရှိနေလေရာ ထိပ်ထိပ်ကို စကားပြော ရန် တစ်ရက်တော့ ချိန်းဖို့ စိတ်ကူးမိသည်။ ထိုချိန်းဆိုသော





စကားကိုပင် ပြောခွင့်ရဖို့ လမ်းမမြင်ပါ။ ထိပ်ထိပ်မှာ အချိန်နှစ် နာရီအတွင်း ဒီသုံးယောက်ရဲ့ ဆံပင်တွေကို ပြီးမှ Rimmel မှ ခန့်ထားသော မိတ်ကပ်ပြင်သူက ဆံပင်ပုံတွေကိုကြည့်ပြီး အမြန် ဆုံး ပြင်ပေးနိုင်မှာဖြစ်သည်။ အမြန်ဆုံးဆိုတာတောင် သုံးယောက် မို့ နှစ်နာရီလောက်တော့ ကြာသွားပါမည်။

"ဆံပင်မိတ်ကပ် ပြင်တာကို သိပ်အကြာကြီး မသုံးချင်ဘူး လေ၊ ဘာကြောင့်လဲဆိုတော့ မော်ဒယ်လ်တွေခများ မနက် ခုနစ်နာရီတည်းက အပြင်ခံလိုက်ရတာ လေး,ငါးနာရီ လောက်ပဲထိုင်ပြီး အပြင်ခံဖို့ သင့်တယ်လေ။ သူတို့ကို လည်း ညှာတာရဦးမယ်၊ ဓာတ်ပုံရိုက်တဲ့အခါကျ ပင်ပန်းပြီး mood (မုဒ်)မဝင်ရင် ပုံကောင်းတွေရဖို့ ဆုံးရှုံးသွားနိုင်တယ်၊ ဒါကြောင့် ဆံပင်မိတ်ကပ်ကို သိပ်အချိန်မဖြုန်းချင်ဘူး"

ဟူ၍ ကုမ္ပဏီ၏ ရာထူးအကြီးဆုံးသူက ပန်းပုတို့ ကို ခေါ်တွေ့ပြီး စကားပြော အသိပေးစဉ်မှာ ပြောပြထားသဖြင့် မိတ်ကပ်နှစ်နာရီ၊ ဆံပင်ကိုနှစ်နာရီ အချိန်ပေးမည်ဟု သိထားပါ သည်။

ပန်းပု ဆံပင်ကို ပြင်ပြီးသောအခါ ပန်းပု၏ဆံပင် မှာ အတော်ရယ်စရာကောင်းပြီး ဆန်းပြားလှသည်ဟု ထင်လိုက်မိ သည်။ ဆံပင်တိုတိုကိုပဲ ဘေးနှစ်ဖက်ကနေ နောက်အထိ ကော်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် တောင့်ကပ်နေအောင် လုပ်လိုက်ပြီး နဖူးရှေ့ထိပ်ဆံ နောက်အထိ ဦးခေါင်းအလယ်ကျမှ အချွန်အတက်တွေ ထောင်ထ ပျောက် ထောင်ပစ်လိုက်ကာ ထိုအချွန်အတက်တွေပေါ်မှာ နှင်း မှုန်တွေကျထားသလို ဖြူဆွတ်ဆွတ်အမှုန်တွေ တင်ထားပါသည်။ ပန်းပု၏ဆံပင်မှာ ဘာပုံမှန်း မသိပေမဲ့ ကိုယ့်ကိုယ်ကိုယ် သစ္စာ တစ်ကောင်ကောင်နှင့် တူသည်ဟု ထင်မိလေသည်။

ပန်းပု ပြုံးစိစိဖြစ်ပြီး ထိပ်ထိပ်ကို မေးချင်သလိုကြည့် တော့ ထိပ်ထိပ်လည်း အားလုံးကို လက်စသတ်ပြီးဖြစ်ရာ ပန်းပု ကြည့်လျှင် ပြန်ကြည့်ဖို့ အခုမှပဲ အချိန်ရတော့သည်။

"ပြုံးစိစိနဲ့ ရယ်ချင်လို့လား"

"ဘာဆံပင်ပုံကြီးလဲ မသိဘူး"

"ကတ်တလောက်ထဲမှာ တွေ့တဲ့ပုံပဲ"

ပန်းပုနှင့် ပြိုင်ဘက်ကောင်မလေးတွေကလည်း တစ် ယောက်ကတော့ ဆံပင်အရှည်ရှိပြီးသားဖြစ်ရာ သူ့ဆံပင်တွေကို တော့ ကော်တွေဖြင့် ဘယ်လိုထောင်ပြီး တွန့်လိပ်ထားသည်မသိ။ မောတ်လိုက်၍ ဆံပင်တွေ အကုန်လုံး ခေါင်းပေါ်မှာ ထောင်သွား သည့်ပုံနှင့်တူသည်ဟု ပန်းပု ထင်သည်။ လက်ညှိုးလုံးလောက် ဆံပင်လုံးတွေဟာ ခေါင်းပေါ်မှာ တွန့်လိပ်ပြီး ထောင်နေသည်မှာ တော်တော်လက်ရာမြောက်သည်။





နောက်တစ်ယောက်ကတော့ ဆံပင်တွေ အပြောင် သိမ်းထားကာ ချိုစောင်းနှစ်ဖက်မှာကျမှ သီးသန့်ဆံပင်ကို ခွဲ၍ ညှပ်ပြီး ထိုစည်းနှောင်ထားသော ဆံပင်စုကို ခုန မော်ဒယ်လ် ဆိုပဲ မောတ်လိုက်လို့ ဆံပင်ထောင်၍ တွန့်တက်သွားသလိုပုံစံ လုပ်ပေးထားသည်။ သူမ၏ဆံပင်လုံးကတော့ လက်ကောက်ဝတ် လောက် ပိုကြီးပြီး အရောင်လည်း အနီရောင်ဖြေး ဆိုးထားသဖြင့် တစ်မျိုးဆန်းနေပြီး ပန်းပု အထင်တော့ ထိုဆံပင်ကို အလှဆုံးဟု ထင်မိပါသည်။

"ထိပ်ထိပ် အခု ပြန်တော့မှာလား"

"ဟဲ့ ... ကောင်မလေး၊ စကားများမနေနဲ့ ခုံမှာသွားထိုင် တော့၊ မိတ်ကပ်ပြင်မဲ့သူ ဝင်လာပြီ"

"ထိပ်ထိပ် ပြန်မှာလားလို့ မေးမလို့"

"ပြန်ရမယ်၊ ဒါပေမဲ့ ပန်းပုတို့ပုံတွေကို အကဲဖြတ်ရမဲ့ အဖွဲ့ထဲမှာ ပါတာမို့ ညနေကျ ချက်ချင်း အကဲဖြတ်ရမယ်"

"အဖြေ ဘယ်တော့သိရမှာလဲ"

"အဲဒါက Traders Hotel (ထရိတ်ဒါးဟိုတယ်)မှာ ပွဲလုပ်ပြီး ကြေညာမှာ၊ မနက်ဖြန် ပန်းပုဆီ ဖိတ်စာရောက်လာလိမ့် မယ်"

"ပန်းပု ထိပ်ထိပ်ကို ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

မိတ်ကပ်ဆရာမက ပန်းပုကို ...

"ညီမရေ... လာထိုင်တော့ ဖောင်ဒေးရှင်း လိမ်းတော့မယ်"

ဟု အော်ခေါ်နေသဖြင့် ပန်းပုလည်း ထိပ်ထိပ်ကို_

"ထိပ်ထိပ်ရဲ့ Plan-A က မအောင်မြင်ဘူးလို့ ပြောမလို့"

ဟူ၍သာ အမြန်ဆုံး အသိပေးပြီး မိတ်ကပ်အပြင်ခံဖို့ အပြေးသွားရတော့လေသည်။ ထိပ်ထိပ်သည် ပန်းပု ပြောသွားသော အကြောင်းအရာဟာ ဘာလဲဆိုတာ သိလိုက်သည်မို့ ပန်းပုကို ဘယ်လိုကူညီရင် ကောင်းမလဲလို့သာ ကြံတွေးထားလိုက်ပါသည်။ ပန်းပုက အကြံပေးပါဟု အကူအညီတောင်း၍သာ အကြံပေးလိုက်ရသည်။ တကယ်တော့ ဝသန်မိုး ဆိုတဲ့လူဟာ အလွယ်တကူ နောက်ဆုတ်ချင်မှ နောက်ဆုတ်မဲ့ သူမျိုးဆိုတာ ထိပ်ထိပ် လေ့လာအကဲခတ်၍ ရပါသည်။

ပန်းပုက Plan-B ကို မသုံးချင်ပါဘူး၊ Plan-C က ဘာလဲ မေးလာရင်တော့ ပြောရမှာ တော်တော်ခက်ခဲသွားပြီ။ ပန်းပုကို ပြောလည်းပြောချင် ပြောရမှာလည်း မဝံ့မရဲ ဖြစ်နေသည်။

ပန်းပုတို့ တစ်နေ့လုံး ဓာတ်ပုံအရိုက်ခံရပြီး ညနေငါးနာရီမှ ပြီးသွားပါသည်။ ဓာတ်ပုံတွေက ချက်ချင်းကူး၊ ချက်ချင်းထွက်သည်ဖြစ်ရာ ထိပ်ထိပ်ကို ဖိတ်ကြားထားသည့်အချိန်





ညနေခြောက်နာရီခွဲတွင် ဓာတ်ပုံအားလုံး အဆင်သင့်ဖြစ်နေလေပြီ။ ထိပ်ထိပ်က အကဲဖြတ်အဖွဲ့ထဲမှာ ပါရပါသည်။ ကုမ္ပဏီမှ တာဝန်ရှိသူတွေ သုံးယောက်၊ မိတ်ကပ်ပြင်သူ တစ်ယောက်နှင့် ထိပ်ထိပ် အပါအဝင် စာနယ်ဇင်းမှ သုံးယောက်ပါပါသည်။

အကဲဖြတ် ရှစ်ယောက်တို့ကိုယ့်စားပွဲနဲ့ကိုယ် ထိုင်ရသည်။ ပုံကြီးချဲ့ထားသော အကောင်းဆုံးပုံများကို တစ်ယောက်ချင်းစီ၏ စားပွဲတွေမှာ တင်ထားပေးပြီး အမှတ်ပေးရတာမျိုးဖြစ်သည်။ ဆယ်မှတ်မှာ အများဆုံးဖြစ်ပြီး ပေးချင်လျှင်ပေးခွင့်ရှိပေမဲ့ ထိုသို့ ဆယ်မှတ်ပေးမိရင်တော့ ဘာကြောင့်ပေးရပါသည်ဆိုသော အကြောင်းပြချက်ကောင်းကောင်းကို ရေးပေးရတာတော့ ရှိသည်။

အကောင်းဆုံးပုံမှာ ပြိုင်ပွဲဝင်သူတစ်ဦးအတွက် လေးပုံရွေးပေးထားပြီး၊ ထိုလေးပုံမှာ အဝတ်အစား စတိုင်လ်တစ်မျိုးစီဖြစ်လေသည်။ ဖက်ရှင်အဆန်းအပြားဝတ်စုံ၊ မိတ်ကပ်ဆန်းဆန်းပြားပြားနှင့် ဆံပင်အဆန်းအပြားတို့ဖြင့် တစ်မျိုးစီ လုပ်ကြသည့် ကောင်းစွာ အသက်ဝင်နေသော ဓာတ်ပုံတွေကို အသီးသီးစိတ်ကြိုက်အမှတ်ပေးထားပြီး၊ အားလုံး ပြီးတော့မှ ကိုယ်ပေးထားသော အမှတ်နဲ့ တခြားအကဲဖြတ်တွေ သီးသန့်ပေးထားသော အမှတ်တွေ ပေါင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပေါင်းသော အဖြေကို ထုတ်သူမှာ အကဲဖြတ်အဖွဲ့ဝင် မဟုတ်ဘဲ ကုမ္ပဏီမှ သီးသန့်ဖိတ်ထားသော Celebrity တစ်ဦး ဖြစ်သည်။

ထိုသူကပဲ အမှတ်ပေါင်းပေး၊ အဖြေထုတ်ပေးပြီးလျှင် စာအိတ်သုံးအိတ်ထဲမှာ အဖြေသုံးခုအသီးသီးထည့်ပြီး အပြီးချိပ်ပိတ်လိုက်သည်။

ပထမ ဘယ်သူ၊ ဒုတိယဘယ်သူ၊ တတိယဘယ်သူဆိုသောအဖြေမှာ ဘယ်သူမှ သိခွင့်မရ။ Celebrity ကလည်း မပြော။ သူ့ဂုဏ်သိက္ခာ အထိခိုက်ခံပြီး ဒီသတင်းကို ပြောမည် မဟုတ်ပါ။ အဖြေမှာ Traders Hotel တွင် ကျင်းပမည့်ညကျမှ အားလုံးသိရဖို့ စီစဉ်ထားပါသည်။

ထိပ်ထိပ်သည် ပန်းပု အတွက်တော့ ကိုယ်လုပ်ပေးနိုင်သမျှ၊ ပေးခွင့်ရှိသမျှ အမှတ်တွေ ပေးပေးလိုက်ပေမဲ့ ပန်းပု ရမည်၊ မရမည်ကို သေချာစွာ မမှန်းရဲသည်ဖြစ်ရာ ပန်းပုကိုကြို ပြီး ဖုန်းမဆက်တော့ဖို့ ဆုံးဖြတ်မိပါသည်။

❈ ❤ ❈





၁၃

ဒီရက်ပိုင်းအတွင်း ပန်းပုက ထိပ်ထိပ်ကို ဖုန်းဆက်ပြီး ဆက်သွယ်ပေမဲ့ ထိပ်ထိပ်ဆီမှ ...

"ပန်းပုနဲ့ နောက်အပတ် Traders မှာ လုပ်မဲ့ပွဲမှာတွေ့မှာပဲ၊ အဲဒီပွဲပြီးမှ အထိမ်းအမှတ်တစ်ခုအနေနဲ့ အပြင်မှာ အတူတူ သွားစားရအောင်လေ၊ ဒီရက်ပိုင်းအတွင်း ထိပ်ထိပ် မအားဘူး။ အားတဲ့ရက်လည်း အမေ့ကို လိုက်ပို့ပေးစရာလေးတွေရှိလို့ ပန်းပုနဲ့ မတွေ့နိုင်ဘူးနော်၊ ဟုတ်ပြီလား၊ စိတ်ကောက်မနေနဲ့။ ထိပ်ထိပ် တကယ်မအားလို့ပါ"

ဟူသော တုံ့ပြန်မှုကို ကြားရလျှင် ပန်းပုမှာ ထိပ်ထိပ် ကို မတွေ့ချင်ပါလားလို့ စိတ်အားငယ် ဝမ်းနည်းပြီး နောင်တ နေမိသည်။ တကယ်တော့ ထိပ်ထိပ်ဟာ သူများတွေပြောသလို ခြောက်ပြစ်ကို ပြစ်နေလို့ သူ့ကို သိသိသာသာ အရေးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးအောင် လုပ်ယူနေတဲ့ မိန်းကလေးကို ရှောင်တာဖြစ်မယ်လို့လည်း တွေးမိသွားပါသည်။

ပန်းပု မျက်နှာမရွှင်ပျလှတာကို မဂျီးမြတ်ကတော့ အကင်းပါးသူပီပီ ရိပ်မိလေသည်။ တစ်ရက် မဂျီးမြတ်နဲ့အတူ ဆိုင်ထိုင်နေတုန်း ...

"ဘယ်လိုလဲ အပုရဲ့။ နင့်ကို ထိပ်ထိပ်လို အခြောက်ကို မကြိုက်မိအောင် နေပါဆိုတာ ရမှမရတာ။ သူ့ကိုသွား ကြိုက်မိတော့ နင်ပဲ အခု စိတ်ဆင်းရဲရပြီ မဟုတ်လား။ ဟိုက အခြောက်ဆိုတော့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတော့ နင် အသည်းကွဲရပြီ မဟုတ်လား"

ဟု စပြီးပြောပါသည်။

"မဂျီးမြတ်ကလည်း မဟုတ်ပါဘူး။ ပုဘာသာ ထိပ်ထိပ်ကို ရိုးရိုးခင်တာပါ"

လို့ ငြင်းမိသေးသည်။

"အံမယ် ... ငါ့,မသိဘူး မထင်နဲ့။ နင် ထိပ်ထိပ်ကို ကြည့်တဲ့ မျက်လုံးတွေက သိပ်သိသာတာပဲ။ ထိပ်ထိပ်က သာ အခြောက်မို့လို့ မသိတာ"

"လူတစ်ယောက်ကို စိတ်ဝင်စား သဘောကျရင် ဘယ်လို မျက်လုံးနဲ့ ကြည့်တယ်ဆိုတာ မဂျီးမြတ်က လေ့လာလို့



လား။ မဂျီးမြတ် တစ်ယောက်တည်း လေ့လာတတ်နေတာ လား။ တခြားသူတွေရော ကြည့်တတ်လား"

"အဲဒါတော့ ငါ မသိဘူးလေ။ ငါကတော့ နင့်မျက်လုံး တွေကို သိတယ်၊ တစ်အိမ်တည်း အတူတူနေတဲ့သူတွေ ဆိုတော့ နင့်မျက်လုံးတွေက ထိပ်ထိပ် အပေါ်မှာ ဘယ်လို ကြည့်သလဲဆိုတာ သိတယ်။ စိတ်ကူးမယဉ်စမ်းပါနဲ့ဟာ။ အခြောက်စိတ် ဝင်နေတဲ့သူကို ငါ့ကြောင့် စိတ်,ပြောင်းလဲ သွားစေရမယ်ဆိုတဲ့ စိတ်ကူးယဉ်တာမျိုး မလုပ်နဲ့။ အလ ကားပဲ။ သူ့မိဘ သူ့အမေတောင်မှ ပြင်မရတာ"

ပန်းပု ဘာမှ ပြန်မငြင်းရဲဘဲ ငြိမ်နေခဲ့ပါသည်။ မဂျီးမြတ်နဲ့ ဆိုင်ခဏထိုင်ပြီးတာနဲ့ ကွန်ပျူတာသင်တန်းကို သွားဖို့ ထွက်လာခဲ့လေရာ သင်တန်းဆင်းလျှင် လာစောင့်နေဦးမည့် ကိုဝသန်မိုးကို ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာ တွေးပြီး စိတ်ညစ် နေမိပြန်သည်။

ထိပ်ထိပ် အကြံပေးသလို Plan-A ဖြစ်သည့် ...

"ကိုဝသန်မိုး အကြောင်းကို ပန်းပု သိပါတယ်၊ မဂျီးမြတ် ကို နှဲရှိရှိနဲ့ ပိုးပန်းနေတဲ့သူပါ။ မဂျီးမြတ်ကို အရင်ဆုံး သဘောကျတဲ့သူပါ။ အဲဒီလိုလူဟာ မဂျီးမြတ်ရဲ့ ညီမဝမ်းကွဲ ဖြစ်တဲ့ ပန်းပုဆီ အခုလို ခဏခဏ လာတွေ့ပြီး ရင်းနှီးအ

www.burmeseclassic.com



ယူတာဟာ မကောင်းပါဘူး။ မသင့်တော်ပါဘူး။ ဒါကြောင့် ပန်းပုဆီလာတာ ရပ်လိုက်ပါတော့နော်။ ပန်းပုလည်း ဒါကို လက်မခံနိုင်ပါဘူး"

ထိုစကားတွေကို ပန်းပုသည် တစ်ဖက်သားနားထဲ ချိုသာစွာ ဝင်စေဖို့၊ ရိုင်းရိုင်းပျပျ ပြောမိတာမျိုးလည်း မဖြစ်စေဖို့ စဉ်းစားရွေးချယ်ပြီး ပြောခဲ့ပါသည်။

ထိုအခါ ပန်းပု မျှော်လင့်ထားတာက မျက်နှာကို ရေအေးအေးစက်စက်နဲ့ ရုတ်တရက် ဖျန်းခံလိုက်ရသလို ဖြစ်သွားမည့် ကိုဝသန်မိုး မျက်နှာကို မျှော်လင့်ခဲ့တာပါ။

သို့သော် ပန်းပု ပြန်ကြုံတွေ့ရသည်ကတော့ အပြုံးမပျက်၊ မျက်နှာအမူအရာ တစ်ချက်မှ မပျက်ဘဲ ပန်းပုကို ရီဝေစွာ စိုက်ကြည့်နေခဲ့သော ကိုဝသန်မိုး၏ မျက်လုံးများပဲ ဖြစ်လေသည်။ သူ ထိုသို့ပြန်ကြည့်လိုက်သောအခါမှာ ပန်းပု အကဲခတ်မိလိုက်တာကတော့ သူဟာ ဒီစကားလောက်နဲ့ နောက်ဆုတ်သွားမဲ့သူ မဟုတ်ဘူး ဆိုတာပဲ ဖြစ်လေသည်။

"ပန်းပု ထင်တာ မှားနေပြီ၊ ကျွန်တော်က ပန်းပုကို အပျော်သက်သက် လာအရောဝင်ပြီး ရင်းနှီးမှုရအောင် လုပ်နေတာ မဟုတ်ပါဘူး။ ကျွန်တော် မြတ်မြတ်မဥ္စုကို မချစ်တော့ပါဘူး။ ပန်းပုကိုပဲ တစိမ့်စိမ့်နဲ့ ချစ်လာမိပြီ





လေ။ မာနကြီးတဲ့ မြတ်မြတ်မဥ္စုရဲ့အလှကို မမီပေမဲ့ ရိုးသားပြီး အပြစ်ကင်းတဲ့ ပန်းပုရဲ့ ချစ်စရာမျက်နှာလေးကို ကျွန်တော် စွဲလမ်းနေမိပြီ"

သူ့ဘက်က အတိအကျကို အချိန်မဆိုင်းဘဲ ဖွင့်ပြောခွင့်ရသွားဖို့ ပန်းပုကပဲ စတင်ပေးလိုက်သလို ဖြစ်သွားပြီတည်း။

"ပန်းပု တစ်နေ့ကျရင် အဲဒီလို ပြောလာပါစေလို့တောင် ကျွန်တော်က ဆုတောင်းနေတာ။ ပန်းပုကို ဖွင့်ပြောရခက်နေလို့ ဘယ်လိုစပြောရမလဲ စဉ်းစားနေတာ၊ ပန်းပု အခုလို ပြောမှပြောလာပါ့မလားလို့"

ပန်းပုမှာ သူ့ဆီက ထပ်ကြားလိုက်ရသော နောက်ဆက်တွဲစကားကြောင့် နေရာမှာတင် လဲသေချင်စိတ် ပေါက်သွားပါသည်။

"ပန်းပု ကိုဝသန်မိုးကို မချစ်နိုင်ဘူး"

ပန်းပု ချက်ချင်းပဲ ငြင်းပစ်လိုက်သည်။ ထိုသို့ငြင်းပြန်တော့လည်း မရပါ။ ကိုဝသာန်မိုးက လက်မခံပါ။

"ဟာ ... အဲဒီလို ချက်ချင်းကြီး မငြင်းနဲ့လေ။ စဉ်းစားဦးမှပေါ့၊ ပန်းပုကို ခုချက်ချင်းပြော ခုချက်ချင်း အဖြေတစ်ခုပေးခိုင်းတာမှ မဟုတ်တာ။ ပန်းပု အခုပေးတဲ့အဖြေဟာ ပန်းပု စိတ်ထဲမှာ ပါချင်မှပါမှာ။ ပန်းပု စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မြတ်မြတ်မဥ္ဇူနဲ့ သက်ဆိုင်သူလို့ ရှိနေဦး မှာပဲ။ ဒီတော့ ဒီအဖြေဟာ မမှန်ဘူးပေ့ါ ယူဆပါတယ်”

“မဟုတ်ဘူး၊ ပန်းပု တကယ်ငြင်းတာ၊ ပန်းပု ကိုဝသန်မိုးကို လက်မခံနိုင်ဘူး”

“ကျွန်တော်ကလည်း ပန်းပုရဲ့အဖြေကို လက်မခံနိုင်ဘူး_ကဲ”

ကိုဝသန်မိုးက သူ့စကားအဆုံးမှာ “ကဲ”ဟု အဆုံးသတ်ပြောဟန်မှာ ပန်းပု ဘာထပ်ငြင်းချင်သေးလဲလို့ မေးဟန်ဝင်ပါနေပါသည်။ ထိုသို့ ငြင်းပစ်လိုက်ပေမဲ့ ကိုဝသန်မိုးဟာ ရှုံမလျှော့ဘဲ ပန်းပုရဲ့ကျောင်းမှာ လာစောင့်၊ အတန်းရှေ့တွေ လာရပ်စောင့်၊ ကျောင်းကားဖယ်ရီနောက်ကပါလာ စသဖြင့်တွေ ဆက်လုပ်ပြသဖြင့် ပန်းပုနှင့် အတန်းတူ သူငယ်ချင်းတွေရော၊ ကျောင်းကားအတူစီးရသည့် သူတွေရော ရိပ်မိကုန်ကြသည်။

“ဟယ် ... ဘယ်လိုလဲ ပန်းပုရဲ့။ ဒီလောက် ချောမောသားနားတဲ့သူကို ဘယ်ကမျှား ရှာတွေ့ထားလဲ”

“ကံကောင်းလိုက်တာနော် အားကျတယ်”

“မိန်းကလေးတွေရဲ့ အိပ်မက်ထဲမှာ ထည့်မက်ရတဲ့လူမျိုး အသားဖြူဖြူ အရပ်မြင့်မြင့်၊ ကိုယ့်ထက်လည်း အသက်ကြီးတဲ့ ဓာတ်လိုက်ကို မငြင်းနဲ့နော် ပန်းပု”





စသဖြင့် တဟီးဟီး တဟားဟား ရယ်မောနောက်ပြောင်ကြပြီး ပန်းပုကို ကျိတ်မနာလိုတာတစ်မျိုး၊ အားကျတာတစ်မျိုးကို ရင်ဆိုင်ရတော့သည်။ ပန်းပုမှာ ဒီလူဟာ ကိုယ့်အစ်မခမ်းကွဲကို လာပိုးပန်းဖူးပြီး အစ်မကိုမရမှ ညီမကို ဆက်ကြိုးစားသူဟူ၍ တခြားသူတွေ သိသွားမှာလည်း ရှက်လှသည်။ အစ်မလက်ထဲက လုယူတာ ဆိုသော အပြောကို ခံရမှာကြောက်လှသလို မတော်တဆ မကျိုးမြတ် ပြန်သိမှာကိုတော့ အကြောက်ဆုံးဖြစ်တော့သည်။

အဲဒါတွေကြောင့်ပဲ ပန်းပုမှာ စိတ်ဆင်းရဲရတာတစ်မျိုး၊ ထိပ်ထိပ်က ခပ်ရှောင်ရှောင်ပုံစံ နေနေသည်ဟု ထင်ပြီး ဝမ်းနည်းကြေကွဲရတာ တစ်မျိုးဖြင့် ဒီရက်ပိုင်းအတွင်း မျက်နှာလေးငယ် ချောင်သွားပါသည်။

ပန်းပု ကွန်ပျူတာသင်တန်း ဆင်းတော့ ထင်တဲ့အတိုင်း ကိုဝသန်မိုး လာစောင့်နေပြန်တာမြင်လျှင် ပန်းပုသည် ရုတ်တရက် ခေါင်းထဲမှာ ပေါ်လာသော အတွေးတစ်ခုဖြင့် သူ နောက်ဆုတ်သွားအောင် ဘယ်လိုငြင်းရမလဲ ဆိုတာကို အကြံရသွားလေသည်။

ဒီအကြံဟာ ဘယ်ကဘယ်လို ရလာသည့် အကြံမှန်းတော့ မသိပေမဲ့ ကိုဝသန်မိုးကိုငြင်းဖို့ အကောင်းဆုံးအကြံတစ်ခုတော့ ဖြစ်နိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပု နေမကောင်းဘူးလား၊ မျက်နှာလေး ချောင်နေတယ်နော်"

ပန်းပုကို မြင်မြင်ချင်း ဘေးချင်းလာယှဉ်လျှောက်လိုက်ကာ ပြောလိုက်သော ကိုဝသာန်မိုးကို ပန်းပု ဘာမှပြန်မဖြေမိပါ။ ပန်းပု ခေါင်းထဲမှာ တွေးလိုက်မိသော အကြံကို အကောင်အထည်ဖော်ဖို့ သတ္တိမွေးနေရ၍ပင်။

"ပန်းပု Rimmel မော်ဒယ်လ်ပြိုင်ပွဲမှာ ဝင်ပြိုင်ထားတာ ကျွန်တော် အခုမှသိတယ်၊ ဒီမှာလေ ပန်းပုပုံပါတဲ့ ဂျာနယ်ကို ဇာမင်ယူလာတာ။ ပန်းပုက ဓာတ်ပုံတော်တော်ဆွဲတာပဲ၊ ကျွန်တော် မှတ်တောင်မမှတ်မိဘူး။ ပန်းပု ဆိုတဲ့နာမည့်ရယ်၊ အင်္ဂလိပ်စာ ဒီပလိုမာတက်နေတာရယ်၊ နေရပ်လိပ်စာရယ်ကို ဖတ်မိတော့မှ ဒါ ပန်းပုပါလားလို့ အံ့သြသွားရတယ်။ ပန်းပု သိပ်လှတာပဲကွာ"

ကိုဝသန်မိုးက လှိုက်လှိုက်လှဲလှဲ ပြောပြီး ချီးကျူးနေပါသည်။

"ဖိုင်နယ်လ်သုံးယောက်ထဲ ပါသွားပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ဒါ ပန်းပုရဲ့အောင်မြင်မှုပဲ။ Traders မှာ လုပ်မဲ့ပွဲက လက်မှတ်ဝယ်ပြီး ကြည့်ခွင့်မရှိဘူးနော်"

"ဟုတ်တယ် ... အပြင်လူ မပါဘူး။ သူတို့ဖိတ်ထားတဲ့ လုပ်ငန်းရှင်တွေပဲ"





"ကျွန်တော့်မိတ်ဆွေ လုပ်ငန်းရှင်တစ်ယောက် လက်မှတ်ရထားတယ်၊ သူနဲ့ သူ့အမျိုးသမီး နှစ်စောင်ပေါ့။ သူ့အမျိုးသမီးက အဲဒီရက်ပိုင်း စင်ကာပူ ရှော့ပင်းထွက်မှာမို့ လက်မှတ်တစ်စောင် ပိုသွားပြီလေ၊ ဒီတော့ ကျွန်တော့်ကို ပေးပါလို့ တောင်းလိုက်တယ်၊ ကျွန်တော်လည်း လက်မှတ်ရထားတယ် ပန်းပု။ ပန်းပုရဲ့ပွဲကို ကျွန်တော် လာကြည့်မယ်၊ ဟား ဟား ... ကျွန်တော့်မိတ်ဆွေကိုတော့ ဒီပွဲမှာ ကျွန်တော့်ကောင်မလေး ဝင်ပြိုင်ထားတာ ကျွန်တော် လက်မှတ်မရလို့ ပေးပါ၊ ကူညီပါဦးလို့ ပြောလိုက်မိတယ်ဗျာ"

"ဟင် ... ရှင်။ ဘယ်လိုသွားပြောတာလဲ၊ ဘာဖြစ်လို့ အဲဒီလို ပြောခဲ့တာလဲ။ ကိုဝသန်မိုးနဲ့ ပန်းပု ဘာမှမဆိုင်ပါဘူး"

"ပန်းပုကို ကျွန်တော် ချစ်နေတာဆိုတော့ ..."

"အို ... ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်နေတိုင်း ကွယ်ရာမှာ ကျွန်တော့်ကောင်မလေးလို့ ပြောခွင့်မရှိပါဘူး။ ဘာသဘောနဲ့ အဲဒီလို လျှောက်ပြောတာလဲ။ ပန်းပုရဲ့ ချစ်သူအစစ် ပြန်သိသွားရင် ဒါဟာ ပြဿနာတစ်ခု ဖြစ်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပန်းပု ရုတ်တရက် ပြောချလိုက်လျှင် ကိုဝသန်မိုးမှာ အံ့ဩသလိုဖြင့် ပန်းပုကို အသေအချာကြည့်ပါသည်။ အံ့ဩခြင်း၊ မယုံနိုင်ခြင်းတွေဖြင့် ကြည့်နေသော ကိုဝသန်မိုး မျက်နှာကို ပန်းပု ရဲဝံ့စွာ တည့်တည့်စိုက်ကြည့်ပြီး ...

"ပန်းပုမှာ ချစ်သူရှိတယ်"

ဟု ထပ်ပြောလိုက်ပါသည်။

"မဖြစ်နိုင်ပါဘူး၊ ကျွန်တော့်ကို ပန်းပု တမင်ပြောတာ မဟုတ်လား။ ကျွန်တော် မယုံပါဘူး။ ကျွန်တော် စိတ်လျှော့သွားစေချင်လို့ ပြောတာလို့ပဲ ထင်တယ်"

"တမင်ပြောတာ မဟုတ်ဘူး၊ တကယ်ပြောတာပါ၊ ပန်းပုမှာ ချစ်သူတကယ်ရှိတာပါ"

"ကဲ ... ဒါဖြင့် ပြောပါဦး၊ ပန်းပု ချစ်သူက ဘယ်သူလဲ"

"မကျိုးမြတ် သိမှာစိုးရိမ်လို့ ပန်းပုတို့ လျှို့ဝှက်ထားတာကြာပြီ။ မကျိုးမြတ်က မကြိုက်ဘူးလေ"

"ဘာလဲ ... ရည်းစားထားတာကို မကြိုက်တာလား"

"မဟုတ်ဘူး"

ပန်းပုသည် မဆီမဆိုင်တာတွေ စွတ်၍ လျှောက်ပြောမိပြီးမှ ပြောလို့ကောင်းပါ့မလားဟု တွေဝေနေဆဲတော့ ဖြစ်ပါသည်။





"ပြောပါဦး ပန်းပု ချစ်သူနာမည်က ဘယ်သူလဲ၊ ကျွန်တော် သိသွားလည်း မြတ်မြတ်မချွကို ပြန်မပြောပါဘူး"

"ကိုဝသန်မိုး ကတိတကယ်ပေးလား"

"ဟာ ... ပေးပါတယ်ဗျာ၊ ဘာလို့ပြောရမှာလဲ၊ ကျွန်တော် အချစ်ရေးမှာ ကံမကောင်းပေမဲ့ သူများအချစ်ရေးကိုတော့ မတားဆီးပါဘူး"

ပန်းပုသည် ကိုဝသန်မိုးထံမှ မယုံမကြည်သော အကြည့်နှင့် စိန်ခေါ်သလိုလို မေးဟန်ကြောင့် စိတ်ထဲမှာ ဖြစ်ချင်ရာဖြစ်တော့ဟု ဆုံးဖြတ်ကာ ...

"ပန်းပု ချစ်သူက ထိပ်ထိပ်ပဲ"

လို့ တည်ငြိမ်စွာပင် ပြောချလိုက်ပါသည်။

"ဟား ဟား ဟား ... ဟုတ်ရဲ့လား ပန်းပုရယ်။ ကျွန်တော့်ကို တမင်ညာပြောတာ မဟုတ်လား"

ကိုဝသာန်မိုးက လုံးဝမယုံဘဲ အော်ရယ်ပါသည်။

"မညာပါဘူး၊ ပန်းပု မညာဘူး၊ ဘာလို့ညာရမှာလဲ၊ ကိုယ့်နာမည်ကိုယ် အထိခိုက်ခံပြီး ယောကျ်ားတစ်ယောက်ကို ကိုယ့်ချစ်သူပါလို့ ဘာကြောင့် ညာရမှာလဲ"

"ထိပ်ထိပ်က ယောကျ်ားမဟုတ်ဘူးလေ"

"ထိပ်ထိပ်က ယောကျ်ားစစ်စစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက အခြောက်ပဲ"

"မခြောက်ပါဘူး ကိုဝသန်မိုး။ အဲဒီလို မတရားမပြောပါနဲ့။ ထိပ်ထိပ် လုံးဝ အခြောက်မဟုတ်ပါဘူး"

"ပန်းပု ဘာလို့ သူ့ကို ချစ်သူအဖြစ် ရွေးရတာလဲ၊ သူလိုလူက မယုံရဘူး။ အခုချိန် ယောကျာ်းစိတ် ဝင်ပေမဲ့ နောင်တစ်ချိန် မိန်းမစိတ်ဝင်တာမျိုးဖြစ်ရင် ဖြစ်နေနိုင်တယ်၊ တချို့က လုံးဝကြီး အချိန်ပြည့် ခြောက်နေတာ မဟုတ်ပေမဲ့ တစ်ခါတလေ မိန်းမစိတ်ဝင်လိုက် တစ်ခါတလေ ယောကျာ်းစိတ်ဝင်လိုက် ဖြစ်တတ်တဲ့ စိတ်နှစ်မျိုးရှိတယ်တဲ့"

ဝသန်မိုးကတော့ ပန်းပုပြောတာ လုံးဝမယုံ။ ထိပ်ထိပ်ဟာ အခြောက်တော့မဖြစ်နိုင်ဘူးလို့ ထင်မိပေမဲ့ ပန်းပုနဲ့ ထိပ်ထိပ် ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ချစ်သူဖြစ်နေကြလိမ့်မယ်ရယ်လို့ မယုံသဖြင့် သူ့ဘက်က ရသလောက် ပြန်ချေပမိတာ ဖြစ်ပါသည်။

"ကိုဝသန်မိုး မယုံလည်းနေ။ ထိပ်ထိပ်နဲ့ ပန်းပုကတော့ ချစ်သူတွေပဲလေ။ မဂ်ျီးမြတ်က ထိပ်ထိပ်နဲ့ဆို သဘောမတူဘူး ပြောထားလို့ ပန်းပုတို့ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားရတယ်၊ ပန်းပု ကျောင်းပြီးမှ အားလုံးကို အသိပေးမယ်လို့ စဉ်းစားထားတယ်၊ အခုတော့ ကိုဝသန်မိုးကတော့ အရင်ဆုံး သိသွားပြီပေါ့"





"ကောင်းပါပြီ၊ ပန်းပု အသေအချာ ပြောနေတော့လည်း လက်ခံရမှာပေါ့။ ဒါပေမဲ့ ကျွန်တော့်ဘက်က ပြောထားတဲ့ စကားကိုတော့ မရုပ်သိမ်းသေးပါဘူး။ ပန်းပုကို အချိန်မရွေး လက်ကမ်းကြိုနေပါတယ်"

ဝသန်မိုးသည် ယုံပဲယုံလိုက်ရမလိုလို၊ မယုံလည်း မယုံသလိုလို ဖြစ်နေပေမဲ့ အေးဆေးတည်ငြိမ်နေသော ပန်းပုကြောင့် ထိုသို့ တုံ့ပြန်ပြောလိုက်မိသည်။

"ကိုဝသန်မိုးလည်း ပန်းပုဆီ လာစောင့်တာမျိုးမလုပ်ပါနဲ့တော့။ ပန်းပုရဲ့ ဖယ်ရီကားနောက်မှာ လိုက်တာလည်း မလုပ်ပါနဲ့လို့ ထပ်ပြောချင်တယ်။ ပန်းပုမှာ ချစ်သူရှိနေပြီပဲ ကိုဝသန်မိုး ဘာကြောင့် ဆက်လာစောင့်စရာ လိုတော့မလဲ။ အဲဒီလို လာလာစောင့်တာဟာ ပန်းပုကို နှောင့်ယှက်တာနဲ့ တူနေပြီလေ"

ထိုအခါ ကိုဝသန်မိုးသည် မခံချိမခံသာဖြစ်ကာ ရယ်မောရင်းမှ ...

"ကျွန်တော် ပန်းပုတို့ကိုပဲ စောင့်ကြည့်မှာပါ။ ပန်းပုနဲ့ ထိပ်ထိပ်ဆိုတဲ့ ချစ်သူနှစ်ဦးကိုပဲ စောင့်ကြည့်မှာပါ။ ပန်းပု တစ်ယောက်တည်းကိုပဲ လာစောင့်ကြည့်တာမျိုး မလုပ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ခြိမ်းခြောက်သလိုလို၊ မယုံမကြည်သလိုလို ပန်းပုအား ပြောခဲ့လေသည်။

အဲဒါကြောင့် ပန်းပုမှာ ထိပ်ထိပ်ကိုတွေ့ပြီး တိုင်ပင်ထားမှ ဖြစ်တော့မည်ဟု စိတ်ကူးကာ ထိပ်ထိပ်ကို တွေ့ချင်လို့ ဆက်သွယ်ပေမဲ့ ထိပ်ထိပ်က မတွေ့နိုင်သေးပါဘူးဟု တုံ့ပြန်သောအခါ ဝမ်းနည်း၊ အားငယ်၊ စိတ်ဓာတ်ကျ၊ ကြံရာမရဖြစ်လျက် တွေဝေမှိုင်းပျ နေရတော့လေသည်။

ထိပ်ထိပ်နဲ့ ပြန်တွေ့နိုင်မည့် Traders Hotel မှ ပွဲကိုသာ (ဆုရချင်၍ မဟုတ်ပါဘဲ) အစောင့်ကြီး စောင့်နေမိတော့တာ ဖြစ်သည်။

* ❤ *



## ၁၄

ညနေပိုင်းပွဲမို့ မကျီးမြတ်ရော၊ ပန်းပုပါ evening dress (အီးဗနင်းဒရက်(စ))လှလှလေးတွေ ဝတ်ကြရသည်။ ဒီပွဲအတွက် ဝတ်စုံကိုတော့ မကျီးမြတ် သူငယ်ချင်း ဒီဇိုင်နာသင်တန်းတက်ထားသူဆီမှာ အပ်ပြီး တစ်ပတ်နဲ့ အပြီးချုပ်ခိုင်းရပါသည်။

"ငါ့ သူငယ်ချင်းက ကျောင်းပြီးစမို့ နာမည်ရချင်တာနဲ့ အခုလို တစ်ပတ်နဲ့ အပြီးအပ်တော့ မြန်မြန်ချုပ်ပေးနိုင်တာ။ နာမည်ကြီးဆိုင်တွေဆို ဘယ်ပြီးမလဲ။ တစ်လလောက်ချိန်းမှာ နာမည်ကြီး ဒီဇိုင်နာတွေက မင်းသမီးတွေသာ မြန်မြန်ချုပ်ပေးချင်တာ။ သာမန်လူဆို တစ်လချိန်းမှာပဲ၊ တော်ပါသေးရဲ့ ငါ့သူငယ်ချင်းထဲမှာ ဒီဇိုင်နာသင်တန်းတက်ထားတဲ့သူ ရှိပေလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မဂျီးမြတ်သည် သူမအတွက် ချုပ်ထားသော ငွေမင်ရောင်လက်နေသည့် ဝတ်စုံလေးကို အပြီးဝတ်ရင်း၊ မှန်ထဲကြည့်ရင်း ပြောပါသည်။ ပန်းပုမှာ ငွေမင်ရောင်ဖြင့် အလှကြီးလှနေသော မဂျီးမြတ်ကို ငေးနေရသည်။

ဖြူဝင်းစိုပြည်လှသော အသားအရေသည် ငွေမင်ရောင်ပိုးသားနှင့် အလိုက်ဖက်ဆုံး ဖြစ်နေသည်။ ငွေမင်ရောင်ပိုးသားအင်္ကျီမှာ ပခုံးနှစ်ဖက် ရှင်းနေပြီး၊ လည်ပင်းမှာ အပိတ်ဖြစ်ကာ လည်ကုပ်နေရာမှ နောက်ကျောဘက်ထိတော့ ကြီးမားသော ဖဲပြားကြီး တပ်ထားပါသည်။

"ဒါ Nicole Kidman (နီကိုးလ်ကစ်မန်း) ၂၀၀၇ ခုနှစ် အော်စကာပေးပွဲ တက်တုန်းကဝတ်တဲ့ ဝတ်စုံပုံစံတူတဲ့။ သူကတော့ အနီရဲရဲလေး ဝတ်ထားတာလေ။ ငါက အနီရောင်မကြိုက်ဘူးဆိုလို့ ငွေမင်ရောင် ပြောင်းချုပ်ထားတာ"

မဂျီးမြတ်က သူမ၏အခွေအလိပ်များဖြင့် ပုံဖော်ထားသော ပခုံးထိရှုံရှည်သည့် ဆံပင်ကို လှပစွာပင် ဆံထုံးလေးထုံးဖွဲ့ထားပါသေးသည်။ ပန်းပုမှာ မဂျီးမြတ်ကို ပါးစပ်ကြီးဟပြီးတော့တောင် ငေးနေမိသဖြင့် မဂျီးမြတ် တွေ့သွားပြီး။

"ဟဲ့ … ဘယ်လိုဖြစ်တာလဲ အပုရယ်။ အဲဒီလို ပါးစပ်ကြီးဟပြီး မငေးရဘူးလေ၊ တောသူမ ကျနေတာပဲ"





"ဩော် … အပါး … မေ့လို့ … မေ့လို့"

"တစ်ခါတလေကျ အကျင့်ဟောင်းက ပြန်ပြန်ပေါ်လာတယ်၊ ရန်ကုန်မှာနေတာဖြင့် တစ်နှစ်ရှိပြီ၊ ဟင်း"

"မဂျီးမြတ်က နတ်သမီးလေး ကျနေတာပဲ၊ အရမ်းလှတာကိုး၊ ပု မေ့ပြီးငေးမိတာပေါ့၊ ပု တကယ်ပြောတာ၊ ဒီပွဲမှာ မဂျီးမြတ်သာ ဝင်ပြိုင်ရင် မဂျီးမြတ်ပဲရမှာ"

"ဟဲ့ … ငါက ဓာတ်ပုံမစားဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်သိတယ်။ ငါ ဓာတ်ပုံရိုက်လိုက်တိုင်း ငါ့သူငယ်ချင်းတွေကပြောတယ်။ နင်က အပြင်မှာ ပိုလှတယ်တဲ့။ ဓာတ်ပုံထဲမှာ သိပ်မလှဘူးတဲ့။ ဒါကြောင့် ငါ မပြိုင်တာ။ အပုကျတော့ ဘာဖြစ်လို့လဲ မသိဘူး။ ဓာတ်ပုံထဲမှာဆို သိပ်လှတာပဲ။ အပြင်ရုပ်ထက် ဆယ်ဆလောက် ပိုလှသွားတာလေ။ ဒါကြောင့် နင်ပဲ ပြိုင်သင့်တယ်"

ပန်းပုကတော့ မဂျီးမြတ်ပဲ ရွေးချယ်ပေးသည့်အရောင် ... သော အသည်းကွဲရောင်ဟုခေါ်သော ပန်းဆီသွေးရောင်ရင့်ရင့် ... ကို ဝတ်ရပါသည်။

"အသားမည်းတဲ့သူ၊ ညိုတဲ့သူတွေက အရောင်တောက်တာဝတ်ရတယ်။ နိဂရိုးမတွေ ကြည့်ပါလား၊ အသားကဖြင့် မည်းသည်းနေတာ။ ဒါပေမဲ့ ဝတ်လိုက်ရင် အရောင်တောက်တောက်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုမှာတော့ အကြိုက်ဆုံးအရောင်။ သဘောအ... ဆုံးအရောင်၊ ဝတ်ချင်သောအရောင်ဟူ၍ သီးသီးသန့်သန့် ... တတ်။ ရှိလည်းမရှိလေရာ မကျီးမြတ် ရွေးပေးတာသာ လိုက်... လျှက် လက်ခံလိုက်တာ ဖြစ်သည်။

ပန်းဆီရောင် ဖောက်ပပြီး ဝင်းပနေသည့် အ... မှာ ရင်ဘတ်အထိသာ ပိုးသားတွေဖြင့် ချုပ်ထားလျက် အ... ပိုင်းမှာတော့ ပန်းဆီနှင့်အဖြူ ရောယှက်ထားသော ဇာပွင့်မျ... သည့် ဇာအကောင်းစားကို စပ်ပြီးချုပ်ထားပါသည်။ ဇ... အတိုလေးလိုလို ပုံစံမျိုး ချုပ်ထားသော ထိုဇာပွင့်မှာ လက်... အထိ လက်ကိုအရှည်ထားထားပါသည်။ ဒါကရော ဘယ်မင်း... ဝတ်ထားတဲ့ ဒီဇိုင်းပါလိမ့်လို့ ပန်းပု တွေးကြည့်ပေမဲ့ ... မမေးရသေးပါ။ ဘယ်မင်းသမီးပဲ ဝတ်ထားထား သူ့လိုလို... ပြီးဝတ်သော ပန်းပုမှာ အသားညိုညိုရုပ်လေးနဲ့မို့ ဘယ်... လိုက်မမီနိုင်ပါဘူး။ မကျီးမြတ်ကတော့အသားဖြူပုံကိုက သူ... တဲ့ မင်းသမီး နီကိုးလ်ကစ်မန်း နီးပါး ဖြူတာမို့ မကျီး... ပိုလိုက်သည်ဟု ထင်ပါသည်။

ဒီနေ့ညတော့ ပန်းပု၏မျက်နှာကို မကျီး... ပြင်ဆင်ပေးထားပါသည်။ ပန်းပု ဘာသာဆိုရင်တော့ ... လောက်ပဲ လိမ်းတတ်တာမို့ မကျီးမြတ်က ပန်းပု ကိုယ်တိုင်... မှာကို စိတ်မချသဖြင့် သူကိုယ်တိုင် ဝင်ပြင်ပေးတာ ဖြစ်ပါ...





ညီအစ်မနှစ်ယောက် ဝတ်စားပြင်ဆင်ပြီး အတူထွက်လာကြတော့ ဘဘနဲ့ ကြီးကြီးက သဘောကျပြီး ကြည့်ကြသည်။

"ငါ့သမီး တော်တယ်ဟေ့။ မုံရွာက ထုပေးလိုက်တဲ့ ပန်းပုရုပ်ကို ရန်ကုန်မှာ ပြန်ပြင်ထုလုပ်ပေးလိုက်လို့ တကယ့်ကို ပုံပြောင်းသွားတဲ့အရုပ် ဖြစ်သွားပြီ"

ဘဘက သူ့သမီးသူ ချီးကျူးပြီးပြောသည်။

"အဲဒီ မြတ်မြတ်လည်း တစ်နေ့ တစ်နေ့ သူ့မှာ ဆော့စရာအရုပ်သစ် ရသလိုပဲ၊ အပုကို ပြင်ဆင်ပေးနေတာလေ။ အပုကလည်း တကယ်ချီးကျူးဖို့ကောင်းတယ်။ မြတ်မြတ်ပြောရင် အဟုတ်ပဲနားထောင်တာပဲ။ တကယ်တော့ သူတို့ညီအစ်မအရင်းဖြစ်ဖို့တောင် ကောင်းတာနော်။ ဒီလိုမှန်းသိရင် အပုကို ငယ်ငယ်တည်းက ဒီ့ခေါ်ထားလိုက်ပါတယ်"

"ဟာ ... အဲဒီလိုခေါ်တော့ဖြစ်မလား ရွှေစင်ရဲ့။ သူ့အဖေလူ့ခွစာကောင်က ငါနဲ့ တည့်မှမတည့်တာ ပေးပါ့မလား။ ဟား ဟား ... ကဲ ... သွားကြ ... သွားကြ၊ ကားဂရုစိုက်မောင်းနော် သမီး။ ဖေဖေ ပြောသားပဲ ဒရိုင်ဘာကို ညဘက်အချိန်ပိုဆင်းခိုင်းထားလိုက်ရင် ရတာပဲ။ သူ မောင်းပြီးလိုက်ပို့ပေးတော့ သမီးတို့ စိတ်အေးအေး သွားရတာပေါ့။ အခုတော့ သမီးက ကိုယ်တိုင်မောင်းရမှ ကျေနပ်တယ်ဆိုတော့ ပြန်လွှတ်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖေဖေရဲ့၊ စိတ်မပူပါနဲ့၊ အရင်ကလည်း ည
အာက် မင်္ဂလာဆောင်တွေ ဘာတွေ ဖိတ်ရင်လဲ ဒီလို
ဝတ်စားပြင်ဆင်ပြီး ကိုယ်တိုင်မောင်းသွားနေကျပါပဲ"

ဘဘနဲ့ ကြီးကြီးမှာ ကြည်နူးပီတိဖြစ်စွာ အိမ်ဝအထိ
လိုက်ပါလာကြရင်း ...

"အပု ဘယ်နံပါတ်ပဲချိတ်ချိတ် ဆုကြေညာပြီးရင် အိမ်ကို
ဖုန်းချက်ချင်းဆက်ပြီး ပြောနော်"

ဟု သူတို့လည်း ပန်းပု အတွက် စိတ်ဝင်စားလျက်
မှာကြားပြီး လက်ပြကျန်ရစ်ခဲ့ကြပါသည်။

Traders Hotel ရှေ့ ကားပါကင်မှာရောက်တော့
မဂျီးမြတ်က ပန်းပုနဲ့အတူတူဆင်းရင်း ...

"နင် ဘာဆုပဲရရ ဆုကြေညာလိုက်တာနဲ့ အစွမ်းကုန်ပြုံးထား
နော် မျက်နှာမပျက်စေနဲ့၊ ပြီးတော့ ပထမရတဲ့သူကိုလည်း
သေသေချာချာဖက်ပြီး ဂုဏ်ယူနှုတ်ဆက်ဖို့ မမေ့နဲ့ သိလား"

ဟူ၍ အကြိမ်တစ်ရာမက မှာထားပြီးသားကို ထပ်
ပြီးမှာနေပါသေးသည်။

ပန်းပုကတော့ ထိပ်ထိပ် ဘယ်မှာများ ရှိမလဲ
ရင်ခုန်စွာ ရှာဖွေနေမိတာ။ ထိပ်ထိပ်ရဲ့ 4WD ကားလေး ကားပါ
ကင်မှာ ရပ်ထားတာတော့ တွေ့ပြီးဖြစ်သဖြင့် ထိပ်ထိပ် ရောက်





နေပြီလို့ သိလိုက်ပါသည်။ ပွဲကျင်းပရာအထပ်ရှိ ခန်းမသို့ ဓာတ်
လှေကားဖြင့် တက်လာခဲ့ပါသည်။

ခန်းမရှိသည့်အထပ် ရောက်တော့ ဓာတ်လှေကားက
ငြိမ့်ခနဲ ရပ်သည်။ တံခါးနှစ်ချပ်က တင်ခနဲ အသံမြည်ပြီး ပွင့်
သွားသည်။ မဂျီးမြတ်နဲ့ ပန်းပုတို့ ခန်းမထဲ လျှောက်ဝင်လာသော
အခါ လူတော်တော်များများ ရောက်နေကြပြီ။ ညှို့ခံသောတီး
ဝိုင်းမှ နာမည်ကြီးအဆိုတော်တစ်ဦး၏ ...

"မြင်သူတကာတိုင်း ... လည်ပြန်ကာငေး ... အခြေမခိုင်
နိုင် ... ယိုင်လဲနေ ... ကိုယ်တစ်ယောက်လည်း ... ဒီလို
ပါပဲ ... သိပ် သိပ် သိပ် ... ချစ်နေပြီကွယ် ..."

ဟူသည့် သီချင်းသံကလည်း ပျံ့လွင့်နေပါသည်။
ပန်းပုတို့အတွက် စားပွဲဝိုင်းနံပါတ်မှာ ဖိတ်စာမှာပါပြီးသားပေမဲ့
Rimmel မှ တာဝန်ရှိသူ ဝန်ထမ်းမိန်းကလေး ချောချောလေး
တစ်ယောက်က လာကြိုဆိုပြီး နေရာလိုက်ချပေးပါသည်။ နေရာ
ချထိုင်ပြီးတော့မှ မဂျီးမြတ်က တအံ့တသြ လေသံဖြင့် ပန်းပုကို
ကပ်ပြောသည်မှာ ...

"ဟယ် ... ကိုဝသန်မိုး ရောက်နေတယ် သိလား၊ သူ ဒီပွဲ
ကို ဘယ်လိုလုပ် လက်မှတ်ရလဲ မသိဘူးနော်။ သူ ငါတို့
ကိုတွေ့ပေမဲ့ မအံ့သြသလိုပဲ ကြည့်နေတယ် ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုသည် ထိုသို့ မဂျီးမြတ် ပြောတာ ကြားလိုက်လျှင် တုန်လှုပ်သွားပါသည်။ မဂျီးမြတ်မှာ ဘာမှရိပ်မိပုံမရ။ ကိုဝသန်မိုး ဘာသာ အဖိတ်ခံရ၍ ရောက်လာသည်ဟု ထင်ပုံရသည်။ မိန်းကလေးပီပီ ကိုယ့်ကိုသဘောကျ၊ ပိုးပန်းနေသူတစ်ယောက် ဒီပွဲထဲမှာ ရှိမှန်းသိသဖြင့် နည်းနည်းလေး အိုက်တင်ပို လုပ်လိုက်တာလည်း တွေ့ရသည်။ ပန်းပုမှာ ကိုဝသန်မိုးကို မသိမသာ ခိုးကြည့်မိသည်။

ကြွေရောင်တောက်နေသော ရှပ်အကောင်းစား လက်ရှည်ကို ရှင်းသန့်စွာဝတ်ပြီး လက်ပိုက်ထိုင်နေသော ကိုဝသန်မိုးသည် အမှန်တော့ မိန်းကလေးတစ်ယောက်အတွက်ဆိုလျှင် ဘာမှငြင်းစရာမရှိသော အရည်အချင်းတွေ၊ ရုပ်ရည်တွေ ပိုင်ဆိုင်သူဖြစ်ပါသည်။ သူသာ တည်တည်ကြည်ကြည်နဲ့ တစ်ယောက်ဆိုတစ်ယောက် ချစ်တတ်မည်ဆိုလျှင် မဂျီးမြတ်အတွက် သင့်တော်သည်ဟု ပန်းပု အမှတ်ပေးမိမှာဖြစ်သည်။

အခုတော့ ကိုဝသန်မိုး ပုံစံက မဂျီးမြတ်ကို တွေ့တော့လည်း မြတ်နိုးသလို ငေးစိုက်ကြည့်သလို ပန်းပုကိုလည်း သဘောတကျ ကြည့်နေပြန်တာမို့ ပန်းပုမှာ ကြားထဲက မဂျီးမြတ် ရိပ်မိမှာကို အကြီးအကျယ် စိုးရိမ်ပူပန်နေမိသည်။

"ဟော ... ပန်းပု ရောက်ပြီကိုး။ ခုန ဒီဘက်တစ်ခေါက် ကြည့်သေးတယ်၊ မရောက်သေးလို့"





ရုတ်တရက် ပန်းပုနောက်ကျောဘက်မှ ထိပ်ထိပ် အသံကို ကြားလိုက်ရလျှင် ပန်းပုသည် ခုန်ထ,မိတော့မတတ် ငြိမ်းသာသွားပါသည်။

ထိပ်ထိပ်က ပန်းပုတို့စားပွဲနဲ့ ကပ်ရပ်မှာ ခုမှဝင်ထိုင်တာဖြစ်သည်။ အပြာဖျော့ဖျော့ အစင်းလေးတွေ ခပ်ရေးရေး ပါသော ရှပ်အဖြူလက်ရှည်ကို ဝတ်ထားသော ထိပ်ထိပ်သည် ပန်းပု အတွက်တော့ ဘယ်အချိန်ပဲတွေ့တွေ့ ပန်းပု၏အသည်း လုံးတွေ အကုန်လုံးကို စုဆွဲဆုပ်ကိုင်ထားနိုင်တဲ့သူ တစ်ဦးသာ ဖြစ်လေသည်။

"ထိပ်ထိပ် ဒီစားပွဲလား"

"ဟုတ်တယ် မြတ်မြတ်မဂျူ"

"ခုန မတွေ့ပါလား"

"သြော် ... ထိုင်ရတာ ပျင်းတာနဲ့ ခဏအပြင်ထွက်လျှောက်နေတာပါ"

"ထိပ်ထိပ် အစောကြီး ရောက်နေတာလား"

"သိပ်မစောပါဘူး၊ မြတ်မြတ်မဂျူတို့ မရောက်ခင် ဆယ့်ငါးမိနစ်လောက်တော့ စောမယ်ထင်တယ်။ ဟဲ့ ... ဘယ်လိုလဲ ပန်းပု၊ အသံတိတ်လှချည်လား။ စိတ်လှုပ်ရှားနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထိပ်သည် ပန်းပုကို လှမ်းမေးလိုက်လျှင် ပန်းပု အဟင်းခနဲ အသံထွက်ရယ်ရင်း ...

"စိတ်မလှုပ်ရှားပါဘူး။ ပန်းပုမှာ ထိပ်ထိပ်ကို ပြောပြချင်တာတွေများပြီး ဘယ်ကစ,ပြောရမှန်းမသိ ဖြစ်နေတာပါ"

ဟူ၍ အရိပ်အမြွက်သဘောမျိုး စပြောထားမိသည်။ မကျိုးမြတ်ကတော့ ဘာမှသိမထားသူမို့ ပန်းပုမှာ ဘာတွေများပြော စရာရှိလို့လဲဟု စဉ်းစားနေပုံရသည်။ ထိပ်ထိပ်ကတော့ အကြောင်း အရာတစ်ခုကို တွေးမိဟန်ဖြင့် ဖြည်းဖြည်းလေးလေး ခေါင်းညိတ်ရင်း ပန်းပုကို စိုက်ကြည့်နေပါသည်။

ပန်းပုတို့နားကို ကိုဝသန်မိုး ထ,လာတာတွေ့ရသည်။ သူကတော့ ဟန်ဆောင်ကောင်းစွာပင် ပြုံးပြလျက် အားလုံးကို ဝေ့ကြည့်ပြီး ...

"မြတ်မြတ်မဉ္ဇူတို့က ကျွန်တော့်ကို ကြိုတောင်မပြောထားဘူး။ ဒီပွဲမှာ ပန်းပု ဝင်အရွေးခံထားတယ်ဆိုတာ အခုမှသိတယ်"

ဟု အေးဆေးစွာ ပြောပါသည်။

"ကိုဝသန်မိုး ဖိတ်စာရတယ်နော်"

"ဟုတ်တယ်၊ လုပ်ငန်းရှင် မိတ်ဆွေတစ်ယောက်က သူ့အတွက် လက်မှတ်ပို့ရထားတော့ လိုက်မလား မေးတာနဲ့





အပျင်းပြေလိုက်ကြည့်တာပါ။ ကျွန်တော် ဒီလိုပွဲလည်း တစ်ခါမှ မကြည့်ဖူးဘူးလေ"

"ဒါက catwalk လျှောက်ရတဲ့ပြိုင်ပွဲ မဟုတ်ပါဘူး။ ဓာတ်ပုံအလှရိုက်ပြီး မော်ဒယ်လ်ရှာတဲ့ပွဲပါ။ ဒီပွဲက ဆုပေးပွဲနဲ့ စာနယ်ဇင်း အသိပေးပွဲလောက်ပါပဲ"

မြတ်မြတ်မဉ္ဇူကချည်း ဒိုင်ခံပြောနေပေမဲ့ ပန်းပုကတော့ လုံးဝ သိသိသာသာပင် စကားမပြောဘဲ ထိပ်ထိပ်ကိုသာ တကြည့်ကြည့် လုပ်ပြနေမိသည်။ ထိပ်ထိပ်ကိုလည်း မျက်နှာအမူအရာမျိုးစုံဖြင့် ပန်းပုမှာ ပြောစရာရှိနေကြောင်း သိသာစေရန် အသံတိတ် ပြောပြနေသည်။

ထိပ်ထိပ်လည်း ဒီလောက်တော့ နားလည်သဘောပေါက်သည်ဖြစ်ရာ ပန်းပု ပြောလိုတာကို ကြိုတင် ခန့်မှန်းလို့ရသည်။

ဘာအကြောင်းများ ရှိမလဲ။ ဝသန်မိုးနဲ့ ပတ်သက်တာပဲ ဖြစ်မှာပေါ့။ ပန်းပု မျက်နှာက ဝသာန်မိုး သူတို့ကို လာနှုတ်ဆက်တာနဲ့ ဘာကိုအစိုးရိမ်ကြီးမှန်းမသိ ဖြစ်နေတာလေ။ ပန်းပု ပြောပြောနေသလို ဝသန်မိုး စိတ်ပြောင်းပြီး ပန်းပုဘက် လှည့်လာကြောင်း မြတ်မြတ်မဉ္ဇူ သိသွားမှာ စိုးရိမ်နေတာပဲဖြစ်မှာ များသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲစတင်သောအခါ နာမည်ကြီး အမျိုးသမီး အခမ်းအနားမှူးမှ ပြိုင်ပွဲကျင်းပပုံ အဆင့်ဆင့်တွေ အရင်ရှင်းပြပေးပါသည်။ ပြီးမှ Rimmel ၏ ဌာနေကိုယ်စားလှယ်အဖြစ် တစ်ဦးတည်းရထားသူ ဒါရိုက်တာက Rimmel ထုတ်ကုန်တွေအကြောင်း ပြောပြပါသည်။

ဒါရိုက်တာ၏ နောက်ဆုံး နိဂုံးချုပ်စကားမှာ ...

"Rimmel ဆိုတာ လန်ဒန်အခြေစိုက် နာမည်ကြီးအလှကုန် တစ်ခုပါ။ Rimmel နဲ့ဆိုင်တဲ့ Brand မှန်သမျှ ကြော်ငြာပေးရတဲ့ နိုင်ငံတကာ ကြော်ငြာဈေးကွက်ရဲ့ မော်ဒယ်လ်ကတော့ Kate Moss ဖြစ်ပါတယ်။ မြန်မာပြည်အတွက်ကိုတော့ Billboard ကြော်ငြာ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ ထည့်မဲ့ ကြော်ငြာအတွက် မြန်မာပြည်က ဓာတ်ပုံမော်လ်ဒယ်ကိုပဲ သီးသန့်သုံးချင်တာမို့ အခုလို New Face ရှာပုံတော် ခေါင်းစဉ်တပ်ပြီး ဓာတ်ပုံပြိုင်ပွဲ လုပ်ရခြင်း ဖြစ်ပါတယ်"

ဟု အဆုံးသတ်ရှင်းပြပြီးလျှင် ဆုရသူစာရင်းကို ကြေညာတော့မည်ဖြစ်ကြောင်း ဆက်ကြေညာပါသည်။

အခမ်းအနားမှူး အမျိုးသမီး ချောချောလေးက ...





"အခုချိန်ကစပြီး Rimmel New Face ပြိုင်ပွဲအတွက် ဆန်ခါတင်အရွေးခံရသူ သုံးဦးရဲ့ အလှဆုံးပုံတွေကို ပရိုဂျက်တာမှတစ်ဆင့် ပြပါမယ်ရှင်။ ပရိသတ်ကြီး ဝေဖန်သုံးသပ်နိုင်ဖို့ တစ်ပုံကို စက္ကန့်သုံးဆယ် ပြပေးပါမယ်။ တစ်ဦးစီရဲ့ အလှဆုံးပုံ နှစ်ပုံစီပြမှာ ဖြစ်ပါတယ်"

ဟူ၍ ကြေညာလျှင် ခန်းမတစ်ခုလုံး မီးများအနည်း
ငယ် မှိန်ပေးလိုက်ပါသည်။

ပရိုဂျက်တာမှ ထိုးပြသော ပထမဦးဆုံးပုံမှာ ...

"မော်ဒယ်လ် ယွန်းရွှေလွှာ ဖြစ်ပါတယ်ရှင်၊ ယွန်းရွှေလွှာဟာ ဒုတိယနှစ် သမိုင်းဘာသာ ကျောင်းသူဖြစ်ပြီး ဖက်ရှင်ရှိုးသုံးပွဲ လျှောက်ဖူးထားပါတယ်"

ယွန်းရွှေလွှာ၏ ဓာတ်ပုံနှစ်ပုံတို့ကို စက္ကန့်သုံးဆယ်
ီထားပြီး ပြပေးပါသည်။ ပရိသတ်တွေက တချို့လက်ခုပ်တီးကြ၊
ာချို့ငြိမ်ပြီးကြည့်ရုံကြည့်ကြနှင့် ...။

ဒုတိယပြသောပုံမှာ ...

"မော်ဒယ်လ် ပန်းပု ဖြစ်ပါတယ်ရှင်၊ ပန်းပုဟာ ပထမနှစ် အင်္ဂလိပ်စာဒီပလိုမာကျောင်းသူ ဖြစ်ပါတယ်"

ပန်းပုရဲ့ပုံဖြစ်ပြီး ပန်းပုမှာတော့ အရင်က မော်ဒယ်လ်
ည်း မဟုတ်လေရာ ဘာပွဲမှာ ဘာလုပ်ဖူးတယ်ဆိုတာ ထည့်ပြော

www.burmeseclassic.com



ပေးစရာ မလိုပါ။ ပန်းပု ပုံတွင်လည်း ခုနကအတိုင်း ငြိမ်ကြည့်သူ ကြည့်။ လက်ခုပ်တီးသူတီး။ ကိုဝသန်မိုးကတော့ သိသိသာသာ ပင် လက်ခုပ်တီးပြသည်။ မဂျီးမြတ် စိတ်ထဲမှာတော့ သူမ၏ညီမ ဝမ်းကွဲမို့ မျက်နှာလိုအားရလုပ်ပြီး လက်ခုပ်တီးသည်ဟု ထင်ပုံ ရသည်။

ထိပ်ထိပ်ကတော့ ဘယ်သူ့ကိုမှလည်း လက်ခုပ်မတီးဘဲ အေးဆေးစွာလက်ပိုက်ပြီး ကြည့်နေပါသည်။

တတိယပုံမှာ ...

“မော်ဒယ်လ် ခက်ခက်ခိုင် ဖြစ်ပါတယ်ရှင်။ ခက်ခက်ခိုင်က ဒုတိယနှစ် ကွန်ပျူတာကျောင်းသူ ဖြစ်ပါတယ်။ ဖက်ရှင်ရှိုးငါးပွဲလျှောက်ဖူးပြီးခဲ့သူလည်း ဖြစ်ပါတယ်”

ဟူ၍ နောက်ဆုံးပုံကို ထိုးပြပါသည်။

ပုံအားလုံးပြီးသောအခါ ပရိဂျက်တာကို ပြန်ပိတ်သွားပေမဲ့ မီးတွေကပိုလင်းမလာဘဲ ပို၍ပင်မှောင်ကျသွားပေးပါသည်။ စင်မြင့်ပေါ်မှ အခမ်းအနားမှူး အမျိုးသမီးထံမှ ...

“အခုချိန်ကစပြီး Rimmel New Face ဆု ရရှိသူကို မီးမောင်းဆလိုက်ထိုးပြီး ရှာပါတော့မယ်ရှင်”

ဟူ၍ ကြေညာလိုက်လျှင် အားလုံး တိတ်ဆိတ်သွားတော့သည်။





ပန်းပုသည် ကိုယ်က သိပ်အဖြစ်ချင်ဆုံး၊ အရချင်ဆုံး ဆုကြီးတစ်ခုတော့ မဟုတ်ပေမဲ့ ဆုကြေညာမည့်အသံ ကြားတော့လည်း လူတစ်ယောက်ရဲ့ ထုံးစံအတိုင်း စိတ်လှုပ်ရှားရင်ခုန်မိတော့လေသည်။ မဂျီးမြတ်က မှောင်ထဲမှာ ပန်းပုလက်ကိုစမ်း၍ ဆုပ်ကိုင်ထားရင်း ...

“နင့်အစား ငါတောင် စိတ်လှုပ်ရှားတယ် ပန်းပုရယ်”

ဟု တိုးတိုးကပ်ပြောလာသည်။

မီးမောင်းကြီးက အကြိမ်များစွာ ဝေ့ကာဝိုက်ကာ ထိုးရှာလိုက်ပြီးလျှင် နောက်ဆုံးမှာတော့ တစ်ယောက်ထံမှာ ငြိမ်၍ ထိုးကျသွားပါသည်။ ထိုတစ်ယောက်ကား ပန်းပုတော့မဟုတ်ခဲ့ပါ။ ခက်ခက်ခိုင်ပဲဖြစ်ပါသည်။ ခက်ခက်ခိုင်သည် အနက်ရောင်ပိုးသား အိအိပေါ်တွင် လှုပ်လိုက်တိုင်း ကြယ်လေးတွေ တလက်လက် တောက်သလိုထင်ရစေသော အင်္ကျီစတစ်မျိုးကို evening dress လှလှလေး ချုပ်ဝတ်ထားခဲ့ပါသည်။

“ခက်ခက်ခိုင် ဖြစ်ပါတယ်ရှင်၊ ခက်ခက်ခိုင်ဟာ စုစုပေါင်း အမှတ် (၇၂)မှတ်နဲ့ ဒီဆုကိုရပါတယ်၊ အမှတ်ပြည့် (၈၀) မှာ(၇၂)မှတ်ရပြီး Rimmel New Face Model ဆုကို ထိုက်ထိုက်တန်တန် ရသွားပါတယ်ရှင်”



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်ခိုင်အား Rimmel ကုမ္ပဏီယူနီဖောင်း ဝတ်ထားသော ဝန်ထမ်းမိန်းကလေးနှစ်ယောက်က စင်ပေါ်သို့ လမ်းပြဖိတ်ခေါ်ပါသည်။

ကုမ္ပဏီဒါရိုက်တာမှ စလွယ်နှင့် သရဖူကို ဆောင်းပေးသည်။ ဝန်ထမ်းမိန်းကလေးတစ်ဦးမှ လှပသော ပန်းစည်းကြီးကမ်းပေးသည်။ နာမည်ကြီးရုပ်ရှင်မင်းသမီးတစ်ဦးမှ ဆုရရှိသော စာအိတ်ကို တက်ရောက်ဆုချပေးပါသည်။

ခက်ခက်ခိုင်ထံမှာ စာနယ်ဇင်းကင်မရာတွေ ဝိုင်းနေတော့သည်။

"1st runner up ဆုကိုတော့ ပန်းပုက ရရှိပါတယ်ရှင်"

အခမ်းအနားမှူးမှာ အချိန်မဆိုင်းဘဲ ဆက်ကြေညာသောအခါ ပန်းပု တအံ့တသြ နားထောင်နေမိသည်။ ငါ ဒုတိယနေရာတောင် ရတာပါလားလို့ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်ဘဲ တွေးနေဆဲ။ ပန်းပု အဆင့်နဲ့ဆို ဒီသုံးယောက်မှာ ကိုယ်က ရုပ်မလှဆုံးလိုလို ဖြစ်နေရာ ဒီလောက်ရတာကိုပင် အံ့သြငေးကြောင်နေမိသည်။

"စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ်ရှင်"

Rimmel ဝန်ထမ်းမိန်းကလေး နှစ်ယောက်တို့က ခုနကအတိုင်း လမ်းပြဖိတ်ခေါ်လျှင် ပန်းပုမှာ ယောင်တောင်



တောင်နှင့် ထရပ်ဆဲ။ မဂျီးမြတ်ကတော့ မမေ့မလျော့ဘဲ ပန်းပုကို ပါးတစ်ဖက်နမ်း၍ ဂုဏ်ပြုရင်း ...

"ပန်းပု ခက်ခက်ခိုင်ကို နှုတ်ဆက်ဖို့ မမေ့နဲ့နော်"

ဟုလည်း နားနားကပ်ပြီး တိုးတိုးမှာနေသေးလေသည်။

ပန်းပုသည် စိတ်အလှုပ်ရှားရဆုံးအချိန်တွင် ထိပ်ထိပ်ကို ပြေး၍ စကားပြောချင်စိတ်တွေ ဖြစ်နေသဖြင့် ထိပ်ထိပ်ကို လှည့်ကြည့်မိသေးသည်။ ထိပ်ထိပ်က ပန်းပုအား အသာအယာပြုံး၍ ခေါင်းဆတ်ပြလျက် ...

"ပန်းပု အတွက် ဝမ်းသာတယ်"

ဆိုသော စကားကို အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ လှမ်းပြောခဲ့သည်။

စင်ပေါ်ရောက်သောအခါ ပန်းပုအတွက် ပန်းစည်းကို ဒါရိုက်တာမှ ဆုချပြီး ဖိတ်ထားသောစာနယ်ဇင်းထဲမှ နာမည်ကြီး အယ်ဒီတာတစ်ယောက်က ဆုထည့်ထားသော စာအိတ်ကို ဆုချပါသည်။

ပန်းပု 1st runner up ဖြစ်သွားသည့်အတွက် ယွန်းရွှေလွှာမှာ ကြေညာစရာမလိုပါဘဲ 2nd runner up ဖြစ်သွားခဲ့ အခမ်းအနားမှူးက တာဝန်ကျေသွားပင် ...

www.burmeseclassic.com



"2nd runner up ယွန်းရွှေလွှာကို စင်ပေါ် ဖိတ်ခေါ်ပေးပါရှင်"

ဟူ၍ ကြေညာပေးပါသည်။ ဝန်ထမ်းမိန်းကလေးနှစ်ယောက် လမ်းပြဖိတ်ခေါ်မှုဖြင့် စင်ပေါ်ရောက်လာသော ယွန်းရွှေလွှာသည် ဖြူဆွတ်နေသော Evening dress ကို ဝတ်ထားခဲ့သည်။

မော်ဒယ်လ်သုံးဦး အသီးသီး အပြန်အလှန်ဖက်ပွေ့နမ်းရှုပ်နှုတ်ဆက်ကြသောဓာတ်ပုံကို စာနယ်ဇင်းတွေက ဓာတ်ပုံရိုက်ယူကြသည်။ သုံးယောက်ထဲတွင် အသားညိုညိုနှင့် အရပ်ငါးပေတစ်လက်မကို မြင့်သည်ထင်ရအောင် သုံးလက်မဒေါက်မြင့်ဝတ်ထားသဖြင့် ငါးပေးလေးလက်မမျှ ဖြစ်နေသောအရပ်မျိုးရှိသည့် ပန်းပုမှာ ဘယ်လိုပုံထွက်လာမလဲမသိ။ ပန်းပု တစ်ယောက်တည်းသာ ဓာတ်ပုံရိုက်ခဲ့ဖူးပြီး ယွန်းရွှေလွှာတို့၊ ခက်ခက်ခိုင်တို့လို အရပ်ငါးပေခုနစ်၊ ရှစ် အရပ်ရှိသူနှင့် ကိုယ်ဟန်မတ်မတ်၊ အသားအရေ ဖြူစင်ဝင်းမသူတွေနှင့် တစ်ခါမှ ယှဉ်တွဲဓာတ်ပုံ မရိုက်ခဲ့ဖူးလေရာ အခု သုံးယောက် စင်ပေါ်မှာ ယှဉ်ရလျှင် သိပ်ပြီးများသိသာနေမလား။ ပန်းပု မလှတာ၊ အသားညိုမည်းတာ၊ အရပ်မမြင့်တာတွေ သိပ်မြီးထင်ရှားသွားပြီလား။





ပန်းပုသည် ထိုအတွေးတွေ ဘာကြောင့် တွေးပြီး စိုးရိမ်ရသလဲဆိုတော့ ထိပ်ထိပ်ကပါ အောက်ကနေ ရပ်ကြည့်အကဲခတ်နေ၍ဖြစ်ပါသည်။ ထိပ်ထိပ်ဟာ ပန်းပုရဲ့ မှုရင်းတောပုံကို မြင်ဖူးခဲ့သူ ဖြစ်ပေမဲ့ အခုချိန်မှာတော့ ထိပ်ထိပ် မျက်လုံးထဲမှာ ပန်းပုကို လှတယ်လို့ပဲ မြင်စေချင်နေသည်။ ထိပ်ထိပ် ခြောက်နေသလား၊ မခြောက်ဘူးလား မသေချာပေမဲ့ ထိပ်ထိပ် ဘယ်သူပဲဖြစ်နေပေမဲ့ ပန်းပု စိတ်ထဲမှာတော့ ထိပ်ထိပ်က ပန်းပု လှတယ်လို့ ထင်စေ၊ မြင်စေချင်ပါသည်။ ဓာတ်ပုံတွေ အရိုက်ခံပြီးသည့်အခါ မပြီးသေးပါ။ စာနယ်ဇင်းတချို့က လာအင်တာဗျူးတာကိုလည်း ဖြေရသေးသည်။

ပန်းပုတို့လို ဆုကြီးမရသူနှစ်ဦးကတော့ အနည်းအကျဉ်းအမေးခံရပြီး အဓိကမေးခံရသူမှာ ဆုကြီးရသော ခက်ခက်ခိုင်ကို အများဆုံး မေးခံရတာဖြစ်ပါသည်။ ပန်းပုကို မေးတာတွေဖြေပြီးသောအခါ ကိုယ့်နေရာကိုယ် ပြန်လာထိုင်လျှင် မဂျီးမြတ်က အရင်ကြိုပြီး ...

"ပထမ,မရတာ စိတ်မကောင်းမဖြစ်နဲ့ ပန်းပု။ နင် ဒီလောက်ထိ ဖြစ်လာတယ်ဆိုတာ ဂုဏ်ယူဖို့ကောင်းတယ်။ နင်အဘာမော်ဒယ်လ်သင်တန်းမှလဲ မတက်ဖူးဘူး။ ဘာဖက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှလဲ မလျှောက်ဖူးဘူး။ အဲဒီလိုလူက ဒုတိယလောက် ထိရတာ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းလဲ"

ဟု ပန်းပုကို အားပေးနှစ်သိမ့်လေသည်။

"အပု ကျေနပ်ပါတယ်၊ စပြိုင်ကတည်းက အစောကြီး ပြုတ်ပြီးပြီ ထင်နေတာ။ ဆယ်ယောက် ဆန်ခါတင်ပါပြီး တော့လည်း ပြုတ်တော့မယ်ထင်ထားတာပါ။ ဆန်ခါတင် သုံးယောက်ထဲအထိ ပါလာတာကိုတင် ကျေနပ်ပါတယ်၊ ဒီခဏတစ်ဖြုတ်မှာ ခံစားရတဲ့ စိတ်လှုပ်ရှားကြည်နူးရမှု တွေကို အပု တစ်သက်လုံး ပီတိဖြစ်နေမိမှာပါ"

"ဟား ဟား ... ငါ့ညီမ အမြတ်ထွက်သွားပြီပဲ၊ Rimmel က ရှစ်သောင်းဖိုး မိတ်ကပ်ဝယ်ယူခွင့် ရတယ်ဆိုတော့ ကပ်စေးနဲ့တဲ့ အပု မိတ်ကပ်ဖိုး ပိုက်ဆံကုန်မှာ မနှမြော ရတော့ဘူးပေါ့၊ ကဲ ... စဉ်းစားပါဦး ဘာတွေ ဝယ်မလဲ"

ပန်းပုက လာဝေထားသော ကတ်တလောက်ကိုလှန် လှောကြည့်ရင်း ...

"မဂျိုးမြတ် ကြိုက်တာရွေး"

ဟု ပြန်ဖြေပါသည်။

"ဟဲ့ ... နင် ဝယ်ရမှာလေ။ နင် ရွေးပေါ့"





"မဂျိုးမြတ်ကို လက်ဆောင်ပေးချင်လို့ပါ"

"ရပါတယ်ရှင် နင်ပဲ ယူပါ"

"အမှတ်တရပေးတာပါ၊ မဂျိုးမြတ်ဘာသာ ကတ်တလောက် ကြည့်ပြီးရွေးထား။ မနက်ဖြန်ကျ ပန်းပုနဲ့ Rimmel ရုံးချုပ် မှာ ပစ္စည်းသွားရွေးကြမယ်"

Rimmel က ရှော့ပင်းစင်တာတွေ၊ ရှော့ပင်းမောလ် တွေမှာ ကောင်တာဖွင့်ပြီး ရောင်းချထားမျိုး မရှိသေးသဖြင့် ပန်းပုတို့က ရုံးချုပ်မှာ ပစ္စည်းသွားထုတ်ရမှာဖြစ်သည်။ ရှော့ပင်း မော်လ်တွေမှာ ကောင်တာဖွင့်ရောင်းချပွဲကို နောက်တစ်ပတ်မှာ စတင်မှာဖြစ်ပြီး တစ်ခါတည်း ကြော်ငြာ၊ တစ်ခါတည်း ဈေးကွက် ထဲရောက် ပုံစံမျိုးဖြစ်အောင် စီစဉ်ထားသည်။

ပထမဆုရရှိသော ခက်ခက်ခိုင်၏ ကြော်ငြာပုံတွေက တော့ တစ်လအတွင်း ပျံ့နှံ့လာမှာဖြစ်သည်။ ပန်းပုလို ဒုတိယ ရသူ၊ ယွန်းရွှေလွှာလို တတိယရသူတွေကတော့ မာတာပုံမော်ဒယ်လ် ဖြစ်ခွင့်မရတော့။ ပန်းပုကတော့ မော်ဒယ်လ်လောကထဲကလူ မဟုတ်သဖြင့် ဆုမရတာကို သိပ်ကြီးမခံစားရပေမဲ့ ယွန်းရွှေလွှာ ကတော့ မော်ဒယ်လ်လုပ်နေသူဖြစ်ရာ ဆုမရသဖြင့် စိတ်မာတော်များ နေပုံရသည်။ ထိပ်ထိပ်နဲ့လည်း ရင်းနှီးလေရာ ထိပ်ထိပ် လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းကိုကိုင်လျက် တတွတ်တွတ်ပြောပြီး ရင်ဖွင့်နေပုံရသည်။ ထိပ်ထိပ်တလည်း စိတ်ရှည်ရှည်နဲ့ ချော့မော့ပြောကြားနေသည်မှာ ပြီးပဲမပြီးနိုင်တော့။

ပန်းပုသည် ထိပ်ထိပ်ကို စကားပြောချင်ပြီး တကြည့်ကြည့်နဲ့ မပြန်နိုင်သေး။ မဂျီးမြတ်က အသိမိတ်ဆွေတွေ တစ်ယောက်နှင့်ဆုံနေသဖြင့် စကားရပ်ပြောနေသည်ကို ရပ်စောင့်နေနေသော ပန်းပုသည် ထိပ်ထိပ်ကို ယွန်းရွှေလွှာလို မိန်းကလေးတစ်ယောက်က တရင်းတနှီး လက်မောင်းကိုင်ပြီး တမော့မော့ စကားပြောသည်ကို (ထိပ်ထိပ်က အရပ်လည်းမြင့်လှသူမို့) သတိတိုမိနေလေသည်။ ပန်းပု တကြည့်ကြည့် လုပ်နေစဉ် ပန်းပုနား ရုတ်တရက်လာရပ်သူမှာ ကိုဝသန်မိုး ဖြစ်နေပါသည်။

“ဘယ်လိုလဲ ပန်းပု၊ ပထမ,မရလို့ ဝမ်းနည်းသွားလား”

ပန်းပုသည် မရိုင်းပျချင်၍ ခပ်တည်တည်လေး ပြန်စကားပြောလိုက်ရပါသည်။

“ဝမ်းမနည်းပါဘူး၊ ပန်းပု ဒုတိယလောက်ရတာ ကျေနပ်ပါတယ်”

“ကျွန်တော့်အတွက်တော့ ပန်းပုဟာ ဒုတိယမဟုတ်ပါဘူး မြတ်မြတ်မွန်ကို ပထမဆုံးတွေ့ပြီး စိတ်ဝင်စားခဲ့သော





ချစ်မိတဲ့နေရာမှာကျတော့် ပန်းပုက ဒုတိယမြောက် မဟုတ်ပါဘူး။ ပန်းပုက ပထမပါ”

“ဘာတွေ လာပြောတာလဲ ပန်းပု ပြောထားပြီးသားလေ။ ပန်းပုရဲ့ချစ်သူက ထိပ်ထိပ်ပါ”

“ထိပ်ထိပ်က ပန်းပု ချစ်သူဆိုရင် ပန်းပုနားမှာ တစ်ချိန်လုံး အားပေးနေသင့်တာပေါ့၊ အခုကျတော့ သူက အဲဒီ အချောအလှနားက မခွာနိုင်တော့ဘူး”

ထိုအခါ ပန်းပုမှာ ပြန်ပြောစရာစကား ရသွားပါသည်။

“ကိုဝသန်မိုးပဲ ပြောတယ်။ ထိပ်ထိပ်က အခြောက်ပါ မိန်းကလေးတွေကို စိတ်မဝင်စားပါဘူးဆို။ အခုကျ ထိပ်ထိပ်က ချောတဲ့လှတဲ့ မိန်းကလေးနားက မခွာနိုင်ဘူးလို့ ပြောလိုက်တော့ ထိပ်ထိပ်ဟာ အခြောက်စိတ်မရှိဘူးလို့ ဆိုလိုချင်တဲ့သဘောပေါ့ ဟုတ်လား။ ထိပ်ထိပ် အခြောက်မဟုတ်ဘူး ဆိုတာကို ကိုဝသန်မိုး လက်ခံတယ် မဟုတ်လား”

ဝသန်မိုးမှာ ပန်းပု ချေပလိုက်သောစကားကြောင့် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ စိတ်ထဲမှာ ထိပ်ထိပ်သည် အခြောက်မဟုတ်ဘူးဟု အလိုလိုသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပန်းပုနဲ့ ချစ်သူတွေ ဖြစ်နေပြီဆိုတာမျိုး ပြောပြီး အငြင်းခံရတာကျတော့ မခံချင်။ ယုံလည်းမယုံ။ ပန်းပု ညာပြောသည်ဟု သိကိုသိနေသည်။ ဒါကြောင့် ထိပ်ထိပ် အခြေအ ပါ ပန်းပုနဲ့ ဘယ်လိုလုပ် ချစ်သူဖြစ်နိုင်မလဲလို့ တမင်လိုက်ငြင်းထား တာဖြစ်သည်။ အခုကျတော့ ပန်းပုက သူ့ကို ပြန်ချေပလိုက်လေပြီ။

မြတ်မြတ်မဥ္ဇူသည် မိတ်ဆွေနှင့် စကားပြောရင်း ဝသန်မိုးနှင့် ပန်းပုတို့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကြည့်ပုံ၊ ဝသန်မိုးက ပန်းပုအပေါ် လိုအပ်တာထက်ပို၍ စူးစူး နစ်နစ် ကြည့်လိုက်ပုံတို့ကို အကဲခတ်မိလျှင် စိတ်ထဲမှာ တစ်ခု တစ်ခုကို သိလိုက်သလိုလိုဖြစ်သွားသည်။ ထိုသို့ သိလိုက်သော အခါ ရုတ်ခြည်း ဆိုသလို ရင်ထဲမှာ စပ်ဖျဉ်းဖျဉ်းဖြစ်သွားမိသည် ဘာကို ရှက်မှန်းမသိ အရှက်ကြီး ရှက်သွားမိပါသည်။

"ပန်းပု ပြီးရင်သွားမယ်"

"ရှင် မဂျီးမြတ် အပု ဟို ..."

"ဘာလဲ ဘာလုပ်စရာရှိသေးလို့လဲ"

"ထိပ်ထိပ်ကို နှုတ်ဆက်မလို့"

"ငါ ပြန်ချင်ပြီ၊ နင့်ထိပ်ထိပ်က ဒီနားပြန်ရောက်ဦးမှာ လား၊ နင် ရပ်စောင့်နေတာကြာပြီ၊ သူ ရောက်မှမလာတာ"





မြတ်မြတ်မဥ္ဇူသည် ပန်းပုနားမှာ ရှိနေဆဲဖြစ်သော ဝသန်မိုးကိုလည်း မနှုတ်ဆက်၊ စကားလည်းမပြော၊ ရယ်တောင် မရယ်ပြတော့ဘဲ ချာခနဲ လှည့်ထွက်သွားတော့လေသည်။

ပန်းပုသည် မဂျီးမြတ်၏ အမူအရာကို ချက်ချင်း အကဲခတ်မိလိုက်လျှင် သူမ အကြောက်ဆုံးအခြေအနေ တစ်ခုကို ရင်ဆိုင်ရပြီတည်းဟု တုန်လှုပ်ချောက်ချားစွာ တွေးမိလိုက်တော့ လေသည်။

❊ ❤ ❊



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ည နစ်နာရီလောက်မှာ ဖုန်းသံတီးလုံးလေး မြည်လာသည်။ ထိပ်ထိပ်သည် အိပ်ရာဘေးရှိ စားပွဲတင်နာရီနှင့် လက်နဲ့ ထိလိုက်တာနဲ့ မီးလင်းသော မီးအိမ်ဆေးတင်ရာ စားပွဲဆီ အိပ်ချင်မူးတူးဖြင့် လက်လှမ်း၍ ရှာဖွေမိသည်။ ထိပ်ထိပ်ရဲ့ မိုဘိုင်းလ်ဖုန်းကို အဲဒီစားပွဲပေါ် တင်ထားပါသည်။

မကျဉ်းမကျယ် အနေတော်စားပွဲပေါ် လက်ကိုဟိုရွှေ့ဒီရွှေ့ မွှေနှောက်မိသဖြင့် လက်က စားပွဲတင်နှိုးစက်နာရီကိုလည်း တိုက်ချမိသလို ရှာနေသော ခေါ်သံမြည်နေဆဲဖြစ်သည့် မိုဘိုင်းလ်ဖုန်းကိုပါ တိုက်ချမိရက်သား ဖြစ်သွားသည်။ ထိပ်ထိပ်ပါးစပ်မှ အသံထွက်ဆဲဆိုမိလိုက်မိပြီး နောက်ဆုံးတော့ လက်နဲ့ထိရုံထိလိုက်ရင် ပွင့်လာသည့် မီးအိမ်ကိုသာ လက်နဲ့ထိလိုက်ရတော့သည်။ မီးမဖွင့်ချင်၍ မှောင်ထဲမှာ မှန်းပြီးရှာတာ အဆင်မပြေပါ။





ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို"

ဟု ထူးလိုက်သော ထိပ်ထိပ်အသံမှာ အိပ်ချင်မူးတူးတော့ ဖြစ်နေလေသည်။

"ထိပ်ထိပ်"

"ဟင် ... ဘယ်သူလဲ၊ ကျယ်ကျယ်ပြော ... မကြားရဘူး"

တစ်ဖက်မှ ထိပ်ထိပ်၏နာမည်ကိုခေါ်ပြီးတာနဲ့ ဆက်ပြောစကားကို မကြားရ၍ ထိပ်ထိပ် ပြန်မေးလိုက်လေသည်။

"ထိပ်ထိပ် ပန်းပုပါ"

ပန်းပုအသံကား တစ်ဆိတ်တော့ ခိုးကြောင်ခိုးဝှက်နိုင်လှသည်။ အင်မတန်မှ တိုးလျနေသော ပန်းပုအသံကို နားထောင်ရင်း ညဘက်နစ်နာရီကြီး ဘာကြောင့် ဖုန်းဆက်သလဲလို့ တွေးကြည့်နေမိသည်။

"ထိပ်ထိပ်ကို Traders မှာတုန်းက ပန်းပု ပြောစရာရှိလို့ တစ်ချိန်လုံးစောင့်နေတာ။ ထိပ်ထိပ်က အနားရောက်မလာခဲ့ဘူး"

"ဩော် ... အဲဒါ မပြောလိုက်ရလို့ ခုလို ညဘက်ကြီး ထ,ဆက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး ... ထိပ်ထိပ်ကို ညဘက်ကြီး နှိုးပြီး ဖုန်းဆက်တဲ့အတွက် စိတ်မဆိုးပါနဲ့။ ဘာပြဿနာမှမတက်ရင် ပန်းပု မဆက်ပါဘူး။ အခုတော့ ပန်းပု သိပ်ကြောက်တဲ့ အခြေအနေကို ရောက်သွားလို့ ပန်းပု ကြံရာမရဖြစ်ပြီး အိပ်လို့လည်းမရဘူးဖြစ်နေတယ်၊ ထိပ်ထိပ်ကိုပဲ သတိရပြီး တိုင်ပင်ချင်နေတယ်၊ အဲဒါကြောင့် ဆက်တာပါ"

ပန်းပုက ထိပ်ထိပ် စိတ်ဆိုးမှာကြောက်ပြီး ပျာပျာသလဲ ရှင်းပြမိလေသည်။ ပန်းပုမှာ ငိုသံလည်းပါနေသည်။

"ထိပ်ထိပ် စိတ်မဆိုးပါဘူး ပန်းပုရဲ့၊ ဘာဖြစ်လို့ ငိုသံပါနေတာလဲ။ ကျယ်ကျယ်ပြောပါ၊ ထိပ်ထိပ် မနည်းနားထောင်နေရတယ်၊ မကြားဘူး"

"ပန်းပု အကျယ်ကြီးပြောလို့ မဖြစ်ဘူးလေ၊ အားလုံးအိပ်နေချိန်မှာ တိတ်တိတ်လေး ထ,လာပြီး ဧည့်ခန်းကဖုန်းကိုပြောတာ။ အဲဒီဖုန်းက Cordless မဟုတ်ဘူး။ Cordless က မဂျီးမြတ် ယူထားတယ်"

"ကဲ ... ဒါဖြင့်လည်း ပြော။ ထိပ်ထိပ် အားစိုက်ပြီး နားထောင်ပါ့မယ်"

ပန်းပုသည် ထိပ်ထိပ်ဆီမှ လှိုက်လှိုက်လှဲလှဲ စကားကြောင့် အားတက်သွားပါသည်။





"ထိပ်ထိပ် ဒီနေ့ အဲ ... ဘယ်လိုခေါ်မလဲ၊ မနေ့ညလို့ ပြောရမှာပေါ့နော်။ အခုက နောက်တစ်နေ့ထဲ ရောက်သွားပြီနော်"

"အင်း ... ပြောပါဦး၊ မနေ့ညက ဘာဖြစ်လဲ"

"မနေ့ညက ပွဲမှာ ကိုဝသန်မိုးပါ ရောက်လာနေတာ ထိပ်ထိပ် တွေ့လား"

"တွေ့ပါတယ်၊ ဘာဖြစ်ကြလို့လဲ"

"အဲဒီလူလုပ်တာနဲ့ မဂျီးမြတ်က ရိပ်မိသွားပုံပဲ။ အိမ်အပြန် လမ်းတစ်လျှောက်မှာ ပန်းပုကို လုံးဝလည်းစကားမပြောဘူး။ အိမ်ပြန်ရောက်တော့လည်း စကားမပြောဘဲ သူ့ဘာသာအခန်းထဲဝင်ပြီး အခန်းအောင်းနေတယ်၊ ဘဘနဲ့ကြီးကြီးတောင် ဘာဖြစ်လာကြလဲ မေးရတဲ့အထိ အမူအရာတွေ ပျက်သွားတယ်၊ မဂျီးမြတ်က ဘာမှ မဖြေတော့ ပန်းပုပဲ အဆင်ပြေသလို ဖြေလိုက်ရတယ်။ ပန်းပု ပထမ,မရလို့ မဂျီးမြတ် စိတ်ဆိုးလာတာလို့ပဲ ဖြေလိုက်ရတယ်"

ပန်းပုသည် တောက်လျှောက်ပင် ဆက်တိုက်ပြောပြလိုက်မိပါသည်။ ထိပ်ထိပ် ကြားရောကြားရဲ့လားမသိ။

"မြတ်မြတ်မှူးက တကယ်ပဲ ရိပ်မိသွားတယ်လို့ ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းပုနဲ့ အတူတူနေလာခဲ့တဲ့ အစ်မပဲ၊ သူ့မျက်နှာရိပ် မျက်နှာကဲကို ပန်းပု သိပါတယ်။ သူ အရမ်းအံ့သြသွားတယ်။ ရှက်လည်းရှက်သွားတယ်၊ မျက်နှာက မှုန်မှိုင်းပြီး အေးစက်နေတာ"

"ပန်းပုကို စိတ်ဆိုးတဲ့ပုံလား"

"အဲဒီလိုပုံလည်း မဟုတ်ဘူး။ သူ့ဘာသာရှက်ပြီး ဘယ်သူနဲ့မှ စကားမပြောချင်တဲ့ပုံစံပဲ"

"ဩော် ... ဖြစ်ရလေ ပန်းပုရယ်"

ထိပ်ထိပ် ရင်ထဲမှာ သနားကရုဏာသက်စွာ ပန်းပု အမည်လေးကို ညည်းတွား ရေရွတ်လိုက်ပါသည်။

"ပန်းပု ဒါကြောင့် ထိပ်ထိပ်ကို တွေ့ပြီးစကားပြောချင်တာ ဟိုးနေ့တွေထဲကပါ။ ထိပ်ထိပ် သင်ပေးလိုက်တဲ့ Plan-A က မအောင်မြင်ဘူး၊ ပန်းပု အပြတ်ပြောပြီး ငြင်းတာလည်းမရဘူး။ အဲဒါနဲ့ ပန်းပု Plan-B ကို အကောင်အထည်ဖော်ဖို့လည်း သတ္တိမရှိတာမို့ ဘာလုပ်ရမလဲ စဉ်းစားနေတုန်း မဂျီးမြတ်က သူ့အလိုလို သိသွားတော့ ပန်းပုမှာ တကယ့်ကို ပြဿနာပဲ။ ပန်းပု အရမ်းလည်းစိတ်ညစ်တယ်။ ပန်းပု မဂျီးမြတ်ကို သိပ်ချစ်ပြီး သိပ်လည်းအားကိုးတာပါ။ မဂျီးမြတ်ကို ဘယ်တော့မှ အနိုင်လဲ မယူပြချင်ပါဘူး။





အခုတော့ မဂျီးမြတ် စိတ်ထဲမှာ ပန်းပုက သူ့ကို တမင် အနိုင်ရအောင် လုပ်ပြသွားတယ်လို့ ထင်တော့မှာပဲ"

"ဆောရီးကွာ ... ထိပ်ထိပ်လည်း ဒီရက်ပိုင်း တကယ်ပဲ မအားလို့ပါ။ ပန်းပုနဲ့ ဆုံကြေညာတဲ့ နေ့ကျရင် တွေ့ရမှာပဲ၊ အဲဒီနေ့ကျ အေးအေးဆေးဆေး စကားပြောကြမယ်လို့ စဉ်းစားပေမဲ့ အကြံက မအောင်မြင်ခဲ့ဘူးလေ။ ပန်းပု အနားမှာ ငါးမိနစ်တောင် မနေလိုက်ရဘူး"

"သိပါတယ် မြင်ပါတယ်၊ ထိပ်ထိပ်က ခက်ခက်ခိုင်တို့ ယွန်းရွှေလွှာတို့နဲ့ စကားလက်ဆုံပြောမကုန် ဖြစ်နေတာလေ"

ပန်းပုသည် သဝန်တိုပြီး ခပ်ရွဲ့ရွဲ့လေးပြောမိပါသည်။ ထိပ်ထိပ်သည် ပန်းပု ထိုသို့ ပြောလိုက်သဖြင့် ပန်းပု ငါ့ကို သဝန်တိုတာလားလို့ သံသယဖြစ်မိသည်။ သို့သော် မသေချာပြန်။ ပန်းပုရဲ့စိတ်ထဲမှာ ထိပ်ထိပ်ဆိုသောသူဟာ ယောကျ်ားတစ်ယောက်လို့ပဲ ထင်ထားသလား။ အခြောက်စိတ်ဝင်နေတဲ့ သူတစ်ယောက်လို့ပဲ ယူဆထားသလား။

တစ်ခါတစ်ရံကျ ပန်းပုရဲ့အမူအရာတွေဟာ ထိပ်ထိပ် အပေါ် သံယောဇဉ်ပဲ တွယ်သလိုလို။ ထိပ်ထိပ်ကို နွဲ့ဆိုးဆဲ ဆိုးချင်သလိုလို။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံကျတော့လည်း ပန်းပုဟာ ထိပ်ထိပ်ကို ယုံကြည်စိတ်ချစွာ တိုင်ပင်ပြောဆိုနိုင်သော ဆံပင်အလှပြင်တတ်သူ အခြောက်တစ်ယောက်လို့ပဲ ထင်နေသလိုလို။

ထိုသို့ ထိပ်ထိပ်ကိုယ်တိုင်လည်း ဝေဖန်ပိုင်းခြားရခက်ခဲသည်မို့ ပန်းပုအပေါ်မှာ သူထားမိသော သံယောဇဉ်အပိုင်းအစကိုတောင်မှ မပြရဲခဲ့ပါ။ ဘယ်ကဘယ်လိုကစ,ပြီး ပြောရမှန်းလည်း မတွေးတတ်ခဲ့ပါ။

"မဟုတ်ပါဘူး၊ တကယ်တော့ ထိပ်ထိပ် ပန်းပုဆီ လာစကားပြောချင်ပါတယ်၊ ဒါပေမဲ့ ယွန်းရွှေလွှာက ထိပ်ထိပ်ကို အပြစ်တင်နေလို့ ပြန်ရှင်းပြနေရတယ်။ သူက ပြောတယ်၊ ခက်ခက်ခိုင်ကို ပုံစံအဆန်းထွင်ပေးလိုက်တဲ့ ဆံပင်ပုံက သူနဲ့ သိပ်လိုက်သွားလို့ ခက်ခက်ခိုင် ရသွားတာတဲ့။ ထိပ်ထိပ်က ဘာလို့ အဲဒီလိုလှအောင် မပြင်ပေးလဲတဲ့၊ အဲဒါ ထိပ်ထိပ်ကို အထင်လွဲပြီး အပြစ်ပြောနေလို့ ပြန်ရှင်းပြနေတာ၊ သူ့ကို ရှင်းလည်းရှင်းပြီးရော ပန်းပုတို့ကိုရှာတော့ မတွေ့တော့ဘူး"

"ထိပ်ထိပ် ခက်ခက်ခိုင်ကို ပြင်ပေးလိုက်တဲ့ ဆံပင်ပုံကတော့ တော်တော် သူနဲ့လိုက်သွားတာ တကယ်ပဲသိလား။ ပန်းပုတောင် ငေးနေရတယ်"





"ဆောရီးပါ ပန်းပုရယ်။ ခေါင်းထဲမှာ စီစဉ်ထားပြီး ပုံဆွဲမှတ်ထားတဲ့ ဆံပင်ပုံတွေကို လိုက်မဲ့သူနဲ့ စဉ်းစားပြီး ပြင်ပေးလိုက်တာပဲ၊ ခက်ခက်ခိုင်ကမှ ပိုလှသွားတာတော့ ထိပ်ထိပ်လည်း မရှင်းပြတတ်ဘူး"

"ပန်းပု ထိပ်ထိပ်ကို အပြစ်မမြင်ပါဘူး။ ပန်းပု ဆုအကြီးကြီးလည်း မမှန်းပါဘူး၊ ဒီလောက်ထိဖြစ်လာတာတောင် ကျေနပ်ပါတယ်၊ ကဲ ... ထိပ်ထိပ် ပန်းပု ဖုန်းခိုးပြောနေတာမို့ လူကြီးတွေ သိကုန်မှာ လန့်တော့လန့်ရတယ်၊ ထိပ်ထိပ်ကို ပန်းပု ပြောထားချင်တဲ့ အဓိက အကြောင်းအရာကို ပြောမယ်နော်"

ထိပ်ထိပ်သည် နိုးခါစကတော့ အိပ်ချင်မူးတူးဖြစ်နေပေမဲ့ အခုတော့ ပန်းပုနဲ့ စကားပြောလိုက်ရသည်ဖြစ်ရာ လူက မျက်စိကျယ်ပြီး ပြန်မအိပ်ချင်တော့ပေ။ ဖြစ်နိုင်ရင် ပန်းပုနဲ့ ဆက်ပြီး စကားတွေပြောချင်နေသည်။

"ထိပ်ထိပ်က မျက်စိကျယ်သွားပြီမို့ ပန်းပုနဲ့ ဆက်စကားပြောချင်နေပြီ"

"ပန်းပုက တိုးတိုးလေး မှောင်ထဲမှာ ထိုင်ပြောရတာ"

"ဟုတ်ပါပြီ၊ ကဲ ... ပန်းပု ဘာပြောထားချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထိပ်ရဲ့ Plan-C က ဘာလဲတော့ မသိဘူး။ ပန်းပု ဘာသာ Plan-C ဆိုပြီး စဉ်းစားထားတဲ့တစ်ခုကို ကိုဝသာန် မိုးကို ပြောလိုက်မိတယ်"

"ဘယ်တစ်ခုလဲ"

"ပန်းပုရဲ့ Plan-C လေ"

"အင်း ... ဘာများလဲ"

ပန်းပုမှာ ရင်တဒိတ်ဒိတ်ဖြင့် လက်ဖျားခြေဖျားတွေ အေးစက်သွားပါသည်။ ထိပ်ထိပ်မျက်နှာကို မမြင်ရပေမဲ့ ရှက်ရွံ့ပြီး မျက်နှာပြင်မှာ ပူနွေးလာသည်။ အသက်ကို မသိမသာ ရှိုက်၍ရှူလိုက်ပြီးနောက် ...

"ကိုဝသန်မိုးကို ညာပြောခဲ့တယ်၊ ပန်းပုမှာ ချစ်သူရှိတယ်၊ ပန်းပုရဲ့ ချစ်သူက ထိပ်ထိပ်ပဲလို့ ပြောခဲ့တယ်၊ အဲဒါ ပန်းပုရဲ့ Plan-C ပဲ"

ဟူ၍ တိုးတိုးတိမ်တိမ် ရှက်ရွံ့ရွံ့အသံဖြင့် ပြောလိုက်ရတော့လေသည်။

ထိုအခါ ထိပ်ထိပ်သည် ထိုသို့ကြားလိုက်ရသောအခါ ရင်ထဲမှာ ကြည်နူးပီတိဖြစ်သွားပြီး ပန်းပုကို ပြေးတွေ့လိုက်ချင်သလို ခံစားလိုက်ရသည်။ ပန်းပု ဘာသဘောနဲ့ အဲဒီလို ပြောခဲ့တာလဲ။ ကိုယ့်ကို တကယ်ပဲ ချစ်သူအဖြစ် ပန်းပု လက်ခံနိုင်လို့လား။ ဒါမှမဟုတ် ဒီလူက အခြောက်ပဲ။ အဲဒီလိုလူကို ပန်းပုရဲ့





ချစ်သူတော်ပါတယ်ပြောရတာ ဘာမှ ပြဿနာမရှိဘူးလို့လား ... ဟင်း ...။ ထိပ်ထိပ်မှာ မပျော်ရွှင်ခြင်း၊ စိတ်ရှုပ်ရခြင်းတွေ ခံစားရလိုက်နှင့် ခံစားချက်တွေ တက်လိုက်ကျလိုက် ဖြစ်နေပါသည်။

"ထိပ် ... ထိပ်ထိပ် ... ထိပ်ထိပ်"

ပန်းပုသည် ထိပ်ထိပ်ဘက်က တော်တော့်ကို တိတ်ဆိတ်သွားသဖြင့် စိုးရိမ်ပူပန်ပြီး မရဲတရဲ ခေါ်မိပါသည်။

"ဟင် ... ဘာလဲ ပန်းပု"

"ပန်းပု အဲဒီလိုပြောခဲ့မိတယ်၊ ထိပ်ထိပ် နာမည်ကို အလွဲသုံးစားလုပ်မိတယ်၊ စိတ်မဆိုးပါနဲ့နော်"

"ဩော် ... ပန်းပုရယ်"

"ကိုဝသန်မိုး တကယ်လို့များ ထိပ်ထိပ်ကို လာမေးရင် ထိပ်ထိပ် ဘယ်လိုပြောမှာလဲဟင်"

"ပန်းပု ဘယ်လိုပြောစေချင်လဲ"

"ထိပ်ထိပ် သဘောပါ။ ပန်းပုကတော့ ထိပ်ထိပ် ခွင့်ပြုချက်မရဘဲ ထိပ်ထိပ်ရဲ့နာမည်ကို သုံးထားတဲ့သူပါ။ ပန်းပုမှာ အပြစ်ရှိတယ်လို့ ခံစားနေရတယ်။ ဒါကြောင့် ထိပ်ထိပ် ကြိုက်သလိုပြောပါ"

ထိပ်ထိပ်သည် ပန်းပု အသံလေးကို ချစ်မြတ်နိုးစွာ နားထောင်ရင်း ...

"ထိပ်ထိပ် ပန်းပု စိတ်ချမ်းသာတာပဲ မြင်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျေနပ်စွာ ပြောမိလေသည်။

"ကျေးဇူးတင်ပါတယ် ထိပ်ထိပ်ရယ်၊ ပန်းပု ထိပ်ထိပ် ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"ရပါတယ် ပန်းပုရယ်"

"ထိပ်ထိပ်ရဲ့ Plan-C ဆိုတာကရော ဘာလဲဟင်"

"ဟား ဟား ... ထိပ်ထိပ်ရဲ့ Plan-C က ပန်းပုကို စိတ်ဝင်စားနေတဲ့ ကောင်လေးတွေထဲက တစ်ယောက်ယောက်ကို ရွေးပြီး အမြန်ဆုံး ရည်းစားတော်လိုက်ပါလားလို့ အကြံပေးမှာလေ"

"ဟာ ... ထိပ်ထိပ်ကလည်း"

"အခုလည်း ပန်းပုရဲ့ Plan-C က ထိပ်ထိပ်ရဲ့ Plan-C နဲ့ သိပ်မကွာပါဘူးလေ။ ထိပ်ထိပ်ကို အယောင်ဆောင်ရည်းစားတော်လိုက်တာဆိုတော့ သိပ်မကွာပါဘူး၊ ဟုတ်တယ် မဟုတ်လား"

"ထိပ်ထိပ် စိတ်မဆိုးတာ သေချာလား"

"သေချာပါတယ်၊ ပန်းပုကို ထိပ်ထိပ် လုံးဝ စိတ်မဆိုးပါဘူး"

ပန်းပုသည် ထိပ်ထိပ်ဆီမှ ဖြေသံကြားရတော့မှ စိတ်အေးသွားပြီး ထိပ်ထိပ်ကို နှုတ်ဆက်ကာ ဖုန်းအသာတိတ်





တိတ်လေး ပြန်တင်ထားလိုက်ပြီး အခန်းထဲ ခြေဖော့ဝင်လာခဲ့ပါသည်။

မြတ်မြတ်မွန်ကတော့ ပန်းပုတစ်ယောက် ချိုးချိုးချွတ်ချွတ်နှင့် အခန်းတံခါးဖွင့်ပြီး ပြန်ဝင်လာသောအသံကို ကြားဖြစ်အောင်ကြားလိုက်ပေမဲ့ ပန်းပု ဘာထွက်လုပ်မှန်း မသိလိုက်ပါ။

✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မဂျီးမြတ်ထံမှ ဆယ်ရက်နီးပါးကြာအောင် အေးစက်စက် ဆက်ဆံမှုကို ရင်ဆိုင်ရသောအခါ ပန်းပုသည် ကျောင်းပြီးအောင် ဆက်မတက်တော့ဘဲ မုံရွာကို ပြန်ပြေးဖို့အထိပင် ဆုံးဖြတ်မိလေသည်။

ထိပ်ထိပ်နဲ့လည်း မတွေ့ဖြစ်ဘဲ ဖုန်းတော့ တစ်ခါ ထပ်ဆက်မိသေးသည်။ ထိပ်ထိပ်ကိုတော့ ပန်းပု ပြန်ချင်နေပြီဆိုတဲ့အကြောင်း ပြောမိလျှင် ...

"ပန်းပု ဘာလို့ ပြန်ရမှာလဲ၊ ဒါဟာ ပန်းပုတို့ ညီအစ်မကြားမှာ အထင်လွဲမှားမှု ဖြစ်နေတာပဲ၊ ပန်းပု သတ္တိရှိဖို့လိုတယ်၊ ပန်းပုကစ,ပြီး ဖြေရှင်းရဲဖို့ လိုတယ်"

"ပန်းပု တော်တော်သတ္တိမွေးရဦးမယ်"





"ပန်းပုဘက်မှာ ထိပ်ထိပ်ရှိတယ်လို့ စိတ်ထဲမှာ ထည့်ပြီး ဖြေရှင်းရင် အားလုံး အဆင်ပြေသွားလိမ့်မယ်၊ လွယ်လွယ်နဲ့ စိတ်ဓာတ်မကျနဲ့ ပန်းပုလေး"

ထိပ်ထိပ်နဲ့ စကားအကြာကြီး ပြောခွင့်တော့မရခဲ့။ ထိပ်ထိပ်က အမြဲအလုပ်ရှိနေပြီး မအားမလပ်လည်း ဖြစ်နေသည်မို့ ပန်းပုနဲ့ ဤမျှလောက်သာ မိနစ်ပိုင်းလေးအတွင်း စကားပြောဖြစ်ကြတာပဲရှိသည်။

သို့သော် ထိုသို့ ခဏလေး စကားပြောရုံမျှဖြင့်ပင် ထိပ်ထိပ်ရဲ့ ဂရုစိုက်မှု၊ နွေးထွေးမှု၊ အားပေးမှုတို့ကို ပန်းပု ခံစားလို့ရကာ သတ္တိတွေ ကြိုးစားမွေးယူနေမိသည်။

ဆယ်ရက်ကျော်လောက် အနေစိမ်းပြီး အေးစက်နေသော မဂျီးမြတ်ကို နောက်ဆုံးတော့ ပန်းပုပဲစ,ပြီး ဖြေရှင်းတော့မည်ဟု ဆုံးဖြတ်မိချိန်တွင် ...

"မဂျီးမြတ် ပု ရှင်းပြစရာရှိတယ်"

လို့ မဂျီးမြတ်ရှေ့သွားရပ်ပြီး ပြောစဉ် မဂျီးမြတ်ကလည်း ...

"အေး ... ငါကလည်း မေးစရာရှိလို့ ခုပဲ နင့်ကို ခေါ်အေး တော့မလို့ပါပဲ"

ဟု ပြန်တုံ့ပြန်လိုက်သံကို အသင့်ရင်ဆိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပုကလေ အင်း ... ပုက အဲဒီလိုသဘောမျိုးနဲ့ ဖာတ်လမ်းသွားစ,တာလည်း မဟုတ်ပါဘူး။ သူ့ဘက်က အရင်စ,လာတာပါ"

"ငါလည်း သိခါစကတော့ ယုံတောင်မယုံဘူး၊ မဖြစ်နိုင်ပါဘူးလို့ထင်ပြီး အတင်းပြန်ငြင်းမိတာ။ ဒါပေမဲ့ ကာယကံရှင်ကို ကိုယ်တိုင် သွားမေးတော့လည်း သူကိုယ်တိုင်က လိုလိုလားလား ဖြေတာ။ သူ ဖန်းပုကို သိပ်ချစ်တယ်တဲ့၊ သူ့ဘဝမှာ ပထမဆုံး ချစ်ဖူးတဲ့မိန်းကလေးဟာ ပန်းပုပါပဲလို့ ကျေကျေနပ်နပ်ကိုပြောတာမို့ ယုံလိုက်ရတယ်။ အဲဒါကြောင့် နင့်ကို ပြန်မေးမလို့၊ ဘယ်တုန်းက ဒီလိုဖြစ်သွားကြလဲလို့"

ပန်းပုမှာ ကိုဝသန်မိုး ဘာတွေ လျှောက်ပြောထားပါလိမ့်လို့ တွေးမိပြီး စိုးရိမ်တကြီး ပြန်ငြင်းမိပါသည်။

"အို ... မဟုတ်ဘူး ... မဟုတ်ဘူး၊ မဂျီးမြတ် ထင်သလို မဟုတ်ဘူး။ ပု သူ့ ကို အပြတ်ငြင်းထားပြီးပါပြီ။ ပု အဲဒီလူကို ဘာကြောင့်ပြန်ချစ်ရမှာလဲ။ အလကား အချစ်ကိုတန်ဖိုးမထားတတ်တဲ့သူ။ ဒီတစ်ယောက်မရရင် ဟိုတစ်ယောက်ပြောင်းချင်တဲ့သူ။ ပု သူ့ကို လုံးဝယုံလည်းမယုံဘူး။ မုန်းလည်းမုန်းတယ်၊ သူ့ကြောင့် ပုနဲ့ မဂျီးမြတ် ကြားမှာ အထင်လွဲစရာတွေ ဖြစ်လာလို့ သူ့ကို မုန်းတာ"





"မဟုတ်ဘူးလေ၊ နင် သူ့ကို အဖြေတောင်ပေးပြီးလို့ ချစ်သူဖြစ်နေပြီပဲ၊ ဘာကြောင့် ဖုံးကွယ်စရာရှိလဲ။ ပြီးတော့ သူက ဒီတစ်ယောက်မရရင် ဟိုတစ်ယောက် ပြောင်းတဲ့သူလို့ပြောရအောင် သူက မိန်းကလေးတွေနဲ့ ပတ်သက်ရင် ဘာအရှုပ်အရှင်းတွေ ရှိခဲ့ဖူးလို့လဲ။ အဲဒီသတင်းတော့ လုံးဝ မကြားဖူးပါဘူး"

ပန်းပု နားလည်လိုက်ပြီ။ မဂျီးမြတ်ဟာ ကိုဝသန်မိုးလိုလူသည် ပန်းပုနဲ့ သင့်တော်သည်။ လိုက်ဖက်သည်။ လက်ခံသင့်သည်ဟု သူမဘာသာ ဆုံးဖြတ်ကာ ပန်းပုဟာ သူမကြောင့် အပြတ်ငြင်းလိုက်ရမှာကို စိုးရိမ်ပြီး ကြားထဲက ဖြေရှင်းပေးနေသည်ဟု ထင်ပါသည်။ ပန်းပုလို ရုပ်ရည်သိပ်အလှကြီးလည်းမဟုတ်၊ အသားလည်း ညိုမည်းမည်းလေးနှင့် မပြင်ထားရင် လုံးဝ စိတ်ဝင်စားစရာမကောင်းသော ရုပ်ရည်ပိုင်ရှင် မိန်းကလေးနှင့် ကိုဝသန်မိုးကဲ့သို့ အသားဖြူချောမော၊ ရုပ်ရည်သန့်လျက် အဆင့်အတန်းရှိသော ယောကျ်ားမျိုး နောက်ထပ်ဆုံရဖို့ မရှိနိုင်တာမို့ ဒီတစ်ယောက်ကို လက်မလွှတ်စေချင်တဲ့ စေတနာလည်း ပါနိုင်ပါသည်။

ပန်းပုသည် မဂျီးမြတ်၏ အလျှော့ပေးပြီး [illegible] ချထားသော စေတနာကို သိမြင်ကာ မျက်ရည်ပင် ဝဲလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဂျီးမြတ် ... မဂျီးမြတ်ရယ်၊ ပုအတွက် ဘာကြောင့် ဦးစားပေး စဉ်းစားပေးတာလဲ၊ အဲဒီလူက ဘာကြီးဖြစ်နေနေ ပု လုံးဝလက်မခံနိုင်ပါဘူး။ ပု မဂျီးမြတ်ဆီက လုယူမိတယ်လို့ တစ်သက်လုံးခံစားနေရမယ်"

"ဟယ် ... ဘာလဲ ... ဘာလုယူတာလဲ။ ဘာမှမဆိုင်တာတွေ။ ငါက သူ့ကို သဘောကျနေပါတယ်လို့ ပြောမိလို့လားဟယ်။ မဖြစ်နိုင်တာတွေ ဘာလျှောက်တွေးနေတာလဲ"

"မဂျီးမြတ် သဘောမကျပေမဲ့ သူက မဂျီးမြတ်ကို အရင်ဆုံး စိတ်ဝင်စားခဲ့တာလေ၊ ပြီးမှ ပုကို ထပ်တွေ့ပြီး အပြောင်းအလဲ မြန်သွားတာလေ"

မြတ်မြတ်မဥ္ဇူမှာ မျက်ခုံးနှစ်ခုကို တွန့်လိမ်နေအောင် ပင်ချိုးပြီး ပန်းပုကို တအံ့တသြ ပြန်စိုက်ကြည့်ပါသည်။

"နင် တကယ့်ကို အသေအချာ ပြောနေတာပါလား၊ သေချာလား"

"သေချာလားလို့ မဂျီးမြတ် ဘာလို့မေးတာလဲ၊ မဂျီးမြတ်လည်း အသိပဲလေ"

"ထိပ်ထိပ်က အဲဒီလိုပဲ နင့်ကိုပြောသလား"

"ဟင် ... ဘယ်လိုလုပ် ထိပ်ထိပ်က ပါလာတာလဲ"





"ထိပ်ထိပ် အကြောင်း ပြောနေတာပဲ၊ ဘာလို့ ထိပ်ထိပ်က ပါမလာစရာရှိလဲ။ နင်နဲ့ ထိပ်ထိပ် ချစ်သူဖြစ်နေတဲ့ အကြောင်းကို ပြောနေတာလေ"

ပန်းပုမှာ အဲဒီတော့မှ "ဟုတ်လား"ဟု တအံ့တသြ ရေရွတ်မိတော့သည်။ မဂျီးမြတ်မှာ ပန်းပုရဲ့ အူကြောင်ကြောင် အမူအရာကြောင့် ...

"ဘာဖြစ်ရတာလဲ"

ဟု ဆူဆူပူပူလုပ်ရင်း ပန်းပုကို မနာအောင် တစ်ချက် ခေါင်းခေါက်ပါသည်။ ပန်းပုက ရူးပေါပေါ အမူအရာဖြင့် ...

"အဟီး ... အပုကလည်း ကိုယ်ပြောချင်တဲ့ အကြောင်းကို ရည်ရွယ်ပြီး ပြောနေမိလို့လေ"

"နင်က ဘာပြောချင်တာလဲ"

"ပုက ကိုဝသန်မိုး အကြောင်းကို ဖြေရှင်းနေတာ"

မဂျီးမြတ်သည် ထိုအမည်ကို ကြားလိုက်တာနဲ့ မျက်နှာတည်တင်းသွားပါသည်။

"အဲဒီလူအကြောင်း ထည့်ပြောစရာလား"

"ပု မဂျီးမြတ်ကို တမင်လုပ်တာ မဟုတ်ပါဘူး။ သူ အရောတဝင်လုပ်ပြီး ရင်းနှီးအောင် လုပ်တုန်းက ပု [illegible] ထဲမှာထင်တာက အစ်မကိုနီးစပ်ခွင့်ရချင်လို့ ညီမကို အရှော

www.burmeseclassic.com

www.burmeseclassic.com



ဝင်တယ်ထင်တာပါ။ ပု သူ့ကို ရိုးရိုးသားသား ပြန်ခေါ်ပြော ဆက်ဆံတာပါ”

“ငါ နှင့်ကို ယုံပါတယ်”

မဂျီးမြတ် ထိုသို့ပြန်ပြောရင်း တစ်ချက် အသက်ရှိုက်လိုက်ကာ ...

“စ,ရိပ်မိခါစကတော့ ငါ တော်တော် ရှက်သွားတယ်လို့ ဝန်ခံပါတယ်၊ ဘာကြောင့်လဲဆိုတော့ ငါက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးခဲ့တဲ့ မိန်းမလေ။ ငါ့လောက် ဘယ်သူမှ မလှဘူး၊ ငါ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ ငါ့ကို လာကြိုက်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ ငါကလွဲရင် ဘယ်မိန်းကလေးကိုမှ အစားမထိုးနိုင်ဘူးဆိုတဲ့ စိတ်နဲ့ ဂုဏ်မောက်နေမိတာလေ။ ဒါပေမဲ့ တစ်ခါတလေကျ အဖြစ်အပျက်တွေဟာ ငါထင်ထားသလို မဟုတ်ဘူးဆိုတာ သိလိုက်ရတော့ အရမ်းကို shock (ရှော့(ခ))ရသွားတယ်”

မဂျီးမြတ်၏ ဝန်ခံလိုက်သံကို ကြားလျှင် ပန်းပုမှာ မျက်နှာမထားတတ်အောင်ပင် မဂျီးမြတ်ကို အားနာနေမိတော့သည်။

“ဒါပေမဲ့ ဒါက ကိစ္စမရှိပါဘူး။ နှင်နဲ့လည်း ဘာမှမဆိုင်ဘူး။ နှင့်မှာ ဘာအပြစ်မှ မရှိဘူးလို့ ငါ သိတယ်။ နှင့်ကို ငါ လုံးဝစိတ်မဆိုးခဲ့ဘူး၊ ကိုဝသန်မိုးကိုလည်း စိတ်မဆိုးတော့ဘူး။ တစ်ရက်ချင်း တစ်ရက်ချင်း အချိန်ယူပြီး ငါ အဖြေထုတ်ကြည့်လို့ ရသွားတော့ ငါ ကိုဝသန်မိုးကို အစက စိတ်ဆိုးခဲ့ပေမဲ့ အခုတော့ စိတ်မဆိုးတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်အပေါ် ဘယ်လိုတုံ့ပြန်မလဲဆိုတာ မသိနိုင်တဲ့၊ ခန့်မှန်းရခက်တဲ့ မိန်းမတစ်ယောက်ကို မျှော်လင့်ပြီး စောင့်စားနေမှာမဟုတ်ဘူးလေ။ သူ့ဘဝမှာ သူနဲ့သင့်တော်မယ်ထင်တဲ့ မိန်းကလေးတစ်ယောက်ကို သူ ရှာတွေ့လာခဲ့ရင် သူ အဲဒီမိန်းကလေးကိုပဲ ပိုင်ဆိုင်ချင်လာတာဟာ သဘာဝကျပါတယ်”

ပန်းပု ရင်ထဲမှာ အခုမှ အေးသွားပါသည်။

“နှင် သိမှာတော့ မဟုတ်ဘူး။ ကိုဝသန်မိုး ငါ့ကို တစ်ရက် လာတွေ့တယ်”

“ဟင် ... ဟုတ်လား”

ပန်းပု လန့်သွားပါသည်။

“သူ တခြား ဘာအကြောင်းမှ လာပြောတာ မဟုတ်ဘူး။ နှင်နဲ့ ပတ်သက်တဲ့ သတင်းတစ်ခု လာပေးတာတဲ့”

“သူ ... သူ ... မဂျီးမြတ်ကို ဘာသတင်း လာပေးတာလဲဟင်”







www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... အဲဒီလူ တော်တော်တော့ ဟန်ဆောင်ကောင်းတယ် သိလား။ ငါ့ရဲ့ညီမတစ်ယောက် ဒုက္ခရောက်မှာစိုးလို့ စေတနာနဲ့ လာအသိပေးတာလို့လည်း မှင်သေသေနဲ့ ပြောသေးတယ်"

မကျီးမြွတ် အသာအယာ ရယ်မောရင်း ပြန်ပြောပြသည်မှာ ပန်းပုကို များစွာတုန်လှုပ်စေလေတော့သည်။

"ပန်းပုကို ကြည့်ကျက်ဆုံးမပါဦးတဲ့၊ ပန်းပုနဲ့ ထိပ်ထိပ် ချစ်သူဖြစ်နေပြီလို့ ပန်းပု ကိုယ်တိုင် သူ့ကိုပြောပြထားတယ်တဲ့၊ ထိပ်ထိပ် ဆိုတာက ယောကျ်ားစစ်စစ်ပဲလား၊ အခြောက်စိတ်ဝင်နေတာလား အကဲခတ်ရခက်တော့ ပန်းပု အရှက်ကွဲရမှာစိုးလို့ပါတဲ့"

ပန်းပုသည် ကိုဝသန်မိုးကို ပြေးပြီးရိုက်ပစ်လိုက်ချင်စိတ်တွေပင် ဖြစ်သွားပါသည်။ မကျီးမြွတ် မသိစေချင်ပါဘူးလို့ ကြိုတင်စကားခံထားရက်နဲ့ တမင် ပန်းပု ပြဿနာတက်ရအောင် သွားပြောတာပဲ။ ပန်းပု စိတ်ရှုပ်ပြီး မကျီးမြွတ် ရှေ့ကနေထွက်ပြေးချင်လာသည်။ မကျီးမြွတ် အသေအချာ မေးရင်တော့ ပန်းပု ညာမပြောရပါ။ ပန်းပု ညာပြောထားတာပါ၊ ထိပ်ထိပ်နာမည်ကို အသုံးချထားတာပါ ဟူ၍သာ အမှန်အတိုင်း ဝန်ခံရတော့မှာဖြစ်သည်။





"ငါကြားခါစက လုံးဝမယုံဘူးလေ။ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ။ ထိပ်ထိပ် ဆိုတာ ခြောက်နေတယ်လို ငါ လုံးဝထင်ထားတာ နင်နဲ့ ချစ်သူဖြစ်နေတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးပေါ့၊ အဲဒီလိုလည်း တွေးသလို နင်ကမဟုတ်ဘဲနဲ့ ထိပ်ထိပ် နာမည်ကို ထည့်သုံးပြီး ဘာကြောင့် ပြောရဲ့ရတာလဲလို့လဲ တစ်ဖက်က စဉ်းစားမိတာရှိတယ်"

"မကျီးမြွတ် အဲဒါက ဟို ... အင်း ..."

မကျီးမြွတ်က လက်အသာကာရင်း ...

"နင် မပြောနဲ့ဦး၊ ငါ ပြောမယ်"

ဟု တားထားပါသည်။ ဒါနဲ့ပဲ ပန်းပုမှာ မဖြေရှင်းရဲဘဲ ငြိမ်နားထောင်နေရသည်။

"တချို့လူတွေ ရှိတယ်လေ၊ ပုံစံကတော့ ခြောက်နေသလိုလို ထင်ရပေမဲ့ တကယ်တော့ သူတို့က လုံးဝမခြောက်ဘူး။ သူတို့လုပ်တဲ့ အလုပ်အကိုင်နဲ့ သူတို့ပြောပုံဆိုပုံတွေကြောင့် လူတွေက သူ့ကို ခြောက်နေတယ်လို့ ထင်ခံရတာပေါ့။ ထိပ်ထိပ်က အဲဒီလိုများ ဖြစ်နေလားလို့ တစ်ဖက်က ဖြစ်နိုင်တာကိုပဲ ပြန်စဉ်းစားမိတယ်။ ဒါကြောင့် ငါ ဒီရုံးပိုင်း နင့်ကို စကားလည်း သေသေချာချာ မပြောဘူး။ အေးလည်း မမေးဘူး၊ ငါ့ဘာသာပဲ စုံစမ်းမယ်လို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒါနဲ့ ငါ ထိပ်ထိပ်ကို ကိုယ်တိုင်သွားမေးပစ်လိုက်တာပေါ့”

ပန်းပုသည် အဲဒီနောက်ဆုံးစကားကြောင့် ခေါင်းထဲမှာ ပူခနဲဖြစ်ပြီး ဆိုးကိုက်လာသလိုလိုပင် ခံစားလိုက်ရပါသည်။

ထိပ်ထိပ်က လိုလိုလားလား ဖြေခဲ့တယ်။ ပန်းပုကို သိပ်ချစ်တယ်လို့ ပြောခဲ့မယ်ဆိုတာ ပန်းပုက ကြိုသိနေလို့ပါ။ မဂျီးမြတ်နဲ့ အရင်ဆုံး တစ်ယောက်နဲ့တစ်ယောက် ကိုယ်ထင်ရာတွေ စွတ်ပြောပြီး ရှင်းလင်းကြတုန်းက မဂျီးမြတ် အဲဒီစကားကို ပြောခဲ့လိုက်တယ်လို့ ပန်းပု မှတ်မိနေလို့ပါ။ တကယ်ပြောခဲ့တာလား၊ အဲဒါ တကယ်ပဲလား၊ ပန်းပုကို ကူညီချင်လို့ ပြောခဲ့တာလား ထိပ်ထိပ်ရယ်။

“ရယ်ရတယ် သိလား၊ ငါက မယုံကြည်ထဲ့ ပုံစံနဲ့လေ။ ထိပ်ထိပ်နဲ့ ပန်းပု ချစ်သူဖြစ်နေတယ်လို့ သတင်းကြားလာတယ်။ အဲဒါ တကယ်မှုတ် ဟုတ်ရဲ့လား၊ မြတ်မြတ် သိချင်လို့ဆိုပြီး မေးမိတော့ ထိပ်ထိပ်က ရယ်ပြီးဖြေတယ်။ ဟုတ်ပါတယ် သူ ပန်းပုကို သိပ်ချစ်ပါတယ်။ သူ့ဘဝမှာ ပထမဆုံး ချစ်ရတဲ့ ချစ်သူဟာ ပန်းပုပါပဲတဲ့။ ငါ အဲဒီလို ကြားလိုက်ရတော့ ဝမ်းလည်းသာတယ်၊ အံ့လည်းအံ့သြတယ်လေ။ ဝမ်းသာတာကတော့ ထိပ်ထိပ်ဟာ ဘယ်နေရာ





မှာမှ အပြစ်ပြောစရာမရှိအောင် Perfect (ပါဖက်ထ်)ဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်မို့ပဲ။ အံ့သြတာကကျတော့ ငါတို့အားလုံး ခြောက်နေပါတယ်လို့ ထင်ထားတဲ့ ထိပ်ထိပ်ဟာ အခြောက်မဟုတ်ဘူးလို့ အခုမှ သိလိုက်ရလို့ပဲ”

ပန်းပု ရင်ထဲမှာတုန်ကာ မောနေသည်။ ငိုပဲငိုချရတော့မလိုလို ဝမ်းသာပြီး ထခုန်ရတော့မလိုလိုလည်း ဖြစ်နေသည်။ ထိပ်ထိပ် ပြောခဲ့တဲ့ စကားတွေ တစ်ဆင့်ပြန်ကြားရတာမို့ ယုံလည်းမယုံ။ သို့သော် ပန်းပု နှလုံးသားထဲမှာတော့ သိပ်ကို နင့်နင့်နဲ့နဲ့ ယုံလိုက်ချင်နေသည်။

“ဒါနဲ့ နေပါဦး၊ နင် ခုနငြင်းနေတာတွေက ဘာတွေလဲ။ သူက မဂျီးမြတ်ကို အရင်ဆုံးစိတ်ဝင်စားတာတွေ၊ မဂျီးမြတ်ကို မရမှ ပြောင်းလဲသွားတာတွေ ပြောနေတယ်၊ အဲဒါ ဘယ်သူ့ကိုပြောတာလဲ။ ထိပ်ထိပ်လား ကိုဝသန်မိုးလား”

“ကိုဝသန်မိုးကို ပြောတာပါ၊ အပုတို့ နာမည်ထည့်မပြောမိဘဲ တစ်ယောက်နဲ့တစ်ယောက် ကိုယ်သိတာ ကိုယ်ရှင်းနေတော့ စကားတွေ မှားကုန်တာပါ”

ပန်းပု မြန်မြန်ဖြေရှင်းတော့ မဂျီးမြတ်က အသံထွက်၍ တဟားဟားပင် ရယ်ပစ်ကာ (ပန်းပုကို စ,နောက်ချင်၍ ရယ်တာလည်း ပါပါသည်)။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... အံမယ်လေး ... သူ့လူကျတော့ အထင်များမှာ တော်တော်ကြောက်ပုံရတယ်၊ လျှာခလုတ်တိုက်မဖာတတ် ဖြေရှင်းလိုက်တာဟယ်၊ ယုံပါတယ်၊ ယုံပါတယ်။ ထိပ်ထိပ်က နင့်တစ်ယောက်တည်းကိုပဲ အရင်ဆုံးချစ်ပြီး ရွေးခဲ့တာဆိုတာ ယုံပါတယ်။ ငါက ငါးနှစ်ခြောက်နှစ်လောက် သူ့ဆီမှာ ဆံပင်ညှပ်ခံလာတဲ့သူပါ။ သူ့အမူအရာကို သိပါတယ်ဟယ်"

ပန်းပုမှာ စိတ်မသက်မသာစွာ လိုက်တော့ရယ်ရပေမဲ့ ရင်ထဲမှာ မရှင်းလင်းပါ။ ရင်ထဲမှာ အတွေးတွေ၊ စိုးရိမ်ရမှုတွေ၊ မရေရာခြင်းတွေ စိုးရွံ့နေဆဲ။

မဂျီးမြတ်နဲ့ အထင်လွဲ အမြင်လွဲ ဖြစ်မှာတွေ မဖြစ်လာတော့ဘဲ အလိုလို ပြေလည်သွားခဲ့ပေမဲ့ ပန်းပု ရင်ထဲမှာ ရှင်းရှင်းလင်းလင်း မပျော်ရပါ။ ထိပ်ထိပ်ကို ချစ်သူအဖြစ် အသုံးချပြီး ဖြေရှင်းထားမိတဲ့ ပြဿနာတစ်ခုရဲ့ နောက်ဆက်တွဲတွေကို ပန်းပု ဘယ်လိုရှင်းရမလဲ။

ထိပ်ထိပ်နဲ့ ဒီလိုပဲ အယောင်ဆောင်ချစ်သူပုံစံ နေကြမလား။ ဒါမှမဟုတ် ထိပ်ထိပ်နဲ့ ပန်းပု ချစ်သူမဖြစ်ကြတော့ဘူး။ ပြတ်စဲသွားကြပြီလို့ ပြန်ငြင်းပေးရမလား။ ထိပ်ထိပ်တကယ်တော့ ပန်းပုကို ချစ်နိုင်ပါ့မလား။ မဂျီးမြတ်လည်း လာ





မေးတုန်းမို့ ပန်းပု စိတ်ချမ်းသာပါစေဆိုပြီး ပြီးပြီးရော ဖြေရှင်းခဲ့တာလား ထိပ်ထိပ်ရယ်။

ပန်းပုသည် ထိပ်ထိပ်ကို ဖုန်းလည်းဆက်မေးချင်သည်။ မေးရမှာလည်း ဝေခွဲမရ ဖြစ်နေသည်။ ပန်းပု ရင်ထဲမှာရှိနေတဲ့ အဖြစ်ချင်ဆုံး ဆန္ဒကရော ဘာလဲလို့ ထိပ်ထိပ် မေးလာတာ ကြားချင်သည်။

အဲဒါဆိုရင်ရော ပန်းပု ဖြေရဲပါ့မလား မသိ။

✻❤✻



www.burmeseclassic.com

www.burmeseclassic.com







# မဆုံးနိုင်ခဲ့သော ပုံပြင်တစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ထိပ်ထိပ် ဆိုင်ထဲဝင်လာသောအခါ အရင်ဆုံးမြင်သူမှာ မြတ်မြတ်မဉ္ဇူပဲ ဖြစ်လေသည်။ မြတ်မြတ်မဉ္ဇူသည် ချောမောမွန်ရည်လှသော ရုပ်ရည်၊ ဖြူစင်ဝင်းမွတ်လှသော အသားအရေနှင့် တည်ကြည်စွာ ပြုံးနေသူ ထိပ်ထိပ်ကို မြင်တော့ ပန်းပုကို ပြေးပြီး ထုပစ်ချင်စိတ် ဖြစ်သွားပါသည်။ ဘာကြောင့်လဲဆိုတော့ ကြည့်ပါဦး ... ပန်းပု ဒီမနက်မှ ဘာစိတ်ကူးပေါက်သည်မသိ။ မျက်နှာကို သနပ်ခါးတွေ ဖွေးခဲနေအောင်လူး။ ပါးကွက်ဝိုင်းဝိုင်း အကြီးကြီး ကွက်ကာ ...

ဗစ်တိုးရီးယားဘက်ခမ်း ပုံစံနဲ့ တထေရာတည်း တူအောင် ပုံသွင်းညှပ်ပေးထားသော သူမ၏ ခပ်တိုတိုဆံပင်ကိုလည်း မရမက ကလစ်တွေထိုးပြီး နောက်မှာ ဘဲမြီးလို စုချည်





ထားသေးတာ။ ပြီးတော့ နည်းနည်းမှ ပုံမလာသည့် မျက်နှာအပြင်အဆင်ကြီးနဲ့ပဲ ...

"မဂျီးမြတ် ဆိုင်သွားရင် ပု လိုက်ခဲ့မယ်နော်၊ ပု သူငယ်ချင်းတစ်ယောက် မွေးနေ့ပါတီ ဖိတ်ထားလို့ သူ့အတွက် fancy ပန်းခြင်းလေးတစ်ခြင်း လိုက်ရွေးချင်လို့"

မြတ်မြတ်မဉ္ဇူနောက်လိုက်ဦးမည် ပြောသဖြင့် မြတ်မြတ်မဉ္ဇူကတော င် ...

"ဟယ် ... အပုရယ်၊ နင်ကလည်း သနပ်ခါးဘဲကျားကြီးနဲ့သွား ... မျက်နှာသစ်လိုက်ပါဦး၊ ရှော့ပင်းမောလ်မှာ ခေတ်မီမီပြင်ဆင်လာတဲ့သူတွေကြားထဲ နင်က ဒီပုံကြီးနဲ့လိုက်ဦးမယ်"

ဟု ကန့်ကွက်မိသေးလေသည်။

"အိမ်မှာနေရင်း ကျောင်းပိတ်ရက်မို့ မျက်နှာအေးအောင် လူးထားတာပါ မဂျီးမြတ်ရယ်။ နေ့တိုင်း မိတ်ကပ်တွေ ကရင်(မ)တွေ လိမ်းရတာ ပူသလိုပဲ ခံစားရတယ်။ ပြီးတော့ ပုက ရှင်မတောင်စစ်စစ်ကို လက်မောင်းအောင့်အောင် သွေးပြီးလူးထားရတာ နမြောလို့ပါ။ ဒီတစ်ခါတော့ မဖျက်ပါရစေနဲ့။ မဂျီးမြတ် မလိုက်စေချင်ရင်လည်း ပုအတွက် ပန်းခြင်းတစ်ခြင်း ရွေးယူခဲ့ပေးပါ။ အိမ်ရောက်မှ ကျသင့်ငွေ ရှင်းမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ အလျှော့ပေးပြီး ဆိုလာပြန်တော့ မြတ်မြတ်မွန် သနားသွားပါသည်။ သူ့ခမျာ အမြဲတမ်း ငါ ညွှန်ကြားတာလုပ်လိုက်ရ ငါခိုင်းတာ လုပ်လိုက်နဲ့ သူ့စိတ်နဲ့သူတောင် လုပ်ချင်တာ လုပ်ခွင့်မရတာ ကြာပြီလေ။ ဒီတစ်ခါတော့ လွှတ်ထားလိုက်ပါတော့မယ်။ သူ သိပ်ကြိုက်တဲ့ သနပ်ခါးကြီး ဘဲကျားလိမ်းပြီး လိုက်ရင်လည်း လိုက်ပါစေတော့။

ဒါနဲ့ပဲ ပန်းပုဟာ သနပ်ခါးဘဲကျား၊ ဆံပင်တိုနံ့နံ့ ဘဲမြီးဆံပင်နဲ့ပဲ လိုက်လာတာ။

"သနပ်ခါးနဲ့ဆိုတော့ လိုက်ဖက်အောင် ဒေါ်ကြီး၊ ဒေါ်လေး အသစ်ထပ်ချုပ်ပေးလိုက်တဲ့ ပုံစံထဲက ဒါလေးဝတ်မယ်နော် မကြီးမြတ်"

ဟူ၍လည်း ပန်းပု ဝတ်မဲ့ ဝတ်စုံကို မြတ်မြတ်မွန် ထံ လာပြပါသေးသည်။

မြတ်မြတ်မွန်၏ အကြံပေးချက်ကို ပန်းပု၏အမေက ပြန်ပြောကြားမှုကြောင့် မိုးရွာမှ ပန်းပု၏ဒေါ်ကြီး၊ ဒေါ်လေး တွေ အခုရက်ပိုင်းအတွင်း ပုံစံပြောင်းပြီး အသစ်ချုပ်ပေးလိုက်သော ချည်ထည်ချိတ်ဆင် ဝတ်စုံလေးတွေထဲက တစ်စုံဖြစ်ပါသည်။

မြတ်မြတ်မွန် ပြောသလိုပဲ မြန်မာအင်္ကျီ ရင်ဖုံး ခါးတိုလေးတွေ၊ ရင်ဖုံးခါးတိုလေးတွေကို ရိုးရိုးရှင်းရှင်း ချုပ်ပေး





လိုက်တာ ကြယ်သီးနေရာမှာလည်း အောက်ခံကြယ်သီးကို အပေါ်က ပိတ်စအုပ် ပြန်ချုပ်ထားသော ကြက်သီးဖုလေးတွေလည်း ဖြစ်နေသဖြင့် ဝတ်စုံလေးတွေမှာ ကျက်သရေလည်း ရှိလှသည်။ မြန်မာဆန်လှပြီး ခေတ်လည်း မီနေသေးသည်။ အခုခေတ်မှာ တချို့ကုမ္ပဏီတွေဆို ဒီလိုပဲ မြန်မာ့ချည်ထည်ဝတ်စုံလေးတွေကို မြန်မာအင်္ကျီပုံစံ ချုပ်ဝတ်ရသော ယူနီဖောင်းတောင် သုံးသေးတာ ဖြစ်သဖြင့် ပန်းပု အတွက် ဝတ်ဖို့ အဆင်ပြေနေသည်။

"နင့် ဒေါ်ကြီး ဒေါ်လေးတွေကလည်း ဒီလိုပုံမျိုး ချုပ်တတ်ရဲ့သားနဲ့များ တမင်လျှိုထားတယ်နော်။ အဲဒါမျိုး ချုပ်မပေးဘဲ ပုံတုံးကြီးတွေ ချုပ်ပေးပြီး ပေးဝတ်တယ်နော်"

မြတ်မြတ်မွန်မှာ ဝတ်စုံလေးတွေကို ထုတ်ကြည့်တုန်းက ဝေဖန်မိသေးတာ။

"သူတို့က ကိုယ်လုံးအလှပေါ်မှာ ခါးတိုဝတ်ရင် ခါးပေါ်မှာတွေ သိပ်စိုးရိမ်တာလေ"

"အခုတော့ အန်တီသီသိ ဘယ်လိုပြန်ပြောသလဲ မသိဘူး။ ပုံစံတွေပြောင်းပေးလိုက်ပြီ။ အပု ကပ်စေးနဲမ,လည်း အဝတ်အစားဖိုး သက်သာသွားပြီဆိုပြီး ပျော်ရပြီ မဟုတ်လား"

ဒီနေ့ ပန်းပု ရွေးချယ်ဝတ်လာသော ဝတ်စုံမှာ အစိမ်းရင့်ရင့် ချည်ထည်ဝမ်းဆက်ဝတ်စုံ ဖြစ်သည်။ ရင်ဖုံးလက်စက ခါးတိုလေးကို လုံချည်ဖြင့် တွဲဝတ်ထားပါသည်။ ချိတ်လိုင်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဒူးအောက်နေရာမှာ ငါးလိုင်းသာပါသော ချည်ထည်ဝမ်းဆက် ဝတ်ထားသော ပန်းပုသည် သူမဘာသာဆို အဆင်ပြေလှပေမဲ့ အခုတော့ ... ဟင်း ... ကြည့်ဦး။

ထိပ်ထိပ်လို ဖြူဖွေးချောမောလှပြီး စတိုင်လ်လည်း မိုက်လှသော လူချောတစ်ယောက်က ဝင်လာသောအခါ မြတ်မြတ်မဍ္ဍူမှာ ပန်းပု၏ အပြင်အဆင်နှင့် ပုံစံကြောင့် ပန်းပုအစား သူမမှာ သိမ်ငယ်ကျုံ့ဝင်သလိုပင် ခံစားသွားရသည်။ ပန်းပုကို ဘယ်မှာပြေးပြီး ဖွက်ထားရင် ကောင်းမလဲလို့ပင် စိတ်ကူးပေါက်မိသည်။

ထိပ်ထိပ်က ဘယ်လောက်ချစ်ပါသည် ပြောဦး ထိပ်ထိပ်လို မိန်းမချော မိန်းမလှလေးတွေနဲ့ အမြဲကြုံတွေ့နေရတဲ့ သူသည် ပန်းပုလို ညိုညိုမည်းမည်း တောပုံခပ်ပေါက်ပေါက်ကို ကြာရင် ရိုးသွားမှာ။ စိ ်ကုန်သွားမှာကိုတော့ မြတ်မြတ်မဍ္ဍူမှာ ပန်းပု အစား တွေးပူပေးနေမိပြန်သည်။

“ပန်းပု ရှိတယ် မဟုတ်လား မြတ်မြတ်”

“အင်း ... အဲ ... ရှိတယ် ထိပ်ထိပ်။ သူ ပန်းခြင်းရွေးနေလို့”

“အိမ်ကို အရင်ဖုန်းဆက်ပြီး မေးတာလေ၊ မြတ်မြတ်နဲ့ ဆိုင်ဘက်ပါသွားတယ်ဆိုလို့ လိုက်လာခဲ့တာပါ။ ထိပ်ထိပ် ပန်းပုကို ခဏစကားပြောမယ်နော်”





ပန်းပုသည် ထိပ်ထိပ် ရောက်နေတာ လှမ်းမြင်လိုက်လျှင် ရင်ထဲမှာ တုန်ယင်ချောက်ချားပြီး ငိုချင်လာသည်။ ထိပ်ထိပ်နဲ့ ရှင်းလင်းစရာ ကျန်သေးတယ်လေ။ ထိပ်ထိပ် နာမည်ကို အလွဲသုံးစားလုပ်ပြီး ပန်းပု အသုံးချထားမိတာမို့ အခုတော့ ထိပ်ထိပ်က ပြန်ရှင်းချင်ပြီထင်တယ်။

“ပန်းပုရဲ့ အယောင်ဆောင်ချစ်သူအဖြစ် ထိပ်ထိပ် ဆက်ဟန်ဆောင်မပေးနိုင်တော့ဘူး”

လို့များ ထိပ်ထိပ် လာပြောသလား။ ပန်းပုသည် ထိပ်ထိပ်ကို တစ်နေ့ကျရင် ပြန်ဖြေရှင်းပေးရမယ်မှန်း သိထားပေမဲ့ ထိုတစ်နေ့ကို မြန်မြန်ဆန်ဆန် မရောက်ချင်ခဲ့သူတည်း။

“[illegible]အပု ထိပ်ထိပ်က ခဏစကားပြောမယ်တဲ့ လိုက်သွားလိုက်လေ။ ဘာလို့ ချောင်ထဲက ထွက်မလာသေးတာလဲ”

မြတ်မြတ်မဍ္ဍူ ထင်တာကကျတော့ ပန်းပုဟာ သူ့ဘာသာ သနပ်ခါးဘဲကျား၊ ဆံပင်ဘဲမြီး လုပ်လာပြီးမှ ထိပ်ထိပ်နဲ့ ဆုံရတာရှက်ပြီး ထွက်မလာတာဟု ထင်နေပါသည်။ ကောင်းတယ် ... ငါ့မပြောဘူးလား။ အပြင်ထွက်တယ်ဆိုတာ ခဏခဲထွက်ထွက်။ ပြင်ပြင်ဆင်ဆင်လေး ထွက်မှပေါ့။ မထင်မှတ်ထားတဲ့သူဆိုတာ တွေ့ရင် တွေ့တတ်တာမျိုး။ မိန်းကလေး[illegible] ဘယ်အချိန်မှာပဲဖြစ်ဖြစ် ပြင်ဆင်ထားတဲ့ ရုပ်လေးနဲ့ မှ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ စိတ်ချမ်းသာတာ။ အထူးသဖြင့် အသားညိုညို ရုပ်လည်း သိပ်အချောကြီး မဟုတ်တဲ့ မိန်းကလေးတွဟာ ပိုပြီးပြင်ဆင်နိုင်မှ တော်ရုံကျမှာ။

မြတ်မြတ်မဥ္ဇူမှာ အရုပ်မြင့်မြင့်မားမားနှင့် ဖြူဖွေးချောမောလှသော ထိပ်ထိပ်နှင့် ယှဉ်တွဲကာ နံဘေးမှ ကုပ်ချောင်းချောင်း ညိုမည်းမည်းပုံစံဖြင့် ပါသွားသော ပန်းပုကို အားမလိုအားမရ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။ ထိပ်ထိပ် မို့လို့ သူ့ကိုကြိုက်တာ ငါသာယောက်ျားဆို မကြိုက်ဘူး ဟူ၍လည်း ဝေဖန်အပြစ်တင်မဆုံး ဖြစ်လျက်။

ထိပ်ထိပ်သည် သနပ်ခါးတွေ ဖွေးနေအောင် လူးထားကာ ပါးကွက်ကလည်း ပါးအပြည့် အကြီးကြီး ဖြစ်နေပြီး၊ မျက်ကွင်းနှစ်ကွင်းသာ ပေါ်နေသော ပန်းပု၏မျက်နှာကို ငုံ့ကြည့်ရင်း ...

"အဲဒါ ဘာဖြစ်နေရတာလဲ"

ဟု မေးလိုက်ပါသည်။

သူတို့နှစ်ဦးသား ရှော့ပင်းမောလ်၏ food court (ဖု(ထ်)ကုတ်(ထ်))မှာဖွင့်ထားသော အအေးဆိုင်လေးထဲမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီးသောအခါ မျက်နှာကြီး တင့်ငုံ့လုပ်နေသော ပန်းပုကြောင့် ထိပ်ထိပ် မေးလိုက်တာ ဖြစ်ပါသည်။





"ထိပ် ... ထိပ်ထိပ်ကို ပန်းပု အားနာနေလို့ပါ"

"ဘာအားနာစရာ ရှိထားလို့လဲ"

"ပန်းပုကြောင့် ထိပ်ထိပ်မှာ အလကားနေရင်း အယောင်ဆောင် ရည်းစားတစ်ယောက် ဖြစ်ပေးလိုက်ရတာမို့ပါ။ ပန်းပုက ကိုဝသာန်မိုးကိုပဲ သိစေချင်တာပါ။ မဂျီးမြတ်ကို မသိစေချင်ခဲ့ပါဘူး။ ဒါပေမဲ့ ကိုဝသာန်မိုးက မဂျီးမြတ်ကို သွားပြောတာ"

"ခြော် ... ဘာလဲ မြတ်မြတ်မဥ္ဇူကိုတော့ မပြောစေချင်ဘူးလား။ ဒါဆိုလည်း ကြိုမှာထားရောပေါ့။ ပန်းပု ဘာမှမမှာထားတော့ ထိပ်ထိပ်လည်း စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တာပေါ့"

"ဟင် ... ဟင် ... ဘာ ... ဘာလဲ၊ ထိပ်ထိပ် ဘာကို စိတ်ထဲရှိတာလဲ"

"ကောင်မလေး ... အ,ချင်ဟန်ဆောင်မနေပါနဲ့"

ပန်းပုမှာ ရှက်သွေးတို့ဖြင့် တစ်ကိုယ်လုံး ပူနွေးပြီးရင်ဘတ်ထဲတွင်တော့ ဗုံးတွေအလုံးပေါင်းများစွာ ထပေါက်နေသလိုပဲ ခံစားလိုက်ရသည်။

"ပန်းပုရဲ့ အယောင်ဆောင်ချစ်သူ မဖြစ်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရက်ခြည်းပဲ ပန်းပုရဲ့စိတ်တွေဟာ အမြင့်ဆုံးသို့ တက်နေရာမှ ချက်ချင်း ထိုးကျသွားပါတော့သည်။ ရဟတ်စီးရင် အမြင့်ကြီးမှ အောက်ပြန်ကျတဲ့အခါ ခံစားလိုက်ရတာမျိုးထက် ဆယ်ဆမကဖြစ်မဲ့ ခံစားချက်ကို ပန်းပု ခံစားလိုက်ရလေသည်။

ပန်းပု ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ အထင်မကြီးခဲ့သူမို့ အဲဒီလိုပဲ ကြားရလိမ့်မယ်လို့ မျှော်လင့်ထားပြီးပေမဲ့ တကယ်ရင်ဆိုင်ရတော့ ခံနိုင်ရည် မရှိပြန်ဘူး ထင်ပါရဲ့။

"ထိပ်ထိပ် တကယ်ပြောတာ။ ပန်းပုရဲ့ တကယ့်ချစ်သူအစစ်ပဲ ဖြစ်ချင်တယ်၊ မြတ်မြတ်မဥ္စူကို ဝန်ခံလိုက်တဲ့စကားတွေဟာ တကယ်ပဲ စိတ်ထဲမှာ ခံစားနေရတဲ့အတိုင်း ပြောလိုက်တာပါ။ ပန်းပု သိအောင် ထပ်ပြောချင်လို့ အခုလာပြောတာပါ။ ကဲ … ဘယ်လိုလဲ ပန်းပု ယုံရဲ့လား။ ထိပ်ထိပ်ကို ပန်းပုရဲ့ ချစ်သူအစစ် အဖြစ် လက်ခံချင်ရဲ့လား"

ပန်းပုသည် ထိပ်ထိပ်နဲ့ ပတ်သက်ရင် ရင်ထဲမှာ ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်၊ ကြည်နူးလိုက်၊ ကြေကွဲလိုက် ဖြစ်ရတတ်သော ခံစားချက်တွေကို အခါများစွာ ခံစားဖူးသည်ဖြစ်ရာ အခုတစ်ခါမှာတော့ ဟန်ဆောင်မထားနိုင်တော့ဘဲ မျက်ရည်တွေကြားမှ ရယ်မောလိုက်မိသည်။





"ရယ်လည်း ရယ်တယ်၊ ငိုလည်း ငိုတယ် ဘာဖြစ်တာလဲ ပန်းပုရယ်။ ဘာဖြစ်လို့လဲ၊ ထိပ်ထိပ် စကားမှားသွားလို့လား"

ပန်းပု ခေါင်းခါရင်း "မဟုတ်ပါဘူး"ဟု ဗလုံးဗထွေး ဖြေမိသည်။

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ထိပ်ထိပ် ဆီက အဲဒီလိုစကားကို ပန်းပု ကြားမှကြားရပါ့မလားလို့ စိတ်ပူနေခဲ့ရတာတွေ အခုမှ … အဟီး … အခုမှ … အခုမှ …"

ပန်းပုမှာ "အခုမှ"ဆိုသော စကားစုမှ မတက်နိုင်ဘဲ "အဟီး"ခနဲ ရယ်လိုက်၊ ဆက်ပြောမလို ဟန်ပြင်လိုက်၊ လုပ်နေသဖြင့် ထိပ်ထိပ်သည် ပန်းပု ဘာမှဆက်မပြောပေမဲ့လဲ အလိုလို နားလည်လို့ ရသွားခဲ့ပါသည်။ ထင်သားပဲလေ၊ ပန်းပု ထိပ်ထိပ်ကို ချစ်နေခဲ့လိမ့်မယ်လို့ ထင်ကိုထင်နေခဲ့တာ။ မမျှော်လင့်ရဲရဲနဲ့ပဲ အဲဒီလို ဖြစ်နေပါစေလို့ မျှော်လင့်နေလိုက်ရတာ။

ရင်ထဲမှာ ရှိတာတွေ ပြောပြချင်တယ် ပန်းပုရယ်။ ပန်းပုဆိုတဲ့ ကောင်မလေးကို စတွေ့ခါစကနေ အခု ဒီမှာထိုင်နေတဲ့ အချိန်ထိ ပန်းပုနဲ့ ပတ်သက်ရင် ဘယ်လိုခံစားခဲ့ရပါတယ်ဆိုတာတွေ ပြောပြချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောပြတဲ့အခါ ဘယ်တော့မှ အဆုံးမသတ်နိုင်တဲ့ ပုံပြင်တစ်ပုဒ်လိုပဲ ဖြစ်ရင်ဖြစ်သွားနိုင်တယ်။ မဆုံးနိုင်တဲ့ ပုံပြင်တစ်ပုဒ်ကိုပဲ ပြောနေချင်တယ်။

ကိုယ့်ချစ်သူ့ကို ချစ်တဲ့အကြောင်း ပြောတဲ့ပုံပြင်ဟာ ဘယ်အချိန် ဘယ်ကာလထိပဲ ကြာညောင်းလာပါစေ ဘယ်တော့မှ မရိုးနိုင်ဘူး။

ဘယ်တော့မှလဲ အဆုံးမသတ်နိုင်ဘူးလေ။

✻ ❤ ✻



(မဆုံးနိုင်ခဲ့သော ပုံပြင်တစ်ပုဒ်)

... ကိုတော့ ချစ်သူတွေကြားမှာ

အမြဲပြောနေဖြစ်ကြလိမ့်မယ်။

သူတို့ပြောတဲ့ ပုံပြင်ဟာ ရိုးရိုးလေးနဲ့

ဆန်းနေတဲ့ အချစ်အကြောင်းတွေကိုပဲ

ပုံပြင်တစ်ပုဒ်အဖြစ် ပြောနေတာမျိုး


ဖြစ်နေကြလိမ့်မယ်။


✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com







(ဆေးတက္ကသိုလ်)

21st Aug

Thesday. 2007.

www.burmeseclassic.com